

နေ့တစ်ခြမ်း လတစ်ခြမ်း

# ဘကြည်ဝေါ်



## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- ♦ အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး။

## နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ♦ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ♦ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ♦ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ♦ ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ♦ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး။
- ♦ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ♦ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ♦ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ♦ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ♦ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ♦ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ♦ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ♦ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ♦ အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ♦ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- ♦ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

အကြည်တော်

# နေတစ်ခြမ်းလတစ်ခြမ်း

**တော်ဝင်မြို့မစာအုပ်တိုက်**
၇၇/ ၁၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊
☎- ၃၇၉၅၇၃

# ပုံနှိပ်မှတ်တမ်း

အကြည်တော်၏စာအုပ်အမှတ်စဉ် - (၁၂)

စာမူခွင့်ပြုချက်အမှတ် - ၁၃၉၂/ ၂၀၀၄ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၀၇၀၅၀၁

မျက်နှာဖုံးဒီဇိုင်း

ကိုဆန်း

ထုတ်ဝေသူ

ဦးလှိုင်ဝင်းမိုး (မြဲ-၀၃၉၀၀)

၇၇/ခ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်)

အမှတ်-၁၄၀၊ ၄၅လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်။

အတွင်းဖလင်

ကိုဦး

စာအုပ်ချုပ်

ကြူကြူမွှေး

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ မတ်လ

အုပ်ရေ

(၁၀၀၀)

တန်ဖိုး

၁၀၀၀ ကျပ်

ထို နေရာလေးသည် တစ်ခါကသူတို့လေးယောက် ရေခဲမုန့်လာစားခဲ့သော နေရာလေးဖြစ်ပါသည်။

ဖြတ်သွားဖြတ်လာလူများကျဲပါး၍ အရွက်ဖားဖားသစ်ပင်များအုံ့ဆိုင်းနေသည့်အတွက်အမြဲတစေအေးစိမ့်နေတတ်သော အေးချမ်းမှု၏နယ်နိမိတ်လည်းဖြစ်ပါသည်။ထိုနေလေးတွင် သူမတစ်ယောက်ထဲငြိမ်သက်စွာထိုင်နေ၏။

"သင်းသင်းလှိုင်. . . "

" ဩော် "

သူမဘာမှပြန်မပြောပဲ အရှေ့ဖက်လှည့်၍ငေးရီနေပြန်သည်။ သူ မလက်ထဲမှာတော့ သူတို့စားခဲ့ဖူးသော အပေါ်စားရေခဲမုန့်ခွက်လေး။ တစ် ယောက်ထဲလားဟုမမေးဖြစ်ပါ။ ကွာစိမရှိတော့သည့်အချိန်မှစပြီး၊ သူမကို တစ်ယောက်ထဲသာမြင်ရလိမ့်မည်ဟု စိတ်ထဲအလိုလိုသိနေသည်။ ကျော် ထက်သူ့နားဝင်ထိုင်လိုက်သည်နှင့် သူမက. . .

"ကွာစိကိုသတိရလိုက်တာ. . . "

"ကွာစိသာရှိနေရင် သိပ်ပျော်ဖို့ကောင်းမှာပဲနော်. . . "

ဘာမှပြန်မဖြေမိ. . . ။လေပြေက သူမဆံနွယ်စများကိုလှုပ်ခပ်နေသည်။

"ဒီအချိန်ဆို ကွာစိတော့အလုပ်ထဲမှာအိပ်ငိုက်နေလောက်ပြီနော်"

သက်ပြင်းချရုံမှတပါး အခြားမရှိ။ သူမလည်း သူ့နားတွင်လူရှိနေသည်ကိုပင်သတိရပုံမပေါ် ယဲ့ယဲ့လေးပြုံးပြီး. . .

"ကွာစိက သိပ်ရယ်ရတာ. . . သိလား. . . အဟင်း"

တစ်ကိုယ်တည်းရေရွတ်သလို ရေရွတ်၏။

"သင်းသင်းလှိုင်. . . "

သူမလှည့်ကြည့်ပါသည်။

"ကွာစိကို သိပ်ချစ်တာပဲလားဟင်. . . "

သူမကောင်းကင်ကို မော့ကြည့်ပြီး ခပ်တိုးတိုးလေးရယ်နေပါသည်။ သူမ၏မျက်နှာပေါ် မိုးရေစက်များကျနေသည်ကို နှစ်သက်နေပုံရ၏။

"နင်မေးတဲ့မေးခွန်းက မိုးမိုးဘာလို့ရွာဆိုတဲ့ မေးခွန်းမျိုးဖြစ်နေပြီ"

မိုးရေစက်များ တဖွဲဖွဲကျလာသည်။

■ ■ ■

မိုးရေစက်များတဖွဲဖွဲကျနေသည်။

ထိုမိုးရေစက်များကြားများမှ ထီးမပါသော ကောင်မလေးနှစ်ယောက်. . .။ တစ်ယောက်က ဖိနပ်နှစ်ဖက်ကို ချွတ်ကိုင်ထားပြီး၊ တစ်ယောက်က ပုံတော်ဖိနပ်အထူတစ်ဖက်တည်းကို စီးထားသည် . . .။

ဖိနပ်က တစ်ဖက်ထဲမြင့်နေသည်မို့ လမ်းလျှောက်တိုင်း ထော့နင်းထော့နင်းဖြစ်နေ၏။

နှစ်ယောက်လုံး၏ဖြူစင်နုနယ်သော မျက်နှာပေါ်တွင် ပျော်ရွှင်မှုများ နှင့်ရယ်ဖြဲဖြဲသဏ္ဌာန်များအထင်းသားပေါ်နေတယ်။ ထို့ကြောင့်. . .။

"မိုးမိုးဘာကြောင့်ရွှာ. . ."

"မြွေကိုက်လို့ ရွှာ . . ."

ဖိနပ်တစ်ဖက်တည်းစီးထားသည့် ကောင်မလေး၏အော်သံကို ခြေဗလာကောင်မလေးက သူ့ဖိနပ်ဖက်ကို လက်ဖျံထဲထိုးသွင်းရင်းလိုက်အော်သည်။ သူမ၏ အော်သံကြောင့် ထော့နင်းထော့နင်းကောင်မလေးက ခြေလှမ်းကိုရပ်လိုက်ပြီး . . .။

"ဟာ . . . မိုးမိုးဘာကြောင့်ရှာဆို ဖားအော်လို့ရှာလာရမှာလေ. . . "

ထော့နင်းထော့နင်းကောင်မလေး၏ စကားကို ခြေဗလာလေးက ဂုတ်ပေါ်သူမဆံပင်များကို လေထဲဝဲပျံ့သွားသည်အထိ ယမ်းခါပြီး . . .။

"ဟင့်အင်း . . . ဟင့်အင်း . . . မြွေကိုက်လို့ ရှာပဲ . . . "

"ဘာလို့လဲ . . . "

မိထော့နင်းက မျက်မှောင်ကျုံ့၍ မေးသည်။

ခြေဗလာက ခပ် တည်တည်ပင် . . .

" ဘာထူးလို့လဲ မိုးဘာလို့ ရှာ၊ ဖားအော်လို့ ရှာ ဖားအော်လို့ရှာပြီးရင်မြွေကဝင်ကိုက်မှာပဲ အဲဒီတော့ မြွေကိုအရင်ပေးကိုက်ထားတာ. . "

မိထော့နင်းက မျက်နှာကိုမဲ့လိုက်ပြီး . . .။

"အော် . . . နင်က ဒီလိုလား . . . "

"အေး . . . ဒီလိုပဲ . . . "

"အေး . . . ဒီလိုပဲဆို နင်တိုင်ပေး . . . ငါဆိုပြမယ် . . . "

"ကောင်းပြီ . . . စ တိုင်မယ် . . . အပီအပြင်အော်နော် . . . "

"အေး . . . အော်မယ် . . . "

"ပိုက်သာဂိုးရပ်သီအိုရီအရ . . . "

"ဟာ . . . မိုးရွာလို့ အော်တာပဲ ဘာသီအိုရီမှ မလိုဘူး . . . ဒီအတိုင်းအော်လို့ရတယ် . . . "

ခြေဗလာက ဖြဲခနဲရယ်လိုက်သည်။ ပြီးနောက် သုံးဆယ်နှစ်ချောင်းသောသွားကို မြင်အောင်ပြပြီး . . .

"အဟဲ . . . ငါက စာတတ်ပေတတ်ဆိုတော့ . . . "

"ကဲ . . . တော်ပါမိစာတတ်ရယ် အော်မှဖြင့် အော်ပါ . . . "

"ကိုင်းအော်ပြီ . . . "

. . . . . . .

"မိုး မိုး ဘာလို့ရွာ . . . "

"မိုးရွာလို့ ရွာ . . . "

"ဟ . . . နင့်ဟာက ဘယ်လိုကြီးလဲ . . . "

“ဘာထူးလို့လဲ နင့်လိုပဲပေါ့ . . . မိုးရွာပြီးရင်း ဖားအော်မယ်၊ ဖားအော်ပြီး မြွေကိုက်မယ် . . . ဒီသံသရာမှာပဲ ဝဲလည်နေမယ်အမှန်တော့ မိုးက ဖားအော်လို့လည်း မဟုတ်ဖူး၊ မြွေကိုက်လို့လည်း မဟုတ်ဘူး . . .။ သူ့ဖာသာ သူရွာချိန်တန်လို့ ရွာတာပဲ ဒါကြောင့် အားလုံးခြုံငုံမိအောင် မိုးရွာလို့ ရွာလို့ပြောလိုက်တာ . . . ”

“ကဲ . . . ထားပါတော့ . . . ငါပြန်တိုင်မယ် နင်လိုက်ဆို . . . ”

“အေး . . . ဆိုမယ် . . . ”

“မိုး မိုး ဘာလို့ရွာ”

“မိုးရွာလို့ ရွာ”

“မြွေ မြွေ ဘာလို့ ကိုက်”

“မြွေကိုက်လို့ ကိုက်”

“ဖားဖား ဘာလို့ အော် . . . ”

“ဖားအော်လို့ အော် . . . ”

“. . . . .”

“. . . . .”

“. . . . .”

■ ■ ■

# ပ ထ မ ပို င် း

မိုးရာသီတွင် ရင်ပူနေသူများ အအေးသောက်နေကြသည်။ တိတိကျကျဆိုရသော် ရင်ပူနေသူက သုံးဦး . . .။ ပို၍ တိတိကျကျဆိုရသော် အရွယ်တူယောက်ျားလေးနှစ်ဦး၊ မိန်းကလေးလှလှလေးတစ်ဦး . . .။ ပို၍ တိကျစွာဆိုရသော် သူတို့ရှေ့မှာ မသောက်ရသေးသော အရွယ်တူအအေးခွက်သုံးခွက် . . .။

သူတို့သုံးဦးလုံးကိစ္စတစ်ခုကို အသေအချာဆွေးနွေးနေပုံရ၏။ ယောက်ျားလေးနှစ်ဦး၏ မျက်နှာများက အလိုမကျဟန်နှင့် မှုန်ကုပ်နေကြသည်။ မိန်းမလှလေး၏ မျက်နှာပေါ်တွင်တော့ ထိမထင်ဟန်များဖုံးလွှမ်းနေ၏။

ခုနက အပူပင်ကင်းစွာ မိုးရေထဲလျှောက်သွားသော ကောင်မလေးနှစ်ယောက်ကို ပျောက်ကွယ်သွားသည်ထိအားကျစွာ ငေးကြည့်နေရာမှ မျက်နှာချင်းပြန်ဆိုင်ကြသည်။

မိန်းမလှလေးက သူ့လက်ထဲကိုင်ထားသော တစ်ရှူးကို နှစ်ပိုင်းဆုပ်ဖြဲလိုက်ပြီး သူ့ရှေ့ချလိုက်သည်။

ပြီးနောက်အောင်နိုင် သူလေသံမျိုးနှင့် စကားစ၏။

"ကျွန်မဖက်ကတော့ ပြောပြီးပြီ . . .။ ကျွန်မရှင်တို့နှစ်ယောက်လုံးကို ချစ်တယ် . . .။ နှစ်ယောက်လုံးကိုလည်း သာတူညီမျှသံယောဇဉ်ရှိတယ် . . .။ အဲဒီတော့ . . . ရှင်တို့ နှစ်ယောက်ထဲက တစ်ယောက်ကို ဘယ်လိုထားခဲ့ရမယ်ဆိုတာ ကျွန်မ မဆုံးဖြတ်နိုင်ဘူး . . .။ ဒါကြောင့် ရှင်တို့ ဖာသာရှင်တို့ ဆုံးဖြတ်နိုင်အောင် နှစ်ယောက်လုံးကို ခေါ်လိုက်တာ . . ."

ကောင်လေးနှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက် ကြည့်တယ်။ သူတို့တစ်ယောက်ကို တစ်ယောက်မြင်ဖူးပုံမရဘူး . . .။ ဒါကြောင့် တစ်ယောက်ကို တစ်ယောက်အကဲခတ်နေကြတာ။ နှစ်ယောက်လုံးရဲ့ စိတ်ထဲမှာတော့ 'အတော်ရုပ်သန့်တဲ့ ကောင်'လို့ ဖြစ်နေပုံရတယ် . . .။ ဟုတ်တယ် . . . နှစ်ယောက်လုံးက အမျိုးကောင်းသားတွေမှန်းသိသာလောက်အောင်သန့်ပျံ့နေတယ် . . .။ တစ်ယောက်က အနီရောင်ဖလန်ထည်စနှင့် ဂျင်းဘောင်ဘီကိုတွဲဝတ်ထားပြီး တစ်ယောက်က အဖြူရောင်ရှပ်အင်္ကျီနှင့် ကချင်ပုဆိုးကိုတွဲဝတ်ထားတယ်။ အတန်ကြာမှ ဖလန်ထည်အင်္ကျီနှင့် လူငယ်က ကောင်မလေးရှေ့က တစ်ရှူးတစ်ခုကိုယူ၍ သူ့ရှေ့ချလိုက်ပြီး . . .။

"ကျွန်တော့ဖက်ကတော့ နောက်မဆုတ်နိုင်ဘူး ။ ကျွန်တော် လဝန်းကိုချစ်တယ်. . .။မခွဲနိုင်ဘူး. . . ဒါကြောင့်နောက်လည်းမဆုတ်နိုင်ဘူး။ ကုန်ကုန်ပြောမယ် . . . အသက်သေရမလား၊ လဝန်ကိုစွန့်လွှတ်မလားဆိုရင် အသက်သာ အသေခံသွားမယ် ။ လဝန်းကိုတော့မစွန့်လွှတ်နိုင်ဘူး . . ."

ကောင်လေး၏ စကားကို လဝန်းဆိုသော မိန်းမချောလေးက သဘောကျစွာ ခပ်ဖွဖွပြုံးသည်။ ဒါကို ရှပ်အင်္ကျီနှင့် ကောင်လေးကလည်း အားကျမခံ . . .။

"ကျွန်တော်တို့ချစ်လာခဲ့တာ . . . အခုမှမဟုတ်ဖူး ဆိုတာ လဝန်းသိပါတယ် . . .။ လဝန်းရဲ့မျက်ဝန်း၊ လဝန်းရဲ့မျက်ခုံး၊ လဝန်းရဲ့အပြုံးအိုကုန်ကုန်ပြောရရင် လဝန်းရဲ့မျက်နှာကိုမပြောနဲ့ လဝန်းရဲ့အသံကိုပါစွဲလန်းခဲ့တယ် . . .။ ဒါကြောင့် ကျွန်တော်ရဲ့အချစ်ကိုလည်းပျက်ရယ်

အပြုမခံနိုင်ဘူး . . .။ ကျွန်တော်လည်းခင်ဗျားလိုပဲ . . .။ လဝန်းကို စွန့်လွှတ်ရတာနဲ့စာရင် အသက်အသေခံလိုက်ရတာကမှပိုမြင့်မြတ်ဦး မယ်ထင်ပါတယ် . . .”

အခြေအနေက ရုတ်ချင်းတင်းမာသွား၏။ ကောင်မလေးကသာ မှင်မပြတ်ပဲ ပြုံးစေ့စေ့လုပ်သည်။ နောက် . . . သူ့နဖူးကို လက်တစ်ဖက်နှင့် အုပ်ကိုင်ရင်း တိုးညှင်းစိတ်ပျက်သောလေသံဖြင့် . . .။

“ကျွတ် . . . ကျွန်မလည်း မဆုံးဖြတ်တတ်အောင်ပါပဲရှင် . . . အမှန်အတိုင်းပြောရရင် ကျွန်မလည်း ရှင်တို့နှစ်ယောက်လုံးကို သစ္စာမဲ့ပြီး ချစ်ခဲ့တာမဟုတ်ဘူး . . .။ ကျွန်မရင်ထဲကကို ငြင်းဆန်မရနိုင်လို့ နှစ်ယောက်လုံးကို ချစ်ခဲ့တာပါ . . . အခုတော့ . . . အခုတော့ . . . ”

ကောင်မလေးပြောရင်း ပြောရင်းမျက်ရည်များဝိုင်းသွား၏။ နှာခေါင်းထိပ်ကလေးများနီရဲလာသည်။ ပြီးနောက် သူ့မျက်နှာကိုနောက်လက်နှစ်ဖက်နှင့် အုပ်ကိုင်ပြီး . . .။

“ကျွန်မသာ သေသွားရင်ကောင်းမလားမသိဘူးနော်. . . ”

ကောင်လေးနှစ်ယောက်က တသိမ့်သိမ့်ဖြစ်နေသော ကောင်မလေးကို ဂရုဏာစိတ်နှင့် ငေးကြည့်နေကြသည်။ သူတို့၏ မျက်ဝန်းပေါ်တွင် သနားကြင်နာရိပ်များဖုံးလွှမ်းနေ၏။ အတန်ကြာမှ ရှပ်အကျီနှင့် လူငယ်က သက်ပျင်းကို ချရင်း . . .။

“ကျွန်တော်တို့ သုံးယောက်ထဲက တစ်ယောက်ယောက်မရှိမှ အေးမှာ . . .”

“ဟုတ်တယ် . . . တစ်ယောက်ယောက်မရှိရင် ဒီကိစ္စပေါ်လာမှာ မဟုတ်ဘူး . . . ”

ဂျင်းဘောင်းဘီနှင့် လူငယ်မှ ထောက်ခံသည်။ ကောင်မလေးက မျက်လုံးအဖွင့်ပဲ ခေါင်းညိတ်၏။

“အဲဒီတော့ . . . ”

ရှပ်အကျီနှင့် ကောင်လေးက ဂျင်းဘောင်းဘီကောင်လေးကို စေ့စေ့ကြည့်သည်။ ပြီးနောက် တစ်လုံးခြင်းပြောသည်။

"မင်းရှောင်ပေးပါ . . .။ ဒါဆို ဒီကိစ္စအေးပြီ . . ."

ကောင်မလေး၏မျှော်လင့်ချက်နှင့် ဟန်ဆောင်ဂရုနာပေါင်းစပ်ထားသောမျက်ဝန်းများက တစ်ဖြုတ်ဖြုတ်. . .

ဂျင်းဘောင်းဘီနှင့်လူငယ်က ခပ်မာမာရယ်သည်။ နောက် . . .

"မဖြစ်နိုင်တာမပြောပါနဲ့ . . . ငါနောက်မဆုတ်နိုင်ဘူးလို့ပြောထားပြီးပြီ . .။ မင်းသာနောက်ဆုတ်လိုက်ပါ . . ကိုယ်လက်လှုမ်းမမှီတဲ့ပစ္စည်းကို ထိုက်တန်တဲ့လူကယူရင် မုဒိတာပွားသင့်ပါတယ်သူငယ်ချင်း"

"ဘာကွ . . . မင်းမိုက်ရိုင်းလှချည်လား . . .။ မင်းသာ လူကြီးလူကောင်းသားသမီးဆိုရင် စကားကို ဒီလို ပေါက်လွတ်ပဲစားပြောမှာမဟုတ်ဘူး"

"ဟော့ကောင် . . . မင်းလည်းစကားကို ဆင်ချင်ပြောပါ. . ."

အခြေအနေက ရုတ်ချင်းပြန်လည်တင်းမာသွား၏။

ဒါကို ကောင် မလေးမှပင် နှစ်ယောက်လုံးကို ဝေ့ကြည့်ပြီး . . .။

"တော်ကြပါတော့ ရှင် . . . ရှင်တို့ရဲ့ အသံကြောင့် အားလုံးဝိုင်းကြည့်နေကြပြီ။ ရှင်တို့မရှက်ပေမယ့် ကျွန်မရှက်တယ် . . .။ ကျွန်မက အရှက်နဲ့ လူလုပ်နေတာ . . ."

နှစ်ယောက်လုံးပြန်လည် ငြိမ်သက်သွား၏။ လေပူတစ်ချို့က ဝေ့ဝဲလာ၏။

အတန်ကြာမှ ဂျင်းဘောင်းဘီနှင့် လူငယ်က . . .

"ကောင်းပြီလေ . . . ဒီကိစ္စကို ဒီမှာ တင်ပြတ်ပြတ်သားသားဆုံးဖြတ်မှရမှာပဲ . . ."

သူ၏ အသံက ယုံကြည်မှုနှင့် ခိုင်မာနေသည် ။

"အဲဒီတော့ မင်းဘာလုပ်ချင်လဲ . . ."

ရှပ်အင်္ကျီနှင့် လူငယ်၏ လေသံကလည်း တည်ငြိမ်မှုနှင့် ပြည့်နှက်နေသည်။ ကောင်မလေးကသာ ခပ်တည်တည်နှင့် စားပွဲခုံကို လက်နှင့်ခေါက်နေသော ဂျင်းဘောင်းဘီက အားလုံးကို ဝေ့ကြည့်ပြီး . . .

"မင်းလဝန်းအတွက် အမှန်တကယ်အသက်စွန့်ရဲလား . . ."

"ဘာလဲ. . . ဓါးနဲ့ယှဉ်ထိုးချင်တာလား . . . သတ္တိရှိရင် ထိုးလိုက်လေ. . ."

ဂျင်းဘောင်းဘီမျက်နှာကို ရှုံးမဲ့လိုက်သည်။

"ငါအဲဒီလောက်ထိ မညံ့ဘူး ဟေ့ကောင် . . ."

ဟုဆို၍ ကောင်မလေးဖက်လှည့်၍ . . .

"လဝန်းကရော . . ."

ကောင်မလေးက ဂရုမစိုက်သလို တစ်ရှူးစနှင့် နှုတ်ခမ်းကို သုတ်၍ . . .

"လဝန်းမရှိမှ ဒီကိစ္စအေးမယ်ဆိုရင် . . ."

ကောင်မလေးက စကားကို ထပ်မဆက်သေးပဲ နှစ်ယောက်လုံးကို လှလှလေးဝေ့ကြည့်သည်။ ပြီးမှ ရှိုက်နွဲ့နွဲ့နှင့်. . .

"အဟင့်. . သူတို့သဘောပါပဲ . . ."

လေသံကတိုးတိုးလေး။ ဂျင်းဘောင်းဘီနှင့်လူငယ်ကပြုံးလိုက်သည်။ ပြီးနောက်သူ၏ ဘောင်းဘီအိပ်ထဲက ပုလင်းသေးသေးလေးတစ်လုံး ထုတ်လိုက်သည်။ ပြီးနောက် စားပွဲပေါ်ထိုပုလင်းကိုချရင်း. . .။

ဟော ဒီမှာ . . . ဒါ . . . အဆိပ်ပုလင်းပဲ . . .။

ကျန်သည့် နှစ်ယောက်လုံးမျက်လုံးပြူးသွားပြီး . . . ပုလင်းကို ကြည့်သည်။ "**poison** . . . "တဲ့

ကောင်မလေး၏ နှဖူးပေါ်မှချက်ခြင်း ချွေးဥကြီးများစီးကျလာ၏။ ရုပ်အ ကျီနှင့် လူငယ်က သူ့ကိုယ်သူပြန်လည်၍ တည်ငြိမ်အောင်ထိမ်းရင်း

"အဲဒီတော့ . . ."

ဂျင်းဘောင်းဘီနှင့် လူငယ်က ခပ်ဟဟာရယ်သည်။

" ဒို့ အားလုံးကလည်း အချစ်အတွက်အသက်ကို စွန့်ရဲတဲ့ သူချည်းပဲ မဟုတ်လား . . .။ အဲဒီတော့ . . . ဒီအဆိပ်က ဒို့သောက် မယ့်အအေးခွက်ထဲမှာ ထည့်လိုက်မယ် တကယ်အချစ်အတွက် အသက် စွန့်ရဲတယ်ဆို အဲဒီအဆိပ်ပါတဲ့ခွက်ကို သောက်ကြပေ့။ အကယ်၍ သေသွားခဲ့ရင်လည်း ဒို့တွေနောင်ဘဝမှာ ဒီကိစ္စကိုအစက ပြန်ဖြေရှင်း ကြမယ် ဘယ့်နှယ်လဲ"

ဂျင်းဘောင်းဘီနှင့် လူငယ်က မခိုးမခန့်မေးသည်။ ရှပ်အင်္ကျီနှင့် လူငယ်ကလည်း ထီမထင်ဟန်မျက်နှာပေးနှင့် . . .

"စိမ်လိုက်လေ . . ."

ဂျင်းဘောင်းဘီနှင့်လူငယ်က . . .

"ကြိုက်ပြီကွာ . . . လဝန်းရော . . ."

ကောင်မလေးက စိတ်နှင့်ကိုယ်ကကပ်ပုံမရ ကြောင်တောင်တောင်နှင့် ခေါင်းညိတ်သည်။ ဂျင်းဘောင်းဘီနှင့် လူငယ်ကပြုံးလိုက်ပြီး. .

"ကဲ . . . ဒါဆိုစလိုက်ကြရအောင် . . ."

ဟု ဆို၍ အဆိပ်ပုလင်းထဲမှ အဆိပ်ရည်များကို ခွက်သုံးခွက်ထဲမျှထည့်လိုက်သည် . . .

"ကဲ . . . အချစ်သူရဲကောင်းများသောက်လို့ရပြီ . . . အဲ . ဒါပေမယ့်. . . ဒို့အားလုံးတစ်ချိန်တည်း၊ တစ်ပြိုင်တည်းမြိန်ရေယှက်ရေသောက်ရင် ပို အဓိပ္ပါယ်ပြည့်စုံသွားမယ်လို့ ထင်ပါတယ်။ ဘာလို့လည်းဆိုတော့ဒို့အားလုံးတစ်ချိန် တည်းတစ်ပြိုင်တည်းအချစ်ကိုမူးယစ်ခဲ့ကြလို့လေ"

ဟုဆို၍ သူ့ရှေ့က ခွက်ကို သူလှမ်းကိုင်လိုက်သည်။

ရှပ်အင်္ကျီနှင့် လူငယ်ကလည်း. . .

"ဟုတ်တယ်။ ဒါအမှန်ကန်ဆုံးပဲ။ ကဲ . . . ဒါဆိုအားလုံးဖန်ခွက်ကို ကိုင်လိုက်ကြရအောင် . . ."

ဟုဆိုပြီး သူ့ရှေ့က အဆိပ်ပါသော ခွက်ကို လှမ်းယူလိုက်သည်။ ကောင်မလေးကသာ ပျက်ယွင်းသောရွက်ဖျင်းမျက်နှာကြီးနှင့် ဖန်ခွက်ကို စိုက်ကြည့်နေသည်။ သူ၏ ခန္ဓာကိုယ်အနှံ့အပြားတွင်လည်း ဇောချွေးများ ဟိုတစ်ခုသည်တစ်ခု သီဖုနေလို့။

ဒါကို ရှပ်အင်္ကျီနှင့်လူငယ်က ကောင်မလေးနားကပ်၍ . . .

"ဖန်ခွက်ယူလိုက်လေ လဝန်း. . ."

ကောင်လေး၏ စကားကြောင့် လဝန်းဆိုသည့် ကောင်မလေး တွန့်ခနဲဖြစ်သွားသည်။ နောက်တုန်ရင်သော လက်အစုံဖြင့် ဖန်ခွက်ကို လှမ်းကိုင်လိုက်သည်။ ဖန်ခွက်ထဲက ဝိုင်များက အပြင်သို့ ဖိတ်ကျမတတ်

သူ့လက်အစုံကတုန်ရင်နေသည်။ သူမ၏ မျက်နှာပေါ်တွင်လည်း ကြောက်လန့်ခြင်း သွေးပျက်ခြင်းများဖြင့် သွေးဆုတ်ဖြူရော်နေလေသည်။

အားလုံးဖန်ခွက်ကို ကိုင်ပြီးတော့မှ ဂျင်းဘောင်းဘီနှင့်လူငယ်က . . .

"ကဲ . . . တစ်နှစ်သုံးဆိုရင် ချစ်ခြင်းအတွက် အဆိပ်ခွက်ကို ပြိုင်တူသောက်လိုက်ရအောင် . . . ဘယ်လိုလည်း . . . သဘောတူရဲ့လား . . ."

ရှပ်အင်္ကျီနှင့်လူငယ်က ထီမထင်ဟန်နှင့် ခေါင်းကို ညိတ်သည်ဆိုယုံလေးညိတ်ပြသည်။ မိန်းကလေးကသာ တုန်ရင်စွာ ဖန်ခွက်ကို လက်နှစ်ဖက်နှင့်အုပ်ကိုင်ပြီး ခေါင်းငုံ့ငြိမ်သက်နေသည်။

"ကဲ . . . စမယ် . . ."

"တစ် "

သုံးယောက်လုံးဖန်ခွက်ကို မြှောက်လိုက်ကြသည်။

"နှစ် "

ယောကျာ်းလေးနှစ်ယောက်က ဖန်ခွက်ကို ပါးစပ်နားထိရွှေ့သည်။ မိန်းကလေးကတော့ ပြာနှမ်းသော နှုတ်ခမ်းဖောခြွေးသီးထနေသော ဖြူရော်ရော်မျက်နှာနှင့် ဖန်ခွက်ကိုသာ စိုက်ကြည့်နေသည်။

"သုံး . . ."

"ခွမ်း . . ."

အမှတ်စဉ် ရေတွက်သံနှင့်အတူ ဖန်ခွက်ကျကွဲသံတစ်ဆက်တည်းပေါ်လာ၏။ ကြည့်လိုက်တော့ ကောင်မလေး၏ လက်ထဲတွင် ဖန်ခွက်မရှိတော့ . . .။ သူ့ခြေရင်းတွင် အစိတ်စိတ်ကွဲကြေနေသော ဖန်ခွက်အပိုင်းအစများ။ တစိမ့်စိမ့်စီးကျနေသော အအေးရေများ . . .။ ကောင် လေးနှစ်ယောက်ကသူ့ကို အံ့သြတကြီးငေးကြည့်ကြသည်။ ကောင်မလေး က သူ့ကို ငေးကြည့်နေသော ထိုနှစ်ယောက်ကို မြင်တော့ ကယောင်ကတမ်းဖြင့် ထအော်သည် . . .

"ဟင့်အင်း . . . ဟင့်အင်း . . . ကျွန်မမသောက်ဘူး . . . ကျွန်မမသောက်ဘူး . . ."

ကောင်လေးနှစ်ယောက်က သူမ၏ ထင်မှတ်မထားသော အပြုအမူကြောင့် အံ့အားသင့်သွားကြသည်။

ကောင်မလေးက ပျက်ယွင်းသော မျက်နှာနှင့် ခေါင်းကို တွင်တွင်ခါရင်း ငြင်းသည်။ ကောင်မလေးကို ကြည့်၍ ရုပ်အကျီနှင့်လူငယ်က သူ့ခွက်ကို ကောင်မလေးဖက်ထိုးပေးရင်း . . .

"ဘာလို့ မသောက်ရဲတာလည်း . . . လဝန်း . . . ခုနကပြောတော့ အချစ်အတွက် အသက်ကို စွန့်ရဲတယ်ဆို . . . "

"ဟင့်အင်း . . . ဟင့်အင်း . . . မစွန့်ရဲဘူး . . . ခုနက တကယ်လုပ်မယ်မထင်လို့ စကားအဖြစ်ပြောတာ . . . "

"ဘာ . . . "

နှစ်ယောက်လုံးသံထံမှ အသံနက်ကြီးက ဟီးထလာ၏။ ကောင်မလေးကသာမျက်စေ့မျက်နှာပျက်နှင့် . . .

" လဝန်း. . . လဝန်း. . . ရှင်တို့တကယ်လုပ်မယ်မထင်လို့ ပြောတာ . . . ဒီအချစ်ကိစ္စလောက်နဲ့တော့ အသက်အသေမခံရဲဘူး. . အသေမခံရဲဘူး . . . ပြီးတော့. . အမေသိရင်လဲ ရိုက်လိမ့်မယ် . . "

ကောင်မလေးက ပြောမိပြောရာပြောပြီး အကြောက်အကန်ငြင်းသည်။ ဒါကို ဂျင်းဘောင်းဘီနှင့် လူငယ်က . . .

"ဘာဖြစ်လို့လည်း လဝန်း . . . လဝန်း ခုနက ပြောတော့ ကျွန်တော်တို့နှစ်ယောက်အတွက်နဲ့ သေသာသေလိုက်ချင်တယ်ဆို . . . သေချင်ရင်သောက်လိုက်လေ . . . ရော့ . . . ဒီမှာ အဆိပ်ခွက် . . . "

ကောင်လေးကပြောရင်း အရှေ့တိုးသွားသည်။ ကောင်မလေးကမျက်နှာကိုမဲ့၊ လက်ကို ကာ၍နောက်ဆုတ်ရင်း . . .

"ဟင့်အင်း . . . ဟင့်အင်း . . . သေချင်ဘူး  သေချင်ဘူး . . . လဝန်းငယ်ငယ်လေးရှိသေးတယ်။ အိမ်ထောင်လည်း မပြုရသေးဘူး . . . ဒါကြောင့် သေချင်သေးဘူး . . . သေချင်သေးဘူး . . . "

"နောင်ဘဝမှာ အေးရာအေးကြောင်း ပြုကြမယ်လေ . . . "

ကောင်မလေး၏ ညင်းဆန်စကားကို ဂျင်းဘောင်းဘီနဲ့ ငတိက အတင်းဝင်ပြောသည်။ ကောင်မလေးကတော့ ခေါင်းကိုသာ တွင်တွင်ခါပြီး . . .

"ဟင့်အင်း . . . ဟင့်အင်း . . . နောင်ဘဝဆိုအကြာကြီးစောင့်ရဦးမှာ . . . ဒီဘဝမှာလည်း ပြုချင်သေးတယ် . . နောင်ဘဝကြတော့လည်း နောင်ဘဝအလျှောက်ထပ်ပြုဦးမယ်. . ခုတော့. . . သေချင်သေးဘူး . . . ရှင်တို့သေချင်ရှင်တို့သောက်လိုက်နော် . . . ကျွန်မသွားတော့မယ်နော် . . . သွားတော့မယ် . . . နှစ်ယောက်လုံးတာ့တာနော် . . . တာ့တာ . . . တာ့တာ . . . "

ဟုဆိုရင်း လှည့်ထွက်သွားလေရာ . . .

"ဟာ . . . လဝန်း . . . လဝန်းနေဦးလေ . . . လဝန်း"

"လဝန်း . . . မသွားနဲ့လေ . . . လဝန်း . . . မသွားနဲ့. . . "

ကောင်လေးနှစ်ယောက်က အတင်းပြန်ခေါ်သည်။ ကောင်မလေးကတော့ လှည့်ပင်မကြည့်တော့ . . .

လှုလှုပပတက်လာသော လုံခြည်ကိုမ၍ ဒုန်းစိုင်းချသွားသည်မှာကမ္ဘာ့ဘောလုံးသမားများ အနိုင်ဂိုးသွင်းအပြီး ကွင်းပတ်ဂုဏ်ယူနေသည့်ခြေလှမ်းမျိုး။ ကောင်လေးနှစ်ယောက်ကတော့ သူမကိုကြောင်ငေးကြည့်နေကြတုန်း . . .။ နှစ်ယောက်သားအရုပ်ကြီးများချထားသလို ဖန်ခွက်ကိုယ်စီကိုင်ပြီး ငြိမ်သက်နေကြသည်။ လဝန်းဆိုသည့် ကောင်မလေးပျောက်ကွယ်သွားတော့မှ ကြောင်တောင်တောင်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ နောက် . . .

"ဘာဖြစ်သွားတာပါလိမ့် . . . "

"အိမ်သာတက်ချင်လို့များ ထပြေးသွားတာလားမသိဘူး . . . "

"ဟာကွာ . . . မဖြစ်နိုင်တာ . . . သူအမြဲတမ်းဝမ်းချုပ်နေတတ်တာမင်းမသိဘူးလား . . . "

"အေး. . သိတော့ သိသားကွ. . . "

နှစ်ယောက်လုံးစကားသံတိတ်သွားပြန်ကာ . . . ကောင်မလေး သွားရာနောက်ပြန်ကြည့်ကြသည်။

အတန်ကြာမှ နှစ်ယောက်သားသက် ပျင်းပြိုင်တူချပြီး . . .

"အော် . . . မိန်းမ . . . မိန်းမကြောက်စရာကောင်းအောင် အလှည့်အပြောင်းမြန်လှချည်လားနော် . . . "

"အေးလေ . . . အစကတော့ ချစ်လှပါချည်ရဲ့ဆိုပြီး အတူတူသေကြရအောင်ဆိုတော့ မသေရဲဘူး . . . "

"တော်သေးတာပေါ့ . . . မှားတော့မလို့ . . . "

"မမှားပါဘူးကွာ . . . အခုလိုမယူခင်သိလိုက်ရတာကိုပဲကျေးဇူးကြီးလှပါပြီ . . . "

"ဟုတ်တယ် . . . ဒါသင်ခန်းစာပဲ . . . "

နှစ်ယောက်သားသတိလက်လွတ်ပြောမိပြောရာ ပြောနေကြသည်။ အတန်ကြာမှ ရှပ်အင်္ကျီနှင့် လူငယ်က မျက်မှောင်ကျုံ့၍ ဂျင်းဘောင်းဘီကို ကြည့်ရင်း . . .

"ဒါနဲ့ နေပါဦး မင်းနာမည် ဘယ်လိုခေါ်လဲ "

ဂျင်းဘောင်းဘီနှင့်လူငယ်က ခါးကို မတ်ပြီး . . .

"ငါ့နာမည်ကျော်ထက်၊ မင်းနာမည်ကရော . . . "

"ငါ့နာမည်ညီမင်းညို . . . "

ရှပ်အင်္ကျီနှင့် လူငယ်က ပြန်ဖြေသည်။

နောက် နှစ်ယောက်လုံး နှစ်လိုဖွယ်ပြုံးလိုက်ပြီး . . .

"တော်သေးတာပေါ့ ကွာ . . . မိန်းကလေးတစ်ယောက်အတွက်နဲ့ မှားကြတော့မလို့ . . . "

"အေး . . . သိကြားမင်းကျောက်ဖြာတင်းသွားလို့ ထင်တယ်"

ဟုဆို၍ နှစ်ယောက်တစ်ယောက်ကို တစ်ယောက်စိုက်ကြည့်ကြသည်။ ပြီးမှ . . .

"မင်းနဲ့ ငါဘာအညိုးအတေးမှမထားပဲ သူငယ်ချင်းအဖြစ် ပေါင်းသင်းလို့ ဖြစ်မလား . . . "

"အေးကောင်းတယ် . . . နောက်ပြီး . . . "

နှစ်ယောက်လုံး စကားသံတိတ်၍ တစ်ယောက်ကို တစ်ယောက် ကြည့်ကြသည်။

ပြီးမှ . . .

"တို့အတွေ့အကြုံအရ သစ္စာမရှိတဲ့ အဲဒီလို မိန်းမတွေကို လက်စား ချေချင်တယ်ကွာ . . . "

"အိုကေ . . . အဲဒီအကြံကောင်းတယ် . . . အသည်းစားဘီလူး ဆိုတာ ယောကျ်ားတွေသာ ဖြစ်သင့်တယ် . . . "

"ဟား ဟား မင်းစကားကို ကြိုက်ပြီကွာ . . . ကဲ "

ဟုဆိုပြီးနှစ်ယောက်သား ဝိုင်ခွက်ကိုမြှောက်၍တိုက်လိုက်ကြ သည်။နောက်. . .

"အောင်ပွဲအကြိုပေါ့ကွာ. . . "

ဟုဆိုပြီးနှစ်ယောက်လုံးပြိုင်တူသောက်ချလိုက်သည်။ ခွက်တစ် ဝက်ခန့်ကျမှ ညီမင်းညို ဆိုသော ရှပ်အင်္ကျီနှင့်လူငယ်က မျက်လုံးပြူးတက် သွားကာ. . .

"အဆိပ် . . အဆိပ် . . ဟာ . . အဆိပ်တွေသောက်မိပြီ . . . "

သူ့ကိုကြည့်ပြီး ဂျင်းဘောင်းဘီနှင့် ကျော်ထက်မှ အားရပါရထ ရယ်ပြီ . . . "ဟား ဟား . . . ဘာအဆိပ်မှ မပါပါဘူးကွာ . . . ငါက မိုးရေ ပုလင်းကို တံဆိပ်ကပ်လာတာပါ။ ဘာအဆိပ်မှ မဟုတ်ဘူး ဟား ဟား . . . "

ကျော်ထက်စကားကိုကြားမှ ညီမင်းညိုက သက်ပြင်းကို ချပြီး. . .

"တော်သေးတာပေါ့ကွာ . . . ငါ့မှ ဒေါသထွက်တုန်းက မသေပဲ အပျော်လွန်တဲ့ အခါမှ သေပြီအောက်မှတ်နေတာ . . . "

သူ၏ စကားကို ကျော်ထက်က တဟဲဟဲရယ်ရင်း . . .

"ဟဲ ဟဲ . . . ငါလည်း အဲဒီလောက်သတ္တိမကောင်းပါဘူးကွာ . . . ရမလားဆိုပြီး ဖြဲခြောက်ကြည့်တာပါ . . . ဟား . . ဟား . . . ခုတ်ရာက တခြားရှရာက တလွဲကို ဖြစ်သွားတော့တာပဲ . . . "

“အေးဒါဆိုလည်း ဒို့အသည်းစားလုပ်ငန်းအတွက်အခုလောလောဆယ်အရေးကြီးတာက လုပ်ငန်းအကောင်အထည်ပေါ်ဖို့ . . .”

“အေး. . ဟုတ်သားပဲ. . အဓိကကတော့လဝန်းလိုမိန်းမမျိုးတွေကိုလက်စားချေနိုင်ဖို့ပဲ. . .”

“အေး. . . အဲဒါအဓိကပဲ. . ဒါမှယောကျ်ားတွေဆိုတာ ဘယ်လိုအဆိပ်ရှိမှန်း သူတို့သိကြမှာ. . .”

“ကဲ . . . ဒီတော့ . . .”

ကျော်ထက်ကမချိုမချဉ်မျက်နှာနှင့် ပုခုံးတွန့်ပြသည်။ ညီမင်းညိုကအတုခိုးပြီးပြန်လုပ်ပြသည်။ ပြီးမှ နှစ်ယောက်သားတစ်ယောက်ပခုံးတစ်ယောက်ဖက်လိုက်ကြသည်။ နောက် . . အားပါသောခြေလှမ်းများနှင့်မိန်းမလှများစုဝေးရာသို့ . . .

သူတို့ထိုင်သွားသောစားပွဲတွင်တော့ သောက်လက်စ အအေးခွက်နှစ်ခွက်နှင့် ကွဲကြေနေသော ဖန်ခွက်တစ်ခု . . .

■ ■ ■

သိပ်မကြာသေး
သော ကာလတစ်ခုအတွင်း
ထူးဆန်းသော သတင်းတစ်ခု
ထွက်ပေါ်လာသည်။
ထိုသတင်းမှာ. . .

အသည်းတွေပက်ပက်စက်စက်ခွဲနေပါသည်။

အမျိုးသမီးများသတိထားပါ ...။

ကျော်ထက်နှင့် ညီမင်းညိုဟု သိရသည်။

ရုပ်ရည်သင့် . . .

အရပ်မြင့် . . .

စကားပြောရင့် . . .

အထူးသတိပြုရန်မှာ . . .

“ မိန်းကလေးများကိုယ့်ကိုကိုယ် လည်လှပြီဟုထင်မှတ်ခြင်းကို ထိုနှစ်ယောက်နှင့်ခပ်လှမ်းလှမ်းသို့ပို့ထားခြင်းက ပို၍အန္တရာယ်ကင်းလိမ့်မည်. . .’

စသည် စသည်ဖြင့်. . .

လျှို့ဝှက်။

စာအမှတ်...၀၀၇။

အ မျိုး သ ား ထု ကြီး န ည်း ယူ ရ န်

# လျှို့ဝှက်အသည်းခွဲ Formula

**အသည်းခွဲရန်အတွက် လိုအပ်သော ပစ္စည်းများမှာ.**

**စတီးလ်ကဲ့သို့ ပြောင်လက်သောမျက်နှာ(၄၀%)**

**မုသာဝါဒ (၁၀%)**

**ဟန်းချိန်းနှင့်ဆွဲကြိုးအတုတ်ကြီး(၁၀%)**

**ကြေးပြား (၁၀%)**

**အာဘောင်အာရင်း (၂၀%)**

**အရည်လည် သောမျက်ဝန်းညို (၅%)**

**ရိုက်ပေါက်နှင့် အခြားဗာဟီရ (၅%)**

**မှတ်ချက်။ ။ ရုပ်ရည်သည်ဤ *Subject* နှင့်မသက်ဆိုင်ပါ။**

**ရုပ်ဆိုးသူများ လည်းကျင့်လျှင်ရနိုင်ပါသည်။**

**ကျင့်လျှင်ကျင့်သလို အကျိုးပေးနိုင်ပါသည်။**

"အခ ကတော့ ရှင်ပဲအသည်းပေါက်မတတ်ချစ်တယ်ဆို . . . "

"ဟုတ်တယ် . . . အခုအသည်းကပေါက်သွားပြီးချစ်လို့မရတော့ဘူး . . . "

"ကျွန်မမှာ ဘာအပြစ်ရှိလို့လည်း . . . "

"မင်းကအသားမည်းတယ်. . . အဲသလိုပဲပြောလိုက်မယ်. . . "

"ဘာရှင့်. . ရှင်တမင်သက်သက် အပြစ်မရှိအပြစ်ရှာတာ. . အဟင့်"

"ငါအပြစ်မရှိအပြစ်ရှာတာမဟုတ်ဘူး . . . ငါပြောတာမဟုတ်လို့လား . . . ဟင်"

"အညာသူပဲ အသားမည်းမှာပေါ့ . . . "

"အေးလေး. . . ငါအဲဒါကိုမကြိုက်တာ. . . တော်ယုံမည်း မပြောပါဘူး. . ကျော်ထက်တို့ကခံစားတတ်တယ်။ ခုဟာက ကတ္တရာပုံးထဲကျတဲ့ ကျောက်မီးသွေးကမှ လူမွေးလူတောင်ပြောင်ဦးမယ်. . . "

"ရှင်နော် . . . ရှင် . . . တောက် . . . "

တော်ဝင်မြို့မစာအုပ်တိုက်

"ဟော့. . . ကြည့်မိန်းကလေးတန်မဲ့တောက်ခတ်ပြီ. . . ကိုင်း အပစ်တွေ့ပြီ . . . အဲဒီလိုတောက်ခတ်တာကိုမကြိုက်တာ၊ ဘာကိုဘာက၊ ဘာဖြစ်တော့ဘာကြမ်းဆိုလား. . . ဟင်. . . "

"အေးလေ . . . ဒါဆိုလည်း ပြီးတာပဲ . . . ရှင်သာ ကျွန်မလို မခံရပါစေနဲ့လို့ ဆုတောင်းပေးပါတယ်. . . "

"တောင်းတဲ့ ဆုနဲ့ ပြည့်ပါစေဗျာ . . . "

■ ■ ■

“ကျွန်မ အစကတည်းက အရပ်ပုမှန်းသိလျက်နဲ့ ရှင်ချစ်ခဲ့ပြီးတော့ အခုမှအရပ်ပုလို့မချစ်တော့ဘူးဆို ကျွန်မကဘယ်လိုလုပ် မြင့်အောင်လုပ် ပေးရမှာလဲ ညီမင်းညို . . . ”

“ဟ . . . အစကတော့ ငါလည်းဘယ်သတိထားမိမှာလဲ . . . တစ်ချိန်လုံး မင်းမျက်နှာပဲကြည့်လာတာ . . . အခုမှ ခြေထောက်ကို ကြည့်မိလိုက်တော့ . . . တကယ်အဆစ်တိုကြီး အောင်မလေး. . . အသည်းကို ယားသွားတာပဲ . . . ”

“ရှင်အဲသည်လို မနောက်ပါနဲ့ . . . ”

“မနောက်ရပေါင်ဗျာ. . . ”

“ဟင်. . အတည်မှတကယ့်. . အတည်. . . ”

“အင်းလေ . . . ဒါဆိုလည်းရှင့်စကားရှင်မှတ်ထားပေါ့. . ကျွန်မ အရပ်မြင့်လာတဲ့ တစ်နေ့ရှင်နဲ့ တွေ့မယ် . . ဟင်းဟင်း. . . အိစံပယ်ထွန်း တဲ့ဘာမှတ်လည်း . . . အဆစ်ပြုတ်အောင်ရေကူးပြီးတော့ကို အရပ်မြင့် အောင်ကြိုးစားဦးမယ် . . . ထုံးကိုပေါက်အောင်သုတ်ပြီးတော့ကို အသား ဖြူအောင်လုပ် ပစ်မယ်. . . ကျွန်မ မြင့်ပြီးဖြူလာတဲ့ တစ်နေ့မှ ချစ်လှပါချီရဲ့

လာမလုပ်နဲ့. . . ကိုင်း . . . ကျွန်မသွားပြီ. . . ရှင်သာအမြဲတမ်းကံကောင်းနေ ပါစေလို့ ဆုတောင်းပါတယ်”

“တောင်းတဲ့ ဆုနဲ့ ယခုပြည့်ရပါစေ တော်မမဘုရား . . . ဟားဟား . . . ”

■ ■ ■

**လေပြည်** ကနွဲ့နွဲ့ကလေးတိုက်ခတ်နေသည်။ နှင်းစက်များပက်ဖြန်းမှုနှင့် စိမ်းစိုနေသော သစ်ရွက်တို့ကြီးမားသော ပိတောက်ပင်ပေါ် တွဲခိုနေကြသည်။ နှင်းထုများ၏ကာဆီးမှုကြောင့် နေရောင်ခြည်ပင် ကမ္ဘာမြေသို့ အလည်အပတ်မရောက်ရှိနိုင်ပဲ ကောင်းကင်ပေါ်မှာသာ မှိန်ဖျော့ဖျော့အရောင်အသွေးနှင့် ငေးကြည့်နေရရှာလေသည်။ သူငေးကြည့်နေသည့် အထဲမှာမှ ပူပူနွေးနွေးကော်ဖီခွက်ကို အရှေ့ချပြီး ဘာစကားမှမပြောသေးသော လူငယ်နှစ်ယောက်လည်း ပါဝင်၏။

ထိုလူငယ်နှစ်ယောက်မှာ . . .

"ငါတို့လည်း ငပွကြီးတွေဖြစ်နေပြီကွ . . ."

ကျော်ထက်၏ စကားကိုညီမင်းညိုက သူ့ရှေ့ကပူပူနွေးနွေးလက်ဖက်ရည်ခွက်ကို မလိုက်ပြီး . . .

"ပွလည်းပွချင်စရာပဲလေ . . . ဒို့ရည်းစားထားပြီး ဖြတ်လိုက် တဲ့ မိန်းကလေး နည်းမှမနည်းပဲကိုး . . ."

"မိန်းမတွေကိုက တစ်ဆိတ်ကို တစ်အိပ်လုပ်ချင်ကြတာပါကွာ"

နှစ်ယောက်လုံးပြန်လည်ငြိမ်သက်သွားကြပြန်တော့ . . . လေပြေက နှင်းစက်များကိုသယ်ဆောင်၍ ဝေ့ဝေ့ဝဲဝဲတိုက်ခတ်ဆဲ . . .။

"ဒို့တွေ မိန်းကလေးတစ်ယောက်ယောက်နဲ့ အတည်တကျတွဲကြဖို့တော့ သင့်ပြီထင်တယ်နော် . . ."

ကျော်ထက်စကားကို ညီမင်းညိုက မျက်နှာရှုံ့မဲ့လိုက်ပြီး . . .

"စဉ်းစဉ်းစားစားလဲပြောပါဦး ဒို့ကို ဘယ်မိန်းကလေးကကြိုက် ဦးမှာလဲ . . ."

ညီမင်းညို၏စကားကို ကျော်ထက်အဖြေပြန်မပေးပဲ လမ်းမဆီသို့ ငေးကြည့်နေသည်။ ဟုတ်လည်းဟုတ်သည်။ ဤအခြေအနေတိုင်းဆို သူတို့ကို ဘယ်မိန်းကလေးကမှ လက်ခံတော့မည်မဟုတ်။

"ဟော့ကောင် . . . ဟိုမှာကြည့်စမ်း . . ."

ကျော်ထက်အလောတကြီးညွှန်ပြရာသို့ ညီမင်းငေးကြည့်သည်။

ကောင်မလေးနှစ်ယောက်။ တိတိကျကျဆိုရသော် ဆံပင်ဂုတ်ဝဲကလေးနှင့်ကောင်မလေးနှစ်ယောက် ဆံပင်ပုံစံတူနေ၍ လားမျက်နှာကျပဲတူနေ၍လား မသိ။ နှစ်ယောက်လုံးရုပ်ခပ်ဆင်ဆင် . . .။ လမ်းလျှောက်ပုံကအစ မြောက်ကြွကြွနှင့်အမြင်ကတ်ချင်စရာ. . .။ သေချာတာကတော့ နှစ်ယောက်လုံးလှတပတကလေးတွေပါ . . .။

ညီမင်းညိုက ကျော်ထက်ဖက်ပြန်လှည့်လိုက်ပြီး

"ဟော့. . ဘာဖြစ်လို့လည်းကွ . . ."

"အဲဒီကောင်မလေးနှစ်ယောက်ကို မင်းမမှတ်မိဘူးလား . . ."

ကျော်ထက်အမေးကို ညီမင်းညိုမျက်မှောင်ကျုံ့လိုက်ပြီး . . .

"ဘာမှတ်မိရမှာလဲ . . . ဘယ်တုန်းကတွေ့ဖူးလို့လဲ . . ."

"ဒို့တွေ လဝန်းနဲ့ အတူဒီဆိုင်မှာ ဆုံတုန်းကလေ . . ."

"အင်း . . ."

"အဲဒီတုန်းက မိုးရေထဲဖိနပ်တစ်ဖက်တည်းနဲ့ မိုးမိုးဘာလို့ ရွှာအော်သွားတဲ့ ကောင်မလေးတွေလေကွာ . . ."

ကျော်ထက်စကားကြားတော့ ညီမင်း၏ မျက်နှာဝင်းလက်သွား၏။

" ဟာ . . . ဟုတ်တယ် . . . မှတ်မိပြီ။ အဲဒီတုန်းကလည်း ဒီလိုပဲ မြောက်ကြွမြောက်ကြွနဲ့ နားရင်းအုပ်ချင်စရာလေးတွေ . . . "

"အေး . . . အဲဒါကို ပြောတာ . . . လာကွာ . . . လိုက်ကြရအောင်"

ပြောရင်းနှင့် ကျော်ထက်က ထထွက်ရန်ပြင်သည်။ ညီမင်းက သူ့လက်ကို ဆွဲသည်။

" နေဦးကွ . . . ဒီအတိုင်းလိုက်လို့ဖြစ်ပါ့မလား . . . "

ညီမင်းစကားကို ကျော်ထက်က မျက်မှောင်ကျုံ့လိုက်ပြီး . . .

"ဘာလဲ ဒီအတိုင်းမလိုက်ဘဲ မင်းကဘင်ခရာနဲ့ လိုက်ချင်သေးလို့ လား. . . "

"ဟာကွာ. . . ငါပြောတာက အကြောင်းမရှိအကြောင်းရှာ သူတို့ နောက်လိုက်မယ်ဆိုရင် . . . "

ညီမင်းရဲ့ စကားကြောင့် ကျော်ထက်တွေဝေသွား၏။

နောက်မှ . . .

"ဒီလိုလုပ်ကွာ . . . ပိုက်ဆံအိပ်ကျကျန်ခဲ့လို့ဆိုပြီး လိုက်ပေးမယ်"

"လက်ကိုင်ပုဝါလောက်တော့လုပ်ကွာ . . . "

"တစ်ရှူးခေတ်ကွ . . . ဘယ်သူမှ လက်ကိုင်ပုဝါမကိုင်တော့ဘူး

"မယူဘူးဆိုရင်ရော . . . "

"ကိစ္စမရှိဘူးလေ . . . အဓိကရင်းနှီးမှုရဖို့ပဲဟာ. . . ပြောရင်းဆိုရင်းဝေးတောင်သွားပြီဟာ. . . အမြန်လိုက်ကြရအောင် . . . "

ဒါမျိုးတော့ တတ်တယ် . . .။ တိုင်ပင်စရာတောင်မလိုဘူး. . .။ ထထွက်သွားတာများ မှုန် . . . လို့ . . .

"ဒီမှာ ဒီမှာ . . . "

သူတို့ရဲ့အမောတကောခေါ်သံကြောင့် ကောင်မလေးနှစ်ယောက် လုံးလှည့်ကြည့်ကြတယ်။ ကျော်ထက်က ညီမင်းလက်ထဲကိုင်ထားသော ပိုက်ဆံအိပ်ကို မြှောက်ပြလိုက်ပြီး

" ညီမလေးတို့ ပိုက်ဆံအိပ်ကျန်ခဲ့လို့ . . . "

ကောင်မလေးနှစ်ယောက်လုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။ အနီးကပ်ကြည့်မှ ကောင်မလေးနှစ်ယောက်လုံးမျက်နှာက လှတာထက် ပိုအပြစ်ကင်းစင်တာပိုတွေ့ရ၏။ နောက် ကောင်မလေး နှစ်ယောက်လုံးအဓိပ္ပါယ်ပေါက်သွားသလိုပြုံးသွားကြတယ်။ ငတိနှစ်ကောင် က အောင်မြင်ပြီဆိုတဲ့ အသိနှင့် သွားကြီးတွေဖြဲ . . . လို့ ။

ကောင်မလေးတစ်ယောက်က ညီမင်းလက်ထဲက ပိုက်ဆံအိပ်ကို ဖြတ်ခနဲဆွဲယူလိုက်ပြီး . . .

"ကျေးဇူးပဲ . . . အဲဟဲ . . . တော်သေးတာပေါ့ သူတော်ကောင်း တွေတွေ့လို့ . . .

တဆက်တည်းပဲ သူတို့ဖက်လှည့်၍ . . .

"ပိုက်ဆံဘယ်လောက်ပါလဲ . . . "

"အဲ . . . တစ်သောင်းခွဲ . . . "

ကောင်မလေးအမေးကို ညီမင်းက ယောင်တောင်တောင်နှင့် ပြန် ဖြေလိုက်သည်။ ဒါကို ဘေးက ကောင်မလေးက . . .

"ဟာ . . . ဒါဆို ငါ့ပိုက်ဆံခုနှစ်ထောင့်ငါးရာပါတယ် . . . ပေးငါ့ ကို . . . "

ဆိုပြီး ပိုက်ဆံအိပ်ကိုင်ထားတဲ့ ကောင်မလေးလက်က အိပ်ကို လုတယ် . . .။

ဒါကို ဟိုကောင်မလေးက တစ်ဖက်လှည့်လျှောက်လိုက်ပြီး. . .

"ဟဲ့ . . . ပေးမှာပေါ့ ဟဲ့ . . . ဘယ်လိုဖြစ်နေတာလဲ တကတည်း သရဲအမဲသားမြင်တာကျနေတာပဲ . . "

ဆိုပြီး ပိုက်ဆံအိပ်ထဲက ငွေ ခုနှစ်ထောင့်ငါးရာကို ထုတ်ရေသည်။ ဘေးနားက ကောင်မလေးက ဝမ်းသာလွန်း၍ထင့် ခုန်ဆွခုန်ဆွ . . .

ကျော်ထက်နှင့် ညီမင်းညီ့က ကောင်မလေးနှစ်ယောက်ရဲ့ ထူးဆန်းတဲ့အပြုအမူကို ကြည့်၍ ကြောင်ငေးနေကြတုန်း . . .။

"ရော့ . . . ဒီမှာ ခုနှစ်ထောင့်ငါးရာ . . . နင့်ခွဲတမ်းကုန်ပြီနော် . . . "

"ဟိုမှာ နှစ်ဆယ်ကျန်သေးတယ် . . .
"အောင်မာ . . . ဒါက ငါ့အတွက်ကားခ . . . "
"ကားခက တစ်ယောက်တစ်ဆယ်ပါ . . . ဒါဆိုကားခနင်ပေး လိုက် . . . "
" လူလည်မ . . . "
နှစ်ယောက်သားဝမ်းသာအားရတွေဖြစ်နေသည်။ ကျော်ထက်နှင့် ညီမင်းညိုက ဘာမှမပြောနိုင်ပဲ ပါးစပ်အဟောင်းသားဖြစ်နေတုန်း . . . ။
ဒါကို ကောင်မလေးများက . . .
"ဒီက ဦးလေးတို့ငွေမရှိတုန်းပိုက်ဆံအိပ်လိုက်ပေးတဲ့အတွက် ကျေးဇူးပဲနော် . . . သမီးတို့ သွားလိုက်ဦးမယ် . . . ရဟူး . . "
ဟုဆိုပြီးပိုက်ဆံအိပ်ကို နောက်ပြန်ပစ်ထုတ်ကဘောက်ဆတ် ဘောက်ဆတ်နှင့် ကြွချီသွားကြလေသည်။
ထိုတော့မှ နှစ်ယောက်လုံး မျက်လုံးပြူးသွားကြပြီး . . .
"ဟ . . . ဟေ့ကောင် . . . ပိုက်ဆံတွေ . . . ပိုက်ဆံတွေပါသွား ပြီး. . . ပိုက်ဆံတွေပါသွားပြီ . . . "
"ဟာ . . အေးဟုတ်တယ်. . လိုက်. . ဟေ့ကောင်လိုက် . . . " ဟုဆို၍နှစ်ယောက်သားကောင်မလေး များနောက်ပြေးလိုက်ကြ ရပြန်သည်။ ကောင်မလေးများကို မှီတော့ အလောတကြီးဖြင့် . . .
"ဒီမှာ . . . ဒီမှာ ခနနေဦး . . . "
သူတို့ အော်သံကြောင့် ကောင်မလေးနှစ်ယောက်ပြန်လှည့်လာ တယ်။
"ရှင်တို့ ဘယ်သူတွေလဲ . . . "
"ဘာကိစ္စနဲ့ လိုက်ခေါ်နေတာလဲ . . "
မျက်နှာက ခုနမျက်နှာမဟုတ်တော့ . . . စိတ်ရှုပ်ဟန်နှင့် တဆိတ် တည်လွန်းသည်။
"ဟိုလေ . . . ဟို . . . ခုနက ပိုက်ဆံအိပ် . . . "
"ဟိုမှာလေ . . . သွားကောက်ချေ . . . "

"ဗျာ . . . "

နှစ်ယောက်လုံးဘာပြောလို့ ပြောရမှန်းမသိပဲ ကြောင်ငေးနေကြသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကောင်မလေးတွေကို ပြန်ကြည့်လိုက်နှင့် ယောင်နနဖြစ်နေကြ၏။ ကောင်မလေးများကတော့ မျက်နှာမာနှင့် ခပ်တည်တည် . . . ။အတန်ကြာမှ ညီညိုမင်းက . . .

"ဟို. . ဟိုလေဗျာ. . ခုနပိုက်ဆံအိပ်က. . . "

"ရှင်တို့ပဲကျွန်မတို့ ကျကျန်ခဲ့လို့ဆိုပြီး လိုက်ပေးတာလေ"

သူ့စကားမဆုံးမီ ကောင်မလေးက ဖြတ်ပြောသည်။ ကောင်မလေးစကားကြောင့် သူတို့နှစ်ယောက်လုံးတွန့်ဝင်သွားပြီး . . .

"ဟုတ် . . . ဟုတ်တယ်လေ . . . အဲဒါက . . . "

"အဲဒါကတွေ ဘာတွေလုပ်မနေနဲ့ ကျွန်မတို့ ပိုက်ဆံအိပ်ကျွန်မတို့ပြန်ယူတယ် ဘာဖြစ်လဲ. . . "

"မဟုတ်ဖူးလေဗျာ . . . ပိုက်ဆံက ကျွန်တော့ပိုက်ဆံ . . . "

မတတ်သာသည့် အဆုံး ညီမင်းက ပြောင်ပြောင်ပင်ဖွင့်ပြောလိုက်ရသည်။ ဒါကိုတောင် လိပ်ကျောခွံးထက်အကြောမာလှသော ငတိမနှစ်ယောက် . . .

"ဘာကျွန်တော့ပိုက်ဆံလဲ . . . ခုနကပဲ ရှင်တို့နှစ်ယောက်ကျွန်မတို့ကျကျန်ခဲ့လို့ ဆိုပြီး လိုက်ပေးတာမဟုတ်လား . . . "

"အဲ . . . အဲဒါက ဒီလိုလေ . . . "

"ဒီလိုလေဟိုလိုလေတွေလုပ်မနေနဲ့. . . အခုနားရင်းဖြတ်အုပ်လိုက်လို့ဟုတ်ပေ့ဖြစ်နေဦးမယ်။ ဘာမှတ်လဲ . . . ကရာတေးချည်းသုံးရက်၊ ဂျူဒိုချည်းသုံးရက်၊တိုက်ကွမ်ဒိုချည်းသုံးရက်ပေါင်းကိုးရက်သင်ထားတာ. . . "

"အိုး. . ဒီလူတွေ ဒီသိုင်းပညာနဲ့မတန်ပါဘူး. . အော်တိုင်လိုက်တာပဲကောင်းပါတယ် . . . "

"အဲ . . မလုပ်. . မလုပ်နဲ့. . . "

ဘာမှမဆိုင် ကရာတေးသုံးရက်၊ ဂျူဒိုသုံးရက်၊ တိုက်ကွမ်ဒိုသုံးရက်သင်ထားသည်နှင့် ပတ်ဝန်းကျင်အော်တိုင်လိုက်မည်နဲ့က ဘာမှမပတ်သက်။

သို့သော်ယခုတော့ သူတို့က အပေါ်စီးကရနေပြီ။

ပတ်ဝန်းကျင်ကို အော်တိုင်လိုက်လျှင်လည်း မိန်းမနှင့်ယောကျ်ား အားနဲ့သူပဲခံရဖို့ ရှိသည်မ ဟုတ်လား . . . ။

ထို့ကြောင့် မျက်နှာချိုသွေး၍ . . .

"အဲဒီဟိုလေ . . . ခင်ဗျားတို့ အဲဒီပိုက်ဆံပြန်မပေးရင် ကျွန်တော်တို့ဘဝဟာ . . . "

"တောင်းစားပေ့ါ ရုပ်ခံရှိတာပဲ . . . "

"ဟုတ်ပါ့ . . တောင်းစားရင်အရပ်က သနားကြမယ်နော်. . . "

"ဘာဗျ . . . "

သူတို့စကားပင်မဆုံးလိုက် . . . ငတိမတွေက တန်းကစ်သည်။ ထိုတော့မှ နှစ်ယောက်လုံးအနည်းငယ်တင်းသွားပြီး . . .

"ခင်ဗျားတို့ . . . "

သူတို့စကားပင်မဆုံးလိုက်ကောင်မလေးနှစ်ယောက်က တစ်ယောက်လက်တစ်ယောက်ဆွဲပြီး . . .

"ဟော့ . . . ဟိုမှာ ကားလာပြီ. . . တက် တက်. . . "

ဟုဆို၍ ထိုးဆိုက်လာသော ဘတ်(စ်)ကားတစ်စီးပေါ်ပြေးတက်သွားသည်။ သူတို့ကားပေါ်ရောက်သည်နှင့်ဘတ်(စ်)ကားက

"မောင်းဆရာရေ့. . . "

အော်သံနှင့်အတူ အလိုက်သိစွာ ဝူးခနဲမောင်းထွက်သွားလေသည်။ ထိုတော့မှ. . .

"ဟော့ ဟော့ . . . နေဦးလေ . . . "

"ဟာ . . . ပါပြီဗျ . . . ပါသွားပြီ။ တစ်သောင်းခွဲပါသွားပြီတောက် . . . . "

နှစ်ယောက်လုံးဘာမှ မတတ်နိုင်တော့ . . .

တရွေ့ရွေ့ဝေးကွာသွားသော ဘတ်(စ်)ကားကိုဝမ်းနည်းပက်လက်နှင့် ထိုင်ငေးနေလို့မှ တပါးဘာမှမဖြစ်နိုင်တော့ . . . ။ လူလည်ကောင်မလေးနှစ်ယောက်ကိုတင်ဆောင်သော ဘတ်(စ်)ကားကြီး တဖြည်း

ဖြည်း ဝေး၍ဝေး၍ မြင်ကွင်းထဲက လုံးလုံးလျားလျားပျောက်ကွယ်သွားသည်ထိုတော့မှ ကျော်ထက်က . . .

"တောက် . . . ပါသွားပြီကွ . . . ပါသွားပြီ . . ."

ကျော်ထက်စကားကိုညီမင်းညိုကပါ ကြိတ်မနိုင်ခဲမရအသံကြီးဖြင့်

"အဲဒါ ငါ့ပိုက်ဆံကွ . . . ငါ့ပိုက်ဆံ . . ."

ကျော်ထက်က ညီမင်းညိုကို ပြန်ဝေ့ကြည့်သည်။ နောက်မမြင်ရတော့သော ကားကို မျှော်ငေးရင်း . . .

"ဟာကွာ . . . ဒီမှာ စိတ်မကောင်းဖြစ်နေရတဲ့ ကြား . . ."

"အဲဒါ မင်းဆတ်ဆော့တာလေ . . ."

နှစ်ယောက်လုံးအသံတိတ်ပြီး အဓိပ္ပါယ်မဲ့စွာ ကားလမ်းမကို မျှော်ငေးကြည့်နေကြသည်။

အတန်ကြာမှညီမင်းညိုက နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး . . .

"တောက် . . . ပါတာလဲပါ ပါစေတော့ ။ ငါတော့ ဒီကောင်မလေးနှစ်ယောက်ကို မရရအောင်လိုက်မယ်လို့ ဆုံးဖြတ်လိုက်ပြီ . . ."

"ငါ့ဖို့လဲ တစ်ယောက်ချန်ထားလေကွာ . . ."

ညီမင်းစကားကို ကျော်ထက်က အားကျမခံပြော၏။ ဒါမျိုးဆိုဒီနှစ်ယောက်က သိပ်ညီညွတ်ကြသည်မဟုတ်လား . . .

"အေး. . . မင်းတစ်ယောက်ငါတစ်ယောက်၊ မရရအောင်ဖန်တီးမယ်၊ ပြီးမှ. . ဆုံးမကြရအောင် . . ."

"စိတ်ချသူငယ်ချင်း . . . ဒီမိန်းမနှစ်ယောက်လုံး အကျွတ်တရားတွေရင်မှာပိုက်ပြီး အာဘွားဖက်စ်ကော့စ်ဆိုတဲ့ဝေဒနာရသွားစေရမယ် . ."

တစ်ယောက်လက်ကို တစ်ယောက်ဆွဲယူလိုက်ကြသည်။

ပြီး နောက် . . .

"ဒီတစ်ခါလည်း ဒို့နှစ်ယောက်အောင်ပွဲခံရဦးမှာပါ . . ."

နှစ်ယောက်လုံးရဲ့ ပြတ်သားသည့် သဓိဋ္ဌာန် . . . ဒါပေမယ့်သူတို့ရဲ့ ရင်ထဲမှာတော့ အုန်းသီးစိမ်းကြီးအလုံးလိုက် မြိုထားရသလို ခိုးလို့ခုလု . . .

ထိုနေ့မှစ၍ သူတို့နှစ်ယောက်၏ အဓိကအလုပ်မှာ သူတို့ထံမှ ပိုက်ဆံအိပ်အလကားယူသွားသော ကောင်မလေးနှစ်ယောက်ကို ရှာဖွေခြင်းပင် . . .။ ရှာတာကလည်း ရိုးရိုးမရှာ။ လှည်းနေလှေအောင်း ဘတ်(စ်)ကားဟောင်းပါကျန်(မြင်းဇောင်းမရှိ၍) တက်တက်စင်အောင် ရှာဖွေနေကြခြင်းဖြစ်သည်။ ပျောက်သောသူ ရှာရင်တွေ့ ဆိုသော စကားပုံ ရှိပါတယ်။ သို့သော်တကယ်တွေ့ချင်လျှင် မျက်စေ့မှောက်ပြီး ပျောက်နေတာ လည်းရှိသည်။ ယခုလည်းထိုသို့ပင် တွေ့ချင်၍ရှာနေမှ မည်သို့မှ ရှာဖွေ မတွေ့နိုင်ဖြစ်နေကြသည်။

သူတို့အတွက် လွန်စွာ အရေးတကြီးလိုအပ်နေသော ကောင်မလေးနှစ်ယောက်ပျောက်ခြင်းမလှ ပျောက်နေပေပြီ . . .။

■ ■ ■

သို့သော် . . . ကံကြမ္မာက သူတို့ဖက်ပါချင်တော့ ထိုကောင်မလေးနှစ်ယောက်ကို တွေ့ပါသည်။ တွေ့တာမှ လှလှပပကို တွေ့ပါသည်။ ထိုနေ့မှာ . . .

"ဟေ့ ကောင် . . . ဟိုမှာ . . . ဟိုမှာ တွေ့ပြီ . . ."

ကျော်ထက်၏အလန့်တကြားအော်သံကြောင့် ညီမင်းညို့မျက်မှောင်ကျုံ့သွားပြီ . . .

"ဘယ်မှာလဲ ဘာတွေ့တာလည်း . . ."

ကျော်ထက်က ညီမင်းညို၏ ခေါင်းကို ဆွဲတည့်ပေးလိုက်ပြီ . . .

"ဟိုမှာလေကွာ . . . ဟိုလူလည်မလေးနှစ်ယောက် . . ."

"ဟာ . . . ဟ ဟုတ်ဟ . . . နှစ်ယောက်ပူးကြီး . . ."

ညီမင်းညို၏ မျက်လုံးအစုံလင်းလက်သွား၏။ ဟုတ်ပါသည်။ ကောင်မလေးနှစ်ယောက်လူရှင်းသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲတွင် လက်ဖက်ရည်တစ်ခွက်ကို နှစ်ယောက်စိမ်ပြေနပြေထိုင် သောက်နေကြခြင်းဖြစ်၏။ တစ်ယောက်က ခြေချိတ်ထား၍ တစ်ယောက်က အနောက်ကခုံကို မှီပြီးမြိန် နေပုံရသည် ။

ကောင်မလေးနှစ်ယောက်ကို ထိုကဲ့သို့ အေးအေးဆေးဆေး မြင်လိုက်ရတော့ နှစ်ယောက်လုံးမနေနိုင်တော့. . .

"လာကွာ . . ဟော့ကောင် သူတို့ဆီသွားရအောင် . . . "

စိတ်မြန်သော ကျော်ထက်က ညီမင်းညိုလက်ကို ဆွဲပြီး ဆိုင်ထဲဝင် ရန်ပြင်သည်။ ဒါကို ညီမင်းညိုက

"ဟ . . . ဟော့ကောင် . . . ဒီအတိုင်းသွားလို့ဖြစ်ပါ့မလား . . . ။

"ဟ . . . ဘာလို့မဖြစ်ရမှာလဲကွ. . . ငါတို့ ပိုက်ဆံအိပ်တောင် အလကားယူသွားသေးတာပဲ . . . ငါတို့ကလူမှန်တွေကွ၊ လာကွာကြောက် စရာမရှိကြံဖန် ကြောက်မနေနဲ့ . . . "

"အေး . . . ဒါဆိုလည်းပြီးတာပဲ . . . ကဲလာ . . . သွားကြတာ ပေါ့ . . . "

ဟုဆို၍ တစ်ယောက်လက်တစ်ယောက်ဆွဲကာဆိုင်ထဲဝင်ချသွား လေသည်။

ကောင်မလေးနှစ်ယောက်က ဆိုင်ထဲဝင်လာသော ကျော်ထက်နှင့် ညီမင်းညိုကို မြင်သည်နှင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ပြီးနောက် တစ် ယောက်က သူ့ပေါင်ပေါ်တင်ထားသော လက်ဆွဲအိပ်ကို ဖွင့်ကာ . . .

"ငါ့နှယ်နော် . . . ဒီပိုက်ဆံအိပ်ကကျပျောက်ပြန်ပြီထင်တယ်"

ဒါကို ခုံအနောက်မှီထားသောတေီမက အားကျမခံ ကျော်ထက် နှင့်ညီမင်းညိုကို မျက်စောင်းထိုးကြည့်ပြီး. . .

"ဟဲ့. . . အဲဒီအိပ်ထဲမှာ ငါ့ပိုက်ဆံတစ်ဝက်ပါတယ်နော် . . . "

"အောင်မာ . . . နင်ပိုက်ဆံတစ်ဝက်ပါတယ်ဆို ဘယ်လောက် ပါလဲ အခုထဲကပြော. . . ပြော. . "

"ဒါတော့ ဘယ်သိမှာလဲ ငါလည်း ပိုက်ဆံတွေလုံးပြီးထည့်လာတာ တစ်သောင်းမျိုးနှစ်သောင်းမျိုးတော့ရှိချင်ရှိမှာပေါ့ ဘာပဲပြောပြော . . . တစ်ဝက်တော့ တစ်ဝက်ပဲ နင်တစ်ဝက် ငါတစ်ဝက်ပဲ. . . "

ဟု ဆိုပြီး လူလည်မ နှစ်ယောက်သားစကားများနေကြသည်။ ကျော်ထက်နှင့် ညီမင်းညို သူတို့စားပွဲဝိုင်းသို့ ခပ်တည်တည်နှင့်ပင် ဝင်ထိုင် လိုက်သည်။

ပြီးတော့ဘာလုပ်လို့လုပ်ရမှန်းမသိပဲ ရေနွေးခွက်ကိုယ်စီယူ လိုက်ကြသည်။ ထိုစဉ်မှာပင် ကောင်မလေးနှစ်ယောက်က . . .

"ကျွတ် . . . ပိုက်ဆံအိပ်ကဒီနေ့ကျတော့လည်း ကျပျောက်မလာခဲ့ဘူးနဲ့တူတယ် . . ."

"အေးဟယ် . . . ငါ့ပိုက်ဆံတစ်ဝက်က နှမျောစရာ . . . အေးလေ . . . ပစ္စည်းသခင်ါရလူသခင်ါရပေါ့ . . . မရတော့လည်း မရတော့ဘူးပဲ မှတ်ရမှာပဲ . . . တရားသဘောနဲ့ ဖြေပါတယ် . . ."

ဒုတိယကောင်မလေးစကားကို ပထမကောင်မလေးက သူတို့ ဖက်ဝေ့ကြည့်ပြီး . . .

"ပြောလို့မရသေးဘူး . . . ပိုက်ဆံအိပ်က ကျချင်ကျခဲ့မှာ . . ."

"အေးလေ . . . ဒါဆိုလည်း ရတဲ့အခါ ရတယ်လို့မှတ်ရမှာပဲ . . ."

ဒုတိယကောင်မလေးစကားကြောင့် ပထမကောင်မလေး တင်းသွားပုံရ၏။ ထို့ကြောင့်ထိုကောင်မလေးဖက်လှည့်ပြီး

"လူလည်မ . . . လေစကြာမ . . ."

ဟုရေရွတ်သည်။ ဒါကို ဟိုကောင်မလေးကလည်း အားကျမခံဖြင့်

"ပန်ကာမ . . . ရိုလာမ . . ."

ဟု ပြန်ရေရွတ်ရင်း သူတို့ဟာ သူတို့တိုးတိုးတိတ်တိတ်နှင့် ပွစိပွစိ လုပ်နေကြ၏။ သူတို့ကိုကြည့်ပြီး ကျော်ထက်နှင့်ညီမင်းတို့လည်း မနေနိုင်တော့ပဲ . . .

"ဒီမယ်အမိတို့ . . ."

နှစ်ယောက်လုံး သူတို့ကို လှည့်ပင်မကြည့်ပဲ တစ်ဖက်သို့ငေးနေကြသည်။ ကောင်မလေးနှစ်ယောက်၏ အပြုအမူကြောင့် နှစ်ယောက်လုံးဘာဆက်ပြောလို့ပြောရမှန်းမသိပဲ ကြောင်ငေးနေမိကြသည်။

အတန် ကြာမှ ညီမင်းညိုက အားတင်း၍ ကောင်မလေးနှစ်ယောက်ကို စေ့စေ့ကြည့် ကာ . . .

"ဒီမှာ ခင်ဗျားတို့ကိုပြောနေတာ မကြားဘူးလား . . ."

ညီမင်းညို၏ စကားကို ခုံအနောက်ကို မှီထိုင်နေသော ကောင်မလေးက အနောက်ဖက်လှည့်၍ . . . "ချွတ် ချွတ် . . . "

သူ့အသံကို စားပွဲထိုးလေးက ဝေ့ကြည့်သည်။ နောက်သူတို့စားပွဲဝိုင်းနားခပ်သွက်သွက်လှမ်းလာသော ငတိမမှ ပင်ဆက်၍ . . .

"ဒီမှာ . . . မှာမလို့တဲ့ . . . "

စားပွဲထိုးလေးက သူတို့ကို ကြည့်သည်။ သူတို့နှစ်ယောက်လည်း ကြောင်တောင်တောင်နှင့် . . .

"ဟိုကွာ. . အေး. . လက်ဖက်ရည်နှစ်ခွက်ပေးကွာ . . . "

သူတို့ စကားကို စားပွဲထိုးလေးက နောက်ဖက်သို့ လှည့်၍ . . .

"ဆရာရေ့ တူးတီး . . . " ဟုအော်ပြီး လှမ်းမှာလိုက်သည်။

ဒါကို ငတိမကစားပွဲထိုးကို လက်ယပ်ခေါ်လိုက်ပြီး . . .

" ဟေ့ . . . ဒီမှာ လက်ဖက်ရည်တစ်ခွက်ဘယ်လောက်လဲ . . . "

သူမအော်အမေးကို စားပွဲထိုးလေးက လက်ညိုးတစ်ချောင်းထောင်ပြသည်။ ငတိမက သူ့ဘေးကကောင်မလေးဖက်လှည့်၍ . . .

"ပေး ငါးဆယ် . . . "

ဘေးနားက ငတိမက သူ့ပိုက်ဆံအိပ်ကို ဖွင့်၍ . . .

"ဟာ . . . နင်ပေးလိုက်ပါဟာ . . . တစ်ခါတစ်လေ ပေးရတာပဲ။ အဆောင်မှာ နင်ငါ့ဝမ်းနူတ်ဆေးတစ်တောင့်ယူသောက်တုန်းက ငါဘာပြောလဲ. . . "

"အဲဒီတုန်းက နင်သောက်လို့ ပိုလို့ ငါယူသောက်တာပဲ ဘာဖြစ်လဲ. . . "

"အေးလေး . . . အခုဟာကလည်း "

"ဟင့်အင်း . . . ဒါက နင်အရင်သောက်တာ. . .

"ပုရွက်ဆိတ်မ၊ နံ့ကောင်မ . . . "

ဒုတိယငတိမ ဘာမှမပြောသာတော့ပဲ၊ ပထမကောင်မလေးကို ကျိမ်ပြီး သူ့ပိုက်ဆံအိပ်ထဲက တစ်ထောင်တန်တစ်ရွက်ကို ရွှမ်းခနဲထုတ်လိုက်သည်။ ဟိုကောင်မလေးကလည်း သူ့ထံမှ တစ်ထောင်တန်တစ်ရွက်ကိုရွှမ်းခနဲထုတ်လိုက်ပြန်သည်။ ထိုတစ်ထောင်တန်နှစ်ရွက်မှာ သူတို့ဆီမှယူ

သွားသောထောင်တန်များသာဖြစ်လိမ့်မည်။ ပြီးနောက်တစ်ထောင် တန်နှစ်ရွက်လုံးစားပွဲထိုးကို လှမ်းပေးလိုက်ပြီး . . .။

"ရော့ . . . ဒီမှာ နှစ်ရွက်၊ တစ်ရွက်ကို ငါးဆယ်စီယူလိုက် . . . "

စားပွဲထိုးလေးကတစ်ထောင်တန်နှစ်ရွက်ကို လှမ်းယူလိုက်ပြီး ၊

"ဟင် . . အစ်မတို့ဟာက ဘယ်လိုလည်းဗျ၊ရမှာက တစ်ရာထဲ တစ်ထောင်တန်နှစ်ရွက်တောင်"

ကောင်မလေးများ မျက်မှောင်ကျုံ့လိုက်ပြီး . . .

"အေးလေး . . . တစ်ရွက်စီက ငါးဆယ်ယူလိုက်လေ . . . "

သူ့စကားကြောင့် စားပွဲထိုးစိတ်ညစ်သွားပုံရ၏။

"ဟာဗျာ. . . တစ်ရွက်ထဲဆိုတော်သေးတယ် အခုဟာကနှစ်ရွက်တောင်ဆိုတော့ ဆိုင်ရှင်က . . . "

"ဟေ့ ကောင်လေး လျှာမရှည်နဲ့ တစ်ရွက်ထဲယူသွားပြီး သူက ငါးဆယ်ပြန်မပေးရင် နင်လျော်မှာလား . . . "

ဘေးနားက ကောင်မလေးက နှုတ်ခမ်းစူပြီး ခြေဆောင့်သည်။ စားပွဲထိုးလေးက . . . "အဲ . . . ဒါ . . . ဒါကတော့ . . . . "

စားပွဲထိုးလေးကောင်မလေးများ၏ စကားကြောင့်ကြောင်တောင်တောင်ဖြစ်သွား၏။ သူ့ခမျာလည်း ထိုတစ်ထောင်တန်နှစ်ရွက်နှင့် ငွေတစ်ရာအတွက် အကြပ်ရိုက်နေပုံရ၏။ ဒါကို ညီမင်းညိုမှ နေ၍ ရင်ကို ကော့၍ စေတနာသဒ္ဒါထက်သန်စွာဖြင့် (ကောင်မလေးများကို ရောချင်တာလည်းပါမှာပေါ့ . . . )

"ညီလေး . . . အဲဒီပိုက်ဆံတွေပြန်ပေးလိုက် . . . ဒါတွေအစ်ကိုရှင်းမယ်. . . "

ညီမင်းညို၏ စကားကြားသည်နှင့် ကောင်မလေးနှစ်ယောက်လုံး မျက်လုံးများအရောင်လက်သွားသည်။ ပြီးနောက်

"အဲဒါကြောင့်ငါပြောသားပဲ. . . ညက အိပ်မက်ကောင်းနေတယ်။လက်ဖက်ရည်ကို တစ်ယောက်တစ်ခွက်သောက်ရအောင်ဆိုနင်က ကပ်စေးကုပ်ပြီး. . . "

ဟု တစ်ယောက်က ဆိုသည်။ ဒါကို နောက်တစ်ယောက်က. . .

"အေးလေ . . . နင်ပြောတာ ငါမယုံမိတာ ငါ့အမှား။ နောက်မဟုတ်ရင် တို့နှစ်ယောက်တစ်ယောက်တစ်ခွက် အိုဟာ. . . နှစ်ခွက်သုံးခွက်ဆင့် သောက်ထားပါတယ် ။ အေးလေ . . . အခုတော့ ငါးဆယ်ဖိုးနဲ့ပဲ ကျေနပ်ရမှာပေ့ါ ။ ကဲ. . . ရှင်းမဲ့လူရှိတုန်း လစ်ကြရအောင်. . . "

" အေး သွားကြတာပေ့ါ . . . တောက်. . . နာလိုက်တာနော်. . . "

ဟုဆို၍ နှစ်ယောက်လုံးမတ်တပ်ထရပ်ကြသည်။ ပြီးနောက်ကျော်ထက်နှင့် ညီမင်းညိုဖက်လှည့်၍ . . .

"ကဲ . . . ဒီကဘကြီးတို့ လက်ဖက်ရည်ဖိုးရှင်းပေးတဲ့အတွက်ကျေးဇူးပါပဲ. . . နောက်များလည်း ဒီထက်ပိုပြီးလှူနိုင်တန်းနိုင်ပါစေ . . ။ ကိုယ့်ကျန်းမာရေးလဲဂရုစိုက်ကြ. . . သမီးတို့သွားပြီနော်. . . "

ဟုဆိုပြီး သူတို့ဘာမှမပြောနိုင်ခင် လှည့်ထွက်သွားကြလေရာ၊

"ဟာ . . . ဟေ့ နေဦးလေ . . . ဒီမှာ ပြောစရာရှိသေးလို့. . . '

"ဟာ . . . အမိတို့နေကြဦးလေ . . . "

ဟူသော သူတို့အော်သံများ သူတို့ထံမှ ဆူညံသွားလေသည်။

သူတို့အသံနှင့်အတူကောင်မလေးများလှည့်မကြည့်ပဲ မေတ္တာများပင် ပို့သွားသေး. . .

"ကြားကြားသမျှ အမျှ. . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော့ . . . "

"သာဓု. . သာဓု. . သဓု"

ကောင်မလေးနှစ်ယောက်ကတော့ မြောက်ကြွမြောက်ကြွနှင့် ထွက်တော်မူသွားတုန်း . . . ဟိုနှစ်ယောက်ကတော့ ရေစက်ချခံနေရတဲ့ မသာတွေလို ငြိမ်သက်စွာကျန်ရစ် . . . .

■ ■ ■

**တောက်** အတော်လည်တဲ့ ကောင်မလေးတွေ . . . ”

ညီမင်းညိုက ကောင်မလေးတွေထွက်သွားရာ လမ်းဖက်မျှော်ကြည့်ရင်းပြောသည်။ ဒါကို ကျော်ထက်က . . .

“ဟုတ်ပ . . . ပုရွက်ဆိတ်မ၊ နံ့ကောင်မလေးတွေ . . . . ပုံစံတွေကိုက ပုကျိ . . . ပုကျိနဲ့ . . . ”

ညီမင်းညိုက သူ့ထက်ပိုပြီး ကြိတ်မနိုင်ခဲမရဖြစ်နေသောကျော်ထက်ကိုကြည့်ပြီး

“ဘာပဲပြောပြော . . . ဒို့ သူတို့ကို ရှာတွေ့နိုင်တဲ့နေရာတော့ သိခဲ့ရပြီလေ . . . ”

ကျော်ထက်က မျက်မှောင်ကျုံ့လိုက်ပြီး . . .

“ဘာလဲဒီလောက်ခံနေရတောင် မင်းစိတ်မကုန်သေးဘူးလား”

ညီမင်းညိုလှည့်ကြည့်သည်။ ပြီးနောက်ခုနက အတိုင်းပြန်ငေးရင်း

“စိတ်မကုန်တဲ့အပြင် ပိုစိတ်ဝင်စားနေလို့ ခက်နေတာပေါ့ . . . ”

ဟုဆိုရင်း ကျော်ထက်ဖက်လှည့်ကြည့်ကာ . . . .

“မင်းကရော . . . . ”

ကျော်ထက်ပြုံးလိုက်သည်။

"ငါက မင်းထက်တောင်ပိုသေး . . . . "

ကျော်ထက်စကားကို ညီမင်းမျက်မှောင်ကျုံ့လိုက်သည်။

"ဒါနဲ့ နေပါဦး မင်းက ဘယ်သူ့ကို စိတ်ဝင်စားတာလဲ . . . "

"ငါက. . . "

ကျော်ထက်စကားမဆက်သေးပဲ ညီမင်းညိုကို မျက်စောင်းထိုး၍ ကြည့်သည်။ နောက်မှ သူ့ဘေးနားကခုံကို လက်နှင့်ပုတ်ပြပြီး . . .

"ဟိုကွာ . . . ဒီခုံမှာမှီပြီးထိုင်သွားတဲ့ ကောင်မလေး . . . "

ညီမင်းညိုထံမှ သက်ပျင်းချသံကြားရသည်။

"တော်သေးတာပေါ့ကွာ တူနေမလားလို့ စိတ်ပူလိုက်ရတာ. . . "

"မင်းက . . . .

"ခြေချိတ်ထိုင်နေတဲ့ ကောင်မလေးလေ အရှေ့သွားကဲ့ကဲ့နဲ့. . "

ကျော်ထက်သက်ပျင်းချသည် . . .

"အေး . . . ဒါဆိုငါလည်း ကံကောင်းတယ် . . . "

"အေး . . . ဘာပဲ ပြောပြောလောလောဆယ်တော့ နှစ်ယောက် လုံးခံနေရတုန်းပဲ . . . "

"အရင်ပိုင်းခံရတာပါကွာ ဇာတ်ကခုမှစတာ . . . "

နောက် . . . စကားသံများတိတ်ဆိတ်နေကြသည်။ နှစ်ယောက် လုံးအတွေးကိုယ်စီနှင့် လမ်းမဖက်ငေးနေကြသည်။ သူတို့ရဲ့ စိတ်ထဲမှာတော့ လည်တယ်တယ်ကောင်မလေးနှစ်ယောက်၏ ပုံများရစ်ဝဲနေမှာ သေချာ၏။

နောက်နေ့နံနက်သူတို့နှစ်ယောက် ထိုဆိုင်ရောက်ချိန်ဝယ် ကောင်မလေးနှစ်ယောက်က မုန့်ဟင်းခါးသုံးပွဲလက်ဖက်ရည်နှစ်ခွက်၊ အီကြာကွေးသုံးချောင်းဝါးထားပြီးနှင့်ပြီ . . .၊ နှစ်ယောက်လုံးဝါးထားတာများ၍ ဗိုက်အင့်နေသည်ထင့် ကောင်းကောင်းပင် မထိုင်နိုင်ဘဲ ခုံအနောက်ကို ကိုယ်စီမှီရင်း ဗိုက်ပွတ်နေကြသည်။သူတို့နှစ်ယောက်ဆိုင်ထဲဝင်လာသည်ကို မြင်သည်နှင့် ကောင်မ လေးတစ်ယောက်က . . .

"တွေ့လား . . . ငါ့တွက်ကိန်းမလွဲပါဘူး . . . ဒီအဖိုးကြီးတွေလာမှာပါဆို . . ."

ဟုမကြားတကြားပြော၏။ ကောင်မလေးစကားကြောင့် သူတို့မျက်နှာဘယ်နားသွားထားရမှန်းပင်မသိတော့ . . . ဒါကို ပင်နောက်ကောင်မလေးတစ်ယောက်ပါ . . .

"ဘာပဲ ပြောပြောမနက်စာတစ်နပ်သက်သာသွား . . . နည်းမှတ်လို့ဟီး ဟီး ဟီး. . ."

သွားကျဲကောင်မလေးက မြင်းဟီသလိုရယ်၏။

သူတို့လည်း မသိချင်ယောင်ဆောင်၍ ထိုစားပွဲဝိုင်းပင် မျက်နှာပြောင်နှင့် ဝင်ထိုင်လိုက်သည်။ ပြီးနောက်ညီမင်းညိုက ရင်းနှီးနေသလိုဟန်မျိုးဖြင့် . . .

"ရောက်နေတာကြာပြီလား . . ."

သူ့အမေးကို ကောင်မလေးနှစ်ယောက်က ရိုသေဟန်ဖြင့် ပြန်ဖြေသည်။

"ဟုတ်ကဲ့ ဘကြီး . . . စောစောလေးကမှ ရောက်တာပါ. . ."

နှစ်ယောက်လုံးနင်သွားသည်။ နောက်မှ ကျော်ထက်က စားပွဲပေါ်ဝေ့ကြည့်ပြီး . . . .

"စားထားတာက မနည်းပါလား . . ."

"ဟုတ်ကဲ့ ဘကြီး ကျွေးသူရှိတုန်းညနေစာပါအလွတ်တွယ်ထားတာအဟီး . . . ."

တစ်ယောက်က အားရပါးရပြန်ဖြေသည်။ နောက်တစ်ယောက်ကလည်း အားကျမခံ . . .

"ဟုတ်တယ် . . . ဘကြီးရဲ့ဒါမျိုးက ကြုံရခဲတယ် အလှူအိမ်ရှိရင် ရှိမရှိရင်ဒီလိုဝါးရဖို့ဆိုတာက နှစ်ရှည်လများလည်း စောင့်ချင်စောင့်ရတာ။ အဟီး . . . အင်း . . . ပြောသာပြောရတာ . . . အခုတလော ကံကိုက ကောင်းလွန်းနေပါတယ် . . .။ ဘယ်အချိန်ပိုက်ဆံအိပ်နောက်တစ်အိပ်ကောက်ရပြီး။ တစ်သောင်းမျိုး၊ နှစ်သောင်းမျိုးကသုံးရဦးမယ် မပြောတတ်ဘူး. . ."

ကောင်မလေးများ၏ စကားကြောင့် နှစ်ယောက်လုံးယောက်ျား ကြီးတန်မဲ့ ရှက်ကိုးရှက်ကန်းတွေဖြစ်နေရလေသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကောင်မလေးတွေကို ပြန်ကြည့်လိုက်နှင့်ယောင် နနတွေဖြစ်နေမိ၏။ အတန်ကြာမှ ကျော်ထက် အရှေ့လက်ဖက်ရည်ခွက် က ဇွန်းကို ယူ၍ ပွတ်ခနဲစုပ်လိုက်ကာ . . .

"ဒါနဲ့ . . . သမီးတို့က ဒီနားနေတာလား . . . အလုပ်ကရော ဘာလုပ်ကြလည်း "

ညီမင်းညိုကြိုက်သည့် ကောင်မလေးက သူ့ဒူးကိုလက်နှစ်ဖက်နှင့် အုပ်ကိုင်လှုပ်ရမ်းရင်း . . .

"အင်း . . . သမီးတို့က အခုသူများအလုပ်လုပ်နေတာပေါ့နော် ကိုယ်တိုင်အလုပ်လုပ်ဖို့က ကြိုးစားနေတုန်း . . . ။ သမီးက မြန်မာဆေး ဖော်ရောင်းမှာလေ . . . အဟီး . . . "

သွားကျဲကောင်မလေးစပ်ဖြဖြပြောသည်။

ညီမင်းက မျက်မှောင် ကျုံ့လိုက်ပြီး . . .

"ဘာဆေးလဲ . . . "

"ရုပ်အိုစိတ်နုဆေးလေ . . . "

"အန် . . . "

"အရမ်းကောင်းတယ်ဗျ . . . ဘကြီးတို့လို သူငယ်ပြန်တော့မယ့် အရွယ်တွေအတွက် အသင့်တော်ဆုံးပဲ . . . "

"ဗျာ . . . "

သူတို့နှစ်ယောက်လုံးယောင်ပြီးပါးစပ်ဟနေမိ၏။

ကောင်မလေးနှစ်ယောက်သဘောကျစွာ တိုးတိုးကြိတ်ရယ်ကြ သည်။ ပြီးမှနောက်တစ်ယောက်က

"ဟုတ်တယ် ဘကြီးရဲ့သူ့ဆေးက သောက်လိုက်ရင် ရုပ်က အလိုလိုနေရင်းအိုသွားမယ်. . . ဒါပေမယ့် စိတ်ကတော့ ကလေးစိတ်လို နုမြဲ နုနေမှာ ရေရှည်စွဲသုံးရင် သူငယ်မှာပြန်မယ်၊ နှုတ်ခမ်းမှာလန်မယ်. . . . အဟဲ ဆေးပူလို့ . . အဟီး. . အဲလို. . . "

ကောင်မလေးဆီက ကကျိုးကကြောင်စကားများကြောင့် နှစ်ယောက်သားပါးစပ်အဟောင်းသားဖြစ်သွားကြတယ်။

ဒါကို နောက်ကောင်မ လေးတစ်ယောက်က အားကျမခံ . . .

"သမီးဆေးလည်း ကောင်းတယ် ဘကြီးရဲ့ . . . "

နောက်တစ်ယောက်စကားကြောင့် နှစ်ယောက်လုံးစိတ်ဝင်စားသွားကြပြန်၏။

"ဘာဆေးများလဲ . . . "

"ဘာဆေးလဲဆိုတော့ . . . အင်း . . . ဆေးက ဘကြီးတို့လို အရွယ်လွန်မှ လှချင်သူတွေအတွက် အသုံးဝင်တဲ့ ဆေးလေ . . . "

"ဆေးဖော်တဲ့ . . . ပစ္စည်းတွေက အကောင်းစားတွေသုံးမှာ ဘကြီးရဲ့ . . . "

နှစ်ယောက်လုံးမျက်လုံးများပြန်လည်စုကပ်ကုန်၏။

"ဘာတွေ သုံးမှာလဲ ဟင် . . . "

"ဘာတွေသုံးမှာလဲဆိုတော့ အင်း . . . ဆေးပစ္စည်းတွေက အမှန်အကန်ပေါ့ ဘကြီးရယ် . . . ဖော်စပ်နည်းကလည်း နန်းတွင်းဖော်စပ်နည်းမဟုတ်လား . . . "

နှစ်ယောက်လုံးယောင်ပြီး ခေါင်းညိတ်ကြသည်။ သူတို့ကို ကြည့်ပြီး ကောင်မလေးက ပို၍ စိတ်ပါလာပုံရအောင် အားတက်သရောဖြင့် . . .

"ပါမဲ့ ပစ္စည်းတွေက . . . ဟိုလေ . . . နို့ဆီဘူးခွံအလွတ်ရယ်၊ ဂဝံကျောက်ရယ်၊ သံပုရာသီးရယ်ကို ဆတူကြိတ်ပြီး ကျောက်ချဉ်နဲ့ ပြန်ပေါင်းရမှာ လုပ်ရတာတော့ လက်ဝင်တာပေါ့ဦးရယ် . . . ဒါပေမယ့် ဆေးကောင်းဖို့ အဓိက မဟုတ်လား . . . "

ပြောတဲ့ လူက အားတက်သရောပြောသည်။ နားထောင်သူက ဘာပြောလို့ ပြောနေမှန်းမသိ၍ အသေအချာနားထောင်၏။

"ဆေးကောင်းပုံကတော့ ပြောမနေပါနဲ့တော့ ဘကြီးရယ်။ ဒီဆေးလူးလိုက်ရင် တစ်ပတ်အတွင်းမျက်နှာပြောင်သွားစေရမယ်။အဲ . . . အသေအချာစွဲလူးရင် နှာခေါင်းပါတိုသွားစေရမယ် . . . အဲဒီထက်ပိုပြီး

လူးရင် မျက်နှာပါဘောလုံးလိုက်အလုံးကြီးဖြစ်သွားလောက်အောင်ပြောင်ရှင်းသွားစေရမယ်။ အဖုအထစ်ဆို ဘာမှမကျန်စေရဘူး . . . ပေါင်ဒါဘူးထဲထည့်လို့ရအောင်မွှဲ့ညက်သွားစေရမယ်. . အာမခံနဲ့ကိုရောင်းမှာ . . . ”

နှစ်ယောက်လုံးယောင်ပြီး ခေါင်းညိတ်ကြပြန်သည်။ နောက်မှာသတိရပြီး ကျော်ထက်က . . .

“ဟုတ်ပါပြီ . . . ဆေးဖော်ရောင်းမှာက ဟုတ်ပါပြီ. . . ”

“အားပေးရမှာနော် . . . ”

“အော် . . . အဟုတ်အားပေးမှာပါ . . အဲ. . ဒါနဲ့နေပါဦး . . နာမည်လေးတွေလဲပြောပါဦး . . . ”

ကောင်မလေးနှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်ကြသည်။ နောက်ရုပ်အိုစိတ်နုဆေးဖော်မည့် ကောင်မလေးကမျက်နှာပွင့်ဆေးဖော်မည့် ကောင်မလေးကို လက်ညိုးထိုး၍ ရယ်ကျဲကျဲနှင့်. . .

“သူ့နာမည်က ဒုံးပေ . . . ”

ဟိုကောင်မလေးကလည်း အားကျမခံဖြင့် . . . .

“ သူ့နာမည်က ကွာစိ အဟိ . . . ”

ကွာစိနှုတ်ခမ်းစူသွား၏။ ကျော်ထက်နှင့် ညီမင်းက အဓိပ္ပါယ်မဖော်နိုင်စွာ ခေါင်းကိုဖိကုတ်၍ . . .

“ဘာ အဓိပ္ပါယ်တွေလဲ . . . ”

“အေးလေ. . . ကောင်မလေးတွေထဲမှာ ဒီနာမည်မျိုးမကြားဖူးပါဘူး . . . ”

သူတို့စကားကို ကွာစိက ချက်ခြင်းပင် ရင်ကိုကော့၍

“ဒုံးပေလေ . . . ဒုံးပေကတ်သတ်ပေါင်းရခက်တဲ့။ အဲဒါ . . . သူလိုငတိမ . . . ဒါကြောင့် သူ့နာမည်ဒုံးပေ အဟေး ဟေး . . . ”

ကွာစိက သူ့စကားကို သူသဘောကျစွာ ခေါင်းခါခါနှင့် အဘွားကြီးရယ်ရယ်၏။

ဒါကို ဒုံးပေကလည်း အားကျမခံဖြင့် . . .

"အောင်မာ . . . သူ့နာမည်ကလည်း ကွာစိ . . . သူနဲ့ ပေါင်းရတာကွာလိုက်စိလိုက်မို့ပေးထားတာ . . . ကွာစိ၊ အဟိ . . . ကွာစိ. . အဟိ. . . . "

ပြောလိုက်သူ့ နှုတ်ခမ်းကို ပိတ်၍ ရယ်လိုက်လုပ်နေသည်။

ကောင်မလေးနှစ်ယောက်ကို ကြည့်ပြီး ကျော်ထက်နှင့် ညီမင်းညို ကြည်နူးနေကြသည်။ အတန်ကြာမှ ကျော်ထက်က . . .

"ဟုတ်ကဲ့. . . ကျွန်တော့နာမည်ကကျော်ထက်၊ သူ့နာမည်က ညီမင်းညို. . . "

"သိသားပဲ . . . . "

သူ့စကားဆုံးသည်နှင့် ကောင်မလေးနှစ်ယောက်လုံးထံမှ သံပြိုင်ထွက်လာ၏။ ကောင်မလေးနှစ်ယောက်လုံးထံမှ ထိုကဲ့သို့ကြားရ၍ နှစ်ယောက်လုံးလှုပ်လှုပ်ရှားရှားဖြစ်သွားပြီ။

"ဘယ် . . . ဘယ်လိုသိတာလဲဟင် . . . "

သူတို့၏အမေးကို ကောင်မလေးနှစ်ယောက်က မျက်နှာမဲ့လိုက်ပြီး . . .

"သိတာပေါ့ . . . ရှင်တို့က လူရှုပ်တွေပဲ . . . "

"မြန်မာ့အကြီးစားကြာကူလီတွေလို့ ရှင်းရှင်းပြောလဲရပါတယ်"

ကောင်မလေးနှစ်ယောက်၏ စကားကြောင့် နှစ်ယောက်လုံးရှိုးတိုးရှန်းတန့်တွေဖြစ်ကုန်ကြ၏။ ကြည့်ဦးပြောပုံက မြန်မာ့အကြီးစားကြာကူလီတဲ့ . . . ။ ရည်းစားများတာကို ရည်ညွှန်းပုံရ၏။ သူတို့အကြောင်းကို သိနေသည်ဆိုတော့ သူတို့လည်း ဘာပြန်ပြောလို့ပြောရမှန်းမသိတော့ . . .

ဒါကိုကောင်မလေးနှစ်ယောက်က ပြုံးရွှင်သော မျက်နှာဖြင့် . . .

"ကဲ. . . ကျွန်မတို့လည်းအလုပ်ကိစ္စတွေရှိသေးလို့ သွားလိုက်ပါဦးမယ်၊ ခွင့်ပြုပါဦးရှင်. . . နောင်ကိုလည်း ဒီလိုပဲ လျှိုနိုင်တန်းနိုင်ပါစေလို့ ဆုတောင်းပေးရင်း"

ဟုဆို၍ ကွာစိက ဒုံးပေဖက်လှည့်ကာ . . .

"ကဲသူငယ်ချင်းရေ"

နှစ်ယောက်သားပြုံး၍ ခေါင်းညိတ်ကြသည်။ ပြီးနောက်. . .

"အမျှ . . . အမျှ . . .  အမျှ . . . ယူတော်မူကြပါကုန်သော်. . သာ . . . ဓု. . . . သာ. . . ဓု. . . သာ. . . . ဓု"

"အော် . . . နှစ်ယောက်သားရေစက်ပါချသွားပါလားနော် . . "

"ငါ. . . တကယ်ချစ်တတ်သွားပြီ ထင်တယ် . . . "

"ငါလည်း တကယ်ချစ်မိသွားပြီ"

ကျော်ထက်က ညီမင်းညိုကို ဝေ့ကြည့်သည်။။

"မင်းကဘယ်သူ့ကို ပြောတာလည်း . . . "

"ကွာစိကို . . . . မင်းကရော . . . "

"ငါက ဒိုးပေကို . . . "

"တော်သေးတာပေါ့ကွာ . . . "

နှစ်ယောက်လုံးထံမှ သံပြိုင်ထွက်လာသည်။ နောက်နှစ်ယောက်လုံးထံမှ သက်ပြင်းချသံပင် သံပြိုင်ထွက်လာသည်။

နောက်နှစ်ယောက်လုံးပြန်ငြိမ်ကျသွား၏။ အတွေးကိုယ်စီနဲ့မို့ ဘာမှ ဆက်မဖြေမိ . . . ။ သူတို့ရှေ့တွင်တော့ မှာထားသော လက်ဖက်ရည်များအေးခဲနေပြီ။ ခုနကဒိုးပေနှင့်ကွာစိတစ်ဝရိတ်သွားသော မုန့်ဟင်းခါးပန်းကန်နှင့်လက်ဖက်ရည်ပန်းကန်များ ဟောင်းလောင်းကျန်ခဲ့၏။

■ ■ ■

**အပြင်**မှာ နှင်းစက်များတဖွဲဖွဲကျနေ၏။ ဆောင်းတွင် နံနက်ခင်း၏ အအေးဓာတ်များ လူတိုင်း၏ ရင်ထဲခိုနားနေလေပြီ . . .။ အေးစိမ့်စိမ့်အထိအတွေ့နှင့်အတူ ကြွေစရာမရှိကြံဖန်ကြွေကျနေသော သစ်ရွက်တို့သည်လည်း လေပြေနှင့်အတူ ဝေ့ဝဲဆင်းသက်နေလေသည်။

"အစကောင်းမှ အနှောင်းသေချာမတဲ့ . . ."

စကားပုံရှိပါရဲ့ . . .

နို့ပေတဲ့ အစမကောင်းသူနှစ်ယောက်ကတော့ ငုတ်တုတ်တွေ မေ့နေတုန်း . . .

ဆောင်းနံနက်ခင်းတစ်ခုမှာ . . .

နောက်တစ်နေ့ နံနက်သူတို့နှစ်ယောက်လက်ဖက်ရည်ဆိုင် ရောက်သွားချိန် ဒိုးပေနှင့် ကွာစိကို မတွေ့ရတော့။ သူတို့နေ့စဉ် ထိုင်နေတတ်သည့် ခုံကလေးက ဒီနေ့ဟာလာဟင်းလင်း . . .

ကျော်ထက်နှင့် ညီမင်းညိုဆိုင်ထဲဝေ့ရှာကြသည်။

သို့သော်ထို ကောင်မလေးများနှင့်တူတာဆိုလို့ မိန်းကလေးပင် မရှိ။

"ဟေ့ ကောင် . . . ဘယ်လိုလည်းကွ . . ဟိုနှစ်ယောက်မတွေ့ ပါလား . . . "

ညီမင်းညိုက မေးသည် ကျော်ထက်က နာရီကို မြှောက်ကြည့် လိုက်ပြီး . . . "စောနေသေးလားမှ မသိတာ . . . "

ညီမင်းညိုလမ်းမဖက်မျှော်ကြည့်ရင်း . . .

" လာကွာ . . . ဒါဆိုလဲ ဆိုင်ထဲဝင်စောင့်နေကြတာပေါ့ . . . သူတို့လာမှာပါ . . . လမ်းမမှာ ရပ်စောင့်နေတာနဲ့စာရင် အိမ်ခြေရရစောင့် တာက ပိုအဆင်ပြေမှာပါ . . . "

"အေး . . . အဲဒီအကြံမဆိုးဘူး . . . "

"ကဲ . . . လာ . . . ဆိုင်ထဲဝင်ကြရအောင် "

ဟုဆိုပြီးနှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက် ကြသည်။ ပြီးနောက် လက်ဖက်ရည်နှစ်ခွက်မှာလိုက်ကြသည်။ သိပ်မကြာ လိုက်ပါ။ အငွေ့တစ်ထောင်းထောင်းထနေသော လက်ဖက်ရည်နှစ်ခွက် သူတို့ရှေ့ရောက်လာ၏။ ဆောင်းတွင်းလေပြေက ပတ်ဝန်းကျင်တွင်ဝေ့ဝဲနေ သည်။ ဆိုင်တွင်းမှ လူများအားလုံး ဤကဲ့သို့ချမ်းချမ်းစီးစီးအချိန်တွင်အ ငွေ့တစ်ထောင်းထောင်းထနေသော ပူပူနွေးနွေးစားသောက်ဖွယ်များကို သာအာရုံကျနေကြ၏။ ခြားနားစွာဖြင့် သူတို့နှစ်ယောက်ကသာ အငွေ့ တစ်ထောင်းထောင်းထနေသော မျက်လုံးများနှင့် ရင်အေးစရာကောင်မ လေးနှစ်ယောက်ကို မျှော်ကြည့်နေကြသည်။

သို့သော် . . . သူတို့မျှော်လင့်နေသော ကောင်မလေးများက ပေါ်မလာပါ. . . ။

လမ်းမပေါ်တွင်ရုံးတက်၊ အလုပ်သွားသူများ စည်ကားနေပြီ. . . ။ နှင်းကွဲစအချိန်မို့ရပ်ကွက်တစ်ခုလုံးလှည့်ပတ် ရောင်းချတတ်သောပဲပြုတ် သည်များ ချိန်ခွင်သာလဲလျှောင်းကျန်ခဲ့သော သူတို့တောင်းကိုပိုက်၍ နေအိမ်သို့ ရင်ကော့ပြန်နှင့်ကြပြီ . . . ။

သို့သော်. . . သူတို့မျှော်လင့်သော ကောင်မလေးနှစ်ယောက် ရောက်မလာသေး . . .

ထိုလက်ဖက်ရည်ဆိုင်ချိတ်ဆွဲထားသောနာရီမှာ စက္ကန့်တံမပါ ရှိပါ . . . သို့သော်ကျန်ရှိနေသော မိနစ်တံက ဆယ့်ငါးမိနစ်ကို ရည်ညွှန်း၍ အတိုဆုံးလက်တံအနက်က အင်္ဂလိပ်အက္ခရာကိုးဂဏန်းကို အနည်းငယ် လွန်မြောက်နေပြီ. . .

သို့သော်. . . သူတို့မျှော်လင့်သော ကောင်မလေးနှစ်ယောက် ရောက်မလာသေး . . .

ထို့ကြောင့် သူတို့ရှေ့ချထားသောလက်ဖက်ခွက်များအေးစက်နေပြီ . . . သို့သော်. . . သူတို့မျှော်လင့်သောကောင်မလေးနှစ်ယောက်၏ အရိပ်အရောင်ပင်မမြင်ရသေးပါ. . .။

"ဟင်း . . ."

ညီမင်းညိုထံမှ သက်ပျင်းချသံကြား၏။

"ဒီနေ့သူတို့ မလာကြတော့ဘူးနဲ့ တူတယ်နော် . . ."

ကျော်ထက်ကပါ သက်ပျင်းချသည်။

"အေးကွာ . . . ဒို့လာစောင့်နေမယ်မှန်းသိလို့ မလာကြတော့ တာဖြစ်မယ် . . ."

နှစ်ယောက်လုံး မျက်လုံးများအရောင်ဖျော့ကုန်၏။ အတန်ကြာသည်အထိ နှစ်ယောက်သား ဘာစကားမှ မပြောဖြစ်ပဲ ငေးငိုင်နေပြန်၏။ အတန်ကြာမှ ကျော်ထက်က . . .

"ငါသိပြီ . . ."

ညီမင်းညိုမျက်မှောင်ကျုံ့သွားသည်။

"ဘာလဲ . . . ဘာသိတာလဲ . . ."

"ဒီဆိုင်က စားပွဲထိုးလေးတွေကိုမေးကြည့်ရင် သူတို့ဘယ်မှာနေတယ်ဆိုတာ သိနိုင်တယ်ကွ . . ."

ကျော်ထက်၏ စကားကြောင့် ညီမင်းမျက်လုံးများအရောင်ပြန်လက်လာ၏။

"အေး. . . ဟုတ်တယ်. . . အဲဒါဖြစ်နိုင်တယ်. . . မေးကြည့်ရအောင် . . ."

ဟုဆို၍ အနီးနားကစားပွဲထိုးကို လှည့်ခေါ်လိုက်သည်။

"ဟေ့ . . . ညီလေး . . . ဒီမှာ . . . "

စားပွဲထိုးလေးက သူတို့ဆီရောက်လာပြီး . . .

"နှစ်ရာ့နှစ်ဆယ်ပါ အစ်ကို. . . "

လက်ဖက်ရည်ခွက်သိမ်းရင်း ကျသင့်ငွေတောင်း၏။

ညီမင်းက ပိုက်ဆံထုတ်ရင်း . .

"ဒါနဲ့ ညီလေးရာ . . ခါတိုင်းဒီခုံမှာ ထိုင်နေတတ်တဲ့ ကောင်မလေး နှစ်ယောက်ကို သိလား . . . "

ကောင်လေးမျက်မှောင်ကျုံ့သွားသည်။

စဉ်စားနေပုံရ၏။

အတန် ကြာမှ . . .

"အော် . . သိပြီ . . . ဟိုဖြူဖြူချောချောလေးတွေ . . . တစ်ယောက်က သွားကျဲကျဲ၊ တစ်ယောက်က အသား. . . "

"အေး. . . အဲဒါလေးတွေကိုပြောတာ သူတို့ဘယ်မှာနေတာလဲ သိလား . . . "

စားပွဲထိုးလေးခေါင်းကုပ်သည်။ ပြီးနောက် . . .

"ဘယ်မှာနေတာလဲတော့မသိဘူးဗျ. . ဒါပေမယ့်မနက်ဆိုဒီ ဆိုင်မှာလာပြီး လက်ဖက်ရည်တစ်ခွက် နှစ်ယောက်ကပ်သောက်နေကြပဲ. . . "

"နေ့တိုင်းလား . . . "

"ဟုတ်တယ်အစ်ကိုရ. . . အဲ. . ဒါပေမယ့်. .  လကုန်ရက်ဆိုရင်တော့ တစ်ယောက်ကိုမုန့်ဟင်းခါးနှစ်ပွဲလောက် ဆင့်စားတတ်တယ် . . . "

ကောင်လေးစကားကြောင့် နှစ်ယောက်လုံးခေါင်းရှုပ်သွား၏။ သူတို့သိချင်တာက တစ်ခြားပြောပြတာကတစ်ခြား. . . ထို့ကြောင့်

"မဟုတ်ဘူးလေ နေတာကဘယ်မှာနေတာလဲလို့ မေးတာ . . "

"အဲဒါကို မသိတာအစ်ကိုရဲ့ . . . မနက်တိုင်ဒီလမ်းက ဖြတ်ပြီး ညနေဆိုပြန်လာကြတာပဲ . . . မြို့ထဲအလုပ်ဆင်းတာနဲ့တူတယ် . . . "

"ဘယ်မှာ အလုပ်ဆင်းတာတဲ့လဲ . . . "

ကျော်ထက်၏အမေးကို စားပွဲထိုးကမျက်မှောင်ကျုံ့လိုက်ပြီး . . .

"ဘယ်သိမှာလဲ အစ်ကိုရဲ့ကျွန်တော်ကလဝကမှ မဟုတ်တာ. . "

စားပွဲထိုးလေးစကားကြောင့် နှစ်ယောက်လုံးနင်သွားကြ၏။ ဘာဆက်မေးလို့ မေးရမှန်းလည်းမသိတော့။ စားပွဲထိုးလေးက ကျသင့်ငွေကိုယူပြီး ပိုငွေပြန်အမ်း၏။ သူတို့နှစ်ယောက်လုံးသက်ပြင်းချယုံမှ တပါးဘာမှမတတ်နိုင်တော့ . . .။

"ဟင်း ခြေရာကတော့ ပျောက်ပြန်ပြီထင်တယ် . . . "

"အေးကွာ. . . သူတို့ ဒို့ကိုမတွေ့ချင်လို့ တမင်မလာတော့တာဖြစ်မယ် . . . "

ကျော်ထက်က မျက်မှောင်ကျုံ့လိုက်ပြီး . . .

"ဒါနဲ့ နေပါဦး . . . ဒီနေ့ဘာနေ့လဲ . . . "

ညီမင်းညိုက နာရီကို မြောက်ကြည့်လိုက်ပြီး . . .

"တနင်္ဂနွေနေ့လေ . . . ဘာဖြစ်ရမှာလဲ . . . "

"ဟ. . . ဘာဖြစ်ရမှာလဲ. . . တနင်္ဂနွေနေ့ဆိုသူတို့အလုပ် ဘယ်ဆင်းမှာလဲကွ . . . "

"ဟာ . . . ဟုတ်သား. . . တနင်္ဂနွေဆိုတော့အလုပ်ပိတ်ကြမှာပေါ့"

"အဲဒါကို ပြောတာပေါ့ . . . "

ထိုတော့မှ နှစ်ယောက်လုံးမျက်နှာပြန်လည် ဝင်းထိန်သွားကြသည်။

"တောက် . . . အဲဒါကို မေ့နေတာ . . . "

ကျော်ထက်စကားကို ညီမင်းညိုက သက်ပျင်းချလိုက်ပြီး . . .

"ဟင်း . . . ဒါဆိုလည်း မနက်ဖြန်ကြမှလာကြရအောင် . . . "

"အေး . . . ဒီလိုပဲလုပ်ရတော့မှာပေါ့ . . . "

ဟုဆိုပြီး နှစ်ယောက်လုံးဆိုင်ထဲမှ ထလိုက်ကြသည်။ နောက်အားပါသော ခြေလှမ်းမျိုးဖြင့် . . . .

■ ■ ■

သို့သော် . . ထိုနေ့မှစ၍ သူတို့တွေ့ချင်လှသော ကောင်မလေးနှစ်ယောက်မှာ ပျောက်ခြင်းမလှပျောက်ဆုံးသွားလေသည်။ သူတို့လည်း နေ့စဉ်နီးပါးကောင်မလေးတွေထိုင်သွားသော လက်ဖက်ရည်ဆိုင်ကလေးသို့ သွားခဲ့ပါသည်။ သို့သော်ထိုကောင်မလေးနှစ်ယောက်၏ အရိပ်အယောင်မှပင် မမြင်ရတော့။

အားလုံးလည်း သိတော်မူကြသည့်အတိုင်း တကယ်ချစ်ပြီဆိုမှဖြင့် ကိုယ်ချစ်မိသူကိုမမြင်ရလျှင် မျောက်မီးခဲကိုင်မိသလို၊ ကျားရေခဲပေါက်ဆီစားသလို. . . နေမထိထိုင်မသာ ဖြစ်တတ်သည်မဟုတ်ပါလော . . . ။

ယခုသူတို့နှစ်ယောက်လည်း ထိုနည်းတူစွာပင် . . .

သူတို့တကယ်ချစ်မိပြီဖြစ်သောကြောင့် နှစ်ယောက်သားနေမထိထိုင်မသာ နှင့်တစ်ယောက်လက်ပဲ တစ်ယောက်ဖက်ကိုက်ရမလို တွေ့ကရာသစ်ပင်ဖက်တက်ရမလို တုတ်ကွတုတ်ကွတွေ ဖြစ်နေကြ၏။ ထို့ကြောင့် နေရာအနှံ့ကိုလည်း ရှာဖွေခဲ့ကြပါသည်။ သို့သော် ပျောက်သောသူက ပျောက်နေဆဲ . . . မတွေ့ချင်၍ တမင်ရှောင်နေသူတွေမို့လည်း ဖြစ်နိုင်၏။ ပျောက်သော သူတို့က ရှာဖွေမတွေ့နိုင်အောင်ဖြစ်နေဆဲ . . . ။

သို့သော် . . .

အကြိမ်တစ်ရာကံဆိုးခဲ့သော်လည်း ကံကောင်းချိန် တစ်ချိန်က ရှိခဲ့ပါသည်။

ထိုအချိန်က . . .

"လာကွာ . . . မြို့ထဲသွားရအောင် . . . "

ညီမင်းညို၏ ထူးထူးဆန်းဆန်းစကားကြောင့် ကျော်ထက်မျက်မှောင်ကျုံ့လိုက်သည်။

"ဘာစိတ်ကူးတွေပေါက်နေတာလဲ မရိုးတော့ဘူးထင်တယ် . . . "

"ရိုးပါတယ်ကွာ . . . အဝတ်အစားအသစ်အဆန်းတွေပေါ်မလားလို့ သွားကြည့်မလို့ပါ . . . "

"ပယောဂလား . . . "

"မဟုတ်ပါဘူးကွာ . . . လှချင်နေတယ်လို့ပဲ ဆိုရမှာပဲ . . "

ဟုတ်သည်။ ညီမင်းညိုဆိုသည့်ကောင်က မင်းသားတစ်ယောက်လို အဝတ်အစားခုံမင်သူဖြစ်သည်။

"ကျွတ်. . မင်းမှာလဲ ဝတ်မကုန်စားမကုန်ရှိနေလျက်သားနဲ့. . "

ကျော်ထက်ခေါင်းကို ခပ်ဖွဖွကုပ်ရင်း တစ်ဖက်လှည့်လိုက်သည်။

"ကိုယ်ဖာသာကိုယ်သွား . . . ငါမလိုက်ချင်ဘူး . . "

ညီမင်းညိုမျက်တောင်ပုတ်ခပ်ပုတ်ခပ်ဖြစ်သွားသည်။

"ဟာ . . . အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ . . . ဟိုလေ . . . "

"ဘယ်လိုခေါ်ခေါ်မလိုက်ဘူးနော် . . . ကြိုပြောထားတာ . . . "

ညီမင်းညိုခေါင်းကုပ်သည်။ စဉ်းစားနေပုံရသည်။ အတန်ကြာမှ၊

"ညနေဘီယာအဝတိုက်မယ်ကွာ. . . မင်းလိုက်ချင်လိုက်၊ မလိုက်ချင်နေ . . . "

"ဟေ. . . "

ကျော်ထက်လည်စလုပ်ကြီးဂလုခနဲအောက်ပြုတ်ကျသွား၏။ ဘီယာအသံကြားသည်နှင့် သူ့မျက်ဝန်းတွေအမြုတ်တွေထနေသည်။

"မင်း . . . မင်းတကယ်ပြောတာလား . . . "

သူ့အသံက အမောဆို့နေသူတစ်ယောက်လိုပင်ဖြစ်နေသည်။ ညီမင်းညိုက အမွေးမရှိသော သူ့မေးကိုပွတ်ပြီး

"မင်းမြို့ထဲလိုက်ခဲ့မယ်ဆိုရင်တော့ တကယ်ပြောတာပါပဲ . . . "

"အေး . . . ဒါဆိုလိုက်ခဲ့မယ် . . . "

ကျော်ထက်၏ ဆုံးဖြတ်ချက်က မြန်သည်။

ဘီယာတန်ခိုးကြောင့် ပင် ဖြစ်ပေလိမ့်မည် . . ။

အော်. . . တန်ခိုးကြီးလှသည့် ဘီယာပါလားနော်. . အဲဘာဆိုင်လို့လဲ. . . "

"ကဲ . . . သွားကြရအောင် . . . အဲ . . . ဘာနဲ့ သွားမှာလဲ"

ကျော်ထက်၏ အမေးကို ညီမင်းက ခြေလှမ်းတန့်လိုက်ပြီး။

"ကားငှားသွားလိုက်မယ်ကွာ . . . "

ဟုဆို၍ . . .

■ ■ ■

မြို့ထဲမရောက်တာကြာ၍လားမသိ၊အရောင်အသွေးတွေက ပို၍ စုံလင်နေသည်။ လှတပတကောင်မလေးများကလည်း နောက်ဆုံးပေါ် အဆင်စုံများကို နှစ်သက်ရာ ဝတ်ဆင်ပြီး ရည်ရွယ်ရာလမ်းကိုယ်စီသို့ လျှောက်လှမ်းနေကြသည်ထင်ပါသည်။ ဈေးသည်ဈေးဝယ်များက အစ၊ ဥဒ ဟိုလျှောက်သွားနေသူအဆုံး မျက်လုံးများတွင် အပြုံးများဆင်ယင်ထား ကြ သည်ကို ထူးဆန်းစွာတွေ့ရ၏။

"ဟော့ကောင် . . ဒီနေ့ကံကောင်းပြီလား မသိဘူး . ."

ညီမင်းညို၏ စကားကို ကျော်ထက်မျက်မှောင်ကျုံ့လိုက်သည်။

"ဘာဖြစ်လို့လဲကွ . . ."

ညီမင်းက ပတ်ဝန်းကျင်စေ့ကြည့်လိုက်ပြီး . . .

"ဘယ်သူ့ကြည့်ကြည့်ပြုံးနေတာတွေ့ရတာချည်းပဲ . . ."

ကျော်ထက်က ကျွတ်ခနဲစုတ်သပ်သည်။

"ငါက မင်းဘီယာတိုက်မယ်ဆိုကတည်းက ကံကောင်းနေတာကွ ထပ်ပြီး ကံကောင်းနေစရာမလိုဘူး . . ."

ကျော်ထက်စကားကို ညီမင်းက ခပ်ဟဟရယ်သည်။

"ဟုတ်ပါပြီကွာ . . လာ . . ဒီဆိုင်ထဲဝင်ရအောင်. . "

ညီမင်းညိုညွှန်ပြရာကြည့်လိုက်တော့ လေအေးပေးစက်များလှိုင်နေအောင်တပ်ဆင်ထားသော စတိုးဆိုင်တစ်ခု ။ဆိုင်ထဲအဝင်များသည် ကအမျိုးသမီးများသာ . . .

"ဟေ့ ကောင်ရ . . . ယောကျ်ားလေးပစ္စည်းတွေရောရောင်းလို့ လား . . . "

ကျော်ထက်အမေးညိုကို ညီမင်းက အားရပါးရရယ်လိုက်ပြီး

"ဟား. . . ဟား. . ရောင်းပါတယ်ကွ. . . ဒီဆိုင်ဘာဆိုင်သစ်ထင်တယ်။ ငါတစ်ခါမှမရောက်ဖူးဘူး၊ လာကွာ . . ဆိုင်သစ်ဆိုတော့ ဘောင်းဘီတွေဈေး မှန်တယ် . . . လာ . . ဝင်ကြရအောင် . . . "

ညီမင်းညိုအာမခံမှုကြောင့် နှစ်ယောက်လုံးဆိုင်ထဲဝင်လိုက်သည်။

"ဟေ့ကွာ . . . ဘောင်းဘီတွေက ဟိုဖက်မှာ . . . "

ညီမင်းညိုကကျော်ထက်ကို လက်ဆွဲခေါ်သည်။ ဒါကို ကျော်ထက်က ရုန်းလိုက်ပြီး။

"မင်းဖာသာ မင်းသွားပါကွာ . . . ။ ငါမလိုက်ချင်ဘူး . . . "

ကျော်ထက်ကို ကြည့်ပြီး ညီမင်းကပြုံးလိုက်သည်။ ဟုတ်တယ် . . . ။ ကျော်ထက်ဆိုသည့် ကောင်က အသုံးအဆောင်ပစ္စည်းဝယ်ဖို့ အင်မတန်နှမြောတက်သည့် ကောင် . . . ။

"ကဲ . . . ဒါဆိုလည်း မင်းဒီနားကစောင့် . . ငါအခုပြန်လာမယ်"

"ဟေ့ ကောင် မကြာစေနဲ့နော် . . . "

"အေးပါ . . . ငါအခုပြန်လာမှာပါ . . . "

ပြောလည်းပြော ညီမင်း အတွင်းဖက်ဝင်လည်းဝင်သွား၏။ သိသည်။ ဒီကောင်အနည်းဆုံးနာရီဝက်နှင့် တစ်နာရီနေပေလေ့ပေါ့ . . . ကျော်ထက်တစ်ယောက်ထဲယောင်ပေပေနှင့် ကျန်နေ၏။ နောက်မှ . . . ဒီအတိုင်းကြောင်ကြောင်ကြီးရပ်နေမည့်အစား တစ်ခုခုလိုက်ကြည့်နေရင်ကောင်းမည်ဟု စဉ်းစားမိပြီး စတိုးဆိုင်လေးအတွင်း ပစ္စည်းများလှည့်ပတ်ကြည့်ရှုနေလိုက်သည်။

ထိုဆိုင်ကလေးသည် အဝတ်အထည်အသစ်အဆန်းများအပြင် အဖိုးတန်နာရီများ၊ ရေမွှေးပုလင်းများကိုလည်း တွေ့ရ၏။ ထိုပစ္စည်းများမှာ မှန်ပုံးထဲအသက်ရှူကြပ်စွာ ရပ်တည်နေရပုံရသည်။ အားလုံးဖျော့တော့စွာ ငြိမ်သက်နေကြ၏။

"ဘာအလိုရှိလို့ ပါလည်းရှင် . . ."

"မိန်းမ . . . အဲလေယောင်လို့ . . ."

တစ်ခုခုကို ငေးကြည့်နေရင်းရုတ်တရက်ဖြတ်မေးလိုက်သဖြင့် စတက်နောက်တတ်သည့် ဝသီအတိုင်းပါးစပ်ထဲမှ ပေါက်ကရတွေထွက်သွား၏။ နောက်ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ။ မှန်ပုံးထဲမှ ရေမွှေးပုလင်းတစ်ခုကို လက်ညှိုးထိုးလိုက်ပြီး။

"ဒါလေးပြပေးပါလား . . ."

"ဘယ်ဟာလဲ ရှင် . . . ."

"ဒီမိန်းကလေးပုံနဲ့ရေမွှေး. . ."

အရောင်းစာရေးမလေးက မှန်ရှိုးကေ့ဒ်နောက်မှ ထိုင်ရင်း မေးသည်။ ကျော်ထက်ကရေမွှေးပုလင်းနှင့်အနီးဆုံးနေရာကို ခေါက်လိုက်ပြီး

"ဒီရေမွှေးပုလင်းပါ . . ."

"အော် . . ."

ဈေးရောင်းသော ကောင်မလေး၏ လက်ကို မှန်ပုံးထဲမှ မြင်ရ၏။ လက်ကလေးက ပြည့်ပြည့်ဖောင်းဖောင်းချစ်စရာလေးပါ . . .။ လက်သည်းကိုတော့ ဘာအရောင်မှ ဆိုးမထား . . .။

"ရော့ . . ."

ရေမွှေးပုလင်းကိုင်ထားသော လက်က မှန်ပုံးပေါ် ရောက်လာ၏။ ကျော်ထက်ရေမွှေးပုလင်းကို လှမ်းယူလိုက် သည်။

"သင်းသင်းလှိုင်ရေ . . . အဲဒီဖက်က လေးဆစ်ထီးကလေး။ ဒီဖက်ကို ခဏလောက် . . ."

"အေး . . . အေး . . . ဘာအရောင်လဲ . . ."

"အပြာရောင်လေး . . . အပွင့်မပါတာ . . ."

"အေး အေး . . . ရပြီရော့ . . . "

လှိုးခနဲထီးပစ်လိုက်သံကြားရ၏။ နောက်မှန်တံခါးဆွဲပိတ်သံ . . ။ ဈေးရောင်းသူက ထွက်မလာသေး . . . ကျော်ထက်စောင့်မနေနိုင်တော့ . . . ။

"ဒါဘယ်လောက်လဲ ဟင် . . . "

"တစ်သောင်းခြောက်ထောင် . . . "

ဖြေသံနှင့် အတူ ဈေးရောင်းသည့်ကောင်မလေးထလာ၏။

"ဟင် . . . "။

"ဟာ . . . "။

နှစ်ယောက်လုံးတစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ကြောင်ငေးသွားကြ၏။

"ဒုံးပေ . . . "။

ဟုတ်ပါသည် ။ ဒုံးပေပါ . . . ။ စတိုးဆိုင်က ထုတ်ပေးထားသော တူညီဝတ်စုံအနွမ်းကလေးဝတ်ထားသည့် ဒုံးပေ . . . ။ ဤမျှလောက်အေးမြလှသော အဲယားကွန်းအောက် နဖူးမှ ချွေးများစို့နေသည့် ကောင်မလေး . . ။

"ခလွမ်း . . . "

လက်ထဲမှ ရေမွှေးပုလင်းသံမန်တံလင်းပေါ် လွတ်ကျသွား၏။ ချက်ခြင်းဆိုသလို ရေမွှေးပုလင်းမှ သင်းရနံ့များ ဝန်းကျင်သို့ ပျံ့နှံ့သွား၏။

"ဟဲ့ . . . ဘာဖြစ်တာလဲ . . . "

အော်သံနှင့်အတူ တစ်ဆိုင်လုံးမှ မျက်လုံးများစုပြုံကျလာ၏။

"သင်းသင်းလှိုင် . . . ဘာဖြစ်တာလဲလို့ "

"ဟို . . . . ဟို . . . . "

သင်းသင်းလှိုင်တဲ့ . . ။ နဘေးနားမှ ရေမွှေးရနံ့များ သင်းသင်းလှိုင်နေ၏။ သူမ၏ မျက်နှာကလေးနီရဲနေသည်။

"ဟဲ့ . . . ဘာဖြစ်တာလဲလို့ မေးနေတာလေ . . . "

အော်သံထပ်ကြားရ၏။ မိန်းမကြီးက ခပ်ဝဝပါ . . .။ ဆိုင်မန်နေဂျာဖြစ်လိမ့်မည်။ လက်ထဲတွင် အကောင်းစားဘောပင်တစ်ချောင်းကိုင်ထား၏။ ကျော်ထက်မှပင် ဖြတ်၍ ပြောလိုက်သည်။

"ဟိုလေ . . . ရေမွှေးပုလင်းကျကွဲသွားလို့ . . . "

"ဟင် . . . ရေမွှေးပုလင်း . . .။ ဟာ . . တစ်သောင်းကျော်တန်ကြီး. . ဟဲ့. . သင်းသင်းလှိုင်. . အဲဒါနင်. . နင်. . နင့်တာဝန်ပဲ. . "

သူမ၏ မျက်နှာလေးမဲ့ကျသွား၏။ မန်နေဂျာမိန်းမကြီးက လုံချည်ကို ခါးတောင်းကျိုက်မတတ်။ အလံထူရင်းပြေးလာ၏။

"ဟင် . . . နမော်နမဲ့နိုင်လှချည်လား . . .။ အဲဒီရေမွှေးပုလင်းကနင့်လခထက်များတယ်ဟဲ့ . . . ဟော. . ဟောဒီက မောင်လေး ကိုရောထိသွားသေးလားဟင်. . အားနာလိုက်တာ. . . "

မန်နေဂျာအမျိုးသမီးက ဟိုဖက်ကို လှည့်ဟောက်ရင်းဘာမဆိုင်ညာမဆိုင်ကျော်ထက်ကို လှည့်ပလီသည်။ ကျော်ထက်လည်း သူ့ထံသို့ နွားသိုးတစ်ယောက်လို ခေါင်းတည်ပြေးဝင်လာသော အမျိုးသမီးကြီးကြောင့် ခန္ဓာကိုယ်တွန့်ခနဲဖြစ်သွားပြီး . . .။

"ဟို . . . ဟိုလေ . . . ဒီရေမွှေးပုလင်းက ကျွန်တော့လက်ထဲက ကျကွဲသွားတာပါ . . . "

"ဟယ် . . . "

မန်နေဂျာမကြီးက အမူပိုစွာ ရင်ကိုဖိသည်။

"ဘုရား . . . ဘုရား . . . "

မျက်လုံးကြီးပြူးပြသည်။ ပြီးတော့ ကျော်ထက်နှာခေါင်းကို လက်ညှိုးထိုး၍ . . .

"ဒါ . . . ဒါဆို . . . "

"ကျွန်တော်လျော်မှာပါ . . . ကျွန်တော့ လက်ကကျကွဲသွားတဲ့အတွက် . . . ကျွန်တော်လျော်မှာပါ . . . သူနဲ့ ဘာမှ မဆိုင်ပါဘူး . . . "

မန်နေဂျာအမျိုးသမီးက လက်ခြောက်ချောင်းထောင်ပြပြီး . . .

"တစ်သောင်းခြောက်ထောင်တောင်နော် . . မောင်လေး. . "

"ရပါတယ် . ."

ကျော်ထက်ဘာမှ ဆက်မပြောတော့ဘဲ ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ပြီး ငွေများကို ရေတွက်လိုက်သည်။ အမျိုးသမီးကြီးက ငွေရေတွက်နေသော ကျော်ထက်လက်ကိုကြည့်ပြီး

"လှလိုက်တာ. . ."

"ဗျာ . . ."

"အဲလေ . . . ယောင်သွားလို့ . . . မမရောစိုက်ပေးရမလားလို့."

မန်နေဂျာမိန်းမကြီးကိုကြည့်ပြီး ကျော်ထက်ပြုံးလိုက်သည်။

"မလိုပါဘူး . . . ကျွန်တော့မှာ ပိုက်ဆံပါပါတယ်. . ."

"သွားတက်ကလေးနဲ့တော့ . . ."

ကျော်ထက်ဘာပြောသည်ကို ကြားပုံမရ . . .။ သူ့ဖာသာသူ ပြောချင်ရာပြောသည်။

"ရော့ . . . ဒီမှာ တစ်သောင်းခြောက်ထောင် . . ."

"အော် . . ."

အသံက ကတုန်ကရင်နှင့် ပိုက်ဆံပေးသော လက်ကို မကြည့် . . .။ မျက်နှာကိုသာ စေ့စေ့ကြည့်ပြီး ဆွဲယူလိုက်သည်။ သို့သော် ငွေများကို မမိပဲ ကျော်ထက်လက်ကိုသာ လှမ်းဆွဲမိပြန်သည်။

နောက်ကယောင် ကတမ်းနှင့် . . .

"ဟယ် . . . သောင်းခြောက်ထောင်လေးက နုနေတာပဲ . . ."

ဟုရေရွတ်သည်။ နောက်လက်ကလေးတွေကို အသာပွတ်ဆွဲနေသည်။ ကြာတော့ ကျော်ထက်သည်းမခံနိုင်တော့ . . .။

"ဒီက အဒေါ်ကြီး၊ လက်စွပ်ချွတ်နေတာလားဟင်. ."

ထိုတော့မှ မန်နေဂျာမိန်းမကြီးပြာပြာသလဲဖြစ်သွားပြီး . . .

"အော်မဟုတ်ပါဘူး ဟိုလေ . . . နုလွန်းလို့ပါ . . ."

ဟုဆို၍ ကျော်ထက်လက်တွင် စွပ်ထားသော ကျောက်နီလက်စွပ်ကို ကြည့်၍ . . . "ဟဲ . . . လက်စွပ်ကလေးက လှလိုက်တာ . . . ဘာလက်စွပ် လဲဟင် . . ."

ကျော်ထက်လည်း အမြင်ကတ်ကတ်နှင့် . . .

"လက်ထပ်လက်စွပ် . . . "

"ဟင် . . . "

မန်နေဂျာကြီး၏ မျက်လုံးများအပြင်ထွက်လာမတတ်ပြူးကျယ်သွား၏။ အနောက်မှ ဒုံးပေ၏ ခွိခနဲရယ်သံကြားရသည်။ ကျော်ထက်လည်း ထိုအမျိုးသမီး၏ ဖြစ်နေပုံကို ကြည့်ပြီး ခပ်တည်တည်နှင့် . . .

"ဟုတ်တယ် . . လက်ထပ်လက်စွပ် . . . ကျုပ်မှာ ကလေးနှစ်ယောက်ရှိတယ် . . . "

"ဘုရား . . . ဘုရား . . . "

မိန်းမကြီးက သူ့ရင်ဘတ်သူဖိလိုက်သည်။ ဒုံးပေက သူ့ပါးစပ်ကို သူပိတ်ရင်းတခွိခွိနှင့် ကြိတ်ရယ်၏။ မိန်းမကြီးကသာ ကြက်သီးထသွားပြီး . . . ။

"အားကျစရာကြီးပါလားနော် . . . အဲလေ . . သနားလိုက်တာ . . . အော် . . . ဒါလည်း မဟုတ်သေးပါဘူး . . . "

ဟုဆို၍ ငွေများကို ရေတွက်လိုက်သည်။ အားလုံးသောင်းခြောက်ထောင်ပြည့်တာတောင် ကျော်ထက်ကို ခပ်ငေးငေးကြည့်ပြီး . . .

"ဟိုကမယူတော့ဘူးဆိုလာခဲ့နော်. . . "

"ဘာဗျ . . . "

ကျော်ထက်အော်သံကြောင့် အဘွားကြီးပြာပြာသလဲဖြစ်သွားပြီ။

"ဟို . . . ဟိုလေ . . . ဆိုင်ရှင်ကမယူတော့ဘူးဆိုပြန်အမ်းပေးမယ်ပြောတာ. . အဟင်း. . နော်. . သွားဦးမယ်နော်. . . "

ဟုဆိုရင်း ဖြတ်ခနဲဆံပင်ကို ဝဲခနဲခါကာ၊ အနောက်ဖက်သို့ တစ်လှိမ့်ခြင်းပြန်လှည့်ထွက်သွားတော့၏။ မန်နေဂျာမကြီးကို ကြည့်ကာ ဒုံးပေ တခွိခွိနှင့် ရယ်နေသည်။ ထိုခနမှာပင် ညီညိုမင်းဝယ်ပြီးသားအထုတ်အပိုးများနှင့် ပြန်ရောက်လာသည်။ သူ့နောက်မှာက သန်ပျံ့သော အနောက်တိုင်းဝတ်စုံနဲ့ နောက်တစ်ယောက် . . . ။

ထိုသူကို မြင်တော့ ကျော်ထက်အံ့အားသင့်သွား၏။

"ဟ . . ဇော်ဝင်း . . မင်းဘယ်လိုဒီကို ရောက်နေတာလဲ . . "

ဟုတ်ပါသည်။ ထိုသူမှာ ကျော်ထက်တို့၏ လက်ရင်းသူငယ်ချင်း တစ်ဦးဖြစ်သူဇော်ဝင်းပါ။ မဟုတ်တာလုပ်ဖော်လုပ်ဖက်ကောင်၊ (အရက် သောက်တာ၊ ကလပ်တက်တာပြောတာပါ)

ဇော်ဝင်းက ကျော်ထက်ကို ခပ်ဖွဖွပြုံးကြည့်ကာ . . . ။

"ဒါ . . . ငါ့ဆိုင်လေ . . . "

"ဟာ . . . "

ကျော်ထက်အံ့အားသင့်သွားသည်။ ပြီးတော့ ဇော်ဝင်းကို ပြန် ကြည့်သည်။ ဒီကောင်ပုံကခန့်လို့သန့်လို့ စမတ်ကို ဝွမ်လို့ . . . ။ ဇော်ဝင်း ဆိုတာက ကျောင်းမှာလူနောက်။ အမြဲတန်းတလွဲလုပ်၊ တလွဲတွေးနေသည့် ကောင်လေ . . . ။

"ဟုတ်ရဲ့လား . . . သူငယ်ချင်း . . ဒါမင်းဆိုင်ဆိုတာ . . . အတည်ပေါက်နဲ့နောက်တာတော့မဟုတ်ပါဘူးနော်. . . . "

ကျော်ထက်ရဲ့ စကားကြောင့် ဇော်ဝင်းဟက်ဟက်ပက်ပက်ရယ် လိုက်သည်။

"မနောက်ပါဘူးကွ၊ နောက်တာက ကျောင်းမှာနောက်တာ . . . ၊ ဒါနဲ့ ဒီကောင်တာက မိန်းကလေးအသုံးအဆောင်ချည်းပဲရှိတာနော် . . . မင်းက ဘာဝယ်ဖို့ရပ်ကြည့်နေတာလဲ . . . "

ကြောင်တိကြောင်တောင်နှင့် ဒုံးပေကိုလက်ညှိုးထိုးပြမိသည်။ ဒုံးပေမျက်နှာက ရဲခနဲ . . . ထိုတော့မှ ကျော်ထက်ကလည်း . . .

"အဲ . . ယောင်လို့၊ ရေမွှေးလေ . . ရေမွှေး၊ ရေမွှေးဝယ်မလို့"

ကျော်ထက်စကားကြောင့် ဇော်ဝင်း မျက်မှောင်ကျုံ့သွားသည်။

"ရေမွှေးဟုတ်လား . . . ၊ ဘယ်ရေမွှေးလဲ . . . "

"ကျကွဲသွားပြီး"

"ဘယ်လို . . . "

ဇော်ဝင်းမျက်မှောင်ကျုံ့သွား၏။ နောက်မှ ဒုံးပေကို တစ်လှည့် ကျော်ထက်ကို တစ်လှည့်ကြည့်ပြီး။

"ဟာ . . . ဘာဖြစ်လို့ ကျကွဲတာလဲ . . . "

"ဟိုလေ . . . သူ့လက်ထဲက လွတ်ပြီး ငါ့လက်ထဲက ကျသွားတာ"

"ဘယ်လို . . . "

ကျော်ထက်၏ စကားကြောင့် လဒနားရှုပ်သွား၏။ ထိုတော့မှ ညီမင်းလဲ ဒိုးပေကို မြင်သွားပြီး . . .

"ဟာ . . . ဒိုးပေ . . . "

ညီမင်းညိုခေါ်သံကြောင့် သူမမျက်နှာရဲခနဲ . . . ။ ဇော်ဝင်းက ပို၍ မျက်မှောက်ကျုံ့သွား၏။

"သူ့နာမည်ဒိုးပေမဟုတ်ပါဘူး . . . "

ဇော်ဝင်း၏ စကားကြောင့် ညီမင်းညိုခေါင်းကို ကုပ်ပြီး . . .

"ဟိုလေ . . . သူ့နာမည် သူပြောတာတော့ ဒိုးပေတဲ့ . . . "

ဒိုးပေခွိခနဲရယ်သည်။ ဒါကို ဇော်ဝင်းက . . .

"ဟုတ်သလား သမီး . . . "

ဇော်ဝင်း၏ အမေးကို ဒိုးပေက လက်ကလေးယှက်ပြီး . . .

"သင်းသင်းလှိုင်ပါဆရာ . . . "

ဒီလိုငပေါမျိုးကို ဆရာခေါ်နေရသည့် သူမကို ကျွန်တော်သနား သွားသည်။ ဒါကို ဇော်ဝင်းက ခါးကော့ပြီး

"အော် . . . အေး . . အေး . . သင်းသင်းလှိုင် . . ဆရာက မေ့တတ်လို့ . . "

ဟု နက်ကတိုင်ဆွဲဆန့်ရင်း ဟန်တခွဲသားပြောသည်။ ဒါကို ညီမင်းက သာနေမထိထိုင်မသာဖြင့် . . .

"ဒါနဲ့ ကွာစိ . . . ကွာစိရော . . . "

ညီမင်းညို အမေးကို ဒိုးပေမှ ပါးစပ်နှင့် ပြန်မဖြေပဲ အရှေ့ကွန်ပျူတာဆိုင်ကို လက်ညှိုးထိုးပြသည်။ ဟုတ်ပါသည်။ ခပ်လှမ်းလှမ်းကွန်ပျူတာ ဆိုင်မှာ ခပ်ဝါးဝါးမြင်နေသည့် ကွာစိပါ။

ဒိုးပေညွှန်ပြရာကို ကြည့်ပြီး ငတိပြာပြာသလဲဖြင့် လက်ထဲမှ သူ ဝယ်ထားသော အထုတ်များကို ကျော်ထက်လက်ထဲထိုးထည့် ပေးလိုက်ပြီး-

“ဟေ့ ကောင် . . . ဒါတွေ ခနပိုက်ထား ငါအပြင်ခနသွားလိုက်ဦးမယ် . . .”

“ဟာ . . ဟေ့ကောင် . . . ဟေ့ကောင် . . . နေဦးလေ. .”

တားရှပင်မရ ကျော်ထက်လက်ထဲ အတွင်းခံဘောင်းဘီက အစကိုယ်လိမ်းပေါင်တာအဆုံးအားလုံးထိုးထည့်ပေးလိုက်ပြီး။ မည်သူမှ မတားမြစ်နိုင်မီဆိုင်ပြင်သို့ မီးခိုးအူအောင်ပြေးထွက်သွားလေတော့သည်။

“ကွန်ပျူတာစာစီချင်လို့ . . .”

ညီမင်း၏ စကားကို ကောင်တာတွင် ထိုင်နေသော အမျိုးသမီးက မျက်နှာမာကြီးဖြင့်

“များလား . . .”

“မများပါဘူးတစ်မျက်နှာလောက်တင်းပါ၊ စိတ်ပါလွန်းလှနှစ်မျက်နှာပေ့ါ . . .”

အမျိုးသမီးကြီးညီမင်းညိုကို ဘုကြည့်ကြည့်သည်။ ရုပ်ကိုက အတော်ဆိုးမည့်ပုံ . . .။ ကွာစိကတော့ လှည့်တောင်မကြည့်ပါဘူး။ သူ့ဖာသာသူကွန်ပျူတာကို စိတ်ပါလက်ပါရိုက်နေတာ။ ညီမင်းညို ရောက်နေသည်ကိုလဲ သိပုံမရ။ အဲ . . . သူ့တစ်ယောက်ထဲတော့ မဟုတ်ဘူး။ သူ့လိုပဲ ကွန်ပျူတာရိုက်နေသူတွေလေးငါးယောက်ရှိသည်။ အားလုံး ကိုယ်စီကွန်ပျူတာရှေ့ တန်းစီထိုင်နေကြတာ . . .။ ကွာစိက အစွန်ဆုံးပေ့ါ . . .။

“နှင်းပွင့်ဖြူ . . အဲဒီဖိုင်ပိတ်လိုက်။ ဒီအစ်ကိုကြီးဟာ အရင်ရိုက်ပေးလိုက် . .”

နှင်းပွင့်ဖြူဆိုတာ ဘယ်သူမှန်းမသိရပေမယ့်။ ကွာစိနှုတ်ခမ်းစူပြီး ခေါင်းကုပ်တာတွေ့ရ၏။ နောက်ညီမင်းညိုကလည်း ဘယ်သူမှ ညွှန်ပြမနေပဲ ကွာစိနောက်နားခုံတစ်လုံးဆွဲပြီးဝင်ထိုင်လိုက်သည်။

“ဘာရိုက်မှာလဲပြော . . .”

အသံက စူးပြီးစွာသည်။

“စာရိုက်မှာလေ . . .”

ကွာစိက လှည့်မကြည့်ဘဲ . . .

"စာရိုက်မှာတော့ သိတယ်။ ဘာ စာရိုက်မှာလဲ . . ."

'ရည်းစားစာ . . .'

"ဟင် . . ."

ကွာစိက *PageMaker File* ကို ဖွင့်လိုက်ပိတ်လိုက်လုပ်ရင်း အံ့အားသင့်ကာ ငြိမ်သွားသည်။

ညီမင်းညိုကို လှည့်တော့မကြည့်။ သူ့ဖာသာသူသက်ပျင်းချပြီး နောက်ဖက်လက်ကမ်းကာ။

"ဘယ်မှာလဲ အဲဒီစာ . . ."

ညီမင်းညို ကွာစိလက်ကလေးကို ကိုင်ချင်သွား၏။

သို့သော် ကိုင်လို့ မဖြစ်သေး . . .။ သူမလက်သည်းတွင် ဂျီး(ချေး) တွေနဲ့ . . .။

ထို့ ကြောင့် . . .

"ခေါ်ပေးမယ်လေ . . စာတော့ပါမလာဘူး . . .။ရင်တွင်းဖြစ် ဆိုတော့ . . ခေါ်ပေးမှ ပိုအရသာရှိမှာ . . ."

ကွာစိက ကွန်ပျူတာထဲမှ ဖိုင်အသစ်တစ်ဖိုင်ထပ်ခေါ်လိုက်သည်။

"ရင်တွင်းဖြစ် ဖြစ်ဖြစ်၊ ရေတွင်းပျက်ဖြစ်ဖြစ် မြန်မြန်ခေါ် . . ."

"ဟ . . . မာလှချည်လား . . ."

"မာမာပဲ . . ."

ညီမင်းညိုခပ်ဖွဖွရယ်လိုက်သည်။ အတော်ထောင့်မကျိုးတဲ့ ကလေးမပဲ။ ဒါကြောင့် မိုးရေထဲဖိနပ်ကို လက်မှာရှိုပြီး လျှောက်သွားနေတာ . .။ ဒါကြောင့် အရှေ့သွားနှစ်ချောင်းကျဲနေတာ . . .

"ကဲစပြီ . . ."

"အဲဒါရိုက်ရမှာလား . . ."

"မဟုတ်ဘူး မဟုတ်ဘူး . . ဒီစကားပြီးရင် ပြောတာတွေအကုန် လုံးရိုက်"

ကွာစိကွန်ပျူတာခလုတ်ပေါ်လက်တင်ရင်း အသင့်စောင့်နေ သည်။

"ကျွန်တော့တွင် ကျွန်တော်ချစ်သော မိန်းမတစ်ယောက်ရှိပါသည်. . "

တဖြောင်းဖြောင်းမြည်သံနှင့်အတူ ကွန်ပျူတာပေါ်စာတန်းများပေါ်လာ၏။

"သူသည် ဖိနပ်မစီးဘဲ မိုးရေထဲလျှောက်သွားတတ်သည်။"

"ဘာ . . . "

ကွာစိက မရှင်းသလိုဟန်မျိုးနှင့် မျက်မှောင်ကျုံ့၍ ပြန်မေး၏။

"သူမသည် ဖိနပ်မပါဘဲ မိုးရေထဲလျှောက်သွားတတ်သည်"

ဒက်ဒက်ဒက်ဒက်နှင့် ကွန်ပျူတာပေါ်သို့ စာတန်းလေးပေါ်လာ၏။

"သူ၏ အမည်မှာ . . . "

ကွန်ပျူတာပေါ် ညီမင်း၏ စကားအတိုင်းစကားများတွေ့ရသည်။ ညီမင်းညိုပြုံးလိုက်၏။

"ကွာစိဖြစ်ပါသည် . . "

ဝုန်းခနဲမည်သံနှင့် အတူ ကွာစိထိုင်ခုံမှ ထရပ်လိုက်သည်။ နောက် အနောက်ဖက်သို့ ဖတ်ခနဲလှည့်လာသည်။ ပြုံးစေ့စေ့နှင့် ညီမင်းညိုကိုတွေ့ တော့ အံ့အားသင့်သွားပြီး . . .

"ဟင် . . . ရှင် . . . ရှင် . . . "

သူ၏ စကားပင်မဆုံး လိုက်ကောင်တာမှ ထိုင်နေသော ရှုသိုးသိုးမျက်နှာနှင့် မိန်းမကြီးက

"ဘာဖြစ်တာလဲ နှင်းပွင့်ဖြူ . . . "

ကောင်တာမှ မိန်းမကြီး၏ အမေးကို ကွာစိက နှုတ်ခမ်းကြီးထော်ကာ . . .

"ဒီမှာ သမီးကို လာရစ်နေတယ် . . . "

ကောင်တာမိန်းမကြီးက စားပွဲပေါ်သူ့ဘောပင်ကို ဆောင့်ချကာ

"ကိုယ့် ကာစတမ်မာကို ဒီလိုပဲ ဆက်ဆံရသလား . . . ။နင်ဒီလိုပဲ လုပ်နေတာများပြီနော် နှင်းပွင့်ဖြူ သတိထား. . . "

ကောင်တာမှမိန်းမကြီးစကားကြောင့် ကွာစိမျက်ရည်များ ဝိုင်း တတ်သွား၏။ ပြီးနောက်ဘာမှပြန်မပြောဘဲ ခုံပေါ်ဆတ်ခနဲပြန်ထိုင်ချ လိုက်သည်။ နောက်ညီမင်းညိုကိုလှည့်မကြည့်ဘဲ . . .

"ပြော . . . "

ကွာစိဖြစ်နေပုံကို ကြည့်၍ ညီမင်းပြုံးဖြစ်သွားသည်။

"သူ၏ အမည်မှာ ကွာစိဖြစ်ပါသည်။ "

"ပြီးပြီ . . . . "

ကွာစိက လှည့်မကြည့်ဘဲ အသံမာမာနှင့် ပြောသည်။

ညီမင်းက ခပ်ဖွဖွရယ်ရင်း . . .

"သူ့ကို ကျွန်တော်ချစ်ပါသည်။ "

ကွန်ပျူတာခလုတ်ပေါ် သူမလက်များဒက်ဒက်နှင့် လှုပ်ရှားသွား ၏။ ပေါ်လာသည့် စာတန်း . .

"ကာလနာကြီး . . . "

ကွန်ပျူတာပေါ်မှ စာကိုကြည့်ပြီး ညီမင်းညိုရယ်ချင်သွားသည်။ သူလည်း ကွာစိကိုစချင်နေပြီမို့ ဆက်ပြော၏။

"ရင်ထဲက လာသောစကားမို့ အလေးအနက်ထားစေချင်ပါသည်"

"မြွေပွေးကိုက်ကြီး . . . "

သူပြောတာက တစ်ခြား ကွန်ပျူတာထဲပေါ်လာသည်က တလွဲ။ ညီမင်းညိုအသံထပ်မြှင့်လိုက်ပြီး ခပ်တည်တည်နှင့် ဆက်ပြောသည်။

"သူမကို ကျွန်တော်မည်ကဲ့သို့ ပို၍ချစ်သွားမှန်းမပြောတတ်ပါ" ညီမင်းညို၏အသံကြောင့်ဘေးနားက ကောင်မလေးတွေ အားလုံး လှည့်ကြည့်ကြသည်။ ညီမင်းက ခပ်တည်တည်။ သူ့လိုပဲ ကွန်ပျူတာပေါ် ပေါ်လာသည့် စကားလုံးက

"ချေးကားတိုက်ပြီးမှ ပြောပါ။ "

"သူမကို အလွန်ချစ်ကြောင်း၊ ယခုကဲ့သို့ပြောရသည့်အတွက် . . "

"ငရဲကြီးရှစ်ထပ်ကျ၍ တစ်သက်လုံးနာဂိုဒေါင်ဟု အမည်တွင် ပါစေ . . . "

"သူနဲ့ ကျွန်တော်အမြန်ဆုံးညားပါစေ ..."

"ဝက်များလို သင်းကွပ်ခံရပါစေ ..."

ပုံ ....

ညီမင်း

ပုံ ....

နှာဘူး ...။

စာများကို ကြည့်ပြီး ညီမင်းဟက်ဟက်ပက်ပက်ရယ်မိသည်။

"ဟား ... ဟား ... ကဲ ကဲ ... အဲဒီစာလေးထုတ်ပေးပါဦး။ ကျွန်တော်ရဲ့ ဂန္ထဝင်တွင်မယ့် ရီးစားစာမို့ပါ။ "

ကွာစိက ဘာမှ မပြောဘဲ ပရင်တာ(*Printer*)ထဲ စာရွက် ထိုးထည့်လိုက်သည်။ ကွန်ပျူတာမှ ခလုပ်များကို ဒေါက်ဒက်ဒေါက်ဒက်နှင့် နှိပ်သည်။ သိပ်မကြာလိုက်ပါ။

ထိုစာရွက်ကလေးရှောခနဲထွက်ကျလာ၏။

"ရော့ ..."

ကွာစိနောက်ပြန်လှမ်းပေးသည့် စာရွက်ကို ညီမင်းလှမ်းယူလိုက်သည်။ ပြီးနောက်ခပ်တည်တည်နှင့်ကောင်တာတွင် ထိုင်နေသော မိန်းမကြီးဆီလျှောက်သွား၏။ ပြီးနောက်စာရွက်ကို ထိုမိန်းမကြီးရှေ့ချ၍. . .

"ခုန ကျွန်တော်ခေါ်ပေးနေတဲ့စာကို အစ်မကြီးကြားတယ်နော် "

မိန်မကြီးက မျက်မှောင်ကျုံ့လိုက်ပြီး ...

"ဘာဖြစ်လို့လဲ ..."

"ဘာဖြစ်ရမှာလဲဗျ ... ကျွန်တော်ခေါ်ပေးတာက တစ်ခြား၊ ဒီမှာ သူရိုက်ပေးလိုက်တာကြည့်ပါဦး ..."

ညီမင်းကွာစိရိုက်ပေးလိုက်သော စာရွက်လေးကို မိန်းမကြီးရှေ့ ထိုးပေးလိုက်သည်။

"ဟင် ..."

အမျိုးသမီးကြီး၏ မျက်လုံးများအပြင်ရောက်လာ၏။ ထင်မှတ်မထားသည့် စာမို့ ရုတ်တရက်အံ့အားသင့်သွားပုံရ၏။

အတန်ကြာမှ လက်သီးကျစ်လျစ်ပါအောင်ဆုပ်ပြီး

"နှင်းပွင့်ဖြူ. . . ."

မိန်းမကြီး၏ ကျယ်လောင်သော အော်ဟစ်သံကြောင့် ကွာစိတုန်တက်သွားသည်။

"နင် . . . ဒီစာကိုဘယ်လိုသဘောမျိုးနဲ့ ရိုက်ပေးလိုက်တာ လဲ"

မိန်းမကြီး၏ စကားသံနှင့်အတူ ကွာစိဝုန်းခနဲထရပ်လိုက်သည်။

ပြီးတော့ ညီမင်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး . . .

"သူ သမီးကို လာရစ်နေတာကြတော့ မပြောဘူးလား . ."

ကွာစိ၏ စကားကို မိန်းမကြီးက . . .

"ဟဲ့ . . . လာရစ်နေရင်လဲ ပြေရာပြေကြောင်း ပြောပေါ့ . . . ကာစတမ်မာကို နင်ဒီလိုမဆက်ဆံသင့်ဘူး . . .။ နင်ဒါမျိုးလုပ်ပေါင်းများပြီး . . . အခုနင်က ငါ့ကိုတောင် ခံပက်နေပြီ . . .။ နင်ကဘာဖြစ်ချင်နေတာလဲ . . ."

အမျိုးသမီးကြီး၏ တစ်စွန်းအတင်မခံစကားလည်း ကြားရော ကွာစိမဲ့ကျသွား၏။မျက်ရည်များဝိုင်းတက်လာ၏။

"နင်အလုပ်ကထွက်သွားချက်လို့လား နှင်းပွင့်ဖြူ. . ."

အမျိုးသမီးကြီးစကားကြာသည်နှင့် ကွာစိဝါးခနဲငိုချလိုက်ပြီး . . .

" ဝါး . . . သမီးကိုကျတော့ ပြောတယ်။ သူတို့လာကျောနေတာတော့မပြောဘူး. . .။ ကိုယ့်ဖာသာကိုယ်ကောင်းရောင်းကောင်းဝယ်ကွန်ပျူတာလေးသင်ပြီး ရိုက်စားတာတောင် ရန်ရှာခံရတာကမလွတ်ဘူး . . .။ ဘာပဲဖြစ်ဖြစ်သမီးခေါင်းကြီးပဲ . . ဝါး . . .။ဖြစ်နိုင်ရင် ဒီခေါင်းကြီးတောင်ဖြုတ်ထားချင်တယ် . . . ဝါး . . . ဟီး ဟီး ဟီး . . . ဟီး ဟီး ဟီး . ."

ဆိုပြီး ပြောလဲပြော ငိုလဲငိုနေတော့၏။ ငိုတာကလည်း လူကြီး လိုငိုတာမဟုတ်။ ကလေးတွေလို မျက်လုံးနားလက်ညှိုးနှစ်ချောင်းထားပြီး ဟက်ဟက်ပက်ပက်ကို ငိုတာ၊ မျက်ရည်ဆိုတာများသေးပေါက်ချသလား မှတ်ရတယ်။ ကျတာမှ ဒလဟော . . .။

ကွာစိငိုနေတာမြင်တော့ ညီမင်းညို ပိုရယ်ချင်သွားသည်။

သို့သော် မရယ်တော့ဘဲ ရယ်ချင်စိတ်ကို မြိုသိပ်၍ . . .

"ကဲပါ . . . ဒီက အစ်မကြီးလဲ စိတ်လျော့၊ ဟိုက ညီမလေးလဲ တိတ်တော့နော် . . . "

ဆိုတာကို ကွာစိက. . .

"ဘာလို့ တိတ်ရမှာလဲ . . . ကိုယ့်ပါးစပ်နဲ့ ကိုယ့်မျက်ရည်နဲ့ ကိုယ်ငိုတာ၊ ကိုယ်တိတ်ချင်တဲ့ အချိန်မှတိတ်မယ် . . . ဟီး . . . ခုနမျက်နှာက တစ်မျိုး၊ အခုမျက်နှာက တစ်မျိုးသူတို့ပဲ တတ်နိုင်တယ် ဟီးဟီး . . . ရန်ကုန်မှာမို့လို့ ဒီလိုငြိမ်ခံနေရတာ . . .။ ရွာမှာဆို မျက်လုံးလောက်ကတော့ ကလော်ပြီးနေပြီ . . . ဟီး . . . ဟီး. . . ဟီး"

ကွာစိငိုသံကြောင့် ဘေးနားကွန်ပျူတာရိုက်တဲ့ ကောင်မလေးများပင် ပြုံးစေ့စေ့ဖြစ်သွား၏။ ဒါကို ကွာစိက ခြေဆောင့်ပြီး . . .

"မရီနဲ့ သူများဝမ်းနည်းလို့ ငိုနေပါတယ်ဆိုမှဟီး . . ဟီး. . လာပြီး ဟီး ဟီး ပြုံးသေးတယ် ဟီး ဟီး . . . "

ဟုဆိုလိုက်ရာ ဘေးနားလူများက ဝါးခနဲဝိုင်းရယ်ကြသည်။ ဒီတော့မှ ညီမင်းလဲ ကျသင့်ငွေကို ထုတ်ရှင်းပြီး . . .

"ကဲ . . . ရော့ . . . ဒီမှာ စာတစ်မျက်နှာဖိုး . . . ကဲ . . . ကျွန်တော်သွားပြီ . . . "

ဟုဆို၍ ကွာစိရိုက်ထားသော စာရွက်ကို ဖြတ်ခနဲဆွဲယူပြီး ဆိုင်ပြင်လှမ်းထွက်လိုက်သည်။ ကွာစိ၏ငိုသံက စီညံနေတုန်း . . .

ဆိုင်ပြင်ရောက်မှ ကောင်တာက မိန်းမကြီးထံမှ

"နှင်းပွင့်ဖြူဒီကိုလာစမ်း "

ဆိုသည့် ခေါ်သံကြားရ၏။ ညီမင်းလှည့်မကြည့်တော့. . .။

"နေပါစေ. . . ငမိုက်သားမလေး. . . သူ့ပြဿနာသူရှင်းပါစေ"

အပြင်ရောက်တော့ ခပ်လှမ်းလှမ်းတွင် အထုတ်ပိုက်၍ ရပ်နေသော ကျော်ထက်ကို တွေ့ရ၏။

"ဘယ့်နှယ် အဆင်ပြေလား . . . "

ကျော်ထက်အမေးကို ညီမင်းက ရယ်ကျဲကျဲလုပ်ပြီး . .

“ငိုတာကွာ . . မျက်ရည်တစ်လုံးတစ်လုံးဘူးသီးလုံးလောက်ရှိမယ် . . . ”

ညီမင်း၏ မဆီမဆိုင်စကားကြောင့် ကျော်ထက်မျက်မှောင်ကျုံ့သွားပြီး . .

“ဘာဖြစ်တယ် . . . ”

ကျော်ထက်မေးကို ညီမင်းဘာမှ ပြန်မပြောတော့ ကျော်ထက်လက်ထဲမှ အထုတ်များကိုဆွဲယူပြီး . . .

“လာကွာ . . . ဘီယာဆိုင်ရောက်မှ ပြောပြမယ် . . . ”

“အေး . . . အဲဒါကောင်းတယ် . . . ”

နှစ်ယောက်သားသွက်လက်သော ခြေလှမ်းများဖြင့် . . .

■ ■ ■

**ကျော်**ထက် ကွာစိရိုက်ပေးလိုက်သော စာကိုကြည့်ပြီးပြုံးလိုက်သည်။ ဒါကိုညီမင်းညိုက. . .

"အဲဒီစာမင်းပဲသိမ်းထားလိုက်ပါကွာ. . ငါ့ဆီမှာဆို ပျောက်တတ်လို့. . . "

ကျော်ထက်က စာရွက်လေးကိုခေါက်၍ အိပ်ထဲထည့်ထားလိုက်သည်. . .။

"ငါ ကွာစိကို တစ်ကယ်ချစ်တယ်ဆိုတာ သေချာသွားပြီကွာ"

"အဟုတ် . . . "

ညီမင်း၏ မဆီမဆိုင်စကားကြောင့် ကျော်ထက်သောက်လက်စဘီယာများသီးသွား၏။ ပြီးနောက် ဟားခနဲသက်ပျင်းချပြီး . . .

"ဟာကွာ . . . ငါက ဘာပြောမလဲလို့ . . . နားထောင်နေလိုက်ရတာ . . . "

ညီမင်းညိုက ခပ်ဖွဖွရယ်ပြီး . . .

"ဟုတ်တယ်ကွ . . . ငါသူ့ကို တကယ်ချစ်မိသွားပြီ . . . "

"တကယ် . . . "

ကျော်ထက်က ညီမင်းညိုနားတိုးကပ်ကာ မျက်နှာကို စေ့စေ့ကြည့်၍ မေးသည်။ ဒါကို ညီမင်းညိုက သက်ပျင်းကို ခပ်မျှင်းမျှင်းချ၍ . . .

"ငါ ဘယ်မိန်းကလေးမှ ဒီလောက်မချစ်ခဲ့ဘူးထင်တယ် . . . "

စကားသံများတိတ်ဆိတ်သွားသည်။ အပြင်မှာတော့ အမှောင်ရိပ်သန်းနေပြီ . . .။သူတို့ထိုင်နေသော ဆိုင်ကလေးက စင်တင်တေးဂီတအစီအစဉ်စရန် ပြင်ဆင်နေကြပြီ . . .။ စင်ပေါ်တွင် လက်ရာညံ့ညံ့ကမ္ဘာလုံးပုံကြီးဆွဲထားပြီး၊ မီးရောင်စုံများပြေးနေသည်။ ထိုမီးရောင်များသည် ရံဖန်ရံခါသူတို့၏ မျက်နှာပေါ်ကျရောက်နေ၍ မျက်နှာက ပြာသွားလိုက်၊ နီသွားလိုက်စိမ်းသွားလိုက်နှင့် ပုံစံမျိုးစုံပြောင်းနေသည်။ အပြောင်းအလဲမြန်သည့် ယောက်ျားများဟု မိန်းကလေးများကင်ပွန်းတပ်ရသော ထိုနှစ်ယောက်ကို ထိုကဲ့သို့ ပြောင်းလဲနေသော မီးရောင်များနှင့်သာလိုက်ဖက်မည်ဟု ထင်ပါသည်။ သို့သော် ယခုတော့ သူတို့မျက်နှာများကသာ အပြောင်းအလဲများသော်လည်း၊ မပြောင်းလဲသော အရာတစ်မျိုးစီရှိနေကြပြီ။ ထိုအရာကို ထုတ်ဖော်ပြောပြရန် မလိုပါဘဲ လူတိုင်းလဲ သိပေလိမ့်မည်။ လူတိုင်း၏ ရင်ထဲမှာလဲ ထိုသို့ပင်ရှိပေလိမ့်မည်။

မည်သို့နည်း . . .

. . . . . . . . .

. . . . . . . . .

အချစ်ဖြစ်ပါသည်။

■ ■ ■

**နှင်း**တွေတဖြည်းဖြည်းကွဲစပြုနေပြီ။

အရှေ့ဖက်ဆီမှနေရောင်ခြည်များစတင်တောက်လောင်နေပြီ။

နံနက်ခင်း၏ ရွှေ့တော် ပြေး အလင်းရောင်သည် ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကို ကျဲဖြာချ လိုက်သည်။

မဆိုစလောက်ကလေးဝါဝင်းနေသော နေဝန်းကြီးသည် ကောင်းကင်မှနေ၍ လူနေရပ်ကွက်ထဲသို့ တိုးဝင်တော့မယောင်ဟန်ပြုရင်း ကျီစယ်ဟန်နှင့် တဖြည်းဖြည်းမြင့်ရာသို့ ချီတက်သွားတော့၏။

ရိုးရိုးသား သားပြောရလျှင် နေမြင့်ပြီ . . . ။

နှင်းမကွဲခင်မှ စ၍ ယခုအချိန်ထိ စိတ်အားထက်သန်သော မျက်လုံးများနှင့် တည်ရှိနေသော လူနှစ်ယောက်သည် အရှေ့မှ အေးစက်နေပြီဖြစ်သော လက်ဖက်ရည်ခွက်ကို မသောက်နိုင်သေးဘဲ ခပ်ဝေးဝေးလမ်းမမဆီသို့သာ စိတ်လှုပ်ရှားစွာ ရီနေကြ၏။

"သူတို့ ဒီလမ်းကပဲလာမှာလား . . . "

အသံက ဆိတ်ငြိမ်စွာ ဝေ့ဝဲလာ၏။

"လာမှာပါကွာ . . . ဟိုဖက်လမ်းကတော့ မသွားလောက်တော့ဘူး . . ."

မျက်မှောက်ကျုံ့တာတွေ့လိုက်ရသည်။

"ဘာဖြစ်လို့လဲ . . ."

သက်ပျင်းချသည်။

"ဟိုဖက်လမ်းမှာလဲ သူတို့ကိုလိုက်ရစ်နေတဲ့ ကောင်လေးတွေရှိတယ်ကွ . . . အဲဒီတော့ အဲဒါကောင်တွေကို စတေးရှောင်ပြီး ဒီဘက်ကိုလာမှာ သေချာတယ် . . ."

အသံများပြန်လည် တိတ်ဆိတ်သွား၏။

နောက် ပြိုင်တူသက်ပျင်းချသံများ . . .

"ချစ်စရာကောင်းပြီး၊ ရီးစားမရှိသေးတဲ့ ကောင်မလေးတွေရဲ့ ဒုက္ခက အဲဒါပါပဲနော် . . ."

ခပ်ဖွဖွရယ်သံကြားရ၏။

"အဲဒါသူတို့မိဘမှာ အပြစ်ရှိတယ်"

"ဘာဖြစ်လို့လဲ . . ."

"ဒီလိုချစ်စရာကောင်းပြီး၊ ပုရိသအကြိုက်ပုံစံမျိုးလေးမွေးထုတ်ပေးလိုက်လို့လေ . . ."

နှစ်ယောက်လုံးထံမှ ရယ်သံကြားရသည်။

"ဟော ဟိုမှာ လာပြီ . . ."

နှစ်ယောက်လုံးမျက်လုံးများ ရွှေ့သွားကြ၏။

"ဟင် တစ်ယောက်ထဲ . . ."

တစ်ယောက်၏။ အာမေဋိတ်သံ . . . .။

"ဒါ ငါနဲ့ဆိုင်တယ် . . ."

တစ်ယောက်၏ ဝမ်းသာအားရအသံ . . .

"ကဲ . . . ငါသွားမယ် . . ."

"ဟ . . ဟ. . . ငါလဲလိုက်မယ်လေ . . . တစ်ယောက်ဘာဖြစ်လို့ပါမလာလဲသိရအောင် . . . ဟာ ဟော့ကောင် . . ."

"ညီလေးရေ . . . ဒီမှာ ဘယ်လောက်ကျလဲ . . . "
"နှစ်ရာ့လေးဆယ် အကို"
နောက် . . . ခြေသံများ . . .

■ ■ ■

မိုး ပြေးလိုက်လာသော ခြေသံများကြားရ၍ ကောင်မလေး ခြေလှမ်း များတုန့်ခနဲဖြစ်သွား၏။

နောက်ခြေလှမ်းမပျက် လှမ်းမြဲ . . .။

"ဒိုးပေ . . ."

နာမည်ကြီးက အတော်မလှပါ။ သို့သော် ကောင်မလေးခြေလှမ်း ရပ်သွား၏။

နောက်ဘာမှမဖြစ်သလို ဟန်မျိုးနှင့် ဆက်လှမ်းသည်။

"ဒိုးပေ . . . တစ်ယောက်ထဲလား . . ."

"ကွာစိရော . . ."

ဒီနာမည် လည်းမလှပါ။

သို့သော်ကောင်မလေးခြေလှမ်းတွေမြန်သွား၏။

"ခန ခန နေပါဦး ဒိုးပေ . . . ပြောစရာရှိလို့ပါ။"

ခြေလှမ်းသွက်နေသော ကောင်မလေးဆတ်ခနဲပြန်လှည့်လာ၏။ သူမ၏ မျက်နှာပေါ်တွင် ခက်ထန်မှုများ . . .။

ပြီးတော့ ဒေါသတကြီးလေသံဖြင့် . . .

"ဒီမှာ . . . ရှင်တို့ဒီလောက်နှောင့်ယှက်ရရင်တော်သင့်ပြီထင်တယ် . . . "

"ဗျာ . . . "

"ဘယ်လို . . . "

နှစ်ယောက်လုံးအံ့အားသင့်စွာ ကောင်မလေးကို ပြန်ကြည့်သည်။ နောက်ညီမင်းက စပ်ဖြဲဖြဲနဲ့ . . .

"ကျွန်တော်တို့ဘာများနှောင့်ယှက်မိလို့လဲမ . . . မဒုံးပေ . . . အဲ . . . မသင်းသင်းလှိုင် . . . ဟဲ ဟဲ . . . စကားလိုက်ပြောယုံနဲ့ နှောင့်ယှက်တယ်လို့ မဆိုလောက်ပါဘူးနော် . . ဟဲ ဟဲ . . . "

ကောင်မလေးမဲ့သွားသည်။

"ဘာနှောင့်ယှက်မိလို့လဲ ဟုတ်လား . . . ရှင်တို့ ကွာစိဆီကို သွားပြီး ပေါက်ကရတွေပြောခဲ့ သူငိုအောင်လုပ်ခဲ့တာ တမင်နှောင့်ယှက်တာမဟုတ်လား . . . "

သူမစကားကို ညီမင်းညိုမှ ပြာပြာသလဲလက်ကာပြပြီး . . .

"ဟာ . . . ဒါကျွန်တော်တို့ တမင်နှောင့်ယှက်တာမဟုတ်ပါဘူး။ ပျော်စေပျက်စေ၊ သဘောနဲ့ နောက်လိုက်မိတာပါ။"

ညီမင်းစကားကြောင့် သူမမျက်နှာပို၍ မဲ့ကျသွား၏။ ပြီးနောက် ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြီး . . .

"အော် . . . ပျော်စေပျက်စေသဘောနဲ့ နောက်မိတာဟုတ်လား ဟား ဟား ရှင်တို့ပျော်စေပျက်စေသဘောနဲ့ လုပ်လိုက်တာ . . . ကျွန်မ သူငယ်ချင်းကွာစိအလုပ်အထုတ်ခံလိုက်ရပြီလေ . . . "

"ဗျာ . . . "

"ဘယ်လို . . . "

ဒုံးပေစကားကြောင့် နှစ်ယောက်လုံးအံ့အားသင့်သွားပြန်သည်။

သူမကပင်ဆက်၍

"ဟုတ်တယ် . . ။ သူအလုပ်ဖြုတ်ခံလိုက်ရပြီ . . ။ သူ့မှာ အလုပ် မရှိတော့ဘူး . . "

“ဟာ . . .”

နှစ်ယောက်သားပါးစပ်အဟောင်းသားနှင့် ကြောင်ငေးနေကြသည်။ ကောင်မလေးမျက်ရည်ဝေ့သီသွားပြီး . . .။

“ရှင်တို့ စဉ်းစားတတ်ရင် စဉ်းစားကြည့်ပါ . . . နယ်က စွန့်စွန့်စားစားတက်လာပြီး ရန်ကုန်မှာ အလုပ်လာလုပ်နေရတဲ့ မိန်းကလေးတွေရဲ့ ဘဝဟာ ဘယ်လောက်ခက်ခဲကြမ်းတမ်းတယ်ဆိုတာကို . . .”

သူမ အသံက တုန်ရင်စွာ ထွက်ပေါ်လာ၏။

“သူ့ခမျာမိသားစုကို တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ချင်လွန်းလို့ မိန်းကလေးတန်မဲ့ နယ်မြို့ကလေးကနေ ရန်ကုန်အထိ စွန့်စွန့်စားစားတက်လာပြီး ရတဲ့ ဝင်ငွေကလေးနဲ့ သူ့မိသားစုကို သူပြန်ထောက်ပံ့နေရသူပါ . .”

နှစ်ယောက်သား ဒုံးပေကို ကြောင်ငေးကြည့်နေမိကြသည်။

ဒုံးပေက မျက်ရည်စတို့သုတ်ဖယ်ရင်း

“အခုရှင်တို့ ပျော်စေပျက်စေသဘောမျိုးလုပ်လိုက်တာ လူတစ်ယောက်၊ ဘဝပျက်မတတ်ခံစားနေရပြီ . . .”

ဒုံးပေသက်ပျင်းချလိုက်သည်။ အတန်ကြာမှ ခေါင်းခါယမ်းပြီး . .

“တော်ကြပါတော့ ရှင် . . . နောက်ကိုလဲ လာမနှောင့်ယှက်ကြပါနဲ့တော့၊ ရှင်တို့ရဲ့ အပျော်သဘောမျိုးကျီစယ်မှုနဲ့ ကျွန်မပါအလုပ်ပြုတ်ခဲ့ရင် ကျွန်မတို့နှစ်ယောက်ကိုယ့်ရွာကိုယ်ပြန်ပြီး ခွဲရတော့မှာ . . .။ ကျွန်မတို့ကို သနားရင် ဆက်ပြီး မနှောင့်ယှက်ပါနဲ့တော့ရှင် ကဲ . . အလုပ်နောက်ကျနေပြီမို့ သွားခွင့်ပြုပါဦး . . .”

သူမချာခနဲ လှည့်ထွက်သွားသည်။ ဟိုနှစ်ယောက်ကတော့ အတိတ်မေ့နေသူတွေလို အငြိမ် . . .။ သူမ၏ ခြေလှမ်းများကို ကြည့်ပြီး အတွေးလွန်နေကြဟန်ရှိသည်။

အတန်ကြာမှ ညီမင်းက သက်ပျင်းချပြီး . . .

“ဟင်း . . . ငါလုပ်လိုက်တာ လွန်ပြီထင်တယ် . .”

သူ့စကားကို ကျော်ထက်က ခေါင်းမော့လိုက်ပြီး . . .

"လွန်တာမဟုတ်ဘူးဟ . . . မှားကို မှားခဲ့တာ . . "

ညီမင်းသူ့ဆံပင်ကို လက်နှင့် ထိုးဖွလိုက်သည်။

"တောက် . . . ဒီ ပါးစပ်ကလည်းကွာ . . . "

ဟုဆိုပြီး သူ့ပါးကိုသူဖတ်ခနဲရိုက်သည်။

ကျော်ထက်က သူ့ကို ဝေ့ကြည့်သည်။

"ဒီပါးစပ်ကလည်း လုပ်မနေနဲ့တော့။ အဲဒီပါးစပ်ကောင်းမှု ကြောင့် ဟိုက အလုပ်ပြုတ်ပြီ . . . ။ ဘယ်လိုလုပ်မလဲ . . . ဟိုမှ ကောင် မလေးက သနားစရာ . . . . "

ကျော်ထက်စကားကို ညီမင်းက မျက်မှောင်ကြုတ်ပြီး . .

"ဘယ်ကောင်မလေးလဲ . . . "

"ခုနကောင်မလေးလေ . . . ကြည့်ပါလား ငိုသွားတာ . . . "

"ဟာကွာ . . . မင်းကလဲ အလုပ်ပြုတ်သွားတဲ့ သူကိုတော့ မသနားပဲနဲ့ . . . "

"မသိဘူးလေကွာ . . . ကိုယ်လိုရာဆွဲသနားရတာ . . . "

"ကျွတ် . . . "

နှစ်ယောက်လုံးငြိမ်ကျသွား၏။ နှစ်ယောက်လုံးပြောစရာ စကား တွေကုန်ဆုံးသွားသယောင်ထင်ရ၏။ အတန်ကြာမှ ညီမင်းက . .

"ငါသိပြီ . . . "

ကျော်ထက်က မျက်မှောင်ကျုံ့လို့ သူ့ဖက်လှည့်လိုက်ပြီး . . .

"ဘာသိတာလဲ . . . "

ကျော်ထက်အမေးကို ညီမင်းမှ အားတက်သရောဖြင့်

"ဇော်ဝင်းလေ . . . ဇော်ဝင်း . . . သူ့ကိုအကူအညီတောင်းရအောင် . . . "

နှစ်ယောက်လုံးမျက်နှာများဝင်းလက်သွားကြ၏။

■ ■ ■

"တူ . . . တူ . . ."
ဖုန်းမည်သံ . . .

"ဟယ်လို အမိန့်ရှိပါရှင် . . . ဝင်း ဖက်ရှင်စတိုးကပြောနေပါတယ်ရှင် . . ."

"အော် . . . အဲဒီက ဟိုကောင်ဇော်ဝင်းရှိလား . . ."

"ရှင် . . ."

အသံခနတိတ်သွား၏။ နောက်မှ . . .

"အော် . . . ဆရာဦးဇော်ဝင်းကို ပြောတာလားမသိဘူးနော် . ."

"ဟုတ်ကဲ့ . . . ဆရာလား ဘာလားတော့ မသိဘူးနော်။ ဒါပေမယ့် အဲဒီဇော်ဝင်းနဲ့ ပြောချင်လို့ပါ . . ."

ကောင်မလေး၏ ခိုးခိုးခစ်ခစ်ရယ်သံကြားရ၏။ နောက်မှ . . .

"ခနစောင့်နော် . ."

ဟုဆို၍ ဖုန်းဘေးချသွား၏။ ကျော်ထက်ဖုန်းကိုင်ထားသည်ကိုကြည့်၍ ညီမင်းက

"ဟေ့ကောင် . . . ဟိုကောင်ကြီးမရှိဘူးလား . . ."

ကျော်ထက်က ဖုန်းခွက်ကို လက်နှင့် ပိတ်၍

"ရှိပါတယ်ကွ . . . သွားခေါ်နေတယ် . . . "

သိပ်မကြာလိုက်ပါ ကြားလိုက်ရသော အသံလေးလေးကြီးက

"ဟယ်လို အမိန့်ရှိပါ ဝင်းဖက်ရှင်စတိုးက မန်နေဂျင်းဒါရိုက်တာ ဆိုင်ပိုင်ရှင်ဇော်ဝင်းပြောနေပါတယ် . . . "

"ဟေ့ကောင်ငပေါ . . . "

"အန် . . . "

ကျော်ထက်အမြင်ကတ်ကတ်နှင့် ပြောလိုက်၍ တစ်ဖက်မှကြောင် ပြီးငြိမ်သွားသည်။ ဘေးနားမှ ဝါးခနဲရယ်သံကြားရ၏။ နောက်မှအသံ တိုးတိုးဖြင့် . . .

"ဟေ့ကောင် . . . ဖုန်းခနချထား . . . ငါပြန်ဆက်လိုက်မယ် . . . "

ဟုဆို၍ ဖုန်းကို ဂွပ်ခနဲချလိုက်သည်။ သိပ်မကြာပါ ဖုန်းပြန်ဝင် လာသည်။ ဖုန်းဝင်လာခြင်းကြားလိုက်ရသော ငတိအသံက

"ခွီးထဲမှပဲ ငါက ဟန်တစ်ခွဲသားနဲ့ အင်တာကွန်းကြီးဖွင့်ပြောနေ တာ . . . ။ မင်းငပေါဆိုတဲ့ အသံကြီးလဲကြားရော လူ့ကို ထူဆင်းသွားတော့ တာပဲ . . . အခုမှ အင်တာကွန်းပြန်ပိတ်ပြီး ပြန်ဆက်ရတာ . . . "

"မရဘူး . . . ငပေါ . . . ငပေါလို့နေပေ့ါ . . . "

"အေးပါ . . . အေးပါကွာ . . . ကဲ . . . အခုဘာကိစ္စလဲပြော . . . "

"ငါအကူအညီတစ်ခုတောင်းချင်လို့ . . . "

"ကျွတ် . . . ဘာဒုက္ခပေးဦးမှာလဲ ကျော်ထက်ရာ . . . ငါ့ဖာသာ ငါအေးအေးဆေးဆေးနေတဲ့ဟာကို. . . "

"ဘာလဲမင်းမ ကူညီချင်လို့လား. . မကူညီချင်ရတယ်လေ. . ရပ် ကွက်လူကြီးသူ့ရုံးမှာအိပ်နေတုန်း သူ့လုံချည်ပေါ် ခါချဉ်အုံပစ်ထည့်တဲ့ အကြောင်း၊ လမ်းထိပ်က ဆိုက္ကားသမားကို အရက်ဖိုးပေးပြီး၊ မင်းအိမ်က မှန်ကိုမင်းကိုယ် တိုင်ပစ်ခွဲပြီး၊ သူပစ်ခွဲတာပါဆိုပြီး၊ မင်းအဖေကိုလိမ်ပြောခဲ့တဲ့

အကြောင်း၊ အဖေ နောက်မိန်းမယူတော့မယ်၊ ဒါကိုသားစုံစမ်းပေးမယ်ဆိုပြီး၊ မင်းအမေဆီမှာ ငွေလိမ်တောင်းခဲ့တဲ့ အကြောင်း၊ နောက်လမ်းထိပ်က ကောင်မလေးနဲ့ မင်း . . .

"ဟော့ ကောင် . . . တော် . . . တော်ပါကွာ လျှောက်တော့မဖွပါ နဲ့ . . . ကဲ . . . မင်းကို ငါဘာကူညီရမှာလဲပြော . . . "

"အဲဒီလို လိမ္မာစမ်းပါ ငါ့ကောင်ကြီးရ . . . အားဟား . . . ငါ အ ခုတောင်းမယ့် အကူအညီက လွယ်လွယ်လေး . . . "

"ဘာလဲ . . . "

"မင်းစတိုးဆိုင်မှာ ကောင်မလေးတစ်ယောက်ကို အလုပ်ခန့်ပေးရမယ် . . . "

"ဟေ . . . "

တစ်ဖက်မှ အသံတိတ်သွား၏။ အတန်ကြာမှ . . .

"ငါ့ဆိုင်မှာက အလုပ်သမားလိုမှ မလိုတာ . . . ပိုတောင်ပိုနေပြီ . . . "

"ဟော့ကောင်လမ်းထိပ်ကကောင်မလေးကိုအအေးတိုက်မယ်ဆိုပြီး"

"ဟော့ ကောင်ရ တိုးတိုးလုပ်ပါ။ ခန့်ဆိုလဲ ခန့်ပါမယ်။ မဆိုင်တာတွေလျှောက်ပြောမနေနဲ့ . . . ။ ကဲ . . . ပြော ဘယ်သူ့ကို အလုပ်ခန့်ပေးရမှာလဲ . . . မင်းအဆက်တွေထဲက တစ်ယောက်လား . . . "

"ဟား . . . ဟား . . . မဟုတ်ပါဘူးကွာ ငါ့အသိတစ်ယောက်ပါ . . . "

"ထူးထူးဆန်းဆန်း . . "

"အေး . . . ထူးထူးဆန်းဆန်းပဲ . . . "

တစ်ချက်ငြိမ်သွား၏။ နောက်မှ . . .

"ကဲပြော . . . သူ့ကို ဘယ်မှာရှာပြီး အလုပ်ခန့်ရမှာလဲ . . "

"မရှာပါဘူးကွာ သင်းသင်းလှိုင်ကိုသိတယ်မဟုတ်လား"

"သင်းသင်းလှိုင်"

"အေး . . . "

ဇော်ဝင်းငြိမ်ကျသွားပြန်၏။ အတန်ကြာမှ . . .

"အော် . . . သိပြီ . . . သိပြီ . . . မင်းတို့ငါ့ဆိုင်ရောက်တုန်းက စကားပြောနေတဲ့ အရောင်းစာရေးမလေး . . . "

"အေး . . . အဲဒါ . . . "

"ဟင် . . . အဲဒါ အလုပ်ရပြီးသားလေ . . . "

"မဟုတ်ဖူး၊ မဟုတ်ဖူး. . . အခုပြောတာကသူ့ သူငယ်ချင်း . . . "

"သူ့ သူငယ်ချင်း . . . "

"အေး . . . အဲဒါ သူနဲ့ပြောခိုင်းလိုက်၊ မင်းတို့ဆိုင်ဝတ်စုံအပြည့် အစုံနဲ့ လခပါသုံးလခကြိုထုတ်ပေးလိုက် . . . "

"ဟင် . . လခပါသုံးလခကြိုထုတ်ပေးရမယ် . . . မဖြစ်နိုင်တာ"

"ဟေ့ ကောင် မင်းလမ်းထိပ်က ကောင်မလေးနဲ့ . . . "

"ဟာ . . . မပြောပါနဲ့တော့ ကွာ၊ ထုတ်ပေးဆို ထုတ်ပေးလိုက် မယ်။ ဒါပဲမဟုတ်လား. . . "

"အေး . . . ဒါပဲ . . အသေအချာလုပ်ပေးလိုက်နော် . . . မလုပ် ပေးရင်ကျော်ထက်အကြောင်း သိတယ်မဟုတ်လား . . . မင်းနဲ့ လမ်းထိပ် က ကောင်မလေးနဲ့ . . . "

"အေးပါကွာ . . . လုပ်ပေးလိုက်ပါ့မယ်။ ဒါပဲမဟုတ်လား . . . "

"အေး . . . ဒါပဲ . . . "

"ဒါဆို ငါဖုန်းချလိုက်တော့မယ် . . . "

"ခွပ်"

■ ■ ■

"ဘယ့် နှယ်ကျော်ထက်အဆင်ပြေရဲ့လား . . . "
ကျော်ထက်မိန့်မိန့်ကြီးပြုံးလိုက်သည်။

"ဟဲ ဟဲ . . . အဆင်မပြေလို့မရပါဘူးကွာ . . . ငါက သူ့ကို နိုင်ကွက်ရှိတယ် . . . "

ညီမင်းညိုလေပူများမှုတ်ထုတ်လိုက်သည်။

"ဟူး . . . အခုမှပဲ ရင်အေးသွားတော့တယ် . . "

ကျော်ထက် ညီမင်းညိုပုခုံးကို ဖက်လိုက်သည်။

"ကဲ . . . ရင်အေးတယ်မလုပ်နဲ့ အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ရင်အေးရေလေးသွားမှိတ်ရအောင် . . . "

"အိုကေ . . . "

နှစ်ယောက်လုံးခြေလှမ်းတွေ သွက်သွားကြသည်။

■ ■ ■

**ဖုန်း** ချပြီးသည်နှင့် ဇော်ဝင်းဆိုင်ထဲဝင့်ကြည့်လိုက်သည်။
"သင်းသင်းလှိုင် . . . "
"ရှင်ဆရာ . . . "
ကောင်မလေး၏ ဘီရိုအနောက်မှ ခေါင်းကို မြင်ရသည်။
"ဆရာ့ဆီခနလာခဲ့ဦး . . . "
ဟုဆို၍ ဇော်ဝင်းသူ့အတွက် သီးသန့်ခန်းထဲပြန်ဝင်သွားသည်။ အားလုံးမျက်လုံးများက သင်းသင်းလှိုင်ဆိုသည့် ကောင်မလေးအပေါ် . . .

■ ■ ■

**အခန်း** ထဲဝင်လိုက်သည်နှင့် စိမ့်ခနဲအေးသွားသော အအေးဓာတ်ကြောင့် ကောင်မလေးတွန့်သွားပုံရ၏။ ဒါကို ဇော်ဝင်းက လက်ပြပြီး . . .

“ဝင်ခဲ့လေ . . .”

တုန့်ဆိုင်းဆိုင်းခြေလှမ်းမျိုးနဲ့ ကောင်မလေးဝင်လာ၏။ သူမ၏ မျက်နှာပေါ်တွင် စိုးရိမ်ရိပ်များ . . .။

“မနေ့က ရေမွှေးပုလင်းကွဲသွားတယ်ဆို . . .”

“ကောင်မလေးမဲ့ကျသွား၏။ ပြီးနောက်မျက်ရည်အဝိုင်းသားနှင့် “ဟုတ် . . . ဟုတ်ခဲ့ ဆရာ . . .”

ဇော်ဝင်းအံဆွဲထဲမှ ပိုက်ဆံတစ်ထပ်ဆွဲယူလိုက်သည်။

“ရော့ . . . ဒီမှာ . . . သုံးလခ . . .”

“ရှင်”

အလန့်တကြားအာမေဍိတ်သံနှင့်အတူမဆီမဆိုင်ကောင်မလေး၏ပါးပြင်ပေါ် မျက်ရည်များစီးကျလာ၏။

“မန်နေဂျာဆီမှာ ဆိုင်ဝတ်စုံနှစ်စုံထုတ်သွား . . .”

"ရှင် . . . "

ကောင်မလေးကြောင်ငေးသွား၏။ ပြီးနောက်တုန်ရင်သော အသံဖြင့် . . .

"ကျွန် . . . ကျွန်မကိုအလုပ်က ထုတ်ပစ်လိုက်ပြီလား ဆရာ။ ကျွန်မ . . . ကျွန်မ တောင်းပန်ပါတယ်ဆရာ၊ တစ်ကြိမ်တစ်ခါမို့"

ဇော်ဝင်းမျက်မှောင်ကျုံ့၍ ခေါင်းခါလိုက်သည်။

"မင်းကို ဘယ်သူက အလုပ်ထုတ်မယ်ပြောလို့လဲ . . . "

အင်း. . ဒါ . . ဒါဆို မင်းသူငယ်ချင်းတစ်ယောက်ရှိတယ် မဟုတ်လား . . . "

"ရှိ . . . ရှိပါတယ် ဆရာ . . . "

"အေး . . . သူ့ကို အလုပ်ခန့်လိုက်တာ . . . ကဲ . . . ဒီမှာ အဲဒီ ကောင်မလေးအတွက် ကြိုတင်လစာငွေသုံးလခယူသွား . . . "

"အို . . . "

ကောင်မလေး၏ မျက်နှာချက်ခြင်းဝင်းပသွား၏။

"ကဲ . . . သွားသွား . . . သူ့ကို မနက်ဖြန်က စပြီးအလုပ်ဆင်း ခိုင်း "

"ဟုတ် . . . ဟုတ်ကဲ့ဆရာ . . . ဝမ်းသာလိုက်တာဆရာ၊ ကျေးဇူး လဲတင်ပါတယ်။ ကျွန်မ . . . ကျွန်မ ဆရာကို ကန်တော့ပါရစေ ဆရာ"

ဟုဆို၍ ထိုင်ချလိုက်ရာ ဇော်ဝင်းလဲ ပြာပြာသလဲဖြင့်

"ဟာ. . . ဟာ. . . အဲလိုမလုပ်ပါနဲ့ . . . "

ဟုဆိုရင်း ခုံပေါ်မှ ကဗျာကယာထရပ်မိသည်။

" ကျေးဇူးတင်လွန်းလို့ပါဆရာ. . . "

"အေး. . ကျေးဇူးတင်ရင် နောက်မှတင် . . . အခုသွားနှင့် . . . "

"ဟုတ် . . . ဟုတ်ကဲ့ ဆရာ . . . "

ကောင်မလေးက ဝမ်းသာအားရအခါတစ်ရာမပြည့်တပြည့်ညိတ် ပြပြီး စားပွဲပေါ်မှ ပိုက်ဆံများယူ၍ ပျော်ရွှင်စွာ ပြန်ထွက်သွား၏။ ထိုတော့မှ ဇော်ဝင်းလဲ သက်ပြင်းချပြီး . . .

"တောက် . . . ဒီကျော်ထက်ဆိုတဲ့ ကောင်နဲ့အစကတည်းက မပေါင်းမိရင်ကောင်းသား . . . "

ဟုအသံတိတ်ရေရွတ်သည်။ နောက်အားရပါးရပြုံးလိုက်ကာ. . .

"အေးလေ . . . အခုလိုပေါင်းမိတော့လဲ ကောင်းတာပါပဲ. . .။ မဟုတ်တာလုပ်ရင် ဆင်ချင်ရတာပေါ့ . . . "

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေတော့သည်။

■ ■ ■

**နှင်း** မကွဲခင် ကျော်ထက်နှင့် ညီမင်းညိုလက်ဖက်ရည်ဆိုင်ကလေး ရောက်တော့ ငတိမနှစ်ယောက်၊ မုန့်ဟင်းခါးသုံးပွဲနှင့် လက်ဖက်ရည်နှစ်ခွက်ပြောင်သလင်းခါနေပြီ။ ကွာစိက ခုံပေါ်မှီထိုင်၍ ဗိုက်အင့်နေသည့် အထာမျိုးနှင့် ဗိုက်ကို သူ့လက်နှစ်ဖက်နှင့် ဖြည်းညင်းစွာရိုက်နေသည်။ ဒိုးပေကတော့ သူ့ထမင်းချိုင့်ကို ဖွင့်လိုက်ပိတ်လိုက်လုပ်နေသည်။

ကျော်ထက်နှင့် ညီမင်းက ကမျောသောပါးဖြင့် လက်ဖက်ရည်ဆိုင်ထဲဝင်လာသည်။ ပြီးနောက် သူမတို့ဝိုင်းထဲဝင်ထိုင်လိုက်ပြီး မျက်နှာကို အချိုဆုံးပြင်လိုက်ကာ . . .

"ကွာစိအလုပ်ပြန်ရပြီလား . . ."

ကွာစိက သူတို့ကို မကြည့်ဘဲ ဒူးလေးနန့်ပြီး

"ရပြီလေ . . . ဘယ်ရမှာလဲ နှင်းပွင့်ဖြူပဲ . . ."

"ကွာစိဆို ကွာစိလုပ်စမ်းပါဟာ . . . ဘယ်က နှင်းပွင့်ဖြူလဲ. . ."

သူ့စကားကို ဘေးနားက အလုပ်ရှုပ်နေသော ကောင်မလေးက ဝင်ပြောသည်။ ဒါကို ကွာစိက သူ့ဗိုက်ကို သူလက်နှင့် ရိုက်နေရင်းက လေသံမာဖြင့် . . .

"ကွာစိပဲဖြစ်ဖြစ်၊ နှင်းပွင့်ဖြူပဲ ဖြစ်ဖြစ်၊ အခုငါအလုပ်ရပြီလေ . . . အလုပ်ရတာတောင် ရိုးရိုးရတာမဟုတ်ဘူးနော်။ ဝမ်းဆက်နှစ်စုံနဲ့ ကြို တင်လခသုံးလခပေးပြီးတော့ကို ခေါ်ရတာပေါ့ပေါ့မှတ်လို့ . . . ဟား ဟား ဒီကွာစိက အတော်လေးတယ် ဟဲ ဟဲ . . . "

ကွာစိက သူ့စကားကို သူသဘောကျကာ ကဲ့နေသော အရှေ့ သွားနှစ်ချောင်းပေါ် အောင်ရယ်သည်။

ဒုံးပေက ဘာမှမပြောပဲ သူ့ဖာသာအလုပ်ရှုပ်နေ၏။ ကျော်ထက် နှင့် ညီမင်းညိုကစားပွဲထိုးကလေးကို လက်ဖက်ရည်နှစ်ခွက်မှာလိုက်သည်။ ဒါကိုကွာစိကခါးကိုဆန့်ပြီး သူ့ဖာသာသူတိုးတိုးလေးရေရွတ်သလိုဟန် မျိုးဖြင့် . . .

"သူတော်ကောင်းနတ်ကောင်းမတယ်ဆိုတာဒါမျိုးပေါ့ . . . "

လက်ဖက်ရည်နှစ်ခွက်လာချသည်။ သူ့စကားကို ဒုံးပေက မဲ့ရွဲ့ လိုက်ပြီး . . .

"အောင်မာ . . . ကြီးကြီးကျယ်ကျယ် . . . ။ မနေ့ကပဲအလုပ် ပြုတ်လို့ တစ်ဆောင်လုံးကြားအောင်သံသေးသံကြောင်နဲ့ တစ်နေကုန် အော်ငိုနေပြီးတော့များ . . . "

ဒုံးပေစကားကြောင့် ကျော်ထက် နှင့်ညီညိုမင်းရယ်ချင်သွား၏။ ဒါကိုကွာစိကစားပွဲခုံကို လက်နှင့်တဖြန်းဖြန်းရိုက်ရင်း ခပ်ဟဟရယ် လိုက်သည်။

"ဟား ဟား . . . ငိုတယ်လေ . . . ငိုတယ် ဒါက ငိုချင်လို့ ငိုတာ မဟုတ်ဘူး၊ သိကြားမင်းကြားအောင်ငိုရတာ . . . "

ကွာစိစကားကို ဒုံးပေက မျက်ခုံးနှစ်ခုစုကပ်သည်အထိ မျက် မှောင်ကျုံ့လိုက်ပြီး . . . ။

"ဘာ . . သိကြားမင်းကြားအောင် . . . "

ဒုံးပေအမေးကို ကွာစိက စားပွဲပေါ်လက်ထောက်၍ သူ့လက်ဖ ဝါးနှစ်ဖက်ကပ်ရင်း . . . ""အေးလေ . . . သိကြားမင်းကြားအောင် ငိုတာ . . . ဟော . . . အခုဆိုကြည့်၊ ငါ့ငိုသံကြောင့်သိကြားမင်း

မြကျောက်ဖျာတင်းပြီးလူ့ ပြည် လှမ်းကြည့် လိုက်တော့သူတော်ကောင်းမ လေးတစ်ယောက်ခမျာအလုပ် လက်မဲ့ဖြစ်နေရှာတယ်။ ကျွတ်ကျွတ် . . . လွှတ်သနားစရာကောင်းတဲ့ကောင် မလေးပဲ. .

"ဟင်း. . ငါမကယ်. . သေဖွယ်ရှိတော့တယ်၊ ငါဟဲ့သကြား. . မိုင်နိမ်းအစ်ရှုးဂါး. . . "

ဆိုပြီးသိကြားမင်းကမျက်ရည်တစ်ဝိုင်းဝိုင်းနဲ့ လူ့ပြည်ကုမ္ပဏီ ပိုင်ရှင် တွေဆီဖုန်းဆက်. . ဟယ်လို. . ဟယ်လို. . ကြားလား. . ကြားလား. . အင်း. . ကြားရင်ငါသိကြားပြောမယ်။ လူ့ပြည်မှာအင်မတန် လိမ္မာရေးခြား ရှိပြီး ချစ်စရာကောင်းတဲ့ကောင်မလေးတစ်ယောက် အလုပ်လက်မဲ့ဖြစ်နေ ရှာတယ်။ အဲဒါခင်ဗျားတို့ကုမ္ပဏီပိုင်ရှင်တွေက ဟိုဒင်း ဗျာ . . . ။ လစာ သုံးလစာပေးပြီး အလုပ်ခန့်လိုက်ဆိုပြီး အကြောင်းကြားလိုက်တာ . . . ကွိဆို ရပါရော့လားအလုပ်. . . "

ကွာစိစကားကြောင့် ဒိုးပေပိုမဲ့ကျသွားပြီး . . .

"အဲဒါမျိုးသိကြားမင်းတော့ ဖုန်းဆက်မပြောဘူး။ ဖုန်းဆက်ပြော ခြင်းပြောရင်နှာဘူးတွေပဲပြောမယ် . . . "

"အဟု . . . "

"အု . . . "

ဒိုးပေစကားကြောင့် ကျော်ထက်နှင့် ညီမင်းလက်ဖက်ရည်နင် ကုန်၏။ ဒါကို ကွာစိက စားပွဲခုံကို လက်နှင့် တဖြန်းဖြန်းပုတ်ပြီး . . .

"ဟဲ့ . . . ဘာဖြစ်လဲ သိကြားမင်းပဲဆက်ဆက်. . ဘယ်နှာဘူးပဲ ဖုန်းဆက်ဆက်၊ ငါအလုပ်ရရင်ပြီးတာပဲ . . . "

ကွာစိစကားကို ဒိုးပေကလည်း အားကျမခံ . . .

"အော် . . . နင်က နှာဘူးအုပ်စုတောင့်တော့ ပြောအားရှိတာပေါ့ လေ . . . . "

သူတို့ရန်ဖြစ်နေသည့်အထဲ ဟိုနှစ်ယောက်မျက်နှာတွေ ဘယ်နား သွားထားရမှန်းမသိဖြစ်နေ၏။ နှစ်ယောက်လုံးရှိန်တိန်းဖိန်းတိန်းနှင့် ဂနာ မငြိမ်ဖြစ်နေကြသည်။

ဒါကို ကွာစိကလည်း အလျော့မပေးပဲ . . .။

"ဒုံးပေရာ . . . နင့်မှာရော၊ ငါ့လို စောင့်ရှောက်မဲ့ ငကြောင်ကျော ထောက်နောက်ခံရှိလို့လား . . ."

"မရှိဘူး . . . သင်းသင်းလှိုင်တို့က တစ်ကိုယ်တော်ပဲ . . ."

ဒုံးပေက တစ်ခွန်းအတင်မခံပြန်ပြော၏။

ကွာစိက မျက်နှာရှုံ့မဲ့ လိုက်ပြီး

"ရုပ်ကမှ ချစ်စမွေးမပါတာ . . ဘယ်သူက ကူညီချင်မှာလဲ . . ."

"အေးပါ . . . နင့်ရုပ်ကမှ ချစ်စမွေးပါတယ်ထား၊ မွေးကတည်းက ညစ်ပတ်လို့ သွားပိုးစားပြီး သွားကျဲနေတဲ့ ရုပ်ကများ . . ."

ဒုံးပေစကားကြောင့်ကွာစိကပေကပ်ကပ်ကြည့်သည်။ ဒုံးပေက လည်းမိုက်ကြည့်ပြန်ကြည့်သည်။ ပြီးနောက်ကွာစိမသိချင်ယောင် ဆောင်က ခုံကိုနောက်ပြန်မှီလိုက်ပြီး ဗိုက်ကိုလက်ဖြင့် တဘတ်ဘတ်နှင့် ပြန်ရိုက်ရင်း သန်း လိုက်သေးသည်။

"ဝါး . . . နင်နဲ့ စကားပြောရတာ ပျင်းလိုက်တာဟာ . . . အစား တွေနင်းကန်စားထားတော့ . . . ဗိုက်လေးပြီး အိပ်ချင်နေပြီ . . . အဲဒီ တော့ ဒီနေ့တစ်နေ့ငါခွင့်ယူလိုက်မယ်ဟာ . . . နင့်ဖာသာနင်သွားနှင့်တော့ . . . ငါအဆောင်ပြန်ပြီး အိပ်နေနှင့်မယ် . . ."

ကွာစိစကားကြောင့် ဒုံးပေမျက်လုံးပြူးသွားသည်။

"ဟဲ့ . . . ဖြစ်မလား ဟဲ့ . . . နင်က ဒီနေ့မှ အလုပ်ဆင်းရမှာ ဒီနေ့ခွင့်ယူလို့ . . ."

ကွာစိက အိပ်ချင်မူးတူးပုံစံနှင့် ခေါင်းကို ကုပ်ပြီး

"ဖြစ်ပါတယ် ဟာ . . . အလုပ်မဆင်းလဲ သုံးလစာကြိုရတာ ပြီးပြီပဲဟာ . . . သူငါ့ကို အလုပ်ဖြုတ်လို့မရပါဘူး . . ."

"ဟဲ့ . . . အဲဒီလိုလုပ်လို့ကောင်းမလား . . .။ နင်အလုပ်ဖြုတ် ခံရတာအကြောင်း မဟုတ်ဘူး . . .။ ငါ့ကိုပါရောယောင်ပြီးအလုပ် ဖြုတ်နေမှ ဟုတ်ပေ့ဖြစ်နေမယ် . . ."

"အဲဒါကြောင့်ပြောတာ. . ကျောထောက်နောက်ခံ ငကြောင်တွေကိုမွေးထားရတယ်လို့ . . . . "

ကွာစိစကားကြောင့် ကျော်ထက်ညီမင်းသာမက ဒုံးပေပါ မျက် စေ့မျက်နှာပျက်ကုန်၏။ အခြေအနေမကောင်းမှန်းသိ၍ ဒုံးပေက လျင်မြန် စွာထပြီး

"ကဲ . . . လာသွားရအောင် . . . တော်ကြာအလုပ်နောက်ကျနေလို့ အဆူခံနေရဦးမယ် . . . "

ဟုဆိုပြီး ကွာစိလက်ကို ဆွဲသည် ကွာစိကလက်ကို အတင်းပြန်ရုန်းလိုက်ပြီး။

"ဟာ . . . မသွားချင်ပါဘူးဆိုနေ . . "

"လာပါနှင်းပွင့်ဖြူလေးရာ . . . ဒီနေ့က မသွားလို့မဖြစ်လို့ပါ။ ငါ့ကို သနားရင်လိုက်ခဲ့ပါဟာ . . . "

"ငါအိပ်ချင်နေပြီ . . . "

"နင်အိပ်ချင်နေလဲ ငါတွဲသွားပါ့မယ်ဟာ . . . "

"ဟာကွာ လိုက်ချင်ဘူး. . . လိုက်ချင်ဘူး . . . "

"ဟာ . . . နှင်းပွင့်ကလေးကလည်း လိမ္မာပါတယ်. . . လာလိုက်ခဲ့နော် . . . "

ဒုံးပေက ကွာစိကို အတင်းဆွဲထူပြီး မတင်သည်။ ကွာစိက မထချင်ထချင်ပုံစံမျိုးနှင့် ခပ်နွဲ့နွဲ့ထသည်။

ထိုတော့မှ ဒုံးပေက သတိရသွားသလိုဟန်မျိုးနှင့် . . .

"ဟယ် . . . ဒီမှာ လက်ဖက်ရည်ဖိုးမရှင်းရသေးဘူး . . . ။ နင်ရှင်းမယ်ဆို . . . ရှင်းလိုက်လေ . . . "

ဒုံးပေစကားကို ကွာစိက မျက်တောင်ပင် ပင့်မကြည့်ပဲ . . .

"ဟာ . . . ဒါက ဒီက ဦးလေးတွေရှင်းမှာပဲ . . ငါတို့ရှင်းစရာမလိုပါဘူး . . . နော် . . ဦးလေး . . . "

ဆိုတော့ ဟိုနှစ်ယောက်ခေါင်းပဲ ညိတ်ပြရမှာလား၊ ခေါင်းပဲ ခါပြရမလားတွေဖြစ်နေ၏။

ဒါကိုဒုံးပေက အလိုက်မသိစွာပင် . . .

"ကဲ . . . သွားပြီးနော် ဦးလေး . . . စားထားတာလေးရှင်းလိုက်ပါဦး . . . သာဓု . . . သာဓု . . . သာဓု . . ."

ဟုဆို၍ တစ်ယောက်ကို တစ်ယောက်တွဲကာထွက်ခွာသွားလေသည်။ ဟိုနှစ်ယောက်ကတော့ ဘာပြောရမှန်းမသိအောင်ကြောင်ငေးနေဆဲ . . . သူတို့နှစ်ယောက်ပျောက်ကွယ်သွားတော့မှ နှစ်ယောက်လုံးလှုပ်လှုပ်ရှားရှားဖြစ်သွားပြီး . . .

"တောက်. . . ဒါတမင်သက်သက်ကျောသွားတာကွ. . တောက် ငါတို့ကိုလည်း နှာဘူးတစ်မျိုး၊ ငကြောင်တစ်မျိုးနှစ်မျိုးပြောပြီး လက်ဖက်ရည်ဖိုးရှင်းခိုင်းသွားသေးတယ်။ တောက်. . . တွေ့ကြသေးတာပေါ့ ကွာ . . . ဇော်ဝင်းကို ဖုန်းဆက်ပြီး နှစ်ယောက်လုံးကို အလုပ်ဖြုတ်ခိုင်းပစ်မယ် . . . လာ . . . ဟေ့ကောင် . . . ပြောနေကြာတယ် . . . အခုပဲ ဖုန်းသွားဆက်ရအောင် "

ကျော်ထက်၏ စကားကြောင့် ညီမင်းပြာပြာသလဲဖြစ်သွားပြီး ကျော်ထက်လက်ကို ဆွဲကာ

"ဟာ. . . ဟေ့ကောင်နေဦးဟ. . . "

ဟုကျော်ထက် လက်ဆွဲ ကာခုံတွင် ပြန်ထိုက်စေလိုက်သည်။

ပြီးမှ. . .

"အဲဒီလိုဖုန်းဆက်လိုက်လို့သူတို့နှစ်ယောက်လုံး အလုပ်ပြုတ်သွားရင်ကိုယ့်အပြစ်ဖြစ်သွားဦးမယ် . . . "

"ဖြစ်ဖြစ်ပေါ့ကွ . . . ဒီအလုပ်ကလဲ ငါတို့ပဲ ရှာထားပေးတာ . . . အလုပ်လဲ ရှာပေးရသေး၊ လူကိုလဲ စော်ကားသေး . . . ငါတော့မခံနိုင်ဘူး . . . "

ကျော်ထက်၏ စကားကို ညီမင်းက ပြုံး၍ သက်ပျင်းချလိုက်ပြီး

"စဉ်းစဉ်းစားစားလည်း လုပ်ပါကွာ . . . ကွာစိအလုပ်ပြုတ်ရင် ဒုံးပေပါပြုတ်သွားမှာ . . . အဲဒီတော့မှ မင်းအတွက်ပိုခက်ကုန်မယ်နော် . . . "

ညီမင်း၏ စကားကြောင့် ကျော်ထက်ငေါင်ကျသွား၏။

နောက် သက်ပျင်းကို ချ၍ ခုံမှာ ပြန်ထိုင်လိုက်ကာ . . .

"ဟင်း . . . သူ့ကြောင့်ပေါ့ကွာ . . . နို့မဟုတ်ရင် မင်းကောင်မလေးအလုပ်ပြုတ်ပြီ . . ."

ကျော်ထက်၏ စကားကြောင့် ညီမင်းညိုပြုံးလိုက်သည်။

"အဲသည်လိုပဲလေ တကယ်ချစ်တော့ အပြစ်ဖြစ် ဘယ်ခံချင်ပါ့မလဲ . . ."

ညီမင်းညိုစကားကို ကျော်ထက်က မျက်မှောင့်ကျုံ့လိုက်ပြီး. .

"ဘာလဲ . . . မင်းကရော တကယ်ချစ်နေလို့လား . . . "

ညီမင်းညိုခပ်ဟဟရယ်လိုက်သည်။

"ချစ်တာပေါ့ကွ . . . အသည်းတွေအူတွေပြောင်းဆန်နေ အောင်ကိုချစ်တာ . . ."

ကျော်ထက်မျက်နှာရှုံ့မဲ့လိုက်သည်။

"ဟုတ်နေပါပြီကွာ. . . ဒီကလဲငကြောင်၊ ဟိုကလဲ ဂေါက် . . ."

"ဟား. . ဟား. . မင်းငါ့ချည်းပဲမပြောနဲ့လေ မင်းကရော . . . ဘာထူးလို့လဲ . . ."

"ငါက ဘာဖြစ်နေလို့လဲ . . ."

"ကွာစိပြောသွားတာမကြားဘူးလား . . .။မင်းကလဲ နှာဘူး . . . ဟိုကလဲ ငကပ် . . ."

နှစ်ယောက်သားပေါ့ပါးစွာ ရယ်ကြသည်။

အတန်ကြာမှ . . .

"ကဲ . . . ပြောနေလို့လဲ မပြီးပါဘူးကွာ တစ်နေကုန်အလုပ်ကအားနေပြီ . . ဘာလုပ်ကြမှာလဲ . . ."

ညီမင်းညို၏ အမေးကို ကျော်ထက်က နှုတ်ခမ်းကိုက်လိုက်သည်။ နောက်ကောင်းကင်ကို မော့ကြည့်သည်။ လက်ဖက်ရည်ဆိုင်ရှေ့ဗန်ဒါပင်ပေါ်မှ ငှက်ကလေးများကို မြင်ဖြစ်အောင်မြင်လိုက်သေး၏။

အတန်ကြာမှ သက်ပျင်းချပြီး . . . .

“ဟူး . . . အသက်တစ်ရက်အကြီးခံပြီးနောက် နေ့မနက်ရောက် အောင်ဆုတောင်းနေယုံပေါ့ . . . ဒါမှပဲ ကိုယ်ချစ်တဲ့ သူတွေနဲ့ . . . ”

ကျော်ထက်စကားကို ထပ်မဆက်ဘဲ အပြင်သို့သာ ငေးရီနေ သည်။ သက်ပျင်းများဝေ့ဝဲနေသည်။ သူတို့နှစ်ယောက်လုံးအတွေးကိုယ်စီ နှင့် ငြိမ်သက်နေကြ၏။ ဗန်ဒါပင်ပေါ်မှ ငှက်ကလေးများ၏ တေးဆိုသံကို တသီတတန်းကြီးကြားနေရသည်။ ဤသည်ကို မင်္ဂလာမည်သည်ဟု သတ် မှတ်ပါလျှင် ငှက်ကလေးများ၏ အာခေါင်နာကျင်မှုကိုလည်း သနားကြင် နာသင့်ပေသည်။

■ ■ ■

**“ငှက်** ဆိုတဲ့ အမျိုးက သီချင်းဆိုတတ်တာမဟုတ်ဘူး . . .။ သူ့ဖာသာသူသံသေးသံကြောင်အော်နေတာ။ ဒါကို လူတွေက ဖွဲ့နွဲ့ပြီး ငှက်ကလေးတွေတေးဆိုနေတယ်ဘာညာလျှောက်ပြောနေကြတယ်။ အဆိုးဆုံးက စာရေးဆရာတွေပဲ . . .။ ငှက်သာ တကယ်သီချင်းဆိုရင် ငှက်အဆို တော်ဆိုပြီး ပေါ်နေမှာပေါ့ မဟုတ်ဘူးလား . . .”

ကွာစိ၏ စကား . . .။

“ဟဲ့ . . . သူတို့လဲ လူတွေလို သီချင်းဆိုတဲ့အခါဆိုမှာပေါ့ . . . ဒါကိုတော့ ဘယ်သူက သိနိုင်တာမှတ်လို့ . . .”

ကွာစိက ခုံကို အနောက်မှီပြီး မှိန်းနေရာမှ ငေါက်ခနဲထပြီး . . .

ဒိုးပေကို ကန့်ကွက်သည်။

“ငါသိတယ်လေ . . . ငါသိတယ် . . ဟောဒီနှင်းပွင့်ဖြူကောင်းကောင်းသိတယ် . . .”

ကွာစိရင်ကော့၍သူ့ကိုယ်သူပုတ်ပြသည်။

ဒိုးပေကမျက်မှောင် ကျုံ့ပြီး

“နင်က ငှက်မို့လို့သိတာလား . . .”

တော်ဝင်မြို့မစာအုပ်တိုက်

"ဟုတ်တယ် . . . ငါကငှက် . . ငှက်ကမှ ရွှေဟင်္သာ၊ နင်ကတင်ကျီး၊ ကိုင်းပြတ်ကရော၊ နှင်းပွင့်ဖြူကို ဒီလိုလာကျောလို့ရရိုးလား . . ."

"ဟေး . . . နင်ကမှ ဟင်္သာစုတ် . . . ဟင်္သာပဲ့၊ ဟင်္သာအပေအတေ. . ."

"အေး . . နင်ကလဒ ကိုင်း. . . မှတ်ပလား . . ."

မနက်မိုးမလင်းခင်ကတည်းက ထုံးစံအတိုင်းဒုံးပေနှင့် ကွာစိမုန့်ဟင်းခါးသုံးပွဲစားပြီး ရန်ဖြစ်နေပြီ။ ကျော်ထက်နှင့် ညီမင်းရောက်သွားတော့ သူတို့ စကားစရပ်လိုက်ကြသည်။ ညီမင်းက မချိုသွားဖြဲဖြင့် . . .

"ရောက်နေတာကြာပြီလား . . ."

"ကုန်နေပြန်ပြီနော် . . . ဒီသုံးပွဲက . . ."

ကျော်ထက်ဝင်ထောက်၏။ ကွာစိက မသိချင်ယောင်ဆောင်ပြီးခေါင်းမော့သွားသည်။

ဒုံးပေကသာမသိသာခေါင်းညိတ်၏။

ဒါကို ညီမင်းက မျက်လုံးပေကလပ်ပေက လပ်လုပ်ပြီး . . .

"အလုပ်လုပ်ရတာရော၊ အဆင်ပြေရဲ့လား . . . ဟိုလေ . . နှင်းပွင့်ဖြူပေါ့ . . ."

ညီမင်းညို၏အစီအစဉ်မကျသောစကားကို နှင်းပွင့်ဖြူဟုခေါ် သောကွာစိက လက်ကို ခပ်မတ်မတ်ပိုက်လိုက်ပြီး . . .

"ပြေတယ်လေ . . ပြေတယ် . . . နှင်းပွင့်ဖြူတို့က ဘုရားသာသနာမှာလဲပြေတယ်။ သိကြားသာသနာမှာလဲပြေတယ်။ မပြေရင် နဘေတောင်ထပ်လို့ရမှာ မဟုတ်ဘူး . . ဟူး ဟူး . . ."

ကွာစိက သူ့သွားကျဲကလေးကလေထွက်သည်အထိ ရယ်၏။ ဒါကိုဒုံးပေက ခါးထောက်လိုက်ပြီး . . .။

"ဘာပြေတာလဲ . . .၊ ဟိုကလာဝယ်တာက တစ်ခြား၊ သူရောင်းနေတာက တစ်လွဲ . . . ဝယ်သူကို မနည်းတောင်းပန်ယူလိုက်ရတယ် . . ."

ဒုံးပေစကားကို ညီမင်းက ကြားထဲက မနေနိုင်မထိုင်နိုင်ဖြင့်ဝင်မေးသည်။

"လုပ်ပါဦး၊ ဝယ်သူက ဘာဝယ်ပြီး၊ သူက ဘာရောင်းလိုက်လို့လဲ . . ."

ဒုံးပေသက်ပျင်းချသည်။ ကွာစိက တစ်ဖက်လှည့်သွား၏။

"ဘာဖြစ်ရမှာလဲ . . . ဟိုက အိမ်သာသုံးစက္ကူလာဝယ်တာ . . . အဲဒါကို သူက သံစားကော်ပတ်အထူစားကြီးအတင်းထိုးပေးတာလေ . . ."

ကျော်ထက်နှင့် ညီမင်းနှစ်ယောက်လုံးမျက်မှောင်ကျုံ့သွားကြ သည်။ ဘာဆိုင်လဲ အိမ်သာသုံးစက္ကူနှင့် သံကောပတ်၊ နှစ်ယောက်လုံး စဉ်းစားမရ၊ အတန်ကြာမှ ကျော်ထက်က

"မရှင်းဘူး . . .။အိမ်သာသုံးစက္ကူဝယ်တာဘာလို့ သံစားကော ပတ်ကြီးထိုးပေးတာလဲ . . ."

"ကြည့်မရလို့တဲ့လေ . . ."

ဒုံးပေက ဖြတ်ပြောသည်။ ထိုတော့မှ ကွာစိက ခါးမတ်လိုက်ပြီး။

"ဟဲ့ . . . သူပြောနေတာကြည့်ပါလား။ အောင်မလေးရွှေလက် ကောက်တံတောင်ဆစ်လောက်ထိကို တဖြတ်ဖြတ်ခါပြီး အောင်မလေး သူတို့က ဘယ်လိုအသန့်ကြိုက်တာ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဘယ်လို ဂရုစိုက်တာဆိုပြီး . . ."

"အဲဒါဘာဖြစ်လဲ . . ."

သူ့စကားကို ဒုံးပေက ဝင်ထောက်သည်။ ဒါကို ကွာစိက မျက်လုံး ကြီးပြူးတက်သွားပြီး ခုံလက်တန်းကို ကိုင်ကာ

"အေးလေ . . . အဲဒါကြောင့်ပဲ ငါက ဒီလောက်တောင်အသန့် ကြိုက်ရင်၊ အိမ်သာတက်ပြီးရင် အိမ်သာသုံးစက္ကူမသုံးနဲ့စက္ကူကပါးတော့ သိပ်သန့်မှာ မဟုတ်ဘူး . . . ဒါကြောင့်သံကော်ပတ်အပျော့စားလေးနဲ့သာ ထိုင်ပွတ်နေ၊ အန်တီ့ တင်ပဆုံကြီးအရင်ကနဲ့ စာရင်အများကြီးပိုပြီး တောက်ပ ပြောင်လက်လာစေရမယ်ဆိုပြီး စေတနာနဲ့ရောင်းတာ . . . စေတနာနော် . . . ကွာစိစေတနာ . . ."

ကွာစိ၏ စကားကြောင့် သုံးယောက်လုံးခပ်ဟဟရယ်မိသည်။

ဒါကို ကွာစိကခုံနောက်ပြန်မှီလိုက်ကာ . . .

"ခက်တယ် . . . လူတွေက စေတနာကို နားမလည်ကြဘူး။ ဒါကြောင့်လူကြီးတွေကပြောတာပေါ့ . . စေတနာက လူတိုင်းနဲ့ မတန်ဘူးတဲ့ . . . နှင်းပွင့်ဖြူတို့လို သူတော်ကောင်းတွေရဲ့ စေတနာ . . . စေတနာ. . . "

ကွာစိစကားကို မဆက်ပဲ အပြင်ဖက်ငေးကြည့်နေသည်။ သူကြည့် နေတာက မြောက်ကြွ၊ မြောက်ကြွနှင့်လူငယ်တစ်စု၊ အသက်ကလေးတွေက ငယ်သော်လည်း လက်ထဲမှာက ဟန်းဖုန်းနှင့် စီးကရက်ကတဖွားဖွား။ ဝတ်ထားတာတွေကလည်း ကြောင်တိကြောင်ကြားတွေ . . . ။ အားလုံး ခုန်ဆွခုန်ဆွနှင့် ဆိုင်ထဲဝင်လာ၏။ သူတို့ကို မြင်သည်နှင့် ကွာစိ၏ မျက်နှာချက်ခြင်းတည်သွား၏။ ကွာစိမျက်နှာတည်သွားသည်နှင့် ဒိုးပေ ကွာစိကြည့်ရာလိုက်ကြည့်သည်။ ခုနလူငယ်ကလေးများကို မြင်သည်နှင့် ဒိုးပေမျက်စေ့မျက်နှာပျက်သွားကာ ကွာစိလက်ကို ဖြတ်ခနဲကိုင်လိုက်ပြီး . . .

"ဟဲ့ . . . နှင်းပွင့်ဖြူ . . . နင်ဘာမှ သွားမလုပ်နဲ့နော် . . . သွားမလုပ်နဲ့ . . . . "

ကွာစိက ဘာမှမပြောပဲ လက်ကို ဆတ်ခနဲရုန်းလိုက်သည်။ ပြီးတော့ ခုံပေါ်မှ ဆတ်ခနဲထကာထိုလူများထံခြေလှမ်းဦးတည်လိုက်သည်။

"ဟဲ့ . . . ဟဲ့ . . . နှင်းပွင့်ဖြူ . . .၊ ဘာမှ သွားမလုပ်နဲ့နော် ဘာမှသွားမလုပ်နဲ့ . . . "

ဒိုးပေအသည်းအသန်တား၏။

သို့သော် ကွာစိ၏ ခြေလှမ်းများက ပြောင်းလဲခြင်းမရှိ။ လူငယ်တစ်စု၏ ထိုင်နေရာစားပွဲသို့ ဦးတည်လျက် . . . ။ ထိုစားပွဲနားရောက်သည်နှင့် ကွာစိခါးထောက်ရပ်လိုက်သည်။ ဒိုးပေက မျက်နှာရှုံ့မဲ့ပြီး သူခေါင်းသူကုပ်သည်။ ကျော်ထက်နှင့် ညီမင်းညိုကတော့ ငေးကြောင်လျှက် . . .

"ဟော့ ကောင်လေးတွေ . . . "

ကွာစိ၏ အော်သံကြောင့် ထိုစားပွဲဝိုင်းမှ လူငယ်များအားလုံးဝေ့ကြည့်ကြသည်။ ခါးထောက်ရပ်နေသော ကွာစိကို မြင်တော့ အံ့အားသင့်သွားပုံရ၏။ ဒါကို ကွာစိက အားလုံးကို လက်ညှိုးဝေ့ထိုးလိုက်ပြီ၊ အသံမာမာဖြင့် ဆက်ပြောသည်။

"နင်တို့ လက်ထဲက ဆေးလိပ်တွေလွှင့်ပစ်လိုက်စမ်း . . . "

လူငယ်များက မျက်နှာမာနှင့်လာအမိန့်ပေးနေသော ကွာစိကို ငေးကြောင်ကြည့်နေသည်။ ဒုံးပေက "စိတ်ညစ်တယ် . . . စိတ်ညစ်တယ်" ဟုဆို၍ ခြေဆောင့်၍ ခေါင်းကုပ်သည်။

ဒါကို ညီမင်းက အသံတိုးတိုး ဖြင့်

"အဲဒီကောင်လေးတွေသူနဲ့သိလို့လား . . . "

ညီမင်းအမေးကို ဒုံးပေက ခေါင်းကို သွက်သွက်ခါခြေကို ဆောင့်ပြီး. . .

"ဘယ်ကသာ သိရမှာလဲ မသိဘူး. .။ အဲဒါတွေကြောင့်စိတ်ညစ်တာ . . . "

ဒုံးပေစကားကြားတော့ နှစ်ယောက်လုံးမျက်လုံးပြူးသွားကြသည်။

"ဟင် . . . ဒါဆိုသူက ဘာလို့ဟောက်နေရတာလဲ . . . "

"မသိဘူး မသိဘူး . . သိချင်ရင်. . . ဒီအတိုင်းသာဆက်ကြည့်နေ စိတ်ညစ်လိုက်တာနော် . . . "

ဟုဆို၍ ခေါင်းကုပ်ခြေဆောင့်နေသည်။ သူတို့လှည့်ကြည့်လိုက်တော့ ကွာစိက သူနှင့် အနီးဆုံးနေရာတွင် နောက်ကျောပေးထိုင်နေသော လူငယ်လေး၏ နားရင်းကို ဖတ်ခနဲရိုက်တာမြင်ရသည်။

နောက်သူ့အသံစွာ စွာက

"ဟဲ့ . . . ပြောနေတာမကြားဘူးလား . . .။ ဆေးလိပ်တွေ လွှင့်ပစ်လိုက်လေ . . . "

ကွာစိရိုက်လိုက်သော အရှိန်ကြောင့် ထိုလူငယ်၏ နှုတ်ခမ်းတွင် စတိုင်နှင့် တွဲလဲချိတ်ထားသော စီးကရက်လွင့်ကျသွား၏။ ဒါကို မြင်တော့ သူနှင့် မျက်နှာခြင်းဆိုင်ငတိနှစ်ယောက်က လန့်ပြီး ဆေးလိပ်ပစ်ချလိုက်သည်။

ကျန်သည့် လူငယ်များက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပျာပျာသလဲဖြင့် ဆေးလိပ်များပစ်ချလိုက်ကြသည်။ ထိုတော့မှာ ကွာစိက သက်ပျင်းကို ချခါးကို ထောက်ပြီး . . .

"အေး . . . အဲဒီလို လိမ္မာစမ်းပါ . . . နင်တို့အရွယ်က ဆေးလိပ်သောက်ရမယ့် အရွယ်မဟုတ်ဘူး . . ငယ်ငယ်ရွယ်ရွယ်နဲ့ပျက်စီးနေတဲ့ ကောင်လေးတွေမျိုးငါမမြင်ချင်ဘူး . . .။ သွားကြ နောက်ဒီဆိုင်ကို ဒီပုံစံမျိုးနဲ့ ဘယ်တော့မှ မလာနဲ့ . . . "

ကောင်လေးတစ်စုလုံးဝရုန်းသုံးကားနှင့် ဆိုင်ထဲမှ ထထွက်သွားကြ၏။ သူတို့ထထွက်သွားတာမြင်တော့ ကွာစိ . . . .

"ဟေ့ ဟိုကောင်လေးခနနေစမ်း . . . "

ဘယ်သူ့ကိုပြောမှန်းမသိပေမယ့်အားလုံးရပ်နေကြသည်။

"နောက်တစ်ခါအင်္ကျီပန်းရောင်ဝတ်ပြီး ဒီကိုမလာနဲ့ . . . "

အင်္ကျီပန်းရောင်တောက်တောက်ဝတ်ထားသော ကောင်လေးက သူ့ကိုယ်သူငုံ့ကြည့်သည်။

"ယောကျ်ားတန်မဲ့နဲ့ အင်္ကျီပန်းရောင်ဝတ်တာရှက်ဖို့ကောင်းတယ် . . .။ ယောကျ်ားစစ်စစ်မှန်ရင်နောက်တစ်ခါအဲဒီအင်္ကျီမျိုးဝတ်မလာနဲ့ ဒါပဲ . . "

ကောင်လေးတွေအားလုံးကြောင်တောင်တောင်နှင့် ခေါင်းညိတ်ပြီး လှည့်ထွက်သွားကြ၏။

အားလုံးမြင်ကွင်းမှ ပျောက်သွားတော့မှ ကွာစိက သက်ပျင်းကိုချ၊ ခေါင်းမော့ရင်ကော့၍သူထိုင်သည့်ခုံသို့ပြန်လာ၏။

ခုံပေါ်ရောက်တော့ ဒုံးပေကကွာစိကိုဆိတ်ပြီး အံကြိတ်သံဖြင့်

"နင် ဘာလို့သွားလုပ်ပြန်တာလဲ . . . နင်မရှက်ဘူးလား. . . ကိုယ်နဲ့လဲမသိပဲနဲ့ အဲဒီလိုလိုက်လုပ်နေတာ"

ကွာစိကသူ့လက်ကို ဆတ်ခနဲရုန်းပြီး ဘာမှမပြောပဲတစ်ဖက်သို့လှည့်၍ မော့နေ၏။

သူ့ကို ကြည့်၍ ဒုံးပေပို၍ အားမလိုအားမရဖြစ်ကာ . . . .

"နင့်ကိုငါအမြဲပြောတယ် . . . အဲဒါမျိုးတွေလျှောက်လျှောက်မလုပ်ပါနဲ့ . . . ရှက်စရာကောင်းတယ်။ လူကြားမရှောင်သူကြားမရှောင် . . . နင်မရှက်ဘူးလား . . . "

ဒုံးပေ၏ ဒေါသတကြီးကြိမ်းမောင်းသံကြားမှ ကွာစိက ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး . . .

"ဘယ်ကို ရှက်ရမှာလဲ။ ဘာရှက်ရမှာလဲပြော . . . ငါက မဟုတ်တာဘာလုပ်လို့လဲ။ ရှက်ရမှာကသူတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးနေကြတာကိုရှက်ရမှာ . . . ငါက ဘာမဟုတ်တာမှ မလုပ်ဘူး . . . "

"ဟဲ့ . . . ဘာမဟုတ်တာမလုပ်ရမှာလဲ . . . သူတို့ဖာသာသူတို့ ဆေးလိပ်သောက်နေတာနင်နဲ့ ဘာဆိုင်လို့လဲ . . . "

ဒုံးပေစကားကြောင့် ကွာစိခါးမတ်သွားသည်။ နောက်အရှေ့က ခုံကို တဖြန်းဖြန်းပုတ်ကာ . . .

"ဘာလို့ မဆိုင်ရမှာလဲ . . . သူတို့ငယ်ငယ်ရွယ်ရွယ်နဲ့ အဲဒီလိုဖြစ်နေတာနင်မမြင်ဘူးလား . . . "

"မြင်တယ်လေ။ ဒါသူတို့ မိဘတွေဆုံးမမှာပေါ့ . . . "

"မိဘနောက်ကွယ်မှာ လုပ်နေတာ၊ မိဘက ဘယ်လိုဆုံးမမှာလဲ"

"မိဘတွေမြင်တဲ့ အချိန်ဆုံးမမှာပေါ့ . . . နင့်အမျိုးတွေမို့လို့ နင်ဝင်ဆုံးမနေတာလား . . . "

"ဘာပဲ ဖြစ်ဖြစ် ငါရှေ့မှာ ပျက်စီးနေတဲ့ လူငယ်တွေတွေ့ရင် ငါ မနေနိုင်ဘူး။"

"ဆေးလိပ်သောက်ယုံနဲ့ ပျက်စီးပြီးလား"

"ဒါပျက်စီးခြင်း လမ်းစပဲ"

နှစ်ယောက်သားတိုးတိုးကြိတ်ကြိတ်ရန်ဖြစ်နေကြသည်။

ကြာတော့ ညီမင်းညိုက မနေနိုင်တော့ဘဲ . . . .

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီရန်မဖြစ်ကြပါနဲ့ . . . . "

"တိတ် . . . "

သူ့စကားပင်မဆုံးလိုက် ကွာစိက မျက်လုံးပြူးအံကြိတ်ပြီး ထအော်၏။ နောက်ညီမင်းညိုကို လက်ညှိုးထိုး၍

"ဘာသံမှထပ်မထွက်နဲ့ ဒီမှာစိတ်တိုနေတယ်။ အခုခုံနဲ့ ထရိုက်လိုက်မယ် . . . ။ဘာမှတ်နေလဲ . . . ကွာစိတဲ့ . . တစ်စေ့ထဲရှိတာ . . . "

ကွာစိက ပြောလဲပြောခဲ့ကိုလဲလှမ်းကိုင်၏။

ကွာစိဖြစ်နေပုံကို ကြည့်၍ ညီမင်းဇက်ပင်ပုကျသွား၏။

ဒါကို ဒုံးပေက ခါးပေါ်လက်တင်ပြီး . . .

"ကွာစိ . . . နင်လွန်လာပြီနော် . . ."

ကွာစိက ဒုံးပေကို ဆတ်ခနဲလှည့်ကြည့်သည်။ ပြီးနောက်ဘာမှ ပြန်မပြောဘဲဆတ်ခနဲပြန်လှည့်သွားသည်။ ဒုံးပေကသာ မျက်နှာကြီးနီ တက်သွားပြီ။

"ဘယ်လိုမိန်းကလေးမှန်းကို မသိဘူး။ ပြောမရဆိုမရနဲ့ . . . တော် ပြီ . . . နင်နဲ့ ငါအပေါင်းအသင်းမလုပ်တော့ဘူး . . ."

ကွာစိက ဂရုမစိုက်သလို ဟန်မျိုးနှင့် ဒုံးပေကို မျက်စောင်းထိုးကာ ပါးစပ်ထဲလေအပြည့်ထည့်၍ နှုတ်ခမ်းချွန်ထားသည်။

ဒူးကတော့ နန့်နေ တုန်း . . .

"နင့်ကို ငါပြောပေါင်းလဲများပြီး . . . ဆုံးမပေါင်းလဲများပြီ . . . တော်ပြီနင့်ကို ဘာမှမပြောတော့ဘူး . . . ။ ပြောချင်စိတ်လဲမရှိတော့ဘူး"

ဒုံးပေက ပြောလဲပြောရင်း စားပွဲပေါ်မှ သူ့ထမင်းချိုင့်များ၊ လက်ကိုင်ပုဝါများကို သူ့ဆွဲခြင်းထဲဆောင့်ကြီး အောင့်ကြီးနှင့် အစီအစဉ် တကျ တည်နေသည်။ ဒုံးပေကိုကြည့်၍ ကွာစိနှုတ်ခမ်းမဲ့ကျသွား၏။ ပြီးနောက် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ် သည်။

"နင့်လောက်ဆိုးတဲ့ မိန်းကလေးမျိုးလဲ ငါ့တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမမြင်ဖူးဘူး. . . ပါဝါရိန်ဂျားကားထဲက မိန်းမကြမ်းနတ်ဆိုး တောင် နင့်လောက် မဆိုးဘူး . . . ။ တော်ပြီ . . . ဒီနေ့ကစပြီး နင်နဲ့ ငါအပေါင်းအသင်း မလုပ်တော့ဘူး . . ."

ကွာစိ၏ မျက်နှာပိုမဲ့ကျသွား၏။

"ညကျရင် ငါအဆောင်ပြောင်းမယ်။ နင့်ဖာသာနင်နေခဲ့တော့ ဒါပဲ"

ဒုံးပေထိုင်ရာမှ ထမည်ပြုစဉ် ကွာစိနှုတ်ခမ်းမဲ့မဲ့ကြီးအကျယ်ကြီး ဟသွားသည်။ သူ့နှုတ်ခမ်းနှစ်ခုမှာ သားရေတွေတွဲနေ၏။

"ငါသွားတော့မယ် . . . နင်နေခဲ့တော့ . . ငါ့နောက်ဘယ်တော့မှလိုက်မလာနဲ့ . . . "

ဒုံးပေစကားကြားတော့ ကွာစိမျက်လုံးထဲမှ ပတစ်ခနဲ မျက်ရည်များစိမ့်ထွက်လာ၏။ ငိုသံတော့ မကြားရသေး. . . ။ ပါးစပ်ကြီးအကျယ်ကြီးဟပြီး ငင်နေသော ထိုအဖြစ်ကို မြင်တော့ ဒုံးပေက ပျာကယာပြန်ထိုင်ချလိုက်ပြီး ကွာစိပေါင်ကို ပုတ်ကာ

"ဟဲ့ . . . ဟဲ့ . . . မငိုနဲ့လေ . . . လူကြားထဲမငိုနဲ့လေ. . . "

သူ သတိပေးလိုက်တော့မှ ကွာစိထံမှ ဝါးခနဲငိုသံကြားရ၏။

လက်ဖက်ရည်ဆိုင်မှ လူများအားလုံးသူတို့ကို ဝေ့ကြည့်ကြသည်။

"ဟဲ့ . . မငိုနဲ့လို့ပြောနေတာမကြားဘူးလား . . . ။ လူကြားထဲငိုနေတာနင်မရှက်ဘူးလား . . . တိတ် တိတ် . . အခုတိတ် . . . "

ဒုံးပေက ပြောလဲပြောရင်း ကွာစိပါးစပ်ကို လှမ်းပိတ်သည်။ ကွာစိကသူ့လက်ကို အတင်းပုတ်ထုတ်သည်။ ဒုံးပေက မရမကလိုက်ပိတ်သည်။ သိပ်မ ကြာလိုက်ပါ။ သူ့လက်ပေါ်ကွာစိ၏ မျက်ရည်နှင့် နှပ်များစီးကျလာ၏။ ကွာစိငိုသံက ပါးစပ်ထဲက ထွက်မလာပဲ နှာခေါင်းထဲကသာ ထွက်နေ၏။

ကွာစိငိုတာမြင်တော့ လက်ဖက်ရည်ဆိုင်မှ လူအားလုံးက သူတို့ကိုဝိုင်းကြည့်နေကြသည်။လူတွေဝိုင်းကြည့်နေတာ မြင်တော့ဟိုနှစ်ယောက်လဲဘာလုပ်လို့လုပ်ရမှန်းမသိတော့ခေါင်းကိုကုပ်၍သာ နေလိုက်ကြသည်ဒုံးပေကသာပို၍ပြာတောက်သွားပြီး စားပွဲပေါ်တွင် တင်ထားသောတစ်ရှူးများယူပြီး ကွာစိမျက်ရည်နှင့် နှပ်များသုတ်ပေးကာ . . .

"ဟဲ့ . . . တိတ်တော့လေ . . . "

တိတ်တော့ . . . ။ ဟိုမှာ လူတွေဝိုင်းကြည့်နေပြီ . . . "

ဟုဆိုပြီး ကွာစိပါးစပ်ကို အတင်းလိုက်ပိတ်သည် ကွာစိက သူ့လက်ကို အတင်းပုတ်ထုတ်လိုက်ပြီး

"ကြည့်ပစေ . . . ကိုယ့်မျက်ရည်နဲ့ ကိုယ်ငိုတာ . . . ဘယ်သူ့မျက်ရည်မှ ငှားပြီးငိုတာမဟုတ်ဘူး . . . ဝါး. . . . "

ငိုတာမှ သံကုန်ညှစ်ငို၏။ ဒိုးပေက ကွာစိကို ကြည့်ပြီး မျက်စေ့မျက်နှာပျက်သွား၏။ ပြီးမှ ချက်ခြင်းမျက်နှာပြင်လိုက်ပြီး. . .

"တိတ်တော့နော် . . . နှင်းပွင့်ဖြူလေးလိမ္မာပါတယ်။ တိတ်တော့နော် . . . တိတ်တိတ် . . . "

ဆိုတာကို ကွာစိက မတိတ်ပဲ ။

"ဝါး . . . သူများက စေတနာနဲ့ပြောတာ . . . ။စေတနာကို နားမလည်ဘူး . . ဘာပဲဖြစ်ဖြစ် . . သူများကိုပဲ အပစ်ပြောနေကြတယ်။ တစ်ခါလဲမဟုတ် . . အဟု . . . အဟု . . . နှစ်ခါလဲ မဟု . . . ဟု . . . အဟွတ်အဟွတ်. . . "

ကွာစိကငိုရင်းသီးပါသီးနေ၏။

ဒိုးပေကသာ မျက်နှာငယ်ကလေးဖြင့် . . .

"ငါအလကားပြောတာပါဟာ. . . နင့်စေတနာငါနားလည်ပါတယ်။ ဟောဒီတလောကလုံးလည်း နားလည်ပါတယ် . . . ပြောမှားဆိုမှား ရှိရင်လဲခွင့်လွှတ်နော် ငါလည်းနင်နဲ့ခွဲပြီး အဆောင်မပြောင်းပါဘူး. . . "

"နင်အဆောင်မပြောင်းလဲ ငါငိုမှာပဲ. . . ဝါး. . . "

ကွာစိကတစ်ခွန်းအတင်မခံပြောပြီး ငို၏. . . ဒိုးပေကကွာစိငိုတာမြင်တော့လက်ကိုင်ပဝါပဲယူရမလို ထမင်းချိုင့်ပဲမရမလိုတွေဖြစ်နေ၏။

နောက်မှသတိထားပြီး. . .

"ဟဲ့. . . နင့်ကိုရုံးပိတ်ရက်ကျရင် တိရစ္ဆာန်ရုံငါပို့ပေးမယ်နော်. . . နော် . . . လို့ . . . လိမ္မာပါတယ်နှင်းပွင့်ဖြူကလေးက . . . တိတ်နော် . . . တိတ်. . . . တိတ် . . . . "

တိရစ္ဆာန်ရုံအသံကြားတော့ကွစိငိုနေရာမှတစ်ချက်ကြောင်ပြီး အငို ရပ်သွား၏။ ကွာစိ အငိုမတိတ်ချင်တိတ်ချင်နဲ့ တိတ်သွားပုံရသည်။ နောက်မှငဲခနဲ ပြန်ငိုချကာ. . .

"နင်ပို့မယ်ပို့မယ်နဲ့ ငါ့ကို ညာပေါင်းများပြီး . . . ငါမယုံဘူး ငိုမှာပဲ. . . ငဲ. . . . အု. . . အု. . . ငဲ. . . တကယ်လဲမပို့ဘဲနဲ့ . . ဝါး. . . "

ကွာစိထပ်ငိုပြန်သည်။ တကယ်ငိုသည်။ အပေါ်နှုတ်ခမ်းချွန်ပြီး အောက်နှုတ်ခမ်းမဲ့နေပြီးတော့ကိုအပီအပြင်ငို၏။

ကျော်ထက်နှင့် ညီမင်း လဲကွာစိငိုတာကြည့်ပြီး ဘာလုပ်လို့လုပ်ပေးရမှန်းမသိပဲရှက်ရှက်နှင့် ခေါင်းငုံ့နေကြသည်။ တစ်ဆိုင်လုံးရှိလူများအားလုံးကလည်း သူတို့ကို တအံ့ တသြကြည့်နေကြပြီ။ ဒုံးပေက သူ့ရင်ဘတ်ကို သူပုတ်၍. . . .

"နင်တစ်ကယ်ပို့မှာလား. . ဟီး. . "

"တကယ်ပို့မှာပါဟာ . . . တကယ်ပို့မှာပါ . . . ငါမလိမ်ပါဘူး . . . ဒီတစ်ခါအသေအချာပို့မှာပါ . . . မငိုနဲ့တော့နော်. . . "

ထိုတော့မှကွာစိဟိုကြည့်ဒီကြည့်နှင့် ရှုခနဲရှုခနဲနှပ်တွေ ရှုသွင်းလိုက်ကာ အငိုရှိန်သတ်လိုက်သည်။ ဒါတောင်သူ့အပေါ်နှုတ်ခမ်းပေါ် အောက်နှုတ်ခမ်းတင်မဲ့၍ ရှုတ်ခနဲရှုတ်ခနဲအသက်ရှူသွင်းကာ ဆတ်ငင်ဆတ်ငင်ဖြစ်နေသေး၏။ ဒုံးပေကစားပွဲပေါ်မှတစ်ရှုးအကြမ်းများနှင့် ကွာစိမျက်နှာကို တယုတယသုတ်ပေးသည်။ နောက် အသံတိုးတိုးတိုးတိုးဖြင့်. . .

"လိမ္မာလိုက်တာ နှင်းပွင့်ဖြူကလေးကချစ်စရာလေးပါလားနော် မနက်ဖြန်ကျရင် တိရစ္ဆာန်ရုံသွားကြမယ်နော် . . . တိတ်တော့နော်. . "

ကွာစိက သူ့နှခေါင်းနှင့်သူရှုခနဲရှုခနဲလုပ်ပြီး နှုတ်ခမ်းကိုမဲ့ကာ ဟိုကြည့်ဒီကြည့်လုပ်သည်။ ပြီးမှ. . .

"အဲဒီမှာ နင်တို့အမျိုးတွေရှိလို့လား . . . "

ငိုသံနှင့် မေး၏။ ဒုံးပေက သူ့မျက်နှာကို တစ်ရှုးစနှင့်တို့ပေးနေရင်းက . . . .

"ရှိတာပေါ့ဟ . . . ငါတို့ အမျိုးတွေက ခြင်္သေ့တွေလေ . . . နောက် . . . နင်တို့အမျိုးတွေလဲရှိတယ် . . . "

ဒုံးပေစကားကြားတော့ ကွာစိမဲ့ကာ တစ်ဖက်သို့ ဖြည်းဖြည်းခြင်း လှည့်သွားသည်။

နောက်မှ နှပ်တွေကို ရှုခနဲရှုသွင်းရင်း . . .

"အေးလေ . . ငါကိုယ်တိုင်ကိုက မျောက်ပါ . . . အဟင့် . . . "

မပြုံးဖြစ်သေးသော ကျော်ထက်နှင့် ညီမင်းညိုထိုတော့မှ ပြုံးဖြစ်သွားကြ၏။ အော်. . . ကိုယ့်အမျိုးကျတော့ သိသား . . .

"ကဲ . . . ဒါဆို. . . ကျွန်တော်တို့လဲ ဒီလောင်ခင်နေကြပြီဆို တော့ ကွာစိကို တိရိစ္ဆာန်ဥယျာဉ်သွားဖို့အတွက် ကျွန်တော်တို့ပဲ တာဝန်ယူပါရစေ . . . နော် . . . မသင်းသင်းလှိုင် . . ."

ကျော်ထက်စကားကို ဒိုးပေက ဘာမှမပြောပဲ ပြုံး၍ ခေါင်းငုံ့သွား၏။ ကွာစိကသာ ရှုခနဲရှုခနဲလုပ်၍ နှုတ်ခမ်းကို မဲ့ကာ အရှိန်မသေသေးသော ငိုသံကြီးဖြင့် . . .

"ဝါးကျောလဲ အဲဒီမှာ ဖွင့်မှာနော် . . ရှု . . ."

နှစ်ယောက်လုံးထပ်ပြုံးဖြစ်၏။ စားစရာရှိတာ အဲဒီမှာပဲ စားမယ်ဆိုတဲ့ သဘော . . .။ဒါကို စေတနာကောင်းသော ညီမင်းက . . .

"စားပါဗျာ . . . ကြိုက်သလောက်သာစားပါ။ ကျွန်တော်တို့ စည်းစိမ်ကုန်တဲ့အထိသာစားပါ ရပါတယ် . . ."

"ဟီး . . ဟီး . . . ပျော်စရာကြီး. . ."

ညီမင်းညိုစကားတောင်မဆုံးဘူး ခုနငိုနေသည့် ကွာစိသဘောကျသွားသလိုပေါင်ကြားထဲလက်ညှပ်၊ ဂုတ်ကလေးတိုပြီး ရယ်သည်။ မျက်ရည်များတောင်ပါးပြင်မှာ မခြောက်သေး။ သူဝန်ခံခဲ့သလို တကယ့်မျောက်မှ မျောက်စစ်စစ်။ အဲသည်လို ကွာလိုက်စေ့လိုက်မို့ သူ့နာမည်ကွာစိဆိုပြီး အများက သတ်မှတ်ခဲ့တာဖြစ်မယ် . . .

ဒိုးပေသတ်မှတ်တာကတော့ . . .

"ကောင်မလေးနင်တော်တော်နော် . . . တော်တော် . . ."

■ ■ ■

**သစ်ပင်**ပန်းပင်များက တောအုပ်တစ်ခုလို ထူထပ်နေသည်။ ရုံးပိတ်ရက်မို့ထင်သည်။

လူများကလည်း ထိုတောအုပ်အတိုင်းညို့ နေသည်။

လူများလေအစားအသောက်ပိုစားရသော တိရစ္ဆာန်များက သူတို့နှင့် အမျိုးမတူသောလူများကို ငေးကြည့်နေကြသည်။ အမျိုးမတူသော တိရိစ္ဆာန်များကို ကြည့်၍ လူများက အမျိုးစပ်ကြသည်။

"ဟဲ့ . . . ဟဲ့ . . . နှင်းပွင့်ဖြူ ဒီမှာနင်တို့အမျိုးတွေ . . . "

"မကြည့်ဘူး . . . "

ကွာစိက အရှေ့မှနေ၍ လက်ပိုက်ပြီး ခပ်မတ်မတ်လျှောက်သည်။ သူစီးထားတာက အပေါ်စားကော်လေဒီရှူးကြီး . . . ။ ရောက်နေတာက မျောက်ရုံ။ ဟိုသကောင့်သားတွေအမြင်ကတတ်လိုက်မည့်အမျိုး . . . ။ ကြည့်လေဝတ်ထားပုံ . . . ။

သူ့ခမျာ ဤကဲ့သို့အလည်အပတ်ထွက်မှ ထုတ်စီးရန် သိမ်းထားပုံရသော ထိုကော်လေဒီရှူးသည် သူမခြေထောက်ထက်အနည်းငယ်ကြီးနေပြီး၊ အရောင်အဆင်းကလဲ အသားရောင်လိုလိုအဖြူရောင်လိုလိုနှင့် ညစ်ထေးထေးနိုင်လှ၏။

နောက်ထိုဖိနပ်ကို စီးသားမကျ၍ ထင်သည်။ ညာဖက်ယိုင်လဲတော့ မလိုဘယ်ဖက်ယိုင်လဲတော့မလိုနှင့် ဖရိုဖရဲနိုင်လှသည်။ အပေါ်ကိုလည်း ဆက်ကြည့်ပါဦး . . . ။

ထိုလေဒီရှူးဖိနပ်နှင့် ဆန့်ကျင်ဖက်၊ ခြေစွပ်အပြာနုရောင်ကို စွပ်ထားပြီး ထိုခြေစွပ်နှင့် လုံးဝဆက်စပ်၍ မရသော မီးခိုးရောင်စကပ်ကို ဝတ်ထားသေး၏။

ထိုအပေါ်ကမှ ဘယ်ကဘယ်လိုရထားမှန်းမသိသော ရှေးခေတ်သာကလပ်ခရမ်းရောင်နုနုကို တွဲ၍ ဝတ်ဆင်ထားသည်။ သူ့ပုံစံကို ကြည့်ရသည်မှာထမင်းအိုးထဲမဆီမဆိုင်ရောက်နေသောငရုတ်သီးအစိမ်း တောင့်လိုအတော်ကလေးကိုမတော်မတည့်နိုင်လှသည်။ ဒါတောင်အ ကြောင်းရှိလျှင်ဝတ်ရအောင်ဆိုပြီးဂိုးသမားများဂိုးဖမ်းသော လက်အိပ် အမည်းနှစ်ခုကိုသူ့၏ဆန္ဒင်းမှုန့်ရောင်စလင်းဘတ်ထဲ ထည့်ထားသေး၏။

နေ့ခင်းနေအရှိန်ကြောင့်လား၊ ဝတ်ထားသော သာကလပ်ကြောင့်လားမသိ။ သူ့နှဖူးပေါ် ချွေးတွေစို့နေသည်။ မျက်နှာပေါ်မှက ထုံးစံအတိုင်း ဘာမှမလိမ်းထား။ ရုပ်ကတော့ အတည်။ သွားကတော့ ကျဲနေ၏။

ဒုံးပေက အနည်းငယ်တော်သေးတယ်။ အနီရောင်ဝမ်းဆက်ကြီး ဝတ်လာသည်မှ လွဲ၍ ဘာမှမထူးခြား . . . ။

ကျွဲကန်ရှေ့မသွားရန် တားယုံသာ . . . ။

သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာတောဘုရားပွဲလှည့်လာသော ရွာသူငေါ်လီတွေလိုဖြစ်နေ၏။

"မောလိုက်တာ . . . "

ကွာစိကညီးသည်။ ဟုတ်လဲဟုတ်သည်။ တိရိစ္ဆာန်ရုံကိုပတ်နေတာနေရာလဲ အတော်စုံနေပြီ။ စားတာလဲကုန်ပြီ . . . . ။ ပါလာသည့်ငွေတွေတောင် ဖုတ်လိုက်ဖုတ်လိုက်ကျန်တော့၏။

"ဒါဆိုလာ. . . ဒီပလက်ဖောင်းလေးမှာပဲ ခနထိုင်နေကြရအောင်"

ညီမင်းညိုက အကြံသမားမို့၊ လူရှင်းရာ ပလက်ဖောင်းတစ်ခုသို့ ဦးဆောင်သွား၏။

ပြီးတော့ တစ်ထွာသာသာမြင့်သော ပလက်ဖောင်းက လေးတွင် ထိုင်ချလိုက်သည်။ သူ့ဘေးမှာ ကွာစိ . . .။ စကပ်နှင့်မို့ ဆောင့်ကြောင့်ပဲထိုင်ရမလို၊ တင်ပုလင်ပဲချိတ်ရမလိုနှင့် နောက်ဆုံးတော့ လမ်းမ ပေါ်သို့သာ ခြေနှစ်ဖက်ဆင်း၍ ထိုင်ချလိုက်တော့၏။

ခနကြာမှ ဒိုးပေနှင့် ကျော်ထက်ရောက်လာပြီး . . .

"ဟဲ့ . . . နားတော့မှာလား . . . လိုက်ကြည့်ဦးမယ်လေ . . ဟဲ့ . . . ကွာစိနင့်အမျိုးတွေနင်လိုက်နှုတ်မဆက်တော့ဘူးလား . . . ဟိုဖက်မှာ ဖင်နီတစ်မျိုးကျန်သေးတယ် . . ."

ဒိုးပေစကားကို ကွာစိက အဖြေမပေးပဲ တစ်ဖက်သို့လှည့်သွား၏။ ညီမင်းက သူ့လက်မောင်းကို တံတောင်နှင့်တွတ်၍ . . .

"ကွာစိမေးနေတယ်လေ . . . ပြောလိုက်ဦး . . ."

ကွာစိတဖက်သို့ မော့နေလိုက်သည်။

ပြီးမှ စူပွပွနှင့် . . .

"မပြောနိုင်ဘူး . . . သူနဲ့လဲမခေါ်ပဲနဲ့ . . ."

ကွာစိစကားကြောင့် ဒိုးပေရယ်၏။ ပြီးနောက်ပလက်ဖောင်းပေါ် ထိုင်ချလိုက်သည်။

ကျော်ထက်က ဒိုးပေနားကပ်ထိုင်ကာ . . .

"ဘာဖြစ်လို့လဲ . . . မတည့်ကြတော့ပြန်ဘူးလား . . ."

ဒိုးပေက ရယ်ပြန်သည်။ ပြီးမှ . . .

"ဘာမှ မဟုတ်ဘူးဟ့ . . .။ တိရိစ္ဆာန်ရုံရောက်ရင် သူ့ကို ချောရတနာစုလို့ ခေါ်ရမယ်တဲ့ . . . မခေါ်ရင်စကားမပြောဘူးတဲ့လေ . . ."

ကွာစိမျက်နှာနီကလေးနှင့် အောက်နှုတ်ခမ်းကို သူ့သွားကျဲလေးနှင့်ကိုက်ပြီးမသိမသာကျိတ်ရယ်သည်။

ကျော်ထက်နှင့်ညီမင်းသာ နား မလည်နိုင်စွာဖြင့် . . . .

"ဘာဖြစ်လို့ ချောရတနာစုလို့ ခေါ်ရမှာလဲ . . ."

"သူ့နာမည် နှင်းပွင့်ဖြူဆိုတာမလှလို့တဲ့လေ . . . အဲဒါကြောင့် ချောရတနာစုနာမည်ပြောင်းလိုက်တာတဲ့ . . ."

"အဲဒါအမျိုးတွေရှေ့မှာ ကင်မွန်းတပ်မလို့တဲ့လေ . . . ဘာလဲ

ကွာစိဟာ ကွာစိပေါ့ . . . နှင်းပွင့်ဖြူလို့ ခေါ်ပေးတာတောင် လွန်လှပြီ. . . ."

ဒုံးပေစကားကို ကွာစိက နှုတ်ခမ်းထော်ပြီး . . .

"သူနဲ့လဲမခေါ်ပဲနဲ့ စကားလိုက်ပြောနေတာမရှက်ဘူးလား ကရော် . . . ကရော် . . . ."

ကွာစိက လက်ညိုးထိုးပြီး သရော်သည်။ ဒုံးပေက မျက်လုံးပြူးပြီး လျှာပြန်ထုတ်ပြသည်။ ကွာစိက ဘေးနားက ခဲလုံးနှင့် ဒုံးပေကို ပစ်ရန် ရွယ် သည်။ ဒုံးပေကကျော်ထက်ခန္ဓာကိုယ်ကိုအသုံးချ၍ ကွယ်လိုက်၏။ ပစ်ကွင်း မရှင်း၍ထင့်ကွာစိခဲလုံးကိုမြေပြင်ပေါ်သို့ ဆောင့်ကြီးအောင့်ကြီး ပြန်ပစ်ချ လိုက်သည်။ နောက် တစ်ဖက်သို့လှည့်ကာ . . .

"တော်ပြီဟာ . . . နင်နဲ့စကားပြောရတာမကောင်းဘူး . . . ငါ ဖာသာငါအေးဆေးပဲနေတော့မယ် . . ."

ဟုဆို၍ ငြိမ်နေသည်။ စကားသံများတိတ်ဆိတ်သွားကြ၏။ဟို အကြံသမားနှစ်ယောက်ကလည်း လူချင်းကပ်နေတာဆိုတော့ ဘာမှပြော ၍မရ . . . အတန်ကြာမှ ကွာစိက ခါးဆန့်ပြီး. . .

"ပျင်းလိုက်တာဟာ . . ."

ဟုဆိုပြီး ဝါးခနဲသန်းလိုက်သည်။ အားလုံးသူ့ကို လှည့်ကြည့်ဖြစ် ကြသည်။ ဒါကို ညီမင်းညိုက . . .

"ပျင်းတယ်ဆိုရင် ဘာလုပ်ချင်လဲ ချောရတနာစု . . ."

ချောရတနာစုဟုခေါ်လိုက်သဖြင့်ကွာစိကသဘောကျကာ နှုတ် ခမ်းကိုက်ကာခေါင်းလေးစောင်းရယ်သည်။ မျက်နှာကတော့ရဲရဲလေး ရှက်သွေးထင်နေ၏။ နောက် ညီမင်း ကို ခပ်စွေစွေဝေ့ကြည့်၍. . .

"ဒီလိုဟာ . . . နင်နဲ့ ငါအလောင်းအစားလုပ်ရအောင် . ."

"ဟဲ့ . . . မလုပ်နဲ့ မလုပ်နဲ့ . . ညီမင်းညို နင်ခံရလိမ့်မယ် . . . "

ကွာစိစကားကို ဒုံးပေပျာပျာသလဲတား၏။ ဒါကို ညီမင်းက ခပ်ဟဟရယ်ပြီး . . .

"ရပါတယ်။ ခံရတော့လဲ ခံရတာပေါ့ . . . လောင်းမယ်လေ . . ဘာလောင်းမလဲ . . . "

ကွာစိက သူ့မေးစေ့ကို လက်ညိုးနှင့် ထောက်ပြီး စဉ်းစားလိုက်သည်။ နောက်မှ . . .

"ဒီလိုဟာ . . . ဒီမျဉ်းကို တွေ့လား . . . "

ကွာစိက သူနှင့် ညီမင်း ကြားတွင် ရှိသော ကွန်ကရစ်မျဉ်းကို ပြသည်။ မျဉ်းက ဒီဖက်လမ်းထိပ်မှ ဟိုဖက်ထိပ်ထိတညီတညာထဲ . . . ။ ထိုမျဉ်းကို ကြည့်၍ ညီမင်းက ခေါင်းညိတ်ကာ . . .

"အင်း . . . မြင်တယ်လေ . . . ဘာဖြစ်လို့လဲ . . . "

"အေး . . . အဲဒီမျဉ်းကို ဖြတ်တဲ့ လူတွေက ဘယ်ဖက်ခြေထောက်နဲ့ ဖြတ်ရင် ငါအနိုင်၊ ညာဖက်ခြေထောက်နဲ့ ဖြတ်ရင် နင်အနိုင် . . ဘယ်နှယ့်လဲ ဒါမျှမျှတတပဲ ဉာဏ်မပါဘူး . . . "

ကွာစိစကားကို ညီမင်းက ခပ်ဟဟရယ်ကာ ခေါင်းညိတ်လိုက်ပြီး . . .

"လောင်းမယ်လေ . . ဘာကြေးလောင်းမှာလဲ . . . "

ကွာစိနှုတ်ခမ်းတစ်ဖက်တွန့်လိုက်သည်။

"အင်း . . . ဘာကြေးလောင်းမှာလဲ ဆိုတော့ နဖူးတောက်ကြေး . . . "

"နဖူးတောက်ကြေး . . . "

"အေး . . . "

ကွာစိက ညီမင်းနဖူးကို ရွယ်၍ နဖူးတောက်မည့်ဟန်လုပ်ပြသည်။ ရပ်ကအောက်နှုတ်ခမ်းကိုက်၍ပြုံးဖြီးဖြီးနှင့်၊ လက်ညိုးကတီကောင်ဆားထိသလိုတွန့်ခနဲတွန့်ခနဲ. . .

ညီမင်းညို သဘောကျသွား သလိုခပ်ဟဟရယ်လိုက်ပြီး

"ဟားဟား . . . ရတယ်လေ . . . နဖူးတောက်ကြေးဆိုလဲ နဖူးတောက်ကြေးပေါ့ . . . "

ဟုဆို၍ သူ့လက်ဖဝါးနှစ်ဖက်ကို အားရပါးရ ပွတ်နေသည်။ ကွာစိက နှုတ်ခမ်းကိုက်၍ ညီမင်းလက်ဖဝါးကို တစ်လှည့် မျက်နှာကို တစ်လှည့်ကြည့်သည်။ ပြီးမှ. . .

"နေဦးဟ . . . နဖူးတောက်ကြေးဆို၊ မိန်းကလေးနဲ့ ယောကျ်ား လေးက လက်ဆမ္မမှာမဟုတ်ဘူး။ နောက် ငါလက်ညိုးလေးက အသေးလေး . . . နင့်လက်ညိုးကြီးက အကြီးကြီး . . . "

ကွာစိစကားကြောင့် ညီမင်းမျက်မှောင်ကျုံ့သွားသည်။

"ဒါဆိုဘယ်လိုလုပ်မှာလဲ . . . "

"ဒီလိုလုပ် . . . နင်နိုင်ရင်နင်ငါ့ကို နဖူးတောက်၊ ငါနိုင်ရင် နင့်ကို နားရင်းကလိုင်းမယ် . . . "

နားပန်ကျင်းမယ်ဆိုသည့်သဘော။ ညီမင်းက ကွာစိလက်ဖဝါး ကို တစ်လှည့်မျက်နှာကို တစ်လှည့်ကြည့်ပြီး . . .

"ရတယ်လေ . . . ကလိုင်း . . . ငါနိုင်ရင်လဲ ငါအပီအပြင် ဖွဲ့မယ် . . . "

"အေးဖွဲ့ . . . "

ဟုဆိုရင်း ကွာစိက ချက်ခြင်းမျက်ကလဲ ဆန်ပြာဖြစ်သွားကာ မျဉ်းကြောင်းကို လက်ညိုးထိုး၍. . .

"ဟာဟိုမှာဘယ်နဲ့တစ်ယောက်ဖြတ်သွားပြီး . . . ဘယ်နဲ့ တစ်ယောက်ဖြတ်သွားပြီကဲဟာ. . . "

" ဖြောင်း . . . "

ပြောတာကနောက်ကျသည်။ လက်ကညီမင်းညို၏ဇာတ်ပိုးပေါ် ဖြောင်းခနဲအရင်ကျပြီးသား. . .။ ရုတ်တရက်ခံလိုက်ရသည်မို့ ညီမင်းညို ကသူ့ဇာတ်ပိုးလေးသူအုပ်ပြီး . . .

"ဟ . . . ဟုတ်ရဲ့လား ဟ . . . ငါလဲမမြင်လိုက်ရပဲနဲ့ . . . "

"ငါမြင်တယ်လေ . . . ငါမြင်တယ် . . . ဟောဒီချောရတနာစု ကိုယ်တိုင် ဟောဒီနှစ်လုံးနဲ့မြင်တယ် . . . "

ဟုဆို၍ မျက်လုံးကြီးပြူးပြီး သူ့ကိုယ်သူလက်ညှိုးပြန်ထိုးပြသည်။ ကွာစိစကားကြောင့် ညီမင်းညိုကြောင်ပြီးသူမကိုကြည့်သည်။

ကွာစိမျက်လုံး ကြီးပြူးပြီး နှုတ်ခမ်းတစ်ခုထဲပြုံးပြသည်။

ဘာမှမတတ်နိုင်တော့ . . . ။ သူမှ မမြင်လိုက်တာကိုး။ ထို့ကြောင့် ဇက်ပိုးလေးပွတ်လိုက်၊ ကွာစိကို ကြည့်လိုက် နှင့် ဇဝေဇဝါဖြစ်နေသည်။ ကွာစိက မျက်လုံးလေးအပေါ်လှန်၍ ဒူး နန့်နေသည်။ ရှာလေးပင်နှုတ်ခမ်းဒေါင့်တစ်ဖက်ထိုးထားသေး. . .

"အဲဒါကြောင့် ပြောတာ . . . သူနဲ့ဘာမှ သွားမလောင်းပါနဲ့ လို့ . . . "

"တိတ် . . . ဘာသံမှ ထပ်မထွက်နဲ့ . . . ။ သူနဲ့လဲ မခေါ်ပဲနဲ့ . . . ဟော . . ဟော . . . ဟိုမှာ တစ်ယောက်လာပြီ . . . "

ကွာစိက ဒုံးပေကို လှည့်ငေါက်ရင်း အရှေ့သို့ပြန်လှည့်သွား၏။

ဟုတ်ပါသည်။ လူတစ်ယောက်လမ်းလျှောက်လာပါသည်။

အားလုံး၏ မျက် လုံးများက ထိုလူခြေလှမ်းပေါ်စုကျသွား၏။

"ဘယ် . . . ညာ . . . ဘယ် ညာ . . . ဘယ်ညာ . . . "

ညီမင်းညိုက ခြေလှမ်းများတွက်သည်။

"ဟုတ်ပြီ . . . ဒီအတိုင်းဆို ညာခြေပဲ . . . "

သူ့ဖာသာသူတွက်ပြီး ပျော်နေသည်။ သူလက်ဖဝါးနှစ်ဖက်ကို ပွတ်လိုက်၊ ကွာစိကို ကြည့်လိုက်နှင့် ခုန်ဆွခုန်ဆွဖြစ်နေသည်။ ကွာစိက တော့ လက်ညှိုးလေးထောင်ပြီး လျှောက်လာသူ၏ ခြေလှမ်းကို ရေတွက်နေသည်။

"ဘယ် . . . ညာ . . . ဘယ် . . . ညာ . . . "

သူတို့ရှေ့ရောက်ပြီ ။

"ညာ . . . . *Yes* ရဟူး . . . "

ညီမင်းက အကျယ်ကြီးအော်ပြီး ထခုန်မတတ်ဝမ်းသာနေသည်။ ကွာစိမျက်နှာချက်ခြင်းအိုသွား၏။ နောက်သေပြီဆိုသည်ပုံစံနှင့် လျှာလေး ထုတ်ခေါင်းလေးစောင်းပြီး ငြိမ်နေ၏။

ညီမင်းကသာ ကွာစိဖက်လှည့်၍ သူလက်ဖဝါးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းပွတ်ကာ . . .

"ကိုင်း . . . လာ . . . တောက်မယ် . . . "

ဟုဆို၍ ကွာစိ၏ နဖူးကို တောက်ရန်ပြင်သည်။

ဒီတော့မှ သေချင်ယောင်ဆောင်နေသောကွာစိပျာပျာသလဲ ဖြစ်သွားပြီး. . .

"ဟဲ့ . . . ဟဲ့ . . . နေဦး မတောက်နဲ့ မတောက်နဲ့ဦးအဲဒီအစား ငါလက်ဖက်ရည်နှစ်ခွက်ဆင့်သောက်ပြမယ်လေ . . . လက်ဖက်ရည်နှစ် ခွက်ဆင့်သောက်ပြမယ် . . . ငါ့ကို မတောက်နဲ့ "

လက်ညိုးနှစ်ချောင်းထောင်ပြီး အကြောက်အကန်ငြင်း၏။

ညီမင်းညိုက သူ့လက်ကို အတင်းဆွဲဖယ်သည်။

"ဟင့်အင်းမရဘူး တောက်မှာပဲ . . . "

"ဟဲ့ မလုပ်နဲ့လေ . . . ကောင်မလေးချောချောလေးတစ်ယောက် လက်ဖက်ရည်နှစ်ခွက်ဆင့်သောက်တာ နင်မမြင်ဖူးဘူးမဟုတ်လား ငါ သောက်ပြမယ်ငါသောက်ပြမယ်. . . ဟောဒီချောရတနာစုသောက်ပြမယ် ငါ့ကို မတောက်နဲ့နော် . . နော် . . . လိမ္မာတယ်နော် . . . "

"အဲဒါကြောင့် ငါပြောတာ၊ သူနဲ့ ဘာအလောင်းအစားသွားမလုပ် နဲ့လို့ . . ညေစ်ကြီး . . . "

ဒုံးပေကဝင်ထောက်သည်။ ဒုံးပေစကားကြားတော့အလျော့ပေး ချင်ချင်ဖြစ်နေသော ညီမင်းညို မာန်ပြန်တင်းလိုက်ပြီ . . .

မရဘူး . . . မရဘူး . . . လက်ဖက်ရည်နှစ်ခွက်လဲ ဆင့်မ သောက်ပြနဲ့ . . . ။ ငါနဖူးပဲ တောက်မယ် . . . "

"အေးဆော်ပစ် . . . နာအောင်ဆော်ပစ် . . . "

"ဟုတ်တယ်၊ ဟုတ်တယ်၊ကွာစိနင်မညစ်နဲ့ . . . "

ကျော်ထက်နဲ့ ဒုံးပေက ညီမင်းဖက်က ဝင်ထောက်ခံသည်။

အားလုံးကထောက်ခံနေတော့ ကွာစိဘာမှ မတတ်နိုင်တော့၊

ထို့ကြောင့် မျက်နှာကို မချိုမချဉ်လုပ်ပြီး . . .

"အဟင်း . . . ဒါဆိုလဲ . . . ဒို့တွေက အချင်းချင်းတွေပဲ . . . ဖြည်းဖြည်းပဲတောက်နော် . . . "

သူ့စကားကို ညီမင်းညိုကသူ့လက်ဖဝါးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ပွတ်ပြီး

"အေးပါ . . . ဖြည်းဖြည်းပဲတောက်မှာပါ . . . ကဲ . . . ဒီဖက်လှည့် . . . "

ကွာစိကမျက်လုံးလေးတစ်ဖက်ကျဉ်းပြီး ပြုံးသလိုမဲ့သလိုနှင့် မချိမချင်မလှည့်ချင်လှည့်ချင်နှင့် လှည့်လာ၏။

"ကဲ . . . နှဖူးလေးလှန်လိုက်ပါဦး . . . "

ကွာစိနှာခေါင်းရှုံ့ပြီး ဆံပင်သပ်တင်သည်။ ညီမင်းညိုလက်ညှိုးသူ့နှဖူးရှေ့လက်တင်လိုက်သည်။

ကွာစိက မျက်ခုံးလေးတွန့်နှာခေါင်းလေးရှုံ့၍ မျက်လုံးလှန်ကြည့်ကာ . . .

"ဖြည်းဖြည်းနော် . . . "

ညီမင်းညိုက ခပ်ဟဟရယ်လိုက်ပြီး

"အေးပါ . . . . မနာစေရပါဘူး"

ကွာစိက မချိပြုံးပြုံးသည်။ ထိုအချိန်မှာပင် . . .

"ထောက် . . . "

"အု . . . (ဖ်) . . . "

အသံကအတော်ကျယ်သည်။ ကွာစိမျက်နှာ ချက်ခြင်းရဲတက်သွားသည်။ပါးထဲလေအပြည့်ထည့်၍အသံကိုမျိုချလိုက်သည်။ အသံမထွက်အောင်ထိမ်းလိုက်ပုံရ၏။

နောက်အံ့အားသင့်သွားသလို ညီမင်းညိုကို ပြန် ကြည့်သည်။

ညီမင်းက အားရပါးရရယ်လိုက်ပြီး . . .

"ဟား . . . ဟား . . . မှတ်ပလားကွ . . . မှတ်ပလား. . . ငါကွ . . . "

ကွာစိသူ့ပါးစပ်သူလေအပြည့်ထပ်ထည့်လိုက်သည်။ နောက်မျက်ရည်များဝိုင်းတက်လာသည်။ သူ့နှဖူးကို သူကိုင်မလို၊ မကိုင်မလိုလုပ်သည်။ နောက်ညီမင်းကို ကြည့်သည်။ ညီမင်းညိုက ရင်ကော့နေလိုက်သည်။ ကွာစိက ခေါင်းတလှုပ်လှုပ်ဒူးတနန့်နန့်နှင့် တစ်ဖက်သို့လှည့်သွား၏။

နောက်သူ့ပါးထဲမှ လေများကို သွားကြဲထဲမှ တရှီးရှီးနှင့်ထုတ်သည်။ ညီမင်းကို ပြန်ကြည့်ပြန်သည်။ ပြီးနောက် သူ့နဖူးကို သူပြန်ကိုင်မလိုလုပ်သည်။မျက်နှာကပြုံးသလိုမဲ့သလို ဒါကို ညီမင်းညိုက . . .

“ကဲ . . . ဘယ်နှယ်ရှိစ . . . မြိန်ရဲ့လား . . . ”

ညီမင်းညိုကို ကွာစိက ပြုံးမလိုမပြုံးမလိုနှင့် ပြန်ကြည့်သည်။

ကျေနပ် ပုံတော့မရ။ နောက်ခေါင်းတလှုပ်လှုပ်နှင့် မျက်ခုံးကို ပင့်ကြည့်သည်။

မျက်ရည်ကတော့ ဝိုင်းနေတုန်း . . . ။

ညီမင်းညို၏လက်ကိုလည်းလှမ်းကြည့်၏။ ဘာမှတော့မပြော။ သူ့ပါးစောင်ထဲသူ့လျှာနှင့်ထိုးကြည့်နေ၏

“ဟော . . . ဟိုမှာ လာပြန်ပြီ . . . ”

ဒိုးပေ၏ကျယ်လောင်သောစကားသံ။ ကြည့်လိုက်တော့ လေ့လာရေးအဖွဲ့တွေဖြစ်မည်။ အားလုံး တညီတညာထဲတန်းစီထားကြ၏။

‘တပ်ဖွဲ့. . . . သတိ. . . . ညာ. . . လှည့်. . . ’

အားလုံး သူတို့ဖက်ဦးတည်၍ ရပ်နေကျ၏။

‘အမြန်လျှောက်. . . ’

အမိန့်သံနှင့်အတူ အားလုံးညီညာစွာ သူတို့ဖက်လျှောက်လာကြ၏။

‘ဘယ်ညာ. . . ဘယ်ညာ. . . ဘယ်ညာ. . . ဘယ်ညာ. . . ’

ကွန်မန်းပေးသံနှင့်အတူ ညီမင်းညိုနှင့်ကွာစိထံမှ ဘယ်ညာရေတွက် သံများကြားရ၏။

‘ဟုတ်ပြီကွ. . . ဒီအတိုင်းဆို ညာခြေပဲ. . . ဟားဟား. . . ’

ညီမင်းညိုထံမှကျယ်လောင်သောရယ်သံကြားရသည်။ ဟုတ်ပါသည်။ ဒီအတိုင်းဆက်လှမ်းလာလျှင် သူတို့သတ်မှတ်ထားသောစည်းကို ညာခြေနင့်ကိုကျော်ရမည်။

'ဟားဟား. . . အားလုံးပေါင်းအချက်လေးဆယ်ကျော်တောက်ရမယ်ဆိုတော့ နှဖူးချိုင့်ဖို့သာပြင်. . . အေဟေဟေ့. . . '

ညီမင်းညိုကသူ့လက်ဖဝါးသူပွတ်ပြီး ခုန်ဆွခုန်ဆွနှင့် ပျော်နေသည်။ သို့သော်. . . .

'သင်တန်း. . . ရပ်. . . '

'ဟာ. . . '

သူတို့စည်းကိုကျော်ခါနီးကျမှ အမိန့်သံနှင့်အတူ တစ်ဖွဲ့လုံး ခြေလှမ်းများရပ်သွား၏။ ရပ်သွားတာမှ ရှေ့ဆုံးတန်း၏ ခြေမရှေ့သူတို့စည်းက ကွက်တိ။ ညီမင်းထိပေါက်ပြီးမှ လက်မှတ်ပျောက်သလိုဖြစ်သွား၏။

'ဒီကနေ အရှေ့ဆက်သွားရင် ပန်းခြံရဲ့အပေါက်ဝကိုရောက်လိမ့်မယ်. . . အဲဒီမှာ အသင့်စောင့်နေတဲ့ကားတွေရှိလိမ့်မယ်. . . . ကားပေါ်မတက်ခင်နာရီဝက်အတွင်း ကိုယ်သွားချင်ရာသွားလို့ရတယ်. . . အားလုံးမရှင်းတာရှိလား. . . '

'မရှိပါဘူး'

'ကဲ ဒါဆို. . . '

'ဆက်. . . လျော့က်'

အမိန့်သံနှင့်အတူ အားလုံးထံမှ တညီတညာထဲထွက်လာသည့် ဘယ်ခြေများ. . . ။

'ဟာ. . . '

ညီမင်းညိုထံမှ အာမေဋိတ်သံ။ ကွာစိမျက်နှာဝင်းလက်သွား၏။

'ဟားဟား. . . ဒါသိလို့ ကွာစိတို့လောင်းတာဗျ. . . . ဟားဟားနင့်နားရင်း ရေတွင်းဖြစ်ဖို့သာပြင်. . . ဟားဟား. . . . '

ကာစိထံမှကျယ်လောင်သောရယ်သံ ကြားရ၏။

ညီမင်းညိုကကွာ စိကို အံ့အားသင့်စွာငေးကြည့်နေသည်။

ကွာစိက သူ့စလင်းဘတ်ထဲက အကြောင်းရှိလျှင် ဝတ်ရအောင်ဆိုသော လက်အိပ်ကြီးကိုဆန့်ထုတ်ဝတ် ဆင်လိုက်ပြီး. . .

"ကွာစိ ဒါသိလို့. . . ဟောဒီလက်အိပ်ဆောင်လာတာဗျ. . . ကဲ စပြီ. . . ဘယ်နှစ်ချက်လဲ. . အဲ. . သုံးယောက်ဆယ့်လေးတန်းဆိုတော့ . . အဲ. . . လေးဆယ့်နှစ်ချက်. . . "

ဟုသူ့ဖာသာသူရေတွက်ရင်း ညီမင်း၏ခေါင်းကို လက်တစ်ဖက်နှင့်ဖမ်းလိုက်ကာ အံကြီးကြိတ်၍. . .

'ကဲဟာ. . . '

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

'. . . . '

'. . . . '

'စုစုပေါင်းဘယ်နှယောက်လဲ. . . '

ကွာစိ မျက်နှာနီကြီးနှင့်အံကြိတ်မေးသည်။ ညီမင်းညို၏နံကြားကို သူ့ဒူးနှစ်လုံးနှင့်ညှပ်ထားပြီးလက်တစ်ဖက်ကလဲ ညီမင်းညိုခေါင်းကိုကိုင်ထားသည်။ ညီမင်းညိုက နားနှစ်ဖက်လက်ပိတ်ပြီး ဝပ်ဝပ်ကလေးပြန်ကြည့်သည်။ ကွာစိကဘယ်သူ့အဖြေမှမစောင့်ပဲ သူ့ဖာသာသူလက်ကိုချိုးကာ. . .

'လေးဆယ့်နှစ်ယောက်. . . ဟင် ဒါဆို နှစ်ချက်ကျန်သေးတယ် ကဲဟာ. . . '

'ဖြောင်း'

'ဖြောင်း'

ကွာစိအစာပိတ်နှစ်ချက်ကိုအားရပါးရတွယ်သည်။ ပြီးနောက် လက်အိပ်ကိုချွတ်၍ လက်ခါသည်။ ပြီးနောက် မတ်တပ်ရပ်၍. . .

'ရဟူး. . . '

လက်ကိုမြှောက်၍ အောင်ပွဲခံသည်။ နောက် ညီမင်းမျက်နှာရှေ့ ပြန်လာကာ လက်သီးဆုပ်၍ Yes ဆိုပြီး ထပ်ပြော၏။ ပြီးနောက် ဒုံးပေတို့ ဖက်သွားကာ လက်နှစ်ဖက်ကို မြှောက်၍အရပ်ထောက်၏။ အားလုံးက သူ့ကိုအံ့အားသင့်စွာငေးကြည့်နေကြ၏။ အကြီးအကျယ်အောင်ပွဲခံနေသည်။ မြှောက်ကြွမြှောက် ကြွနှင့်အားတွေရနေသည်။သူအောင် ပွဲခံနေတုန်းမှာပင် ကြားရသောအသံက. . .

'ညီမလေး. . . ညာခြေ မထောက်ကြေးနော်. . . '

'အင်းပါ. . . အစ်ကိုလည်း မထောက်နဲ့နော်. . . '

ကြည့်လိုက်တော့ ခြေတစ်ပေါင်ကြိုးခုန်တမ်းဆော့နေသော ကလေးနှစ်ယောက် ရယ်မောရင်းတဖြည်းဖြည်းသူတို့စည်းနားနီးလာပြီ။

ကွာစိက အံကြီးကြိတ်ပြီး ညီမင်းကိုဆတ်ခနဲဝေ့ကြည့်သည်။ ညီမင်းညိုငိုမလိုမျက်နှာနှင့် ခေါင်းကုတ်ကာ

'သေပါပြီအမေရဲ့. . . . '

ဟုငိုသံကြီးနှင့်ပြောကာဇက်ပိုးကိုအုပ်၍ငုံ့နေလိုက်သည်။ ကွာစိက ခုနချွတ်ထားသောလက် အိပ်ကိုပြန်စွပ်သည်။

■ ■ ■

**နောက်** တစ်နေ့နံနက်စောစော ကျော်ထက်နှင့်ညီမင်းညိုလက်ဖက်ရည်ဆိုင်ရောက်ပြီး အတော်ကြာမှ ဒိုးပေနှင့်ကွာစိထွက်လာသည်။ ကွာစိ၏ညာလက်တွင်ပတ်တီးထူထူကြီးစီး၍ လည်ပင်းမှာသိုင်းလွယ်ထားပြီး မြှောက်ကြွမြှောက်ကြွနှင့်ရောက်လာ၏။ သူပြောတာကတော့. . .

"ဒါ သူရဲကောင်းတွေရဲ့တိုက်ပွဲဝင်အမှတ်အသားလေ. . . မကြာခင်ရွှေချတော့မှာ. . . တဲ့. . . ။

ညီမင်းညိုခမျာ ကွာစိကိုစေ့စေ့တောင်မကြည့်ရဲဘူး။ ခိုးထုတ်ခိုးထည်နှင့်မိသောလင်ငယ်လို မျက်နှာလေးဝပ်နေ၏။ ကွာစိကတော့ ညီမင်းညိုနားကပ်ထိုင်ပြီး အပေါ်စီးကနေ ညီမင်းညိုငယ်ထိပ်ကို ရှုံ့နေတော့တာ. . . ။ အော် . . . ပြောရဦးမယ်။ ဒီနေ့လည်း သူ့နာမည်ပြောင်းထားပြန်ပြီတဲ့. . . . ။

ကွာစိလည်းမဟုတ်ဘူး။ နှင့်ပွင့်ဖြူလည်းမဟုတ်ဘူး။ ချောရတနာစုလည်းမဟုတ်တော့ဘူးမှုံရီဝေဝေ. . . တဲ့. . . ။ ကဲခေတ်ကာလသားသမီးများမခက်လား. . . ။

နောက် မုန့်ဟင်းခါးနှစ်ပန်းကန်စားပြီး အလုပ်ရှိရာသို့ ထွက်သွားကြသည်။

ဟိုနှစ်ယောက်သာ သူတို့စားသွားသောက်သွားသောပန်းကန် အလွတ်၊ ခွက်အလွတ်များကိုကြည့်ပြီး ငေါင်စင်းစင်း. . .။ အတန်ကြာမှ ညီမင်းက. . .

'ကြည့်ရတာ လစ်မစ်မပြည့်ဘူးကွာ. . .'

သူ့ကိုကြည့်၍ကျော်ထက်က. . .

'နားရင်းအအုပ်ခံရတာ လစ်မစ်ပြည့်လား. . .'

ကျော်ထက်စကားကြောင့် ညီမင်းသူ့ဇက်ပိုးသူအုပ်၍ ခပ်ဖွဖွရယ်သည်။

'အဲဒါတော့ပြည့်တယ်ကွ. . . လေးချက်လောက်တောင်ကျော်သေး. . .'

နှစ်ယောက်လုံးတိုင်ပင်မထားပဲ အတူတူရယ်ဖြစ်ကြသည်။ နောက်မှ ညီမင်းညိုက. . .

'ငါ့ကိုချည်းပြောမနေနဲ့လေ. . . မင်းကရော. . .'

ကျော်ထက်သက်ပျင်းချလိုက်သည်။

'ဟူး. . . လိုတိုတိုတော့လိုတိုတိုပဲ. . .'

နှစ်ယောက်လုံး ငြိမ်သက်သွား၏။ လေပြေတို့ဝေ့ဝဲနေသည်။ သစ်ရွက်တစ်ရွက် သူတို့စားပွဲပေါ် ထောက်ခနဲထောင်လျှက်ကျလာ၏။ နောက် လေသယ်ရာသို့ လွင့်. . .။

'ကဲ ဒါဆိုလည်း လစ်မစ်သွားဖြည့်ရအောင်. . .'

ညီမင်းညိုစကားကြောင့် ကျော်ထက်မျက်လုံးပြူးသွား၏။

'ဘယ်မှာသွားဖြည့်မှာလဲ ဟေ့ကောင်. . .'

'သူတို့ဆိုင်မှာလေ. . . .'

'ဟင်. . မင်းကလိုက်သွားမလို့လား. . .'

'အေး. . . . မင်းမလိုက်ချင်နေခဲ့. . .'

'ဟာ. . . . ဟေ့ကောင် လိုက်မှာပေါ့. . . မင်းက ဖြုန်းစားကြီး'

'ချစ်တာကိုးကွ. . . ဟဲဟဲ. . . '

'အေး. . . ငါချစ်ဖို့လည်း ချန်ထားဦး. . . '

'ဟော့ကောင်. . . ဘယ်သူ့ကိုပြောတာလဲ. . . '

'ဒိုးပေကို. . . '

'ဟူး တော်ပါသေးရဲ့. . . ငါက မှုံရီဝေဝေများလားလို့. . . '

'အေး. . . မင်းလည်း ဟိုငပေါမနဲ့ပေါင်းပြီးငပေါဖြစ်နေပြီ. . . '

'ချစ်တာကိုးကွ. . . ငပေါရ. . . အဲလေ. . . '

သိပ်မကြာခင်မှာပင် လက်ဖက်ရည်ဆိုင်တွင်ထိုင်နေသော လူနှစ်ယောက်ပျောက်သွား၏။

■ ■ ■

## သူတို့

သူတို့နှစ်ယောက်ဆိုင်ထဲစဝင်လိုက်သည်နှင့် ပထမဆုံးမြင်သွားတာက ကောင်တာထိုင်နေသောမိန်းမကြီး။

လက်ထဲကဘောပင်ကို ဘတ်ခနဲပစ်ချပြီး မီးတောက်နေသောမျက်လုံးအစုံနှင့် လက်နှစ်ဖက်ကိုအရှေ့ထုတ်ပြီး . . .

'မောင်လေး. . . မောင်လေး. . . မောင်လေး. . . မောင်လေးလာတယ်. . . မောင်လေးလာတယ်. . .'

ထိုအဖြစ်ကိုမြင်တော့ ကျော်ထက်မျက်လုံးပြူးသွားပြီး . .

'ဟဟ. . . . လုပ်ကြပါဦး. . . .'

ဟုဆိုပြီး ညီမင်းညိုကိုဆွဲ၍ကာလိုက်သည်။ ဒါကို ထိုမိန်းမကြီးက ညီမင်းညိုပခုံးကိုအရပ်ထောက်၍ကျော်ကြည့်ပြီး. . .

'ကွဲလာပြီလားဟင်. . . ကွဲလာပြီလား. . .'

သူ့ရှေ့ ထောက်ကြွထောက်ကြွဖြစ်နေသောမိန်းမကြီးကိုကြည့်၍ ညီမင်းလည်းကြောင်ပြီး ထုတ်ဆီးထိုးသလိုကာ၏။

'ဟဟ. . . ဘာဖြစ်တာလဲဗျ. . . ဘာကွဲလာတာလဲ. . .'

မိန်းမကြီးက သူ့ကိုမကြည့်သေး။

သူ့ပခုံးပေါ်မှကျော်၍ ကျော် ထက်ကိုလက်ညှိုးထိုးကာ. . .

'ဟိုမောင်လေး. . . . ဟိုမောင်လေး. . . အနောက်ကမောင်လေး. . . အရင်မိန်းမနဲ့ကွဲလာပြီလားလို့. . .'

ထိုတော့မှ ညီမင်းညိုက သဘောပေါက်ပြီးကပျာကယာဖြင့် ကျော်ထက်ကိုအနောက်ကဆွဲထုတ်ကာ. . .

'ဟဟော့ကောင်. . . မင်းပြဿနာမင်းရှင်းကွ. . . . လဲမသိဘူး'

ဟုဆိုရင်း ကျော်ထက်ကို အရှေ့သို့တွန်းလွှတ်လိုက်သည်။

ကျော် ထက်ကိုလည်း အနီးကပ်မြင်ရော ထိုမိန်းမကြီးမှာ ညောင်စေး ကျနေသော မုန့်ကျွဲသဲအိုးကြီးလို ပျော့ပလစ်သွားပြီး. . .

'ဟယ် မောင်လေး. . . အရင်ကအတိုင်းပဲနော်. . . အလုံးလည်း မလျော့အထောက်လည်းမလျော့ပါလား. . . အိုဘာတွေလျှောက် ပြောမိနေမှန်းတောင်မသိဘူး. . . . ကိုယ်လည်းမြင်ရတာမဟုတ်ပဲနဲ့. . . အဲလေ. . . စကားစကားပြောပါများ. . . စကားထဲကညောင်စေးကျကုန်ပြီ. . . အဲ ဟုတ်ပေါင်. . . ယောင်လို့. . . ဟိုလေ . . .'

မိန်းမကြီး ဘာတွေပြောလို့ ပြောနေမှန်းမသိ။ ဒုံးပေကသူ့တို့ကို ငေးကြည့်နေ၏။ ကွာစိကသာသူ့သွားကျဲကိုလျှာနှင့်ထိုးရင်းခေါင်းတလှုပ် လှုပ်နှင့်မသိချင်ယောင်ဆောင်နေ၏။

ဒုံးပေကြည့်နေ တာမြင်တော့ ကျော် ထက်လည်းတင်းသွားပြီး. . .

'ဒီမှာအဘွား. . .'

မိန်းမကြီးက ခိုးထုတ်ခိုးထည်နှင့်မိသွားသောမယားငယ်လို လက်ကလေးဆုပ်၊ မျက်လုံးကလေးကလယ်ကလယ်လုပ်ပြီး 'ဆန်'ဆိုပြီး ပြန်ထူး၏။ ကြာမှပါအောင် 'ရှန်' ဟုထူးလိုက်ပုံရ၏။ သို့သော် စကားကမပီတော့ 'ရှန်' အစား'ဆန်' ဖြစ်သွားရ၏။ ဒါကိုကျော်ထက်က. . .

'ဆန်တွေ ကောက်ညှင်းတွေလာလုပ်မနေနဲ့. . . ကျုပ်ဒီကိုလာတာ စျေးဝယ်ဖို့လာတာ. . . မိန်းမလာရှာတာမဟုတ်ဘူး. . .'

'ဒါဆို ဘယ်သူက မိန်းမလာရှာတာလဲဟင်. . .'

မိန်းမကြီးကမလျော့သေး။

သူ့စကားကြောင့် ကျော်ထက်ပိုစိတ် ရှုပ်သွားပြီး. . .

'ဟာဗျာ. . . ဒါတော့ ကျုပ်ဘယ်သိပ့်ါမလဲ. . .'

မိန်းမကြီးက ခြေဆောင့်ပြီး. . .

'ဟင်း. . . သူများသိမလားလို့ မေးလိုက်ရတာအမော. . . သိရင်လည်းပြောပြနော်. . . တစ်ယောက်မကောင်း တစ်ယောက်ပြောင်းရအောင်. . . .'

'ဟင်. . . အတင်းကြီးပါလား. . .'

အမျိုးသမီးက သူ့နှုတ်သီးကိုချွန်နေအောင်စူလိုက်ပြီးတစ်ဖက်လှည့်၍. . . .

'ဟုတ်တယ်. . . နှစ်ဆယ်ရာစုရဲ့ လက်ကျန်သမီးပျိုတွေကအတင်းကြီးပဲ. . .'

မိန်းမကြီးက မူသလိုဟန်မျိုးနှင့် လက်နှစ်ဖက်ကိုပြောင်းပြန်လျှက်ပြီး တစ်ဖက်လှည့်သွားပြန်၏။

'အတင်းဆိုလည်း နောက်မှတင်း. . . . ဒီမှာဈေးဝယ်လိုက်ဦးမယ်. . . . ဟိုတစ်ယောက်ကိုတော့မေးကြည့်. . . သူမိန်းမလိုချင်နေတယ်ဆိုပြီး ပြောတယ်'

'ဟယ်. . ဘယ်တစ်ယောက်လဲ. . . ဘယ်တစ်ယောက်လဲ. .'

ပြောင်လက်သောမျက်လုံးအစုံနှင့်မိန်းမကြီးကလှည့်မေး၏။

ကျော်ထက်က ညီမင်းညိုကိုလက်ညိုးထိုးပြလိုက်ပြီး. . .

'အဲဒီကောင်. . .'

'ဟယ်. . . ဝမ်းသာလိုက်တာ သူလည်းနုနေတာပဲ. . .'

ဟုဆိုပြီးညီမင်းညိုထံခုန်ပေါက်၍ပြေးသွား၏။ ဒါကိုမသိသေးသောညီမင်းညိုကစပ်ဖြဲဖြဲမျက်နှာနှင့် ကွာစိရှိရာသို့လှမ်း နေသည်။ သို့သော်မရောက် လိုက်ပါ။ ဘောက်ဘတ်၊ ဘောက်ဘတ်ခြေသံများနှင့်အတူ သူ့ရှေ့ရောက် လာသောမိန်းမဝဝကြီး။ ညီမင်းညိုကိုရွှမ်းရွှမ်း စားစားကြည့်ပြီး. . .

'မောင်လေး. . ဘာလိုချင်လို့လဲ'

ညီမင်းညိုမျက်မှောင်ကြုတ်သွား၏။

ပြီးနောက် ဘာမှပြန်မပြောပဲ ကွာစိရှိရာသို့သာလှမ်းသွား၏။

ကွာစိကလည်း သူ့တည့်တည့်ညီမင်းလာတာ တွေ့တော့ မျက်စောင်းထိုးကြည့်ပြီး တစ်ခြားကောင်တာ တစ်ခုကိုပြောင်း သွား၏။

ညီမင်းက ထိုကောင်တာသို့လိုက်၏။

မိန်းမကြီးကလည်း သူနှင့်ကပ်လျှက်. . .

"အောင်မှာ. . ဘောသမားများဘောကပ်တာကြနေတာပဲ"

'မောင်လေး မောင်လေး. . . . ဘာလိုချင်လို့လဲ. . . . မမကို မမကိုပြောပါလားဟင်. . . .'

အသံက အသက်ငင်သလို ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေ၏။ သူ့ကို အသည်းအသန်လိုက်နေသောမိန်းမကြီးကို ညီမင်းညိုကဆတ်ခနဲကြည့်ကာ. . .

'ဇော်ဝင်းရှိလား. . .'

'ဆန်'

ကောက်ခါငင်ခါမေးလိုက်သောညီမင်းညိုစကားကြောင့် မိန်းမကြီး ကြောင်သွားပုံရ၏။ အတန်ကြာမှ ပျာပျာသလဲဖြင့်. . .

'ဒီဆိုင်ပိုင်ရှင်ဦးဇော်ဝင်းကိုပြောတာလား. . .'

'ဟုတ်တယ်. . သူ့ကိုပြောတာ. .'

'ဘာ. . . ဘာလုပ်မလို့လဲဟင်'

'ဩော်. . . ဒီမှာ ဈေးဝယ်သူယောကျ်ားလေးတွေကို အနှောင့်အယှက်ပေးနေတဲ့ဟိုဖက်ရာစုကမိန်းမကြီးတစ်ယောက်ရှိတယ်ဆိုတာ တိုင်မလို့. . . .'

'ဆန်'

ညီမင်းညို၏စကားကြောင့် မိန်မကြီးတွန့်ဝင်သွား၏။

ပြီးနောက် ရယ်မလို မဲ့မလိုနှင့် လက်ကလေးပြကာ. . .

'ဟိုလေ. . . . သွားတော့မယ်နော် အဟဲ. . . အဟဲ တာ့ တာ. . .'

ဟုဆိုပြီး လူသေကိုနောက်ဆုံးအနေနှင့်ကြည့်ရသလို နှမြောတသသောမျက်ဝန်းအစုံနှင့်ညီမင်းညိုကိုမှိုင်းညို့ညို့ရှိုးရင်း နောက်ဆုတ်နောက်

ဆုတ်နှင့်သူ့စားပွဲသို့ သူပြန်လျှောက်သွားတော့၏။ မိန်းမကြီးထွက်သွားတော့ သူ့ဖက် လှည့်လာမည်သိသောကွာစိက အိပ်ပျော်ချင်ယောင်ဆောင်၍ မျက်လုံး မှိတ်ပြီး ငြိမ်နေလိုက်သည်။

ထိုတော့မှ ညီမင်းညိုလည်း ကွာစိနားရဲရဲကပ်ရဲတော့၏။ ပြီး နောက်ကွာစိကိုမကြည့်ပဲ ရှိုးကစ်ထဲထည့်ထားသောပစ္စည်းများကိုငုံ့ကြည့်ကာ ခေါင်းလိမ်းဆီဘူးတစ်ခုကို လက်ညှိုးထိုးလိုက်ပြီး. . .

'ဒါလေးပြပေးပါဦး'

ညီမင်းညိုစကားကို ကွာစိက မျက်လုံးတစ်လုံးဖွင့်ကြည့်သည်။ ပြီးနောက် "ငြိမ်ငြိမ်နေပါဟာ" ဟုဆိုရင်း မျက်လုံးနှစ်လုံးလုံးပိတ်ပြီး ပြန် ငြိမ်နေ၏။ ညီမင်းညိုကအသံကျယ်ကျယ်နှင့် . . .

'ဒါလေးပြပေးပါလို့ပြောနေတယ်လေ. . .'

သူ့အသံကြောင့် ဘေးမှအရောင်းစာရေးမလေးတွေ ဝေ့ကြည့်ကြ သည်။ ထိုတော့မှ ကွာစိအိပ်ချင်ယောင်ဆောင်နေရာမှ ဖြည်းညင်းစွာထကာ မကျေမနပ်မျက်နှာဖြင့် တစ်ဖက်မှနေ၍ပစ္စည်းကိုငုံ့ကြည့်သလိုနှင့် ညီမင်း နားနားကပ်ကာ. . .

'ဘာလဲ. . . နားရင်းဖုန်ထချင်သေးလို့လား. . .'

ညီမင်းညိုက ဂရုမစိုက်သလိုနှင့် ခပ်ဟဟရယ်ပြီး. . .

'ပြမှာသာပြစမ်းပါ'

'ဘာလဲ မနေ့က ငါနားရင်းအုပ်လိုက်လို့ ထောင်တက်နေတဲ့ ဆံပင်တွေ ခေါင်းလိမ်းဆီအသုံးပြုပြီးပြန်ဖိချချင်လို့လား. . .'

ညီမင်းညိုရယ်လိုက်သည်။ ပြီးမှ အသံအနည်းငယ်မြှင့်၍. . .

'လျှာမရှည်နဲ့. . . ဝယ်သူပြောတဲ့ပစ္စည်းပြရမှာ ရောင်းသူရဲ့တာ ဝန်ပဲ. . .'

ညီမင်းညို၏အသံကျယ်ကျယ်စကားကြောင့် ကွာစိမျက်စေ့ မျက် နှာပျက်စွာ ဘေးဘီဝေ့ကြည့်လိုက်သည်။ အားလုံးက သူတို့နှစ်ယောက်ကို အထူးအဆန်းသဖွယ်ကြည့်နေကြသည်။ လူလစ်သည်နှင့် ကွာစိက ညီမင်း ညိုကိုသွားစိပြီးဖြဲပြသည်။

တော်ဝင်မြို့မစာအုပ်တိုက်

ဖွဲ့ချင်သည်ဆိုသည့်သဘော. . . ပြီးနောက် ပတ်တီးစီးထားသော ညာလက်သီးနှင့် ဘယ်လက်ဖဝါးကိုဖတ်ခနဲ ထိုးသည်။အောက်နှုတ်ခန်းကို လျှာနှင့်သပ်၏။ ညီမင်းညိုတစ်ဖက် လှည့်၍မသိချင် ယောင်ဆောင်နေလိုက်သည်။ ကွာစိကရှိုးကစ်ထဲမှ ညီမင်းညိုပြသည့်ခေါင်း လိမ်းဆီဘူးကို ယူထုတ်လိုက်သည်။

'ရော့'

ဆောင့်ကြီးအောင့်ကြီးနှင့် ခေါင်းလိမ်းဆီဘူးကိုရှိုးကစ်ပေါ် လိုမ့်တင်ပေးလိုက်၏။ ညီမင်းညိုကခေါင်းလိမ်း ဆီဘူးကိုယူကာ. . .

'ဒါ ဘယ်လောက်လဲ'

'ဈေးနှုန်းကပ်ထားတယ်'

ကွာစိက ချက်ခြင်းအဖြေပြန်ပေးသည်။ ပြီးနောက် မျက်နှာကြီးစူပုတ်ပြီး တစ်ဖက်သို့လှည့်နေ၏။ ဒူးနန့်နေမှာတော့သေချာသည်။

'ငါးထောင့်နှစ်ရာ. . . ဟင် ဈေးများလှချည်လား. . .'

ညီမင်းညိုစကားပင်မဆုံးလိုက် ကွာစိကခေါင်းလိမ်းဆီဘူးကို ဆတ်ခနဲပြန်ဆွဲယူလိုက်ပြီး . . .

' မဝယ်နိုင်ရင်မကြည့်နဲ့. .'

'ဟ. . ကြမ်းလှချည်လား'

'ကြမ်းကြမ်းပဲ'

ကွာစိက ပြောလည်းပြောပြီး ခေါင်းလိမ်းဆီဘူးကို ရှိုးကစ်ထဲပြန်ထည့်ရန်ပြင်သည်။ ညီမင်းညိုက ခေါင်းလိမ်းဆီဘူးကိုပြန်တောင်းလိုက်သည်။ ပြီးနောက် ရယ်ဖြဲဖြဲလုပ်ပြီး. . . .

'ရပါတယ်. . . ရောင်းသူကြိုက်တော့လည်း ဝယ်ရတာပေါ့'

'ဘာ ဘာပြောတယ်'

ကွာစိက ရှိုးကစ်ကိုဖုန်းခနဲပုတ်ပြီး မျက်လုံးပြူးကြီးနှင့်ရှိုးကစ်ပေါ် လက်ထောက်တက်လိုက်သည်။

အားလုံးက သူတို့ကိုဝေ့ကြည့်ကြပြန်သည်။

ထိုအဖြစ်ကိုမြင်တော့ ညီမင်းညိုပျာပျာသလဲဖြစ်သွားပြီး. . . .

'ဟို ဟိုလေ. . . ဝယ်သူကြိုက်တော့လည်း ဈေးဘယ်လောက် များများဝယ်ရတာပေ့ါလို့ ပြောတာ ဟဲဟဲ. . .'

'ကလောက်'

တောက်ခတ်ပုံရ၏။ သို့သော် တောက်မခတ်တတ်တော့ မြင်း မောင်းသလို'ကလောက်' ဟုသာအသံထွက်၏။

နောက် ကွာစိကသူ့ကိုယ်ကိုသူပြန်လျော့ချလိုက်သည်။

ဒါတောင် မျက်လုံးကိုပြူး၍ အောက်မေးကိုရွဲ့ထားသေး၏။

ညီမင်းညိုက အိပ်ထဲမှပိုက်ဆံများကိုထုတ်ရေတွက်လိုက်သည်။

ပြီးနောက် သူ့တစ်ယောက်ထဲညည်းသလိုမျိုးနှင့်. . .

'ကွာစိရာ. . . နင့်ကိုငါ ဘယ်လိုပေါင်းရမှန်းကိုမသိတော့ပါဘူး'

ကွာစိက နှုတ်ခမ်းကိုမဲ့လိုက်ပြီး. . .

'ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကိုပေါင်းတယ်ဆို တာ ပိုက်ဆံချေးဖို့နဲ့ ရည်စားစကားပြောဖို့ပဲ. . . အဲဒီနှစ်မျိုးပဲရှိတယ်. . . ဒီတော့ ငါ့မှာချေးစရာပိုက်ဆံလည်းမရှိဘူး. . . ရည်းစားလည်းမထားချင် ဘူး. . ဒါကြောင့် ငါ့ကို ဘယ်လိုမှပေါင်းဖို့မစဉ်းစားနဲ့. . . အဲ ကလေး တစ်ယောက်လို မုန့်ကျွေးပြီးပေါင်းရင်တော့ စဉ်းစားမယ်၊ ဒါပေမယ့်အဲဒီမုန့် အတွက်တော့ ဘာမှပြန်မမျှော်လင့်နဲ့. . . "

ညီမင်းညို ခေါင်းကုပ်လိုက်သည်။

'မဟုတ်ဘူးလေဟာ. . . ငါပြောတာက. . . အဲနင်ပြောတာ လည်းဟုတ်တော့ဟုတ်ပါတယ်လေ. . . . ဒါပေမယ့် တကယ့်ရင်ထဲက . . .'

စကားပင်မဆုံးလိုက် ဟွန့်ခနဲလုပ်ပြီး ကွာစိကနှုတ်ခမ်းတစ်ဖက်ကို သာ အပေါ်တွန်းတင်လိုက်သည်။ ပြီးနောက် ဟွန့်ခနဲဟွန့်ခနဲနှာမှုတ်လိုက် သည်။

ပြီးမှ. . .

'သမီးရည်းစားတွေရဲ့စကားမှာ အမှန်တရားဟာ နှစ်ဆယ်ရာခိုင် နှုန်းပဲပါတယ်'

ညီမင်းညို သူ့ဆံပင်ကိုသူ ကုပ်ဖွပစ်လိုက်သည်။

ဘာဆက်ပြောလို့ပြောရမှန်းပင်မသိတော့။

သူ့ထက်ဆယ်ဆလောက်လည်သူနှင့် တွေ့နေပြီ မဟုတ်လား. . .။

အတန်ကြာမှ. . .

'ဟိုလေ. . . မနက်ဖြန်ကျရင် နင်နဲ့ငါ ပန်းခြံထဲသွားရအောင်'

သူ့စကားဆုံးသည်နှင့် ကွာစိဆတ်ခနဲထကာ မျက်နှာခြင်းတစ်ထွာအကွာထိ ဖြတ်ခနဲတိုးလိုက်ပြီး မျက်လုံးကြီးပြူး၊ အံကြီးကြိတ်ကာ. . .

'ဘာလုပ်ဖို့လဲ. . . ဘာလုပ်ဖို့လဲ. . . ပြောစမ်း. . .'

သူ့ကိုကြည့်၍ ညီမင်းညိုလည်းလန့်သွားပြီး. . .

'ဟို ဟိုလေ. . . နင့်ကိုငါ ဟိုရေခဲမုန့်ကျွေးချင်လို့. . .'

'ခွက်ပါလား'

'ဘာ'

ရုတ်တရက်ပြန်မေးလိုက်သောအမေးကြောင့် ညီမင်းညိုကြောင်သွား၏။ ဒါကို ကွာစိက. . .

'နင့်ရေခဲမုန့်မှာ ခွက်ပါလားလို့. . .'

'ပါ ပါတာပေါ့ဟ. . . ဘာလုပ်ဖို့လဲ. . .'

ထိုတော့မှ ကွာစိဖြဲခနဲရယ်လိုက်ပြီး. . . .

'ဟီးဟီး. . . ငါ့မှာ သောက်ရေခွက်မရှိတော့လို့ဟ. . . ဟီးဟီး ရေခဲမုန့်မှာ ခွက်ပါတယ်ဆိုတော့ ရေခဲမုန့်လည်းစား ခွက်ကိုလည်းရေခွက်လုပ်လို့ရတာပေါ့ မဟုတ်ဖူးလား ဟီးဟီး. . . .'

သူ့စကားကို သူသဘောကျစွာ မြင်းဟီသလိုရယ်၏။ ညီမင်းညိုက ယောင်တောင်တောင်နှင့် ခေါင်းညိတ်ပြီးသက်ပျင်းချလိုက်သည်။ ပြီးနောက် နှဖူးမှစိမ့်ထွက်နေသောဇောချွေးများကို သူ့လက်မနှင့်ပင့်သုတ်လိုက်သည်။ ကွာစိကတော့ သူ့လက်မ၊ လက်ညှိုး၊ လက်ခလယ်သုံးချောင်းချိုးနေသည်။

'ငါက သုံးခွက်စားမှာဆိုတော့ ခွက်ကတစ်နှစ်သုံး. . . သုံးခွက်ရမယ်. . . သုံးခွက်ဆိုရင် အင်း. . . ဒိုးပေကိုတစ်ခွက်ပေးမယ်. . . အဆောင်မှူးကိုတစ်ခွက်ပေးမယ်. . . တစ်ခွက်ကငါ့အတွက်. . . .'

ဟုတစ်ကိုယ်တည်းရေတွက်နေရင်း ဖြီးနေ၏။ နောက်မှ ဆတ်ခနဲ ဒိုးပေဖက်လှည့်ကာ. . .

'ဟဲ့. . . သင်းသင်းလှိုင်. . . မနက်ဖြန် နင့်ကိုငါခွက်တစ်လုံးလက်ဆောင်ပေးမယ်သိလား. . .'

မဆီမဆိုင်စကားကြောင့် ဒိုးပေမျက်မှောင်ကြုတ်လိုက်ပြီး. . .

'ဘာလုပ်ဖို့လဲ. . .'

'တောင်းစားဖို့. . . ဟီး ဟီး ဟီး. . . . ဟစ်. . .'

ကွာစိက သူ့စကားကိုသူသဘောကျစွာရယ်နေ၏။ ဒိုးပေက မျက်နှာကိုမဲ့ပြီး . . .

'ပုရွက်ဆိတ်မ. . . နှံကောင်မ'

ဟုကျိန်သည်။ ကွာစိက ဘာမှပြန်မပြောပဲ ဒိုးပေဖက်လှည့်ကာလျှာထုတ်ပြပြီးခေါင်းတလှုပ်လှုပ်လုပ်ခါ တဟီးဟီးနှင့်ပြန်လှည့်ရယ်နေ၏။

'ဒါဆိုရင် မနက်ဖြန် ကျွန်တော်ဘယ်အချိန်လာစောင့်နေရမှာလဲ'

ကွာစိက ရယ်နေရင်းနှင့် ညီမင်းညိုကို မျက်လုံးလှန်ကြည့်သည်။

'မနက်ဖြန် မနက် ရှစ်နာရီလောက် ပန်းခြံကပဲစောင့်နေလေ. . . ငါလာခဲ့မယ်. . .'

'အိုကေနော်. . .'

ကွာစိ ပါးစပ်ကပြန်မဖြေပဲ လက်ညှိုးနှင့်လက်မသာ ဝိုင်းပြသည်။ ပြီးနောက် ရယ်ပြသည်။

'ဟီးဟီး. . .'

'ကဲ ဒါဆို ငါသွားတော့မယ်. . .'

ကွာစိဘာမှပြန်မပြောပဲ သူ့ဖာသာသူခေါင်းတလှုပ်လှုပ်နှင့် သဘောကျနေသည်။ ညီမင်းညိုကသာ အလိုက်သိစွာလှည့်ထွက်လာလိုက်သည်။

ကျော်ထက်ဆီရောက်တော့ ပခုံးပုတ်ပြီး. . .

'ကဲ မပြီးနိုင်သေးဘူးလား. . .'

ကျော်ထက် ညီမင်းညိုကိုလှည့်ကြည့်ကာ. . .

'ပြီးပါပြီ. . . ကဲ သင်းသင်းလှိုင် . . . မနက်ဖြန်မနက်ရှစ်နာရီ လက်ဖက်ရည်ဆိုင်ကပဲစောင့်တော့မယ်နော်. . . '

ဒုံးပေက ရှက်ပြုံးလေးနှင့်ခေါင်းညိတ်ပြသည်။

'ကဲ ဒါဆို ကျွန်တော်တို့သွားတော့မယ်. . . '

ဆိုပြီးလှည့်အထွက်. . .

'ဟို ဟို ကိုကျော်ထက်. . . ကိုကျော်ထက်'

ဒုံးပေခေါ်သံကြား၍ ကျော်ထက်ပြန်လှည့်ကြည့်သည်။

ဒုံးပေက ပြုံးပြီး. . .

'ဟိုလေ. . . ဘော်ဒီစပရေးဘူးဖိုးမပေးရသေးလို့. . . '

ထိုတော့မှ ကျော်ထက်လည်းသတိရသွားပြီး. . .

'အိုး ဆောရီး. . . ဆောရီး. . ဝမ်းသာလုံးဆို့ပြီး မေ့သွားတာ အဟဲ. . . "ဟုဆို၍ ကျသင့်ငွေကို ထုတ်ရေပြီး ဒုံးပေလက်ထဲထည့်ပေးလိုက်သည်။

'သွားပြီနော်. . . သင်းသင်းလှိုင်'

'ဟုတ်ကဲ့. . ကျေးဇူးပါပဲ'

နှစ်ယောက်လုံး ပုခုံးချင်းဖက်ပြီး ဆိုင်ပြင်ထွက်ရန်ပြင်သည်။

ထိုစဉ်ကြားလိုရသောအသံက. . "မောင်ကလည်းဝယ်ပေး မယ်ဝယ်ပေးမယ်နဲ့ တစ်ခါမှလည်းဝယ်ပေးတာ မဟုတ်ဘူး"

အသံကတော်ကလေးကိုနွဲ့နေ၏။

ကြားဘူးသလိုရှိ၍ လှည့် ကြည့်လိုက်တော့

"ဟင်"

"လဝန်း"

ဟုတ်ပါသည်။သူတို့နှစ်ယောက်၏ငယ်ချစ်ဟောင်းကြီးလဝန်းပါ။ ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်ကိုချွဲနွဲ့စွာမှီတွယ်ထား၏။

"ဝယ်ပေးမှာပေါ့သည်းရယ်။ ဒီမှာကပစ္စည်းတွေမမှန်ဘူး။ မောင် ဒီတစ်ခေါက်သဘော်ပြန်တက်မှ. . . "

"လာပြန်ပြီဒီသဘော်သဘော်တက်မှသဘော်တက်မှနဲ့ ပြောပေါင်းများပြီနော်. . ."

လဝန်းခြေကလေးဆောင့်ပြီးအမူပိုကာ သူတို့ဖက်လှည့်လာသည်။ထိုတော့မှသူတို့ကိုမြင်ပြီး. . .

"ဟယ်ကျော်ထက်နဲ့ညီမင်းပါလား"

မျက်နှာတစ်ချက်ကလေးမှပျက်မသွား။ ထိုထိပ်ပြောင်ကြီးကို ဆွဲ၍ပင် သူတို့ရှိရာသို့ပြုံး၍လျှောက်လာသည်။

"မောင်. . လဝန်းရဲ့တစ်ချိန်ကသူငယ်ချင်းတွေလေ"

လူကြီးကသူတို့ကိုဝေ့ကြည့်သည်။ ပြီးနောက်ဗိုက်အောက်ရောက်နေသောသူ၏ခါးပတ်ခေါင်းကိုဆွဲတင်ကာ. . . "အေးဗျာ. . ကျွန်တော်ကသဘော်ပေါ်မှာအချိန်ကုန်နေတော့ မသိလိုက်ဘူး"

"ဘယ်သဘော်လဲဒလသဘော်လား"ဟုမေးချင်သွား၏။

"ကျော်ထက်ညီမင်း ဒါလဝန်းရဲ့အစ်ကိုကြီးလေ"

နှစ်ယောက်လုံးခေါင်းသာညိမ့်ပြလိုက်၍

"ဟုတ်ကဲ့တွေ့ရတာဝမ်းသာပါတယ်အန်ကယ်"

သူတို့နှုတ်ဆက်စကားကြောင့် ဟိုနှစ်ယောက်လုံးမျက်နှာပျက်သွားကြ၏။

"အေးဗျာကျွန်တော်ကလည်းသဘော်ပေါ်မှာ"

"ကျွန်တော်တို့ကိုခွင့်ပြုပါဦး. . ."

"အန်ကယ်လည်း ကုန်းပတ်ပြန်တိုက်ရဦးမှာမဟုတ်လား. . . ဒါကြောင့် ခွင့်ပြုပါဦး. . ."

နှစ်ယောက်လုံးစကားစဖြတ်လိုက်ကြသည်။ မဖြတ်၍မဖြစ်နောက်မဟုတ်လျှင်သူတို့ပါသဘော်ပေါ်အချိန်ကုန်ရဦးမည် လူကြီးကတော့မျက်နှာနီကြီးနှင့်ကျန်ခဲ့၏။လဝန်းကသာဘာမှမဖြစ်သလိုပြုံးပြီး. . .

"နောက်မှဆုံကြမယ်လေကျော်ထက်နှင့် ညီမင်း"

သူတို့ခေါင်းသာညိမ့်ပြပြီး ထွက်လာခဲ့ကြသည်။

"လဝန်းတော့အချဉ်တစ်ကောင်မိထားပြန်ပြီကွ"

"ထားလိုက်ပါကွာသူ့အကြောင်း. . . "

အပြင်ရောက်သည်နှင့် တစ်ယောက်ကိုတစ်ယောက်ပြုံးကြည့်ပြီး. . . 'ဘယ့်နှယ့်လဲ. . . မင်းရောအဆင်ပြေရဲ့လား. . . '

ကျော်ထက်အမေးကို ညီမင်းညိုကမျက်နှာရှုံ့မဲ့လိုက်ပြီး. . . .

'ဘယ့်နှယ်ပြေရမှာလဲကွာ. . . ဘယ်အချိန်နားရင်းအအုပ်ခံရ မယ် ဘယ်အချိန်မေးရိုးအထိုးခံရမယ်ဆိုတာ တထိတ်ထိတ်နဲ့စောင့်ကြည့်နေရတော့တာ. . . . '

ကျော်ထက်ရယ်နေလိုက်သည်။

ညီမင်းညိုက ကျော်ထက်ကို မျက် မှောင်ကြုတ်ကြည့်၍. . .

'မင်းရော အဆင်ပြေရဲ့လား. . . '

ကျော်ထက်အဖြေမပေးသေးပဲ ခေါင်းကိုမော့ထားလိုက်သည်။

နောက်မှသက်ပျင်းကိုချ၍. . . 'ဟင်း. . . . ပြေပါတယ်ကွာ. . . ငါမနက်ဖြန်ဆို သူ့ကိုဖွင့်ပြော လိုက်တော့မယ်'

'ဟ ဟုတ်လှချည်လား. . . '

'ဟုတ်ရမယ်လေ. . . '

ဟုဆို၍ ညီမင်းဖက်လှည့်ကာ. . .

'မင်းရော. . . '

ကျော်ထက်အမေးကို ညီမင်းစဉ်းစားလိုက်သည်။

နောက်မှ. . . 'ငါလည်းမနက်ဖြန်သူနဲ့ချိန်းထားတာပဲ. . . အခွင့်သာရင်တော့ ပြောရတာပေါ့. . . '

နှစ်ယောက်သား တိုင်ပင်မထားပဲ ပြုံးဖြစ်ကြသည်။ နောက်မှ. . .

'အောင်မြင်ပါစေကွာ'

'မင်းရာပေါ့. . . '

မဆီမဆိုင်မိုးစက်ကလေးများ ဖြန်းပက်လာသယောင်ထင်ရ၏။ အေးချမ်းမှု၏နမိတ်ပင်ဖြစ်လိမ့်မည်။

■ ■ ■

**နောက်** တစ်နေ့နံနက်စောစောကျော်ထက်ချိန်းထားသောလက်ဖက်ရည်ဆိုင်သို့ရောက်ပြီးမကြာခင်မှာပင် ဒုံးပေရောက်လာ၏။

'ရောက်နေတာ ကြာပြီလား. . .'

ပါတိတ်ဝမ်းဆက်ခပ်နွမ်းနွမ်းလေးဝတ်ထား၏။

'ခုနကပဲဆိုပါတော့. . . .'

မျက်နှာပေါ် သနပ်ခါးခပ်ပါးပါးလူးထား၏။ သနပ်ခါးနံ့ကတစ်မျိုးကြီး။ ကွာစိမပါလား ဟုမမေးဖြစ်။ ညီမင်းညိုနှင့်ကွာစိ၊ ပန်းခြံတွင်ချိန်းထားသည်ကို သိထားနှင့်သည်ကိုး။ အင်း. . . ယခုအချိန်လောက်ဆို ငတိနှာရင်းအချက်နှစ်ဆယ်လောက်တော့ အုပ်ခံထိနေပြီဟု မဆီမဆိုင်တွေးမိသည်။

'သင်းသင်းလှိုင်. . . မှာလေ. . . တစ်ခုခု. . .'

သူမအနောက်လှည့်ကြည့်သည်။ စားပွဲထိုးကအဆင်သင့်. . .

'အင်း. . . ဆမူဆာပဲချပေး. . .'

စားပွဲထိုးလေးက အနောက်လှည့်ကာ. . .

'ဟော့ ဆမူဆာတစ်ပွဲ. . .'

'နောက် ဘာသောက်ဦးမှာလဲ. . .'

'ကျဆိမ့် ရိုးရိုး. . . .'

ကျော်ထက်ကသာကြားဖြတ်၍. . .

'ဟို ရှယ်လုပ်ပါလား. . .'

'ဟေ့ ရှယ်'

'မလုပ်နဲ့ မလုပ်နဲ့. . . ရိုးရိုးပဲ. . . ကွာစိမြင်ရင် ဘဝင်မြင့်နေလားဆိုပြီး အပြောခံရမယ်. . .'

ကျော်ထက်ပြုံးလိုက်သည်။

'မမြင်ပါဘူး'

'ဟင့်အင်း. . . မမြင်လည်း ရိုးရိုးပဲသောက်မယ်'

အော်. . . အခုလိုကျတော့လည်း ရိုးပြန်ရော။

သိပ်မကြာလိုက်ပါ။ လက်ဖက်ရည်ရိုးရိုးတစ်ခွက်နှင့် ဆမူဆာတစ်ပန်းကန်လာချသည်။ ဒိုးပေက ဆမူဆာကို လက်ညှိုးကလေးနှင့် ထောက်ထောက်ပြီးရွေးသည်။ နောက်သူ့စိတ်ထဲ အဆာပြည့်သည် ထင်သည့်စမူဆာတစ်ခုကိုယူ၍ဂွပ်ခနဲကိုက်သည်။ နောက် မျက်လုံး လေးပြူးပြီးခေါင်း တလှုပ်လှုပ်လုပ်သည်။ သဘောကျသွားပုံရသည်။ နောက် လက်ဖက်ရည်ကိုတစ်ငုံသောက်သည်။ နောက်ဆမူဆာတစ်ခုလုံး ပါးစပ်ထဲ ထိုးထည့်လိုက်သည်။ ဆမူဆာကတစ်ခုလုံးသူ့ပါး စပ်ထဲဝင်မသွားပဲဒေါင့် ချွန်နှစ်ဖက်ကနှုတ်ခန်းဒေါင့်နှစ်ခုမှအပြင် သို့ထွက်နေ၏။ နောက်ဖြည်း ဖြည်းချင်း လှိမ့်ဝါးရင်းနှင့် ဆမူဆာတစ်ခုလုံးပါးစပ်ထဲရောက်သွားသည်။ ဆမူဆာအားလုံးကုန်သွားတော့ နောက်တစ်ခုကို လက်ညှိုးနှင့်ထိုးကြည့်နေ သည်။ ပါးစပ်ထောင့်မှာဆမူဆာမှအကြော်ခံဆီစလေးများစွန်းနေ၏။

သူဒုမတိယကြိုက်ဆုံးဆမူဆာကိုယူ၍ ထိပ်ပိုင်းကိုက်ချလိုက်သည်။ ခေါင်းတလှုပ်လှုပ်နှင့်သဘောကျနေပြန်သည်။ နောက်စား ပွဲပေါ်မှငရုတ်ဆီဘူးကိုယူလိုက်ပြီး ဆမူဆာပေါ်လောင်းချလိုက်သည်။ပြီးနောက်ခုနကအတိုင်းဆမူဆာတစ်ခုလုံးကို ပါးစပ်ထဲအပြည့်ထိုး ထည့်လိုက်သည်။ ဆမူဆာဒေါင့်ချွန်နှစ်ခုက ပါးဆောင်တစ်ဖက်တစ် ချက်တွင်ထောင်ထွက်နေ၏။ သူမလက်ညှိုးလေး နှင့်ခေါက်ပြီး မဝင်ဝင် အောင် သွင်းလိုက်သည်။

"အဟု"

သူ့ခမျာမနိုင်နိုင်အောင်စားရ၍ထင့်ဆမူဆာနင်နေ၏။ နောက် မျက်ရည်များဝိုင်းလာပြီးစားပွဲပေါ် ငေ့ကြည့်သည်။ အလိုက်သိသော ကျော် ထက်ကတစ်ရှူးဘူးလှမ်းပေး၏။ သူမကမယူဘူးဆိုသည့်ပုံစံမျိုးနှင့် လက်ကာပြသည်။

နေက်ပါးစပ်ထဲမှဆမူဆာကို ပထမကမ္ဘာစစ်ကဒီဇယ်ခေါင်း မီးရထားခုတ်သလိုဂျုတ်ဂျုတ်ဂျက်ဂျက်နှင့် ဆက်လက်ခုတ်မောင်းစား သောက်နေသည်။ အားလုံးကုန်ခါနီးမှလက်ဖက်ရည်ခွက်ကိုမော့ချ လိုက်သည်။ ပြီးမှကျော်ထက်ဖက်လှည့်၍ရယ်ပြသည်။

"အဟီး"

ရယ်ပြတာနှင့်မတူ။သွားဖြဲပြတာနှင့်သာတူ၏။ ပြီးမှတစ်ရှူးဘူးကို လှမ်းယူ၍နှုတ်ခမ်းဒေါင့်မှဆီများကို ခပ်ကြမ်းကြမ်း သုပ်ကာ. . .

"အဟီး. . မနက်ကတည်းကဗိုက်ဆာနေတာ. . .။ ကွာစိလေ ချက်ထားတဲ့ထမင်းတွေအကုန်စားပစ်လိုက်လို့. . . အဟီး. . အခုမှပဲနေ သာ ထိုင်သာရှိသွားတော့တယ်။ငါ့ကိုရေနွေးဘူးလေးကမ်းပေးပါဦး"

ကျော်ထက်က ရေနွေးဘူးကမ်းပေးယုံသာမက ရေနွေးတစ်ခွက် ပါထည့်ပေးလိုက်၏။ပြီးမှ. . .

"သင်းသင်းလှိုင်. . ."

သူမရေနွေးခွက်ကိုမရင်းမော့ကြည့်၏။

"ငါနင့်ကိုချစ်တယ်"

မဆီမဆိုင်ပြောချလိုက်သောစကားကြောင့်သူမတစ်ချက်ငြိမ် သွား၏။ မျက်နှာတော့မနီပါ။ ပါးစပ်ဒေါင့်မှာသာဆီများကို တစ်ရှူးစနှင့် ပွတ်ထား၍ဂျော်ကာနှင့်တူနေ၏။ ထိုဂျော်ကာပါးစပ်ကြီးနှင့်ပင်ဟန်မ ပျက်ရေနွေးကိုဆက်သောက်၏။ ပြီးမှရေနွေးခွက်ကိုပြန်ချပြီး. . .

"အဲဒါရည်းစားစကားလား"

"မသိဘူးလေ. . . ထင်တာပဲ"

"မသိဘူး. . . ဟုတ်လား. . . နင်တခြားမိန်းခလေးတွေကို ပြောတုန်းက ဒီလိုပဲပြောခဲ့တာမဟုတ်လား. . ."

ကျော်ထက်မျက်နှာ ယောက်ျားတန်မဲ့ရဲခနဲ. . .။

"ဟိုလေ. . . အရင်မိန်းခလေးတွေတုန်းက တကယ်မချစ်တော့ စကားကိုကွေ့ဝိုက်ပြီးပြောခဲ့တာပေါ့. . .။ ဒါပေမယ့်နင့်ကိုတော့တကယ်ချစ်တာလေ. . . ဒါကြောင့်. . . အဟဲ. . . တည့်တည့်ပဲပြောလိုက်တယ်"

သူမနှုတ်ခမ်းမဲ့လိုက်သည်။ ပြီးနောက်. . .

"ဒီဘက်လှည့်ကြည့်စမ်း. . ."

ကျော်ထက်သူ့ဘက်လှည့်သည်။ သူမက ကျော်ထက်မျက်နှာနှင့် တစ်ထွာအကွာထိ တိုးကပ်လားပြီး မျက်လုံးကိုအသေအချာကြည့်သည်။ အတော်ကြာသည်အထိကြည့်သည်။

ကျော်ထက်ကသာရှက်ကိုးရှက်ကန်း . . . အတန်ကြာမှ. . .

"အင်း. . . နင့်မျက်လုံးမှာတော့တကယ်ခံစားတဲ့ အရိပ်အယောင်မြင်ရတယ်"

သူမစကားကြောင့် ကျော်ထက်ဝမ်းသာသွာပြီး. . .

"ဒါ. . ဒါဆို. . နင်. . . ငါ့အချစ်ကိုယုံတယ်ပေါ့နော်. . ."

သူမကကျော်ထက်ကိုဖြတ်ခနဲ ဝေ့ကြည့်ရင်း. .

"အေးလေ. . . ယုံရမှာပေါ့. . ."

"ဒါ. . ဒါဆို. . နင်. . . နင်ကရော. . ငါ့ကိုပြန်ချစ်နိုင်မလား"

သူမသက်ပျင်းချသည်။

နောက်ကျော်ထက်ကို ဖြတ်ခနဲပြန်ဝေ့ကြည့်ရင်း. . .

"ကွာစိက ကြိုက်မှာမဟုတ်ဘူး. . ."

"ဘာ"

သူမ၏မဆီမဆိုင်စကားကြောင့် ကျော်ထက်အံ့အားသင့်သွားသည်။

"ဟုတ်တယ် ငါရည်းစားထားရင်ကွာစိကကြိုက်မှမဟုတ်ဘူး."

"ဟာ. . ဘယ်လိုကြီးလဲ. . ."

ကျော်ထက်ပက်လက်လန်ကျမတတ်ဖြစ်သွား၏။ သူမဘာမှ ပြန်မပြောပါ။ နှုတ်ဆိတ်နေ၏။ကျော်ထက်သာခေါင်းကုတ်အဖြေထုတ်ရင်း. . .

"ကွာစိမကြိုက်တာနဲ့ နင်ပြန်မချစ်တာနဲ့ ဘာဆိုင်လို့လဲ. . . "

"ဆိုင်တယ်လေ. . . ကွာစိက သူ့အိမ်ထောင်မကျမခြင်းငါ့ကိုရည်းစားမထားရဘူးတဲ့. . . "

ကျော်ထက်စိတ်ရှုတ်စွာ ခေါင်းကိုခပ်ကြမ်းကြမ်းဖွပစ်လိုက်သည်။ ပြီးမှ သူမကိုပြန်ကြည့်ပြီး. . .

"သင်းသင်းလှိုင်"

သူမငေ့ကြည့်သည်. . .

"ကွာစိကိုသိပ်ချစ်တာပဲလား"

သူမဟက်ဟက်ပက်ပက် ရယ်လိုက်သည်. . . ပြီးမှ. . .

"ချစ်တာပေါ့. . . ကွာစိကိုချစ်တာ ကျွန်မတစ်ယောက်ထဲမဟုတ်ဘူး. . .။ ကျွန်မတို့တစ်ဆောင်လုံး ချစ်ကြတာ။ အဆောင်မှာကွာစိဟော့ဆိုဘာပဲလုပ်လုပ်. . .။ အင်း. . . အဲဒီအထဲမှာမှ သူကကျွန်မကိုပြန်ချစ်တာဆိုတော့ ကျွန်မကံကောင်းတာပေါ့. . . "

ကျော်ထက်စိတ်လေသွားသည်။ ဘာပြောလို ပြောရမှန်းပင်မသိတော့။ သူမဆီကအဖြေရဖို့အရေး၊ ဟိုတစ်ယောက်ကိုကြိုတင်လင်ပေးစားရမည့်ပုံ. . .။

ကွာစိသူ့ကိုပြန်ချစ်တာ သူအင်မတန်ကံကောင်းလို့တဲ့။ ဒါဆိုညီမင်းညိုသာ ကွာစိအချစ်ကိုရလျှင် သိန်းထီပေါက်တာထက်ကို ဝမ်းသာဖို့ကောင်းနေပြီလား. . .။

"ဟို. . ဟိုလေ. . သူယောက်ျားမယူမခြင်းတော့ ပြန်မချစ်ဘူးမလုပ်ပါနဲ့. . .။ဒီအတောအတွင်းလည်း. . . "

သူ့စကားပင်မဆုံးပါ ဒုံးပေကခပ်ဟဟရယ်သည်. . . ပြီးမှ. . .

"စဉ်းစားပေးမယ်လေ. . .။ အခုလောလောဆယ်တော့. . .

စကားကိုထပ်မဆက်ပဲ ကျော်ထက်ကိုငေ့ကြည့်သည်။

“ရှင်တို့ဘယ်လောက်ထိရိုးသားနိုင်ကြမယ်ဆိုတာ စောင့်ကြည့်ရုံပေါ့. . .”

“ ဟူး. . . ”

ကျော်ထက်ရင်အနည်းငယ်ချောင်သွား၏။ ဟိုတစ်ယောက် ယောကျ်ားရမှဆိုတာထက်ကိုတော်သေးတာပေါ့. . .။ ရာသီဥတုက သာယာသွား ပြန်သည်။

ထိုခနမှပင် အပြေးတစ်ပိုင်းနှင့်ရောက်လာသောညီမင်းညို. . .။ ချွေးတွေသံတွေလဲ ရွှဲလို့. . .။ ဒိုးပေကိုမြင်တော့ ကမန်းကတန်းပြေးချလာပြီး. . .

“လုပ်ပါဦး. . . လုပ်ကြပါဦး”

သူ့အလောတကြီးစကားကြောင့် နှစ်ယောက်လုံးပြူးသွားပြီး. . .

“ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့လဲ”

“ဘာဖြစ်လာတာလဲ. . . ဘာဖြစ်လာတာလဲ”

သူတို့အမေးကိုညီမင်းက အဖြေမပေးသေးပဲကြောင်တောင်တောင်နှင့်ဘေးဘီဝေ့ကြည့်ကာ. . .

“ကွာစိရော. . ကွာစိ၊”

သူတို့စကားကြောင့် ကျော်ထက်အံ့အားသင့်သွားသည်။ ဒိုးပေက မျက်မှောင်ကျုံ့စဥ်းစားလိုက်ပြီး. . .

“ကွာစိ. . အဆောင်မှာလေ. . အိပ်နေတယ်လေ. . . ”

“ ဟာ ”

ညီမင်းညိုသူ့နှုဖူးကိုသူ့လက်ဝါးနှင့်ရိုက်ပြီး ခုံပေါ်ခပ်လျှောလျှောဝင်ထိုင်လိုက်သည်။ နောက်မှ. . . မသင်္ကာသလိုဖြင့်. . .

“ဟုတ်ရဲ့လားဗျာ. . . အဆောင်မှာအိပ်နေတယ်ဆိုတာ. . .။

“အော်. . . ကျားကိုက်ပါတယ်ဆိုမှ နှုတ်ခမ်းမွေးက ယားကျိကျိနဲ့လုပ်နေသေးတယ်. . . ”

“သေပါပြီကွာ”

“ဟ. . ဘာဖြစ်လို့လဲ”

"ဘာဖြစ်ရမှာလဲ. . . ဒီမနက်သူနဲ့ငါပန်းခြံထဲချိန်းထားတား"

"အော်. . . ဒါလား. . . "

သူ့စကားကို ဒုံးပေကခပ်ပြုံးပြုံးနှင့်ဝင်ပြော၏။

နောက်မှခပ်ပြုံးပြုံးလုပ်ပြီး. . .

"နင်မိုလို့ကွာစိစကားကိုယုံတာ"

နှစ်ယောက်လုံးဒုံးပေကိုကြည့်ကြသည်။ ဒုံးပေကဆက်၍. . .

"ကွာစိကသူ့စကားသူတောင် ယုံတာမဟုတ်ဘူး. . . "

"ဟာ"

"ဟင်"

နှစ်ယောက်လုံးအံ့အားသင့်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ကြသည်။ဘာစကားသံမှထွက်မလာ။

နွေဦးပေါက်နေက အစောကြီးကောင်းကင်ပေါ်ရောက်နေ၏။ ညီမင်းညိုစိတ်ပျက်လက်ပျက်နှင့်ဟင်းခနဲသက်ပျင်းချကာ သူ့ကိုယ်ကိုထိုင်ခုံထဲလျှောသွင်းလိုက်သည်။ နောက်အကြောင်းမဲ့စွာ လက်ဖက်ရည်ဆိုင်ခေါင်မိုးကိုမော့ကြည့်နေ၏။ ဆိုင်ခေါင်မိုးကမလှပါ။ ပင့်ကူအိမ်များရှုပ်ရှက်ခတ်အောင်ပြည့်နှက်နေ၏။ သူ့စိတ်သည်လည်းပင့်ကူအိမ်လိုရှုပ်ရှက်ခတ်နေ၏။

ပင့်ကူအိမ်တွင်ကပ်နေသော ကွာစိအခွန်တစ်ခုကို သူမြင်ရ၏။

ဒုံးပေကတော့ နောက်ထပ်ဆမူဆာတစ်ခုကို လက်နှင့်ထိုးကြည့်နေသေးသည်။

ကျော်ထက်သူမကို အရိပ်တစ်ကြည့်ကြည့်နှင့်ကြည့်နေ၏။ နောက်ဒုံးပေက သူ့လက်ကိုတစ်ချက်နှင့်သုပ်ကာ ရေနွေးခွက်ကိုလှမ်းယူလိုက်သည်။ အေးနေသောရေနွေးကိုပါးစပ်နှင့်တေ့၍ဆက်မှုတ်နေသေး၏။ သူမ၏မျက်လုံးများကလမ်းမပေါ်မှာ. . .။ နောက် အရောင်လက်သွားပြီး. . .

"ဟော. . . ဟိုမှာလာပြီ ကွာစိ"

ကွာစိအသံကြားတော့ ညီမင်းညိုဝုန်းခနဲပြန်ထထိုင်၏။ဟုတ်ပါသည်. . . ကွာစိပါ။

သူတို့ဖက်လာခြင်းမဟုတ်ပဲ ဆိုင်ရှေ့ဖြတ်သွားခြင်းသာ. . .

"မသင်းသင်းလှိုင်. . . ကွာစိကျွန်တော်တို့ကို မမြင်ဘူးထင်တယ်"

ဒိုးပေကဝေ့ကြည့်ပြီး. . .

"မြင်တယ်။ သူ့ကိုမခေါ်လို့ဝင်မလာတာ"

"ဟာ. . . ဒါဆိုသွားခေါ်လိုက်လေ"

ဒိုးပေကထိုင်ရာကပင်မထပဲ. . .

"ဟေ့. . . နှင်းပွင့်ဖြူ. . . နှင်းပွင့်ဖြူ. . ."

ကွာစိခြေလှမ်းများရပ်သွားသည်။ နောက်အတောင့်လိုက်ကြီးလှည့်လာ၏။ နောက်ဘယ်သူ့ကိုမှမကြည့်ပဲ ခေါင်းကိုငုံ့ကာ လက်မလှုပ်ပဲယက်ကန်ယက်ကန်နှင့် လျှောက်လာသည်။သူ့ဆံပင်များရှုပ်ပွနေ၏။

အဆောင်မှာနေတုန်းမို့ထင့် ယောကျ်ားရှပ်အကျႌတစ်ထည်ကို ဝတ်ထားသည်။ မျက်နှာကတော့ ထုံးစံအတိုင်း စူပုတ်နေမြဲ. . .

"လာ. . ဒီမှာလာထိုင် ဘာစားမလဲ. . ."

"မစားဘူး"

ကွာစိက ဆောင့်ကြီးအောင့်ကြီးထိုင်ချပြီးပြောသည်။ နောက်စားပွဲပေါ်ချထားသော ဆမူဆာပန်းကန်ကိုမျက်ဆောင်းထိုးကြည့်၏။ ဒိုးပေကသာ သူမကိုမကြည့်ပဲ. . .

"ဘာဖြစ်လာတာလဲ မျက်နှာကြီးက. . ."

"နင်ကဘာလို့ငါ့ကိုမခေါ်တာလဲ. . ."

ထိုတော့မှ ဒိုးပေကွာစိမျက်နှာပုတ်နေခြင်းအကြောင်းကိုသိရ၍ မျက်လုံးပြူးသွားပြီး. . .

"ဟဲ့. . ခေါ်တယ်လေ. . နင်ပဲငါ့ထမင်းတွေပါဝါးပြီး ပြန်အိပ်နေပြီးတော့. . ."

"ဟီး ဟီး. . ."

စိတ်ပြေသွားသလိုဟန်မျိုးနှင့် ရယ်ပြတာပါ။ ဒါပေမယ့်သိတယ်မဟုတ်လား. . .။ သွားကဲ့ကဲ့ကြီးနှင့်သိပ်အဆင်မပြေ။ နောက်အရှေ့ကစမူဆာတစ်ခုကို လက်ညိုးနှင့်ဆတ်ခနဲတို့ကြည့်ပြီး ပေါင်ကြားထဲလက်နှစ်ချောင်း

ထည့်၍ခေါင်းလှုပ်နေ၏။ မျက်လုံးကတော့ဆမူဆာမှတစ်ပါး အခြားမကြည့်။ နောက်မှ . . .

"ဆမူဆာစားချင်တယ်. . . "

ဟုဆို၍ ခပ်ချွဲချွဲပြော၏။ဒါကိုဒုံးပေက. . .

"စားချင်ရင်စား လိုက်ကိုင်ကြည့်မနေနဲ့. . . "

ဟုခပ်မာမာပြော၏။ ခွင့်ပြုချက်ရသည်နှင့် ကွာစိကဆတ်ခနဲ ဆမူဆာနှစ်ခုလှမ်းကိုင်လိုက်သည်။ ဒါကိုဒုံးပေကမျက်လုံးပြူးသွားပြီး. . .

"ဟဲ့. . . တစ်ခုပဲစားလေ. . . "

ဆိုတာကိုငတိမက ဆမူဆာနှစ်ခုလုံးကိုမလွှတ်ပဲဆတ်ခနဲတစ်ဖက်သို့လှည့်သွားပြီး. . .

"မကျွေးဘူး"

ဟုဆို၍ဆမူဆာကိုစိုက်ကြည့်နေသည်။နောက် ဘယ်ဖက်ကဆမူဆာအရင်စားမလို ညာဖက်ကဆမူဆာအရင်စားမလိုနှင့် နောက်ဆုံး ညာဖက်ကဆမူဆာကို ဂွတ်ခနဲကိုက်ချလိုက်သည်။ နောက်သဘောကျစွာနှင့် ဆမူဆာကိုမဝါးသေးပဲ နှုတ်ခမ်းကြီးချွန်ကာရယ်ပြ၏။

"ဟိုး. . . ဟိုး. . ဟိုး. . ဟိုး. . "

ပြီးနောက်ဒုံးပေဖက်လှည့်၍. . .

"ငရုပ်ဆီထည့်ပေးစမ်း ငါလက်မအားလို့. . . "

ဘယ်အားမလဲ ဆမူဆာကိုဘယ်ဖက်တစ်ဖက်ညာဖက်တစ်ဖက်ကိုင်ထားတာကို။ မျက်လုံးတွေကအရောင်ထွက်နေတာကြည့်တောင်မကောင်းဘူး။ ဒုံးပေကငရုပ်ဆီဘူးယူ၍၊သူ့ဆမူဆာထဲခေါက်ထည့်ပေးလိုက်၏။ ငတိမကတော့ဆမူဆာကိုသာမျက်လုံးမရွှေ့ပဲ ခေါင်းတစ်လှုပ်လှုပ်နှင့်ကြည့်ကာသဘောတွေကျနေ၏။ ညီမင်းကကွာစိကို ကြည့်နေရင်းနှင့် မနေနိုင် တော့ ပဲ. . .

"ကွာစိ. . . ဒီနေ့ပန်းခြံမှာချိန်းထားတယ်လေ. . . "

ကွာစိက ဘယ်ဖက်မှ ဆမူဆာကိုင်ထားသောလက်လက်ဖနောင့်ဖြင့် သူ့ခေါင်းကိုခေါက်ပြီး. . .

"ဟာ. . မေ့နေတာ. . ဒီခေါင်းကိုက မှတ်ညာဏ်မကောင်းဘူး . . . ဟိုး. . ဟိုး. . ဟိုး. . ဟိုး. . . "

ဟုဆို၍ဆမူဆာကို နှုတ်ခမ်းကိုချွန်ပြီးရယ်ရင်းဆမူဆာကိုအား ရပါးရဝါးနေ၏။ညီမင်းကသာသူ့ကိုကြည့်၍ မကျေမနပ်ဖြင့်. . .

"ငါ့မှာတော့စောင့်နေလိုက်ရတာ"

"အခုသွားမယ်လေ. . . "

ဟုဆို၍ဒုံးပေဖက်လှည့်၍. . .

"အစ်မပန်းခြံမှာ ရေခဲမုန့်သွားဝါးမယ်"

စိတ်ကောင်းနေချိန်ခေါ်ပုံရ၏။ဒုံးပေကကွာစိကိုကြည့်၍. . .

"ဟဲ့. . နင့်ဗိုက်ကဆန့်ရောဆန့်သေးလား. . . "

"ဆန့်ပါတယ်ဟ. . အခုဟာက ဒီဖက်တစ်ခြမ်းပဲထည့်ထားတာ၊ နောက်ဝါးမယ့်ဟာက ဒီဖက်အခြမ်းထဲထည့်မယ်။ လိုက်ခဲ့နော်အစ်မ"

ကွာစိကဗိုက်ကိုနှစ်ခြမ်းခွဲပြ၏။ ပြီးနောက်ဒုံးပေကိုဆွဲကာ ကလေး တစ်ယောက်လိုပူစာ၏။ ဒုံးပေကသူ့ကိုလတ်လတ်ဆတ်ဆတ်ကြီး ရည်းစား စကားပြောထားသောကျော်ထက်ကိုဝေ့ကြည့်ကာ. . .

"အင်းလေ. . သွားချင်လဲသွားပေါ့. . ဒီနေ့အလုပ်အားတာပဲ"

ညီမင်းညိုမျက်နှာဝင်းလက်သွား၏။ ပြီးနောက် ကြင်နာရိပ်လွှမ်း သောမျက်လုံးမျိုးနှင့် ကွာစိကိုကြည့်သည်။ ကွာစိကသူ့ကိုမကြည့်ပါ။ဆမူဆာ ကိုသာချစ်သူမျက်နှာကြည့်ရသလို ပြုံး၍ကြည့်ရင်း အပီအပြင်ဝါးနေ၏။

"ကဲဒါဆိုလည်း နေမမြင့်ခင်သွားကြတာပေါ့. . . "

ကျော်ထက်၏လောဆော်မှု. . .

"နေဦး ငါအဆောင်ပြန်ပြီး လေဒီရှူးပြန်စီးလိုက်ဦးမယ်. . . "

ကွာစိကဖြတ်ပြောသည်။ ဒါကိုဒုံးပေက. . .

"ဟာ. . . လုပ်မနေနဲ့ ဒီအတိုင်းသွားမယ်. . . "

"ဒီအတိုင်းရောလှတာပဲလား. . . "

ဒုံးပေကဘာမှပြန်မပြောပဲ လျှာထုတ်ပြ၏။ ကွာစိကထုံးစံတိုင်း "ဟို့. . ဟို့. . ဟို့. . ဟို့. . . "ဟုရယ်၏။

ပြီးမှကွာစိနှင့် ဒုံးပေကလစ်မယ်ဆိုသည့်သဘောနှင့် မေးဆတ်ပြကြသည်။ ညီမင်းညိုက. .

"ဟော့. . ဒါဘယ်လောက်ကျလဲ. . . "

"လာပြီဆရာ. . . "

စားပွဲထိုးလေးတစ်ယောက် ပြေးလာ၏။

ကွာစိကဒုံးပေနားကပ်၍တစ်ခုခုပြောသည်။

ဒုံးပေကသူ့လက် ကိုရိုက်၍. . .

"ဟယ်. . ပေါက်ကရ. . . "

ကျော်ထက်ကသူတို့ ကြည့်ပြီး. . .

"ကွာစိကဘာဖြစ်လို့လဲ. . . "

ဒုံးပေကတစ်ဖက်လှည့်သွားပြီး. . .

"ပန်းခြံထဲရောက်ရင်အတွဲတွေလိုက်ချောင်းချင်လို့တဲ့လေ. . .

ကျော်ထက်နှင့်ညီမင်းညိုပြုံးလိုက်မိသည်။

ကွာစိကသူ့အကြံ အစည်ကိုသူသဘောကျစွာ ဆမူဆာကိုဝါးနေသောသူ့ပါးစပ်နှင့် ရယ်ပြ၏။

"ဟိုး. . ဟိုး. . ဟိုး. . ဟိုး. . . "

နောက်အားလုံးရှင်းပြီး ဆိုင်ထဲမှထွက်လာကြသည်။

■ ■ ■

**ပန်းခြံ** သည်သူ၏အမည်နှင့်လိုက်အောင်ပန်းပင်တို့နှင့် စည်ကား သိုက်မြိုက်နေသည်။ ရုံးပိတ်ရက်ဖြစ်သော်လည်း လူစည်ကား မနေ. . . ။ သို့သော်. . . လူးလည်းရှင်းမနေ. . . ။သမီးရည်းစား အတွဲလေးများ ကတော့ဟိုတစ်စ ဒီတစ်တွေရ၏။

ကွာစိရေခဲမုန့်ခွက်အလွတ်နှစ်ခုကို တစ်ဖက်ကကိုင်ထားပြီး မကုန် သေးသောရေခဲမုန့်ခွက်တစ်ခုကို လက်တစ်ဖက်ကကိုင်ထား၏။ ရေခဲမုန့် တွင်ပါသောဇွန်းကိုတော့ သူ့ပါးစောင်ထဲထိုးထည့်ထားသည်။သူပြောထား သည့်အတိုင်း တကယ်သုံးခွက်ပြည့်အောင်စားသည်။ ဒိုးပေကတော့တစ် ခွက်ထဲ. . . ။ထိုတစ်ခွက်ကိုမှဟန်လုပ်၍ဖြေးဖြေးခြင်းစားနေ၏။

ကျော်ထက် နှင့်ဒိုးပေကပန်းခြံလမ်းကလေး၏တစ်ဖက်မှာ၊ ညီမင်းညိုနှင့် ကွာစိက တစ်ဖက်မှာလေးယောက်ပူးကြီးဆိုတော့ ချစ်စကားကြိုက်စကား ဘယ်လို ပြောရမှန်းမသိ၍ညီမင်းကအကြံနှင့်ခွဲထားခြင်းဖြစ်သည်။ နောက်တဖြည်း ဖြည်းချင်းအနောက်ချန်၍လျှောက်လာ၏။

လူခြင်းအနည်းငယ်ကွာ တော့မှသူစကားစရန် ကွာစိကိုကြည့် လိုက်စဉ် ကွာစိကတစ်ဖက်လမ်းမှ ဒိုးပေထံပြေးသွားပြီး ဒိုးပေလက်ထဲမှ ရေခဲမုန့်ခွက်ကို သူ့ခွက်အလွတ်နှင့် ခေါက်ချလိုက်၏။

ရုတ်တရက်အခြေနေမို့ ဒိုးပေလက်ထဲကရေခဲမုန့်ခွက်၊ ဖလပ်ခနဲ လမ်းမပေါ်ကျသွား၏။ ဒိုးပေကကွာစိကိုအလန့်တကြားကြည့်ပြီး. . .

"ဟဲ့. . . ဘာလုပ်တာလဲ. . . "

"ခွက်ဇောင်းခုတ်တာလေ. . ဟိုး. . ဟိုး. . ဟိုး. . ဟိုး. . . "

ပါးစပ်ထဲဇွန်းတပ်ထား၍လွပ်လွပ်လပ်လပ်ရယ်၍မရ. . .။ထို တော့မှဒိုးပေလဲ သဘောပေါက်သွားပြီး. . .

"ပုရွက်ဆိပ်မ. . နှံကောင်မ. . . "

သူ့စကားကို ကွာစိလည်းအားကျမခံ. . .

"ခါးခုတ်ကောင်မ. . နွားချေးပိုးမ၊

" ဂျပိုးမ. . "

"ပိုးတုံးလုံးမ. . . "

"လိပ်ပြာမ. . . "

ဒိုးပေ၏"လိပ်ပြာမ. . . "ဟူသောအသံကြားသည်နှင့် ကွာစိက လက်နှစ်ဖက်ကိုမြှောက်ပြီး"ရဟူး"ဟုအော်သည်။ စကားပြောမှားသွား သည်ကိုက သူ့အတွက်ဂုဏ်ယူစရာဖြစ်သွားပုံရ၏။ နောက်ကျေနပ်သွားသ လိုဟန်မျိုးနှင့် ခေါင်းတလှုပ်လှုပ်လုပ်ကာ နှုတ်ခန်းကိုကိုက်၍ ရေခဲမုန့်ကို မွှေနေ၏။ နောက်မှ ရေခဲမုန့်ကိုတစ်ဇွန်းခပ်ကာ ဇွန်းပါပါးစပ်ထဲထည့် ထား၏။ သူ့ကိုကြည့်ပြီး ညီမင်းညိုလည်းမနေနိုင် တော့. . .

" ကွာစိ "

သူမလှည့်ကြည့်ပါသည်။ ညီမင်းညိုကခေါင်းငုံ့ပြီး. . .

"နင့်ကိုငါချစ်တယ်"

ကွာစိခြေလှမ်းများရပ်တန့်သွား၏။

ပြီးနောက်ညီမင်းညိုဖက်လှည့်ကာ. . .

"တကယ်ပြောတာလား. . . "

"တကယ်ပြောတာပါကွာစိ၊ ငါနင့်ကိုတကယ်ချစ်တာပါ"

ကွာစိတစ်ဖက်သို့ပြန်လှည့်သွား၏။ နောက်ကျော်ထက်နှင့်ယှဉ် လျှောက်သွားသောဒိုးပေဖက်လှည့်ကာ. . .

"အစ်မ. . . "

ဒုံးပေသူမကိုလှည့်ကြည့်သည်။နောက်ဘာလဲဆိုသည့်သဘော နှင့်မေးဆတ်ပြသည်။ ကွာစိကွာစိကိုယ်လုံးကိုအနည်းငယ်စောင်းပြီး ရေခဲမုန့်ဇွန်းနှင့် ညီမင်းညိုကိုထိုးပြကာ. . .

"သူငါ့ကိုရည်းစားစကားပြောတယ်. . . "

ညီမင်းညိုမျက်နှာရဲခနဲ. . .။ဒုံးပေကမျက်မှောင်ကြုတ်ပြီး. . .

"ဘာပြောလို့လဲ. . . "

"သူငါ့ကိုချစ်. . . ချစ်တယ်တဲ့. . . "

မခို့တရို့ပြောတာမဟုတ်ပါ။ နှုတ်ခန်းကိုထော်ပြီးအပီအပြင်ပြောတာပါ။ ပဲပေးပြီးပြောတာလဲဖြစ်နိုင်သည်။ သို့သော်သူ့ပဲကပဲပျက်ကြီးဒါကိုဒင်းသူငယ်ချင်းကလည်း. . .

"ဒါဆိုအဖြေပြန်ပေးလိုက်. . . "

ဟုပြောလိုရာပြောပြီးအရှေ့ဆက်လျှောက်သွား၏။

ထိုတော့မှကွာစိကရေခဲမုန့်ဇွန်းကိုက်ပြီးညီမင်းကိုပြန်ကြည့်သည်။ ညီမင်းကလည်း ဟုတ်လို့ဟုတ်ငြား ဤသို့ရယ်ပြ၏. . .။

"အဟဲ. . ဟဲ. ဟဲ. . . "

ကွာစိကလက်ကာပြပြီး. . .

"မချစ်ဘူး. . . "

" ဗျာ . . . "

ညီမင်းညိုထံမှအာမေဋိတ်သံ။ကွာစိကဘာမှသိသလိုရှေ့ဆက်လျှောက်သွား၏။ လေးငါးလှမ်းခန့်တွင်ညီမင်းဖက်ပြန်လှည့်ကာ. . .

"လုံးဝမချစ်ဘူး. . . "

ဆိုပြီးတော့အသံကျယ်ကျယ်နှင့်ပြန်အော်၏။ နောက်. . . ဘဲတစ်ကောင်ပြေးသလိုခြေထောက်ကိုအပြင်သို့ယက်ပြီး ဒုံးပေနားပြေးသွား၏။ဒါလည်းပဲများသွားတာဖြစ်နိုသည်။ သို့သော်ခုနကအတိုင်းပဲပျက်ကြီး။ ဒုံးပေနားရောက်တော့ ဘာသဘောရယ်မသိသီချင်းတစ်ပုဒ်ကိုသူစာ သားနှင့်သူခပ်တိုးတိုးဆိုသွားတယ်. . .။

"ကျွန်မမကြိုက်တဲ့အီကြာကွေးကို. . သူလေ ဈေးကဝယ်ပြီးတော့၊ မနက်မိုးလင်းတိုင်းမှာ. . . အိမ်ကိုပို့ပေးတယ်. . . ဘယ်လိုလုပ်ရမလဲ. . . ကျွန်မမချစ်တော့ဘူး. . ."

စသည်ဖြင့်ဗျာ. . . ဘာတွေမှန်းကိုမသိဘူး. . .။

အီကြာကွေးတွေရော၊ စမူဆာတွေရော၊ ရေခဲမုန့်တွေရော စုံရောသူ့သီချင်းထဲမှာ။သူအီကြာကွေးကြိုက်တာနဲ့ ကျွန်တော့်ကိုမချစ်တာ ဘာဆိုင်လို့လဲ. . .။

တွေးမိတာကိုပြောပါတယ်။

■ ■ ■

“ငါ တော့ မနေနိုင်တော့ဘူးကွာ။ သူ့ကိုမရရအောင်ခိုးပြေးတော့မယ်”

“ဟ. . မင်းဟာကြမ်းလှချည်လား. . .”

“နေပါဦးမင်းကကြမ်းတော့. . အဲ. . မင်းခိုးပြေးတော့ရော သူကလိုက်မှာလား”

“မလိုက်ရလဲ လိုက်အောင်ခိုးရမှာပဲ. . .”

ကျော်ထက်နှင့်ညီမင်းညိုအကြိတ်အနယ် ဆွေးနွေးနေကြခြင်းဖြစ်သည်။

“ကြည့်လဲလုပ်ဦး. . အမှုနော်. . အမှု. . .”

ညီမင်းညိုကတော့ သူ့အကြံအစည်အတွက် လွန်စွာစိတ်စောနေသည့်ပုံ. . .။

“ဘာအမှုဖြစ်ဖြစ်ကွာ နောက်ပြဿနာနောက်ရှင်းမယ်။ ခုလောလောဆယ် သူ့ကိုငါပိုင်ဆိုင်မှုကိုဖြစ်တော့မယ်”

ကျော်ထက်ညီမင်းညိုကိုကြည့်၍ သနားသွားသည်။

“မဟုတ်သေးပါဘူးကွာ။ မင်းကလည်း ဒီအတိုင်းအရင်ပြောကြည့်ပါဦး”

"ပြောပြီးပြီပဲ. . .။ လွယ်မှမလွယ်တာ။ ငါသိပါတယ်ကွာ။ ဒီအတိုင်း ပြောနေရင် ဒီတစ်သက်သူ့ကိုရမှာမဟုတ်ဘူး. . ."

ညီမင်းညို၏မျက်နှာပေါ်တွင် စိတ်စောပြီး၊ မရရအောင်လုပ်ချင်စိတ်များ ပေါ်လွင်နေ၏။

"စဉ်းစားဖို့တော့လိုမယ်ထင်တယ်ညီမင်းညို. . . ဒါ တစ်ဘဝလုံးစာနဲ့သက်ဆိုင်တယ်နော်. . ."

"ငါသိပါတယ်ကွာ။ ငါသူနဲ့ တစ်ဘဝလုံးမဝေးချင်ဘူး။ ဒါပါပဲ"

"ဟူး. . ."

ညီမင်းညိုရဲ့ပြတ်သားတဲ့စကားကြောင့် ကျော်ထက်သက်ပြင်းချလိုက်တယ်။ ဒီပုံတိုင်းဆို ဒီကောင်ကိုတားလို့ လွယ်တော့မည်တော့မဟုတ်။

စိတ်ကောင်းလျှင်လည်း သူများထက်ပိုကောင်းတတ်ပြီး အရာရာကိုတဇွတ် ထိုးလုတ်တတ်သော ညီမင်းညို၏အကျင့်ကို သူသိနေသည်။

"ဒီတော့ မင်းဘယ်လိုလုပ်မှာလဲ ညီမင်း"

"ငါသူ့ကို ကားတင်ပြီးခိုးပြေးမယ်"

"ဘယ်လို. . ."

"ဟုတ်တယ်။ ငါသူ့ကိုကားတင်ပြီးခိုးပြေးမယ်"

ကျော်ထက် အံ့အားသင့်စွာ ညီမင်းညိုကိုငေးကြည့်နေမိ၏။

ဆောင်းအကုန်သစ်ရွက်များလဲတဖွဲဖွဲကြွေကျလာသည်။

နံနက်ခင်း အလင်းရောင်နှင့်အတူ လေပူတစ်ချို့ပတ်ဝန်းကျင်ကိုဝေ့ဝဲတိုက်ခတ်နေ၏။ပတ်ဝန်းကျင်နှင့်မသက်ဆိုင်စွာ ညီမင်းညို၏မျက်ဝန်းပေါ်တွင် မှိုင်း ညို့သော လွမ်းဆွေးရိပ်များသန်းနေ၏။ နှစ်ယောက်လုံး ကိုယ်စီ ငေးရင်း အတွေးလွန်နေကြသည်။ အတန်ကြာမှညီမင်းညိုက. . .

"ငါသူ့ကို ဘယ်လိုချစ်မိသွားမှန်းကို မသိဘူးကွာ. . ."

ဗန်ဒါရွက်ကလေးတစ်ရွက် သူတို့ရှေ့ကြွေကျလာတယ်။ သစ်ရွက်ကလေးကလန်းဆန်းနုပျိုဆဲ အထိမ်းမှတ်ဖြစ်သော အစိမ်းရောင်လွှမ်းမိုးနေဆဲ. . .။ မည်သည့်အတွက်ကြောင့်အရွယ်မတိုင်ပဲ ကြွေကျလာသည်ကိုတော့မပြောတတ်ပါ။

ဗန်ဒါရွက်ကလေးမှာ သားပျောက် မိခင်လို မြေပြင်ပေါ်လူးလိမ့်နေ၏။ နောက် တဖြည်းဖြည်းဝေးရာသို့ လွင့်ထွက် သွားသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်မှာရော. . .။

"ဟူး. . . ခက်တယ်. . .။ မင်းအစီစဉ်မှာတော့ ငါမပါချင်ဘူးကွာ. . ."

ညီမင်းညိုကကျော်ထက်ကိုဝေ့ကြည့်သည်။

ပြီးနောက် သူလည်း သက်ပျင်းချပြီး. . .

"ဟင်း. . ရပါတယ်သူငယ်ချင်း. . . ဒီကစ္စမှာမင်းကိုလည်း ငါမပတ်သက်စေချင်ပါဘူး. . . ဘာလို့လဲဆိုတော့ မင်းနဲ့ဒိုးပေနဲ့ကိစ္စမှာ အနှောက်အယှက်ဖြစ်မှာစိုးလို့ပါ"

ညီမင်းညို၏စကားကြားသည်နှင့် ကျော်ထက်ကညီမင်းညိုလက်ကို ဆွဲယူနှုတ်ဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ။ အခုလိုနားလည်ပေးတဲ့အတွက်"

"ရပါတယ်သူငယ်ချင်းရာ။ လူငယ်တွေရဲ့အချစ်ရေးကိစ္စ ငါနားလည်ပါတယ်"

နှစ်ယောက်လုံး ပြန်ငြိမ်ကျသွား၏။

အတန်ကြာမှကျော်ထက်က မျက်မှောင်ကျုံ့လိုက်ပြီး. . .

"နေပါဦး သူ့ကိုကားတင်ပြေးဖို့ကိစ္စ မင်းဘယ်လိုစီစဉ်မှာလဲ"

"ငါ့ဦးလေးကားကိုငါယူထားတယ်လေ . . . ဒရိုင်ဘာရော သူ့ဒရိုင်ဘာကိုပဲ အကူအညီတောင်းထားတယ်"

"အဲဒါကဟုတ်ပါပြီ။ ဒါပေမယ့် ဒိုးပေနဲ့ကွာစိဆိုတာ အမြဲနှစ်ယောက်ပူးကြီး သွားနေကျ. . . အဲဒါရော"

ကျော်ထက်စကားကြောင့် ညီမင်းညိုခပ်ဟဟရယ်လိုက်သည်။

"ဟား. . . ဟား. . . မပူပါနဲ့ကွာ။ ကွာစိတစ်ယောက်ထဲအပြင်ထွက်ချိန်ကြမှ ငါခိုးပြေးမှာပါ. . . မင်းကောင်မလေး မပါစေရပါဘူး. . .။ စိတ်ချပါ. . . ဟား. . . ဟား. . ."

ကျော်ထက်သက်ပြင်းချလိုက်သည်. . .

"ဟူး. . . ငါ့ကိုစွပ်စွဲလို့ပါ။ မတော်ပါသွားမှဖြင့်. . .။

ညီမင်းညိုကကျော်ထက်ပခုံးကိုပုတ်လိုက်ပြီး. . .

"မပူပါနဲ့ကွာ. . . မင်းကောင်မလေးနဲ့ခိုးရာလိုက်ပြေးခဲ့ရင်တောင် ငါမယူပါဘူး. . မင်းကိုပြန်ပေးမှာပါ. . သားဦးလေးနဲ့. . ဟား. . ဟား. . "

"ခွေးကောင်. . . "

သူတို့နှစ်ယောက်လုံးထံမှ ကျယ်လောင်သောရယ်သံများကြားရပြန်၏။ ဒီတစ်ခါသူတို့၏ရယ်သံသည် သူတို့ဘဝတစ်လျှောက်လုံးတွင်အလွတ်လပ်အပေါ့ပါးဆုံးပင် ဖြစ်ပေလိမ့်မည်ဟုထင်ပါသည်။

သွက်သွက်ခါအောင်လှုပ်ရမ်းနေသောသစ်ပင်များသည်လည်း သူတို့ရယ်သံကြား၍ ခတ္တကြောင်ငေးငြိမ်သက်ရင်း ငုံ့ကိုင်းကြည့်နေကြသည်။ လိုလိုမယ်မယ်ကြွေကျရန်အဆင်သင့်ပြင်ထားသော ရွက်ခြောက်များသည်လည်းသူတို့ရယ်သံကြောင့် ကဗျာမဆန်မည်စိုး၍ထင့် ရုတ်တရက်ကြွေမကျသေးပဲမျိုသိပ်ထားကြ၏။ ထိုသစ်ပင်ပေါ်က ကျေးငှက်တို့သည်လည်း ပြန်ပြောမပြချင် သောပုံပြင်များကို အလွမ်း တေးအဖြစ်သီကျူးရန် သစ်ကိုင်းများကို ကုပ်ကပ်ခြစ်ရင်း သံစဉ်ရှာကြသည်။ သို့သော် ဒုက္ခ၊ သုခများနှင့်ပြည့်စုံသောသူတို့၏ချစ်ခြင်းတရားသည် ခနတော့ စိတ်ကူးယဉ်ဖြင့် လေထဲတွင်အိမ်ဆောက်ခွင့်ရသွားကြလေသည်။

ထိုသို့ပင်. . .

■ ■ ■

မိုးနှလုံးသားတစ်ခု လေထဲတွင်အိမ်ဆောက်ခွင့်ရသွားလေသည်။ အလစ်ချောင်းသည်ဟူသောစကားကို လွယ်သည်ဟုထင်ရသော်လည်း၊ တကယ်ချောင်းသည့်အခါမှ တကယ်ခက်မှန်းသိရ၏။

ယခုလည်း သူတို့ ဟိုနှစ်ယောက်လူခြင်းကွဲမည်ဆိုတာကိုချောင်းရင်းနှင့် နွေကုန်လို့မိုးဦးပင်ပြန်ရောက်လုပြီ။ သို့သော် နှစ်ယောက်ကတစ်ခါမှ ကွဲမသွားသေး။

အချိန်ကြာလာသည်နှင့်အမျှ သူတို့၏ဆက်ဆံရေးမှာ ယခင်ကထက်များစွာပြောင်းလဲခဲ့လေပြီ။ အထူးသဖြင့် ကျော်ထက် နှင့်ဒိုးပေမှာ ချစ်သူဖြစ်လုဖြစ်ခင် အနေထားပင်ရောက်နေပြီ။ ချစ်သူဖြစ်လုဖြစ်ခင်ဆိုသည်မှာ၊ သိတော်မူကြသည့်အတိုင်း၊ လမ်းဖြတ်ကူးလျှင်ကားတိုက်မည်အကြောင်းပြ၍ မသိမသာလက်ဖမ်းကိုင်ခြင်း၊ ကောင်မလေးခေါင်းပေါ်ကျနေသောအမှိုက်ကိုဖယ်ပေးသလိုနှင့် ဆံပင်ခိုးနမ်းခြင်း၊ "ပါးမှာဘာတွေလဲမသိဘူးပေနေတယ်" ဟုဆို၍ တစ်ရှူးယူ၍ သုတ်ဖယ်၍ ချစ်သူပါးကိုညှစ်ကြည့်ခြင်း၊ မုန့်ခွန့်ကျွေးမယ်ဟု စသလိုနောက်သနှင့် တကယ်ခွန့်ကျွေးခြင်း စသည် တို့ဖြင့် နည်းလမ်းပေါင်းမြောက်များစွာ ကျူးလွန်ပြီးပြီ။

ထို့ကြောင့် သူတို့နှစ်ယောက်မှာ ချစ်သူမဖြစ်သေးသော်ငြား၊ နောင်လာလတ္တံ့သောအ ချိန်တွင် မလွဲဧကန် ချစ်သူဖြစ်မည်ဖြစ်ကြောင်းကို လူတိုင်းသိကြပေလိမ့် မည်။

အဲ. . . အခြေအနေမထူးခြားတာကတော့ ညီမင်းညိုနှင့်ကွာ စိပင်။ အခြေအနေမကောင်းသည့်အပြင် ပိုဆိုးလာသလားမပြောတတ်။ ကွာစိကတော့ သူ့မှာပိုက်ဆံရှိလာမည်ဆိုပါက ဈေးကားဝယ်ပြီး ညီမင်းညို တို့တစ်ဆွေလုံးတစ်မျိုးလုံးကိုတိုက်ပစ်မည်ဟုပင်ကြိမ်းဝါးနေပြီ။ ရိုးရိုး ကားနှင့်မတိုက်ပဲ ဈေးကားနှင့်မှ တိုက်ခြင်ရခြင်းအကြောင်းရင်းမှာ ဈေးကား နှင့်တိုက်မှ တစ်ဆွေလုံးတစ်မျိုးလုံး နာမည်ပျက်မည်ဟု ယုံကြည်ရခြင်း ကြောင့်ဟုဆို၏။

ဥပမာဆိုရသော်၊(ကွာစိဥပမာ)

"တလောက ဈေးကားတိုက်ပြီးဆုံးသွားတဲ့ ညီမင်းညိုဆိုတာသူ့တူ လေ"

"သူတို့ဘကြီးဦးညီမင်းလေဈေးကားကြိတ်ပြီး ခေါင်းပြားသွား တာ"

"သူတို့အဖိုးဦးညီမင်းလေ ဈေးကားတိုက်ပြီးရောသွားတာ"

စသည်ဖြင့် တစ်ဆွေလုံးတစ်မျိုးလုံး လူပုံအလယ်မှာ ခေါင်းမဖော် ရဲအောင် တစ်ခါထဲမှတ်လောက်သားလောက်ရှိအောင် ဈေးကားဝယ်တိုက် ပစ်မည်ဟု လူသိရှင်ကြား ကြုံးဝါးထားလေသည်။

ထို့ကြောင့် ညီမင်းညိုကလည်း ကွာစိရှေ့ဆို တုတ်တုတ်ပင်မလှုပ် ရဲ။ ဘယ်လှုပ်ရဲမှာလဲ. . . ဟိုကလည်းအတူထိုင်မိပြီဆို ညီမင်းညို၏နား ရင်းကိုသာ အပေါ်စီးက တစ်ရှုံးထဲရှုံးနေတော့တာ။

ဒုံးပေမေးကြည့်တော့လည်း ကွာစိကအဲဒီကိစ္စမျိုးတွေဆို တကယ် လုပ်ဆိုပဲ. . .။ ဒုံးပေစကားကိုလည်း မယုံ၍မဖြစ်။ ကိုယ်တွေ့ကြုံထားဖူးသူ ဆိုတော့ ဘယ်လိုဖြစ်လျှင်ဘာလုပ်မယ်ဆိုတာသိသည်။

ထို့ကြောင့် ကွာစိရှေ့ ဆိုညီမင်းမှာ စကားပင်မမှားရဲ. . .။

ထို့ကြောင့် သူတို့ကိစ္စမှာ လွယ် မယောင်နှင့် ခက်နေတော့၏။

သို့သော် ကံကြမ္မာ၏ နတ်ဆိုးနှင့် နတ်ကောင်းနတ်မြတ်များ တစ်ပြိုင်ထဲခွင့်ပေးသောထူးထူးခြားခြားနေ့တစ်နေ့ကိုပိုင်ဆိုင်ခွင့်ရခဲ့သည်။ ထိုနေ့တွင် ကံကောင်းခြင်းနှင့် ကံဆိုးခြင်း နှစ်ခုလုံးတစ်ပြိုင်ထဲထွေးပိုက်ခွင့်ရလိုက်သည်။

ကံကောင်းခြင်းက ထူးထူးခြားခြား ဒုံးပေနေမကောင်းဖြစ်၍ ကွာစိတစ်ယောက်တည်း အလုပ်ဆင်းရသောနေ့ဖြစ်သည်။

ကံဆိုးခြင်းက. . .

ကံဆိုးခြင်းက. . .။

ထိုနေ့သည်ကွာစိတစ်ယောက်ထဲ. . .။

■ ■ ■

မိုး လေးတစ်ဖွဲဖွဲရွာနေသည်။ မိုးစက်မိုးပွင့်များကြောင့်သစ်ပင်သစ်ရွက်များစိမ်းစိုနေသော်လည်း မိုးရေစက်၏စွတ်စိုမှုကြောင့်စိုထိုင်း ထိုင်းညီးစီစီဖြစ်နေသည်။ ထိုထက်ပို၍ ညီးစီစီဖြစ်နေသူနှစ်ယောက် လက်ဖက်ရည်ဆိုင်တွင်ထိုင်နေသည်။ တဖွဲဖွဲကျနေသောမိုးစက်များကို ကြည့်ပြီး သက်ပြင်းကိုယ်စီချကြသည်။ သူတို့မလှမ်းမကမ်းမှာမှ မလုပ် မယှက်ရပ်တည်နေသော ကိုယ်ပိုင်ကားတစ်စီး. . .

“ဟင်း. . . ဒီနေ့လည်း နှစ်ယောက်တွဲပဲဖြစ်မယ်ထင်တယ်”

ကျော်ထက်က အပြင်တွင်ပက်ဖြန်းနေသော မိုးရေစက်များကို ငေးကြည့်နေလိုက်သည်။ စည်ပင်သာယာထီးအောက်တွင်ထိုင်နေသည်မို့ သူတို့၏ခြေထောက်များ မိုးရေကြောင့်ရွှဲရွှဲစိုနေပြီ။

“နှစ်ယောက်ဖြစ်တော့လဲ ငါ့အတွက်ကံကောင်းတာပေါ့ . . . ”

ညီမင်းညိုကကျော်ထက်ကိုလှည့်ကြည့်သည်။ ပြီးနောက်ဘာမှပြန်မပြောပဲ လမ်းမဘက်ကိုသာ ပြန်လည်ငေးကြည့်နေလိုက်၏။ အတန်ကြာမှ. . .

“မင်းရောဒိုးပေဆီကအဖြေမရသေးဘူးလား”

ကျော်ထက်ခေါင်းငုံ့ရယ်လိုက်ပြီး. . .

"အဖြေကရတော့မှာပါကွာ. .။ ဒါပေမယ့် မင်းကိုအားနာလို့အဖြေမတောင်းသေးပဲနေနေတာ. . "

ကျော်ထက်စကားကြောင့် ညီမင်းပါလိုက်ရယ်ရင်း. . .

"ရပါတယ်ကွာ ဒါအားနာစရာမှမဟုတ်ပဲ. . ဟော. . ဟိုမှာလာပြီ. . .။

ညီမင်းညို၏စကားကြောင့် ကျော်ထက်လှည့်ကြည့်လိုက်သည်။

"ဟာ"မြင်ရသည့်မြင်ကွင်းကထူးထူးခြားခြား. .။ မိုးရေထဲတစ်ယောက်ထဲလမ်းလျှောက်လာသောကွာစိ။ ကွာစိကိုမြင်တော့ညီမင်း၏မျက်ဝန်းများ လင်းလက်သွား၏။

"ဟာ. . . ဟုတ်ပြီကွ. . အကြံအစည်အောင်ပြီ. . . "

ညီမင်းညို၏အားရပါးရထအော်သံ။ ကျော်ထက်ကသူ့လက်ကိုဆွဲလို့. . .။

"ဟေ့ကောင်. . အိန္ဒြေရရလုပ်စမ်းပါ။ တော်ကြာဟိုကရိပ်မိသွား လို့မင်းအကြံအစည် မအောင်မြင်ပဲဖြစ်နေဦးမယ်. . . "

"အိုး. . ဆောရီး. . . ငါဝမ်းသာလွန်းသွားလို့. . "

ညီမင်းကညိုခုံပေါ်ပြန်ထိုင်လိုက်သည်။ သို့သော်သူ့ပုံက မြောက်ကြွမြောက်ကြွ။ ကွာစိက ထုံးစံအတိုင်းပြာယိပြာယာနှင့် သူတို့ဆီတည့်တည့်ဦးတည်လာ၏။

"ဒုံးပေရော. . . ကွာစိ"

ကွာစိက ထမင်းချိုင့်ထည့်လာသော သူ့ဆွဲခြင်းကို စားပွဲပေါ်ဆောင့်ချ၍. . .

"နေမကောင်းလို့တဲ့လေ. . . အဆောင်မှာအိပ်ကျန်ခဲ့တယ်"

သူ့စကားကြောင့် ကျော်ထက်မျက်လုံးပြူးသွားပြီး. . .

"ဟင်. . တော်တော်ဖျားနေလို့လား. . . "

ကျော်ထက်စကားကို ကွာစိက သူ့လက်ဖဝါးကိုသူထောင်ပြပြီး. .

" ဒီမှာကြည့် "

နှစ်ယောက်လုံးကြည့်သည်။ ထူးထူးခြားခြား ဘာမှမတွေ့။

" တွေ့လား "

နှစ်ယောက်လုံး ခေါင်းခါ၏။ ဒါကိုကွာစိက. . .

"ခုနကသူ့နဖူးသွားစမ်းမိတာ နဖူးကပူလွန်းလို့ လက်ဖဝါးမီကျွမ်းလာတာလေ. . . "

" ဘုရား "

ကွာစိစကားကြောင့် ကျော်ထက်မျက်လုံးပြူးသွား၏။ နောက်က မန်းကတမ်းဖြင့်. . .

"ဟင်. . ဒါဆို. . ဒါဆိုဆေးခန်းတွေဘာတွေ သွားမပြဘူးလား"

"ဆေးထိုးရမှာ ကြောက်လို့တဲ့လေ။ အဲဒါ ဆရာမောင်ဆေးနီမှုန့်နဲ့ ငန်းနီကျော် နှစ်ထုပ်ပေါင်းသောက်ပြီး စောင်ခြုံကွေးနေလေရဲ့. . ။ မိန်းမ ဘယ်လိုမိန်းမမှန်းမသိဘူး။အဲဒါကြောင့်စကားများပြီး တစ်ယောက်ထဲထွက် လာတာ. . "

"ဒါဆို. . ဒါဆို. . ကျွန်တော်"

ကွာစိကကျော်ထက်ကို ဖြတ်ခနဲဝေ့ကြည့်ပြီး. . . ။

"လိုက်သွားမလို့လား၊ ဘာမှထူးမှာမဟုတ်ဘူး။ မိန်းကလေးဆောင် ယောကျ်ားမပြောနဲ့ ယင်ဖိုတောင်ဖြတ်ပျံလို့ရတာမဟုတ်ဘူး။ ဖြတ်ပျံမိရင်ကို သားရေကွင်းနဲ့ပစ်ချတာ၊ နင်လည်းသားရေကွင်းနဲ့ အပစ်ခံချင်ရင်လိုက် သွား. . အဲဒါ. . . လိပ်ခေါင်းပျောက်တယ်ပြောတယ်. . . "

"ဟင်. . . အော်. . . "

ကျော်ထက်ဘာမှမတတ်နိုင်တော့ သက်ပြင်းချပြီး ခုံပေါ်ပြန် လျှောချထိုင်နေလိုက်သည်။ ဟုတ်လည်းဟုတ်သည် သူတို့အဆောင်တွေ က စည်းကမ်းတင်းကြပ်လွန်းသည်။ ယောကျ်ားလေးဆိုလျှင် မိဘကအစ အဆောင်တွင်းသို့ အဝင်မခံ၊ တွေ့ချင်လျှင်အပြင်ကသာစောင့်၊ အဆောင် တွင်းမှမိန်းခလေးကသာ အပြင်ထွက်တွေ့ရ၏။

အခု ဒိုးပေကဖျားနေတော့ သူ့ကိုဘယ်လိုထွက်တွေ့နိုင်မည်နည်း။ အဆောင်ထဲဝင်သွားလျှင်လည်းသားရေကွင်းနဲ့အပစ်ခံရဦးမည်။

ထိုင်နေယုံမှတပါး အခြားမရှိပြီ။ဒါဆိုလိပ်ခေါင်းဖြတ်ဖို့နီးစပ်သည်။ လိပ်ခေါင်းဖြတ်ရင်. . .

"ကဲ. . . ဒါဆိုဘယ်လိုလုပ်ကြမှာလဲ"

ညီမင်းညိုကဖြတ်မေး၏။ထိုအချိန်မှာပင် ကွာစိကမုန့်ဟင်းခါး တစ်ပွဲ၊အီကြာကွေးတစ်ချောင်း၊ လက်ဖက်ရည်တစ်ခွက်သောက်ပြီးနေပြီ။

"ငါကတော့ နေခဲ့တော့မယ်ကွာ. . . "

အလိုက်သိသော ကျော်ထက်ကဝင်ပြော၏။ ဒါကို အခွင့်အရေးကို စောင့်နေသော ညီမင်းညိုက. . .

"ဒါဆိုလဲ နှင်းပွင့်ဖြူကိုငါလိုက်ပို့ပေးမယ်လေ. . . "

ကွာစိက ညီမင်းညိုကိုဖြတ်ခနဲဝေ့ကြည့်သည်။ ကွာစိဘာမှပြန်ပြောပဲ အရှေ့မှရေနွေးခွက်ကိုမှုတ်သောက်နေ၏။ ညီမင်းညိုလည်းဝမ်းသာအားရဖြင့်. . .

"ကဲ. . ဒါဆိုလဲသွားရအောင် နှင်းပွင့်ဖြူ"

"နေဦး. . ငါဒီမှာရေနွေးသောက်နေတာ နင်မမြင်ဘူးလား"

"အော်. . ဟုတ်. . ဟုတ်ကဲ့"

ကွာစိကဖြတ်ဟောက်၍ ညီမင်းညိုလက်ကလေးဒူးကိုင်ပြီး ခုံတွင် ပြန်ထိုင်နေလိုက်သည်။ ကွာစိက သူ့စိတ်ကြိုက်ရေနွေးကို နှစ်ခွက်သုံးခွက် ဆင့်သောက်ပြီးမှ. . .

"ကဲ. . သွားမယ်. . . "

ကွာစိအမိန့်သံကြားသည်နှင့် ညီမင်းကဝမ်းသာအားရထပြီး. . .

"ကဲငါသွားမယ်ကျော်ထက်၊ ဒါတွေမင်းရှင်းထားလိုက်တော့. . . "

"အောင်မြင်ပါစေကွာ. . . "

ကျော်ထက်က ညီမင်းညိုကိုဆုတောင်းပေးသည်။ ညီမင်းညိုက သူ့ကိုပြုံးပြီးလက်မပြန်ထောင်ပြသည်။ အောင်မြင်ပြီဆိုသည့်သဘော။ကွာစိကတော့ဘယ်သူ့ကိုမှမကြည့်ပဲ အရှေ့မှကော့ပက်ကော့ပက်နှင့် ထွက်သွား၏။ နောက် ညီမင်းကွာစိနောက်ပြေးလိုက်သွား၏။

ကွာစိကိုမှီတော့ သူတို့နှစ်ယောက်ရပ်စကားများနေကြသည်။ ညီမင်းညိုကသူ့ကားနှင့်သွားဖို့ ကွာစိကခေါင်းတခါခါ လယ်တခါခါနှင့်ငြင်းသည်။ ညီမင်းက ခြေသလုံးကိုင်မတတ်တောင်းပန်၏။ အတန်ကြာမှ ကွာစိက ဘောက်ဆတ်ဘောက်ဆတ်နှင့် ညီမင်းညိုကားပေါ်လှမ်းတက်သွားသည်။ ထိုတော့မှ ညီမင်းကဝမ်းသာအားရဖြင့် ကားတစ်ဖက်မှ လှမ်းတက်လိုက်သည်။ နောက်အောင်မြင်ပြီဆိုသောပုံစံမျိုးဖြင့် ကျော်ထက်ကိုလက်မထောင်ပြသည်။ ကျော်ထက်ကတော့ပြုံးရင်းသာ. . .

“အောင်မြင်ပါစေကွာ”

ဟုတိုးတိုးတိတ်တိတ်ဆုတောင်းပေးရင်း. . .

■ ■ ■

**ကား** ပေါ်ရောက်သည်နှင့် ကွာစိကစူပွပွနှင့် အိပ်ချင်ဟန်ဆောင်၍မျက်စိမှိတ်နေလေ၏။ ညီမင်းကသာမျက်နှာရိပ် မျက်နှာကဲနှင့် သူ့ဒရိုင်ဘာကို သတ်မှတ်ထားသည့်နေရာမောင်းရန် ပြောလိုက်သည်။ သူသတ်မှတ်ထားသောနေရာက သူတို့ပိုင်သော(လူရိပ်လူခြေနည်းပါးသော)ရန်ကုန်အလွန်လှည်းကူးနားရှိခြံကို. . .။ ကွာစိကတော့ မျက်လုံးကိုလုံးဝမဖွင့်ပဲ ကားကူရှင်ကို ခပ်လျှော့လျှော့မှီပြီး၊ မျက်စိမှိတ်အိပ်လိုက်လာ၏။

အို. . လှလိုက်တာ. . . တကယ်ကိုလှတာပါ. . .။

ကြည့်လေ. . .

သူမ၏ပါးပြင် ပန်းသွေးရောင်တွင် အကြောစိမ်းလေးများမြင်နေရပါသည်။ သူမ၏နှုတ်ခမ်းမှာ လိမ္မော်ရောင်ဖျော့ဖျော့လေးဖြစ်ပြီး၊ ထိုနှုတ်ခမ်းကိုသူမအမြဲတန်းစူပြီးချွန်ထားတတ်ပါသည်။ သူမ၏နားသယ်စပ်မှာမွှေးညှင်းစိမ်းနုနုလေးများ အများအပြားပေါက်ရောက်နေသည်။ ဂုတ်လောက်ရှိသောဆံနွယ်စလေးများကလည်း လေတိုက်လိုက်တိုင်း ချစ်စရာကောင်းသောသူမမျက်နှာကို ကွယ်အုပ်သွားတတ်ပါ၏။

"ဟော့ကောင်. . ဖြည်းဖြည်းကြည့်နော်. . "

မျက်လုံးမှိတ်ထားသော သူမ၏စကားသံကြောင့် ညီမင်းညို တွန့်ဝင်သွားသည်။ဘယ်လိုလုပ်သိမှန်းမသိ။ ညီမင်းစဉ်းစားနေဆဲမှာပင်

"ဘယ်ရောက်နေပြီလဲ"

သူမမျက်လုံးမဖွင့်ပဲထပ်မေးသောကြောင့် ညီမင်းညိုပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

ရောက်နေတာကမင်္ဂလာဒုံ။ သို့သော်. . .

"ရွှေ. . ရွှေဂုံတိုင်ရောက်ပြီ"

သူမလက်ပိုက်၍ ခုံပေါ်ပြန်လှဲချလိုက်သည်။ ဂရုမစိုက်ဘူးဆိုသည့်သဘော။ ညီမင်းညိုက ကားဆရာကို အမူအယာနှင့် အရှိန်မြှင့်ရန် ပြောသည်။

"ဘယ်ရောက်နေပြီလဲ. . . "

ကွာစိအသံထပ်ကြားရသည်။

ညီမင်းကပျာပျာသလဲနှင့်. . .

"အဲ. . ရွှေ. . ရွှေဂုံတိုင်ကျော်ပြီ"

ရောက်နေတာကထောက်ကြံ့အဝင်။ ကွာစိပါးစပ်ထဲလေအပြည့်ထည့်ပြီး မျက်လုံးလေးတစ်ဖက်ထဲဖွင့်ကာ ပတ် ဝန်းကျင်ကိုဝေ့ကြည့်သည်။ နောက်မျက်လုံးပြန်မှိတ်လိုက်သည်။ ထိုအဖြစ်ကိုမြင်တော့ညီမင်းညို သက် ပြင်း ချလိုက်မိသည်။ ရင်အေးသွားသည်ဆိုသည့် သဘော။ ထိုအချိန်မှာပင်ကွာစိကသတိရသွားသလိုဟန်မျိုးနှင့် ဝုန်းခနဲခုန် ထကာ ပတ်ဝန်းကျင်ကိုကဗျာကယာဝေ့ကြည့်ရင်း ညီမင်းညိုဖက်လှည့်ကာ . . .

"ဟင်. . . ဘယ်. . ဘယ်ရောက်နေတာလဲ. . . ဘယ်ရောက်နေတာလဲ. . . ဟေ့ကောင်. . နင်ငါ့ကိုဘယ်ခေါ်လာတာလဲ. . . "

ဟုဆိုပြီး ညီမင်းညိုအကျီကို ဒေါသတကြီးဆွဲလိုက်သည်. . .

"ဟဲ့. . ပြောလေ. . အခုနင်ငါ့ကို ဘယ်ခေါ်လာတာလဲလို့. . . "

ကွာစိကညီမင်းအကျီကို ခပ်ကြမ်းကြမ်းဆွဲရင်းပြောသည်။

ထိုတော့မှ ညီမင်းညိုကခေါင်းငုံ့ပြီး. . .

" ကွာစိ "

ကွာစိ ညီမင်းညိုကိုငေးကြည့်နေသည်. . .

"ငါ. . နင့်ကိုခိုးပြေးလာတာ. . . "

" ဘာ "

ကွာစိ၏အလန့်တကြားအော်သံ။

ညီမင်းညို ခေါင်းငုံ့ကာသက် ပြင်းချလိုက်ပြီး. . .

"ဟုတ်တယ်. . . ငါနင့်ကိုသိပ်ချစ်လွန်းလို့ ခိုးပြေးလာတာ"

သူ့စကားကြောင့် ကွာစိဒေါသထွက်သွားပြီး. . .

"တိတ်စမ်း။ နင်သာလူကြီးလူကောင်းသားသမီးဆိုလျှင် ဒီလို မလုပ်ဘူး။ ကားဆရာ ကားကိုအခုရပ်လိုက်စမ်း. . . "

ကွာစိကဒရိုက်ဘာထိုနေသောကားကူရှင်ကိုပုတ်ပြီး ဒေါသတကြီးပြောသည်။ ကွာစိအသံကြားသည်နှင့်ကားဆရာလည်းကားကို အရှိန်လျှော့လိုက်သည်။ ဒါကိုညီမင်းက. . .

"ဦးလေးမလျှော့နဲ့ မောင်းသာမောင်း. . "

ညီမင်းညိုစကားသံကြောင့်ကားဆရာ ဂီယာပြန်ပြောင်းလိုက်သည်။ ကားကလေးသည်ညို့မှုလွှတ်သောမြှားလို. . . ။

ဒါကိုကွာစိက ဝုန်းခနဲထပြီး ကားဆရာပုခုံးကိုဆွဲကာ. . .

"ကားဆရာရပ်လို့ပြောနေတာ မကြားဘူးလား. . . "

ကားကသူဆွဲလိုက်သောအရှိန်ကြောင့် အနည်းငယ်ရမ်းခါသွား၏။

"ဟာ. . . ဟာ. . . မလုပ်နဲ့လေ. . မလုပ်နဲ့. . . "

ကားဆရာ၏တားမြစ်သံ. . .

"မရပ်နဲ့ မရပ်နဲ့ ဆက်မောင်းဆက်မောင်း. . . "

ညီမင်းညိုက ကွာစိကို အတင်းပြန်ဆွဲလိုက်ရင်းပြောလိုက်သည်။

ကားကလမ်းတလျှောက် အရှိန်ကုန်ပြေးဆဲ. . .

ကွာစိအတင်းရုန်းကန်ရင်း. . .

"ရပ်နော်. . ရပ်၊ ညီမင်းညို နင်ခွေးစိတ်မမွေးနဲ့"

"ငါနင်နဲ့မခွဲနိုင်ဘူးကွာစိ၊ ဒါပဲငါသိတယ်. . . "

"ဒီလောက်ပြောမရတာ ကဲဟာ. . .

" ဖြန်း "

" ဖြန်း. . . "

ကွာစိ၏လက်ဖဝါးများ ညီမင်းညို၏ပါးပေါ် ဆက်တိုက်ကျလာ၏. . .

"ရိုက်၊ ကွာစိ နင်ငါ့ကိုကြိုက်သလောက်ရိုက်"

ညီမင်းညိုကမျက်နှာကိုမော့ပေး၏။

ကွာစိကကားတံခါးကိုလှမ်းကိုင်ကာ . . .

"ညီမင်းညို၊ ပြောမရရင် ငါကားပေါ်ကခုန်ချမှာနော်။ နင်ကားကိုရပ်မလားမရပ်ဘူးလားပြော။

ညီမင်းညိုကကွာစိကို အတင်းဖက်လိုက်ပြီး. . .

"မ. . မလုပ်ပါနဲ့ ကွာစိရယ်၊ ငါ. . ငါနင်နဲ့ဝေးရမှာကြောက်လို့ပါ"

"လွှတ်စမ်း. . ငါခုန်ချလိုက်မှာနော်၊ မလုပ်ရဲဘူးမထင်နဲ့"

ကွာစိကားတံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်သည်။

ညီမင်းက ကွာစိကိုကျော်၍ ကားတံခါးကို အတင်းပြန်ဆွဲကာ. . .

"ဟာ. . မလုပ်ပါနဲ့. . . "

ဆို၍ တံခါးကို အသည်းအသန် ပြန်ဆွဲပိတ်လိုက်သည်။

သို့သော် မရ . . . ကွာစိကကားတံခါးကိုမှီ၍အတင်းရုန်းကန်ရင်း. . .

"ဖယ်နော်. . ဖယ်. . မဖယ်ရင်ငါ့အဆိုးမဆိုနဲ့ ဖယ်စမ်း. . . "

ဆိုပြီး ကားတံခါးကိုကပ်၍ သူ့ကိုယ်လုံးနှင့် တွန်းဖွင့်ထားသည်။ ညီမင်းညိုက ကားတံခါးကိုတစ်ဖက် ကွာစိကိုတစ်ဖက်ဆွဲရင်း. . .

"မလုပ်နဲ့ နှင်းပွင့်ဖြူ မလုပ်နဲ့. . မလုပ်ပါနဲ့နော် . . နင့်ကို . . ငါ. ငါ. . ငါမခွဲနိုင်လို့ပါ"

ညီမင်းညို၏ မျက်ရည်များကြားမှ တောင်းပန်သံများ။

ကွာစိကသူ့ ကိုအံကြိတ်၍ စိုက်ကြည့်နေသည်။

"ငါနှင့်ကိုတကယ်ချစ်လို့ပါ. . . နင်နဲ့မခွဲနိုင်လို့ပါ. . . ငါတောင်းပန်ပါတယ်. . ဒီလိုလဲမလုပ်ပါနဲ့နော်. . . "

ညီမင်းညို၏တောင်းပန်တိုးရှိုးသံ။ ကွာစိအသက်ပျင်းပျင်းရှုရင်း သူ့ရှေ့ကမျက်ရည်များနှင့် ယောကျာ်းကို အံကြိတ်စိုက်ကြည့်နေ၏။

"ငါ့စကားကိုယုံပါကွာစိရယ်။ ငါတကယ်ချစ်လို့လုပ်မိတာပါ။ တို့. . တို့မခွဲပါရစေနဲ့နော်. . . "

ကွာစိငြိမ်သက်စွာစိုက်ကြည့်နေတုန်း။ သူ့ပါးပြင်တွင်မျက်ရည်နှင့်ဆံနွယ်စများ ရောယှက်နေသည်။

"တကယ်ပြောတာပါကွာစိရယ်။ စိတ်ကိုလျှော့ပါနော်။ ငါတကယ်ရူးမတတ်ချစ်မိလို့လုပ်မိတာပါ. . . "

ကွာစိအသက်ပျင်းပျင်းရှုရင်း ငြိမ်သက်နေတုန်း။ သူ့မျက်နှာပေါ်တွင်ခံစားချက်များကင်းမဲ့နေ၏။ ညီမင်းညိုက ပွင့်လုလုတံခါးကို မလွှတ်တန်းဆွဲထားရင်း. . .

"တကယ်ပါကွာစိရယ်။ နောက်ဆိုနင်မကြိုက်တဲ့အလုပ်၊ ဘာတစ်ခုမှငါမလုပ်ပါဘူး၊ငါကတိပေးပါတယ်နော်. . ဒီတစ်ကြိမ်တော့ ငါ့ကိုခွင့်လွှတ်ပေးပါ. . ခွင့်လွှတ်ပေးပါနော်. . . "

ကွာစိမျက်နှာအရောင်ပြောင်းသွားသည်ထင်ရ၏။

သို့သော်. . . ကားတံခါးညီမင်းလက်မှလွတ်လွတ်သွားချိန်. . . ကွာစိဆတ်ခနဲ ရုန်းအထ ညီမင်းသူမကိုလှမ်းဆွဲ၍. . .

"ကွာစိမလုပ်နဲ့. . မလုပ်နဲ့. . . ဟာ. . . "

ဝုန်းခနဲမည်သံနှင့်အတူကားတံခါးပွင့်ကျသွား၏။ နောက်နှစ်ယောက်သားလုံးထွေးပြီးကား၏အပြင်ဖက်သို့. . . ။

"ဒုန်း. . . "

"အား. . . "

အော်သံများ. . .

အော်သံများ. . . .

. . .

. . . .
အခြေအနေကငြိမ်သက်. . .
ကားလမ်းမနံဘေး သွေးအိုင်ထဲမှာတော့. . .
. . . . . . .
. . . . . . .
အခဲမကျေစွာစိုက်ကြည့်နေသောမျက်ဝန်းတစ်စုံ. . .
အသနားခံ တောင်းပန်တိုးရှိုးနေသော. . .
မျက်ဝန်းတစ်စုံ. . .
တစ်ဦးကိုတစ်ဦး စိုက်ကြည့်လျှက်. . .
. . . . . . .
. . . . . . .
ငြိမ်သက်. . .

■ ■ ■

## ပ ထ မ ပိုင်း

ကျွစ်ဆုံးပြီ”

“ ဘာ. . . ”

ရုတ်ခြင်းလေပြင်မုန်တိုင်းတိုက်ခတ်ခြင်းခံနေရသလိုယိမ်းယိုင်သွားကြ၏။အာမေဋိတ်သံနှင့်အတူ တစ်လောကလုံးငိုသံများ ဆူညံသွား၏။ မြားတစ်စင်းပစ်လိုက်သလို ထိချက်ပြင်းထန်လှသော အဖြစ်ပျက်ကြောင့် အားလုံးသွေးပျက်မတတ် ဖြစ်ကုန်ကြ၏။

ဘယ်သူကများ လေထဲမှအလွမ်းသီချင်းတစ်ပုဒ် ဟစ်ကြွေးလိုက်ပါသလဲ. . .။ ဖြောင့်စင်းလှပတဲ့ စကားလုံးမြားတံက လူတိုင်းရဲ့အသည်းနှလုံးကို ထုပ်ခြင်းခတ်ခဲ့ပါပြီ။ အမည်မသိ ပုဂ္ဂိုလ်တစ်ဦးမှနေ၍ ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ကို သူ့ဇာတိရှိရာဆီ ဆွဲခေါ်သွားလေပြီ။ ခနလေးရပ်ကြည့်ဖို့တောင် အချိန်မပေးပေမယ့် အားလုံးတမေ့တမောငေးစိုက်နေကြသည်။ ဒီဘဝဟာ ဘာဘဝများပါလိမ့်. . .။

မိုးသားတွေမအုံ့ဆိုင်းပါပဲ လူတိုင်း၏မျက်ဝန်းတွင် မိုးများရွာသွန်းနေလေပြီ။

သူပြန်မလာတော့ဘူးတဲ့. . .။

အဲဒီစကားစုလေးကြောင့်ပဲ အားလုံးရဲ့နှလုံးသားဟာ တူးခြစ်အောင် ကျွမ်းလောင်ခဲ့ပြီ။ အရာခပ်သိမ်း ဖွင့်ပြောလို့မရတဲ့ ဝေဒနာတွေအတွက်၊ ဘယ်သူတွေကများ အသုံးချခံခဲ့ရပါသလဲ။ခြေအစုံကသာမြေပေါ်ရပ်နေပေမယ့်၊ အားလုံးရဲ့ခံစားချက်တွေ မြေမြှုခံနေရပြီ။

ဟော မိုးရေစက်တွေ တဖျောက်ဖျောက်ကျလာပြန်ပကော. . .။ ဒီအချိန်ဆို မိုးရေစက်တွေမြင်တိုင်း မိုးရေထဲပြေးပြေးဆင်းတဲ့ ကောင်မလေးတစ်ယောက် မီးခိုးငွေ့များကြားမွန်းကျပ်လောင်မြိုက်ရတော့မည်။ ငယ်စဉ်က ပျော်ရွှင်ခဲ့ဖူးသော ပျော်ပွဲစားခရီးကို မေ့လို့ရပေမယ့်၊ အမြဲပျော်ရွှင်နေတတ်သော ကလေးမက လူကြီးမကျ ကောင်မလေးကို မည်သူကများမေ့လို့ရမှာတဲ့လဲ. . .

တွန့်ကြေနေသော သူ့အိပ်ယာပေါ် ကျဲချထားသော ပန်းပွင့်လေးကလေးများမနွမ်းသေးခင်မှာ. . . ပွဲတင်ထပ်နေတဲ့လူတွေရဲ့ အလွမ်းစိတ်ပို၍သြဇာကြီးမားလာချိန်မှာ၊. . . ချစ်စရာကောင်းတဲ့ တိမ်လိပ်ပြာတစ်ချို့တောင်ပံကျွတ်ချိန်မှာ. . . ငိုသံတစ်ချို့. . .

. . . . . .

. . . . . .

သွေးစို့နေလေပြီ။

သဘာဝသည် ကျွန်ုပ်တို့ကို သင့်တင့်မျှတသောလုပ်အားခများ ရှင်းပေးသည့် အလုပ်ဖြစ်သည်တဲ့. . .။ ထို့ကြောင့် လုပ်အားခပိုရအောင်အချိန်ပိုများစွာဆင်းပြီး အလုပ်လုပ်ကြရမတဲ့. . .။ ဒါဆိုရင်ကွဲနေသူတစ်ယောက်က ပိုပြီးလွမ်းရမလားသဘာဝကြီး. . .။

■ ■ ■

**"နောက်** ခံပန်းချီကားက အပြာရောင်ဖြစ်ပေမယ့်
မျက်နှာခြင်းဆိုင် မဆုံလိုက်ရဘူး။
မြန်မာဗီဒီယိုထဲက ဗီလိန်လို
လူအမုန်းခံရအောင် မလုပ်တတ်တော့
အလိုလိုနေရင်း အမုန်းခံနေရတယ်
အိမ်မက်ဆိုးတစ်ခုကိုမက်ဖို့
ဘယ်တုန်းကမှ မရည်ရွယ်ခဲ့တာအမှန်ပါ။
ဒါပေမယ့် မိုးရာသီကတော့
ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့
ဒါဏ်ရာများကို လက်ထပ်လက်စွပ်လုပ်
ကျွန်တော့်လက်မှာ ဝတ်ဆင်ပေးလိုက်ပြီလေ. . . ။

■ ■ ■

“ညီမင်းညို. . . ”

သူကျွန်တော့်ကိုမော့ကြည့်သည်။

သို့သော် သူ့မျက်လုံးများတွင် အဖြေရှိပုံမပေါ်။

“ငါ့ကိုမှတ်မိလား. . . ”

ခေါင်းမညိတ်ပါ။ လူစိမ်းတစ်ယောက်နှုတ်ဆက်လိုက်သလိုသာ ငေးကြည့်နေသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးကလည်း ရက်တည်ခြင်းသာမစွမ်းသာ၍၊ ဘီးတပ်လှည်း(ဝှီးချဲလ်) ပေါ်မှာငြိမ်သက်စွာတင်ထားရ၏။

“ငါ. . မင်းသူငယ်ချင်းကျော်ထက်လေ. . . ”

သူ့မျက်လုံးတွေကသေနေသည်။ ထိုနည်းတူစွာ၊ သူ့ဦးနှောက်၊ သူ့ခန္ဓာကိုယ်အစိပ်ပိုင်းအားလုံး. . . ။

“ဒို့တွေအရမ်းခင်ခဲ့ကြတယ်နော်. . . ”

သူ့မျက်လုံးများ မရွေ့လျား. . . ။ ကျွန်တော်ပြောသော ဘာသာစကားကိုပင် နားလည်ပုံမရ။ ကျော်ထက်၏သက်ပျင်းချသံ. . .

“ ဟင်း. . . ”

ညီမင်းညို. . သူ့လက်တွန်းလှည်းလေးကို ရွေ့လျားလိုက်သည်။

နောက်. . အဝေးကြီးသို့ငေးရီ. . . . ။ သူ့ထံခံစားချက်တို့မဲ့နေပုံရ၏။ သူ၏ မျက်နှာနှင့် ခန္ဓာကိုယ်အစိတ်ပိုင်းအားလုံးကမှ ပုံမှန်ရှိပုံမရ. . . ။

ကျော်ထက်ကသူ့ဝှီးချဲလ်လက်တန်းကိုကိုင်၍ ဒူးထောက်ထိုင်ချလိုက်ပြီး. . .

"ငါတို့. . ကောင်မလေးနှစ်ယောက်ကို သိပ်ချစ်ခဲ့ကြတယ်လေ"

သူအဝေးကြီးကိုငေးရီဆဲ. . . သူကြည့်နေရာနှင့် ဟိုးဝေးဝေးမှာ မြက်ခင်ပြင်များစိမ်းနေ၏. . . ။

"အဲဒီကောင်းမလေးနှစ်ယောက်နဲ့ ဒို့တိရိစ္ဆာန်ရုံတွေ၊ ပန်းခြံတွေ သွားခဲ့ကြတာလေ. . . "

သူကျော်ထက်ကိုလှည့်မကြည့်ပါ။

ဝှီးချဲလ်ကိုသာ တွန်းမလိုမတွန်း မလိုနဲ့ တစ်လှုပ်လှုပ်လုပ်နေ၏။

သူ့စိတ်တွေမြက်ခင်းစိမ်းပေါ် ရောက်နေပုံရသည်။

"မင်းကောင်မလေးက လေဒီရှူးအဟောင်းလေး အမြဲစီးတတ်တယ် လေ. . ။ အော်. . နောက်. . မင်းမှတ်မိလားမသိဘူး။ မိုးရွာတဲ့တစ်နေ့မှာ သူတို့နှစ်ယောက်ကို ဒို့စတွေ့ဖူးကြတာလေ. . . ။ သူတို့က မိုးမိုးဘာလို့ရွာ၊ မြွေကိုက်လို့ရွာ ဆိုပြီးအော်သွားကြတာလေ. . . အော်သွားကြတာ"

ကျော်ထက်၏စကားသံများ ဆို့နင့်လာ၏. . သူ့မျက်ဝန်းမှာမျက်ရည်စများဝေ့သီ. . . ။

ပြိုပျက်တော့မယောင်မျက်နှာနှင့် ခေါင်းကိုငုံ့ထား၏။

ကျောပြင်ကတော့ တသိမ့်သိမ့်နှင့်လှုပ်ခါနေသည်။ အတန်ကြာမှ အသက် ကိုခပ်ပျင်းပျင်းရှူ၍ ခေါင်းမော့လိုက်ပြီး. . . ။

"ဒါတွေအားလုံးပြီးဆုံးခဲ့ပါပြီ သူငယ်ချင်း. . . ပြီးဆုံးခဲ့ပါပြီ. . . "

လေပြေများဝေ့ဝဲနေသည်။ ထိုလေပြေနှင့်အတူ လိုက်ပါလာသောမိုးစက်ပွင့်များ။

မိုးပြေးပင်ဖြစ်လိမ့်မည်။

ကောင်းကင်ကပြာဆဲ။

ကျော်ထက် ထိုကောင်းကင်ပြာကိုမော့ကြည့်ရင်း. . .

"ပြင်လို့မရတဲ့အမှားတွေနဲ့. . . .

. . . . .

. . . . .

ဒို့တွေမှားခဲ့ကြပြီပဲ. . . "

ပျက်ခနဲလျှပ်စီးလက်တာမြင်ရ၏။ မိုးခြိမ်းသံတော့မကြားရသေး။ အဝေးသို့ငေးရီနေသူကတော့ ကြည်နူးစွာငေးရီနေဆဲ. . .။

"ကဲ. . ငါသွားတော့မယ်သူငယ်ချင်း။ မင်းလည်းနေကောင်းအောင်ဂရုစိုက်ပါ. . . အော်ဒီစာရွက်ကလေးကိုမှတ်မိမလားမသိဘူး ကြည့်ကြည့်ပါဦး. . . "

ညီမင်းလက်ထဲကျော်ထက်စာရွက်ကလေးတစ်ရွက် ထိုးထည့်ပေးလိုက်သည်။ ထိုစာရွက်ကလေးမှာညီမင်းကိုကွာစိက ကွန်ပြူတာနှင့်ရိုက်ပေးခဲ့သောစာရွက်ကလေးဖြစ်ပါသည်. . . "

ညီမင်းညိုကသူ့ရှေ့ရောက်လာသောစာရွက်ကလေးကို လှမ်းကြည့်လိုက်သည်။ စာရွက်တွင်ရေးထားသောစာများက. . .

**"ကျွန်တော်ချစ်သောမိန်မတစ်ယောက်ရှိပါသည်. . .**

**သူသည်ဖိနပ်မစီးပဲ မိုးရေထဲလျှောက်သွားတတ်သည်. . .**

**သူ၏အမည်မှာ ကွာစိဖြစ်ပါသည်. . .**

**ကာလနာကြီး. . .**

**မြွေပွေးကိုက်ကြီး. . .**

**ချေးကားတိုက်ပြီးမှပြောပါ. . .**

**ငရဲကြီးရှစ်ထပ်ကျ၍ တစ်သက်လုံးနှာဂိုဒေါင်ဟု အမည်တွင်ပါစေ။ ဝက်များလိုသင်းကွက်ခံရပါစေ. .။**

**ပုံ**

**နှာဘူး။**

ဟူ၍ဖြစ်ပါသည်။

ညီမင်းညိုကျော်ထက်ကိုပြန်မော့ကြည့်သည်။

"ဒီစာရွက်လေးကို မင်းမှတ်မိမယ်ထင်တယ်ညီမင်း အဲဒီစာရွက် ကိုရိုက်ခဲ့ပေးတဲ့ ကောင်မလေးတစ်ယောက်ကြောင့်ပဲ. . . "

ကျော်ထက်စကားကိုထပ်မဆက်နိုင်တော့လောက်အောင် အသံဆို့နင့်နေ၏။ ညီမင်းညိုကျော်ထက်ကိုငေးကြည့်နေသည်။

နောက် သူ့မျက်ဝန်း တွင်မျက်ရည်စများဝေ့သီလာ၏။

"မင်းမှတ်မိတယ်နော်. . ညီမင်း. . မှတ်မိတယ်မဟုတ်လား. . "

ညီမင်းညိုကဘာမှပြန်မပြော အဝေးကြီးကိုငေးရီနေလိုက်သည်။

ကျော်ထက်ဖြည်းညင်းစွာ ထရပ်လိုက်သည်။

"ကဲ. . ဒါဆိုငါသွားတော့မယ်. . . "

ညီမင်းညိုကသူ့ကိုလှည့် ပင်မကြည့်ပါ။ သူ့စိတ်သည်လည်း သူ့ခန္ဓာကိုယ်တွင်ကပ်ငြိနေပုံမရပါ။ ဝေးဝေးကမြက်ခင်းစိမ်းကိုသာ ကွယ်ပျောက်သွားမတတ်မျက်လုံးမှိုးနှင့်တတ်မက်စွာငေးကြည့်နေဆဲ။ သူ့မျက်ဝန်းတွင်မျက်ရည်များဝေ့သီဆဲ. . ။ ပြီးနောက်မျက်ရည်များကြား ကပြုံးရင်း သူ့ဦးခေါင်းလေးကိုအရှေ့တိုးလိုက်သည်။ ကားအက်ဆီး ဒင့်ဖြစ်ပြီးကတည်းက ညီမင်းဒီလိုပြုံးတာ ပထမဆုံးမြင်ရခြင်းပင်။

ထိုနေ့ ရာသီဥတု သာယာသည်ဟုဆိုရမည်. . . ။

■ ■ ■

"သူ အလုပ်ထွက်သွားပြီကွ. . . "

"ဘယ်လို"

"ဟုတ်တယ်၊ သူအလုပ်ထွက်သွားပြီ"

ဇော်ဝင်း၏စကားသံနှင့်အတူ လေပြေတို့ဝေ့ဝဲလာ၏။ မိုးများအရှာကျဲ၍လားမသိ၊ ထိုလေပြေထဲတွင်ဖုန်မှုန့်များလွင့်ပါလာသည်။ မဆီမဆိုင် သစ်ပင်ပေါ်မှ သစ်ရွက်ကလေးတစ်ရွက်တွင် တွဲလဲခိုနေသော ရေစက်ကလေးတစ်စက်ကို အထီးကျန်စွာမြင်လိုက်ရသည်။ သို့သော် သိပ်မကြာခင် အတွင်း ထိုရေစက်ကလေး လေပြေ၏တိုက်ခတ်မှုအရှိန်ကို မထိမ်းသိမ်းနိုင်ပဲ မြေပြင်ပေါ်ဖျောက်ခနဲ ကြွေကျအက်ကွဲလွင့်စင်သွားလေသည်။

သက်ပျင်းချသံ. . .

"ဟင်း. . . အေးကွာ. . . သူအလုပ်ထွက်သွားတာ ငါတောင်မသိလိုက်ဘူး. . . "

"သူ့သူငယ်ချင်းမလေးဆုံးပြီး တစ်ပတ်လောက်ပဲဖြစ်မယ်။ အလုပ်ကိုလုံးဝမလာတော့ဘူး။ ကုန်ကုန်ပြောမယ်ကွာ. . သူရမယ့်လခတောင်လာမထုတ်တော့ဘူး. . . "

ခုနကမြေနီလမ်းကလေးပေါ်တွင် ခြေရာလေးများတွေ့ရသေးသည်။ အခုတော့ လေပြေနဲ့အတူ လိုက်ပါလာသောဖုန်မှုန့်များက ထိုခြေရာလေးများကိုဖုံးလွှမ်းပစ်လိုက်ပေပြီ။

မိုးကောင်းကင်အပြာတွင်လည်း ခုနကတိမ်သားခြေရာအဖြူရောင်များ မြင်တွေ့လိုက်ရသေးသည်။ သို့သော် လေပြေ၏လှုံ့ဆော်မှုကြောင့်ပင်ထိုတိမ်ခြေရာများလည်းဝေးရာသို့လွင့်စင်ပပျောက်သွားလေပြီ. . .။

ဩော်ကမ္ဘာလောကတစ်ခုလုံးအတွက် ခြေရာဖျောက်သွားတာများလားကွယ်. . .

“ငါ့စိတ်ထင်တော့ သူရန်ကုန်မှာပဲရှိနေဦးမယ်ထင်တယ်. . .”

ကျော်ထက်ဇော်ဝင်းကိုဝေ့ကြည့်လိုက်မိသည်။ ဇော်ဝင်းကကျော်ထက်ကိုပြန်ကြည့်ရင်း. . .

“သူ့သူငယ်ချင်းတွေကို မေးမကြည့်ဘူးလား. . .”

“ဟူး. . .”

ကျော်ထက်သက်ပျင်းချလိုက်သည်။ နောက်အသက်ကို ခပ်ပျင်းပျင်းရှူသွင်းရင်း. . .

“သူအဆောင်ကထွက်သွားပြီဆိုတာကအပြင် ဘာကိုမှမသိခဲ့ရပါဘူးကွာ. . .”

“ အော် ”

နှစ်ယောက်လုံးပြန်လည်ငြိမ်သက်သွား၏။ မိုးရာသီဖြစ်သော်ငြားရာသီဥတုက ပူသယောင်ထင်ရ၏။ ရင်ထဲကပူနေတာလား။ အပြင်ကပူနေတာလားတော့ သူတို့မခွဲခြားတတ်ပါ။ သို့သော် ချွေးစေးများကျလာအောင်ထိပူပါသည်။

“ဒါနဲ့ ညီမင်းညိုအခြေအနေရော. . .”

ကျော်ထက်အဝေးကြီးသို့ငေးရီနေလိုက်သည်။ အတန်ကြာမှသက်ပျင်းချရင်း. . .

“သူဘာကိုမှ မမှတ်မိတော့ဘူးကွာ၊ နောက်ပြီး လှုပ်လည်းမလှုပ်ရှားနိုင်တော့ဘူး. . .”

"ဝင့်ပဲထင်တယ်ကွာ. . . နော်. . . "

ဇော်ဝင်းစကားကြောင့် ကျော်ထက်ခေါင်းထောင်တက်သွား၏။

"ဝင့်ပဲထင်တယ်တဲ့"

တကယ်ဝင့်သာဆိုလျှင် ထိုမျှလောက်ဝင့်ကြီးသူ လေကတွင်ရှိမည်မထင်၊ ချစ်သူနှင့်သေကွဲ ကွဲရသည့်အပြင်၊ အသက်မသေယုံတပါး၊ဘာမှမလှုပ်ရှားနိုင်တဲ့ဘဝ၊ လူတိုင်းကဲ့ရဲ့ပစ်တင်ခြင်းခံနေရသည့်ဘဝ၊ ဒီထက်ဆိုးတာ ရှိဦးမည်နည်း။

အော်. . လူဖြစ်လျှက်နှင့် လူမပီသသည့်ဘဝပါလား. . . ။

"ငါသွားတော့မယ်ဇော်ဝင်း. . . "

ဇော်ဝင်းသူ့ကို ဖြတ်ခနဲလှည့်ကြည့်ပြီး. . .

"အော်. . . အေး. . . "

ကျော်ထက်မတ်တတ်ထရပ်လိုက်သည်။ ထိုတော့မှဇော်ဝင်းက. .

"မင်းသူ့ကိုတွေ့ရင်ပြောလိုက်ပါဦး. . . "

ကျော်ထက်က ဇော်ဝင်းကိုပြန်လှည့်ကြည့်သည်။ ဇော်ဝင်းက သက်ပျင်းချရင်း. . .

"ငါ့ဆီမှာ လခလာထုတ်ဦးလို့. . . "

ဘာမှပြန်မပြောဖြစ်။ သူ့လခကအရေးကြီးနေလား။ ဒါမှမဟုတ် နှလုံးသားကိစ္စက အရေးကြီးနေလား မသေချာ၍ဖြစ်သည်။ ကောင်မလေးကိုမေးကြည့်ပါက လခသာယူမှာမလွဲ. . . ။

■ ■ ■

“ညီမင်း ဆုံးပြီ. . . ”

“ဘယ်လို. . . ”

ကြားလိုက်ရသောသတင်းက ကိုယ့်နားကိုပင်မယုံချင်. . . ။ မနေ့ကပဲအကောင်းကြီးတွေ့ခဲ့သေးတယ်မဟုတ်ပါလား. . . ။ ယခုပြောတာလဲမမှားနိုင်။ ညီမင်း၏မိခင်ကိုယ်တိုင်က ဖုန်းဆက်ပြောနေခြင်းကြောင့်ပင်ဖြစ်၏။

“ဘယ်. . ဘယ်လိုဖြစ်တာလဲအန်တီ. . . ”

“အန်တီတို့လည်းမပြောတတ်ပါဘူးကွယ်။ မနေ့ကပဲသားနဲ့တွေ့သေးတယ်မဟုတ်လား. . . ”

“ဟုတ်. . ဟုတ်ကဲ့. . အန်တီ. . . ”

“အင်း. . အဲဒါ. . တစ်ညလုံးလဲမအိပ်ဘူးလားမသိပါဘူး သားရယ်. . . ဒီမနက်လည်းကျရောသူ့ပို့ခဲ့လ်ပေါ်မှာ. . . မျက်ရည်တွေတောင်မခြောက်သေးပါဘူးကွယ်. . အဟင့်. . . ”

မည်သို့နှစ်သိမ့်ရမည်ပင်မသိတော့။

“သူ့ရင်ပတ်ပေါ်မှာလဲ သားပေးသွားတဲ့စာရွက်ကလေးကို ကျစ်ကျစ်ပါအောင်ဆုတ်ထားတာတွေ့ရတယ်. . . ”

"ဗျာ"

ဒုတိယအကြိမ်ကောင်ကင်တို့ပြိုကျလာသည်။ နှလုံးသားထဲတွင် လဲကမ္ဘာပျက်ကျမတတ် ရမ်းခါနေ၏။ အရာရာမှုန်ဝါးစွာမြင်နေရသည်။

ငိုသံများ. . .

ငိုသံများ. . .

ငိုသံများ. . .

လောင်ကျွမ်းဆွေးမြေ့နေသော ငိုသံများ. . .

ရင်ကွဲနာများ ကျတတ်ပါသလားခင်ဗျာ. . .။ ဖြေပါ. . .။ရင်ကွဲနာကျသူကတော့. . .။

■ ■ ■

**မိုး**ကစိမ့်စိမ့်လေးရွာနေသည်. . .။

မိုးရေစက်ထဲ ထီးမပါပဲလျှောက်သွားနေသူများကို သတိရမိပါသလား။ ဤကဲ့သို့မိုးစွေချိန်များကို နှစ်သက်သောသူတို့သည် မိုးရေစက်များကြား သစ်ရွက်ကလေးများ လိုက်ကောက်တတ်ကြပါသည်။ တစ်ခါတစ်ရံ ၌ လမ်းမပေါ်တင်ကျန်သော မိုးရေစက်များကို သူတို့၏ခြေထောက်သေး သေးကလေးတွေနှင့် တစ်ဖွဲဖွဲဖွာကျအောင် ကန်ထုတ်ပစ်တတ်ကြပါသည်။

တစ်ခါတစ်ရံ၌လည်း ကောင်းကင်ကိုမော့၍ မိုးရေစက်များကို ပါးစပ်နှင့် ခံတတ်ပါသည်။ တစ်ခါတစ်ရံ၌လည်း. . .

အခုတော့ ထိုပန်းချီကားချပ်လေးပျောက်ဆုံးသွားပါပြီ။ ထိုပန်းချီကားလေးသည် ကံကြမ္မာ၏ခိုးဝှက်ခြင်းခံရပြီးနောက် ပျောက်ခြင်းမလှပျောက်ဆုံးခဲ့ရပါပြီ။

ပျောက်သောသူရှာလျှင်တွေ့ဟူသော စကားပုံလူတိုင်း ကြားဖူးလိမ့်မည်။ တမင်အမြင်မခံလို၍ပုန်းနေသူကိုတော့ ရှာ၍တွေ့ ရန်လွန်စွာခက်ခဲပေလိမ့်မည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

သို့သော် ကမ္ဘာမြေကလည်း ကျဉ်းကျဉ်းလေးဖြစ်သည့်အတွက် မိုးပေါ်ကအပ်တစ်စင်းနှင့် မြေပြင်ကအပ်တစ်စင်းတို့ မထင်မှတ်ပဲဆုံတွေ့ချိန်လည်းရှိပေလိမ့်ဦးမည်။

ထိုကြောင့်သာ. . .

■ ■ ■

ထို နေရာလေးသည် တစ်ခါကသူတို့လေးယောက် ရေခဲမုန့်လာစားခဲ့သော နေရာလေးဖြစ်ပါသည်။

ဖြတ်သွားဖြတ်လာလူများကျဲပါး၍ အရွက်ဖားဖားသစ်ပင်များအုံ့ဆိုင်းနေသည့်အတွက် အမြဲတစေအေးစိမ့်နေတတ်သော အေးချမ်းမှု၏နယ်နိမိတ်လည်းဖြစ်ပါသည်။ထိုနေလေးတွင် သူမတစ်ယောက်ထဲငြိမ်သက်စွာထိုင်နေ၏။

"သင်းသင်းလှိုင်. . . "

" ဟြော် "

သူမဘာမှပြန်မပြောပဲ အရှေ့ဖက်လှည့်၍ငေးရီနေပြန်သည်။ သူမလက်ထဲမှာတော့ သူတို့စားခဲ့ဖူးသော အပေါ်စားရေခဲမုန့်ခွက်လေး။ တစ်ယောက်ထဲလားဟုမမေးဖြစ်ပါ။ ကွာစိမရှိတော့သည့်အချိန်မှစပြီး၊ သူမကိုတစ်ယောက်ထဲသာမြင်ရလိမ့်မည်ဟု စိတ်ထဲအလိုလိုသိနေသည်။ ကျော်ထက်သူနားဝင်ထိုင်လိုက်သည်နှင့် သူမက. . .

"ကွာစိကိုသတိရလိုက်တာ. . . "

သူမ၏အသံတိုးတိုးရဲ့ရဲ့လေး. . . သူမ၏မျက်ဝန်းမှာတော့ မျက်ရည်စက်များ အမြဲတစေဝေ့သီနေပုံရ၏။ မျက်နှာလေးအနည်းငယ်ချောင်ကျသွားယုံမှတစ်ပါးဘာမှမပြောင်းလဲ. . . မျက်ဝန်းမှာတော့မျက်ရည်စများဝေ့သီ။

"ကွာစိသာရှိနေရင် သိပ်ပျော်ဖို့ကောင်းမှာပဲနော်. . . "

ဘာမှပြန်မဖြေမိ. . .။လေပြေက သူမဆံနွယ်စများကိုလှုပ်ခပ်နေသည်။

"ဒီအချိန်ဆို ကွာစိတော့အလုပ်ထဲမှာအိပ်ငိုက်နေလောက်ပြီနော်"

သက်ပျင်းချယုံမှတပါးအခြားမရှိ။ သူမကလည်း သူ့နားတွင်လူရှိနေသည်ကိုပင်သတိရပုံမပေါ်။ မျက်ရည်စများကြားယွဲ့ယွဲ့လေးပြုံးပြီး. . .

"ကွာစိကသိပ်ရယ်ရတာ သိလား. . . အဟင်း. . . "

တစ်ကိုယ်ထဲ ရေရွတ်သလိုရေရွတ်၏။

"သူကအမြဲတန်းအိပ်ငိုက်နေတတ်တယ်။ မနက်ဖန်ဆိုရင်လည်း၊ သူ့ကိုမနိုးမချင်း ဘယ်တော့မှမထဘူး. . .။ နိုးရင်လည်းတော်ယုံတန်ယုံနိုးလို့မရဘူး. . ဟင်း. . ဟင်း. . သိပ်ရယ်ရတာပဲသိလား. . ဟင်း ဟင်း. . . "

သူ့ဖာသူပြောပြီး သူ့ဖာသူဘောကျစွာရယ်၏။ ကျော်ထက်ကသာ သူ့ကိုတအံ့တသြငေးကြည့်နေမိသည်။ သူမကမျက်လုံးကလေးလှန်ပြီး အပေါ်သို့မော့၍စဉ်းစားလိုက်ပြီး. . .

"မှတ်မိသေးတယ်မနက်ဖက်ဆိုရင်လေ. . အဆောင်ကမိန်းကလေးတွေအားလုံး သူ့ကုတင်လားပြီး ခြေထောက်ကမတဲ့သူမ ခေါင်းကဆွဲထူတဲ့သူကထူနဲ့ သူ့ ကိုအတင်းနိုးကြတာ။ အဲဒါကိုသူက သူ့ကုတင်တိုင်ကိုမလွှတ်တန်းဖက်ပြီး မရ ရအောင်အိပ်နေတော့တာ။ အိပ်တာကလည်းမှောက်လျှက်လေးသိလား။ ဖားကုံညင်းလေးကျနေတာပဲ။ ချစ်စရာလေး ဟင်း. . ဟင်း. . "

ပြောရင်းနဲ့စိတ်ပါလာပုံရ၏။ သူမျက်လုံးများက တမ်းတစိတ်ဖြင့် မျက်ရည်စများကြား အရောင်များတလက်လက်တောက်ပလာသည်။

ကျော်ထက်ကသူ့ကို တ အံ့တသြငေးကြည့်နေဆဲ. . .။

“အဲဒီလိုမှန်းမရတော့ဘူးဆို သူအိပ်လို့မရအောင်လေးငါး ယောက်လောက်သူ့ကုတင်ပေါ်တက်ခုန်ကြတာ။ လုံးဝအိပ်မရတော့ဘူးဆိုမှ ဘယ်လိုဖြစ်နေကြတာလဲဆိုပြီး ငိုမလိုလိုမျက်နှာ ကြီးနဲ့ အောက်နှုတ်ခမ်းကြီး အရှေ့ထုတ်မဲ့ပြီးထလာတာ။ နောက်ရေချိုးခန်းသွားရင်လည်း အဲဒီအတိုင်း ပဲ မျက်လုံးကိုလုံးဝမဖွင့်ဘူး။ မျက်လုံးကြီးပိတ်၊ မျက်နှာကြီးမဲ့ပြီး ဟိုတိုက်ဒီ တိုက်နဲ့ စမ်းစမ်း စမ်းစမ်းသွားတာဟားဟား. . . ”

ပြောရင်းပိုစိတ်ပါလာပုံရသည်။ ခြေရောလက်ရောပါအောင် အား ရပါးရပြောလာသည်။ ကျော်ထက်ကတော့ သူ့ကိုငေးကြည့်နေတုန်း. . .

“သူ့ကိုအဲဒီပုံစံမျိုးနဲ့မြင်ရင်လေ၊ အဆောင်ကအစ်မကြီးတွေက သိပ်ချစ်ကြတာ။ သူအဲဒီလို မျက်လုံးမှိတ်ပြီးလာပြီဆို အားလုံးကသူ့ကိုဝိုင် နမ်းကြတာ။ သူ့ပါးလေးက ဖောင်းဖောင်းလေးဆိုတော့ နမ်းရတာအိနေ တာပဲလေ။ နောက်ကြတော့သူ့ကို အဲဒီပုံစံမျိုးနဲ့မြင်ရင် ဝိုင်းနမ်းကြလွန်းတော့ သူစိတ်တိုပြီး သူ့ပါးကိုသူ တံတွေးတွေနဲ့ပွတ်ထားတော့တာ။ နမ်းရဲနမ်းကြည့် တဲ့လေ. . .။ ဒါလည်း အားလုံးကသူ့ကိုချစ်တော့ ဝိုင်းနမ်းကြတာပဲ. . . ဟင်း. . ဟင်း. . အဲဒါဆိုသူထိုင်ငိုရောသူငိုရင်လည်း တစ်ဆောင်လုံးကြား အောင်ဝါးဝါးနဲ့သံကုန်ခြစ်အော်တာ”

သူ့ဖာသာသူပြောပြီး သူ့ဖာသာသူသဘောကြနေပြန်၏။ မိုးစက် ပွင့်ကလေးများ တဖွဲဖွဲကျလာ၏။ ထို့အတူ သူမ၏ရယ်သံသည်လည်း တိုး ညင်းစွာတဖွဲဖွဲကျနေ၏။

“နောက်ပြီးသူအလုပ်သွားတော့မယ်ဆို အလုပ်မသွားနိုင်အောင် သူ့အလုပ်ကရတဲ့ဝတ်စုံကို ဝိုင်းဖွက်ထားကြတယ်။ အဲဒါဆို သူခြေဆောင့် ဆောင့်ပြီး တစ်ဆောင်လုံးကို လှည့်ပတ်ရန်ရှာတော့တာပဲ။ သူရန်ရှာလေ၊ သူများတွေကရယ်လေပဲ သိလား. . ဟင်း. . ဟင်း. .။ အဲဒါလေ သူစိတ်တို လွန်းမကတိုလာပြီဆို၊ ငါ့ဝတ်စုံမပေးရင် အဆောင်မှူချက်ထားတဲ့ ထမင်း တွေဟင်းတွေယူပြီး၊ ငါဒါတွေအားလုံးသွားသွန်လိုက်မယ်ဆို ခြိမ်းကြိမ်းမှ၊ သူ့ဝတ် စုံကိုထုတ်ပေးကြတယ်. . ဟင်း. . ဟင်း. . . ”

မိုးရေစက်များသူမ၏ပါးပြင်ပေါ်တွင် ပို၍များပြားနေသည်။

သူမ ၏မျက်လုံးများက မိုးတိမ်လို ညို့မနေပါ။ ကြည်ကြည်လင်လင်ရှိသော်လည်း အနည်းငယ်အနီရောင်သမ်းနေ၏။ မိုးရေစက်များ သူမ၏ မျက်ဝန်းထဲမှ စိမ့်ထွက်နေပုံရ၏။

"တစ်ခါကလည်း သူအဲဒီလိုလုပ်တာကို မလုပ်ရဲဘူးမှတ်ပြီး၊ ဒီအတိုင်းကြည့်နေတာ။ တကယ်ပဲ. . ထမင်းတွေဟင်းတွေကို ကြွပ်ကြွပ်အိပ်နဲ့ ထည့်ပြီး သွားသွန်ပစ်လိုက်တာ။ ဟင်း. . ဟင်း. .၊ အားလုံးငတ်ရော. . . ဟင်း. . ဟင်း. . "

သူမ၏ရယ်သံတွင် ပျော်ရွှင်ရိပ်များပိုသမ်းလာ၏။ မိုးရွာနေတယ်ဆိုတာကို သတိရပုံမပေါ် သူပြောချင်တာတွေကိုသာဆက်ပြောနေ၏။

"အဲဒီလိုသူလုပ်လို့လဲ သူ့ကိုဘယ်သူမှအပြစ်မတင်ကြဘူးသိလား။ မုန့်ကလေးတွေဝယ်လာပြီး သူကိုပြန်ချော့ရတာ။ ဟဲ့. . . ပြောရဦးမယ်သိ လား. . . "

သူမကျော်ထက်ပေါင်ကို သတိလက်လွတ် ဖြတ်ခနဲပုတ်လိုက်သည်။

ပြီးတော့ အားတက်သရောဖြင့်. . . .

" ကွာစိကသူ့ကိုဘာကျွေးကျွေးစားတယ်သိလား။ အစားကတော့ ကြီးသလားမမေးနဲ့. . .။ တခါတလေ ငါစားဖို့ထမင်းဟင်းတွေတောင် အကုန်ဝါးပစ်တာ။ ပြီးရင်မသိချင်ရောင်ဆောင်ပြီး အိပ်နေတော့တာ။ အဲဒီနေ့တွေဆို ငါငတ်ရော. . ဟဲ. . ဟဲ ဟဲ. . . "

သူမ၊ သူ့စကားတွေအပေါ် လွန်စွာသဘောကျနေပုံရ၏။ မျက်ဝန်းကသာမျက်ရည်ကျနေသော်လည်း သူမ၏မျက်နှာမှာ ကြည်နူးမှုများနှင့် ပြုံးရွှင်နေ၏။

"နောက်ပြီးတော့ သူကလေ. . .။ ငါ့ကိုဆိုအရမ်းနိုင်တာသိလား။ အေးလေ. . လူအားလုံးကိုသူကနိုင်တာပဲ. . . "

သူမခန္ဓာကိုယ်အနည်းငယ်ဖျော့ချလိုက်သည်။ နောက်အကြောင်းမဲ့စွာ မြေပြင်ကိုစိုက်ကြည့်နေ၏။

နောက်မှသတိရသွားသလို ခန္ဓာကိုယ်မတ်ပြီး. . .

“ဟဲ့. . သိလား။ ညဖက်ညဖက်ဆိုလေ. . .၊ သူကသူ့ကုတင်ခေါ်ပြီး. . မအိပ်ခင် ပုံပြောပြခိုင်းတာ သိလား။ အောင်မာ. . . သူ့ကိုပုံပြောရတာလွယ်တာမှတ်လို့၊ တခြားပုံပြင်တွေဆို သူကမကြိုက်ဘူးသိလား။ နှင်းပွင့်ဖြူလေးက ရွှေမင်းသမီးလေးဆိုမှ ဟီးဟီး ဟီးဟီးနဲ့ သူ့သွားကျဲပေါ်အောင်ရယ်ပြီးသဘောတွေကျနေတာ။ ငါဆိုသူ့ခေါင်းလေးကို ပေါင်ပေါ်တင်ပြီးအဲဒီ ပုံပြင်ညတိုင်းပြောပြရတယ်။ နောက်ပြီးသူအိက်ပျော်သွားမှ ငါအိပ်ရတာ။ သူအိပ်နေရင်လေ. . ကလေးလေးလိုပဲသိလား။ ခေါင်းအုံးလေးကိုဖက်ပြီး မှောက်ခုံလေးအိပ်တာ။ အအိပ်ကတော့ဆော့သလားမမေးနဲ့ဗျ၊ ခဏခဏ ကုတင်ပေါ်ကပြုတ်ကျတယ်။ ပြုတ်ကျလဲမထဘူး။ အောက်မှာဒီအတိုင်းပဲ ဆက်အိပ်တာ။ဟင်း. . ဟင်း. . ”

သူ့စကားတွေကသူ့မျက်ရည်တွေလို တသီတသန်းကြီးဖြစ်နေ၏။ မိုးရေစက်များက သူမ၏မျက်ရည်တွေလို တဖွဲဖွဲကျနေ၏။ သူမကတော့ရာသီဥတုကိုမေ့လျော့စွာ မိုးရေထဲထိုင်နေဆဲ. . .၊ မျက်လုံးတွေက ပြောချင်စိတ်နဲ့ အရောင်လက်နေဆဲ. . .။

“မနက်ရောက်လို့ ကွာစိကိုကုတင်ပေါ်မှာမမြင်ရရင် အစောကြီးနိုးလို့ အပြင်ထွက်သွားပြီမထင်နဲ့ ကုတင်အောက်မှာခေါင်းအုံးဖက်ပြီး လိုမ့်နေတာ။ နောက်သူအိပ်ရာကနိုးလို့၊ သူ့ကိုယ်သူ ကုတင်ပေါ်မှာမတွေ့ရရင် အရမ်းစိတ်ဆိုးတာပဲ သိလား။ အဲဒီနေ့မျိုးဆို တွေ့တဲ့လူကိုရန်လုပ်ပြီ. . . ဟား. . ဟား. . . သူရန်လုပ်တာကလည်းရယ်ရတယ်။နှုတ်ခမ်းကြီးကိုစူပြီး လူတွေ့ရင်တစ်ဖက်ကိုမော့ပြီးလှည့်သွားတာ။ သူ့ကိုခေါ်ရင်လည်း‘လာမခေါ်နဲ့သူနဲ့လဲမတည့်ပဲနဲ့’ဆိုပြီးပြောထည့်တယ်ဟားဟားဟား. . . ”

သူမရယ်သံက ပို၍ကျယ်လောင်လာသည်။ ကျော်ထက်ကလည်း သူမကို စိုးရိမ်စိတ်ကြီးစွာငေးကြည့်နေမိသည်။ သို့သော် ဝမ်းနည်းစိတ်ကကူးစက်လာ၍လားမသိ။ သူ့မျက်ဝန်းမှာလည်း မျက်ရည်တို့ ဝေ့သီလာ၏။

“ဒိုးပေ. . . ”

သူမဝေ့ကြည့်ပါသည်။

“ ဩော် ”

အခုမှ သူမ၏စိတ်များ ခန္ဓာကိုယ်နှင့်ပြန်ကပ်ပုံရ၏။

"ကွာစိကို သိပ်ချစ်တာပဲလားဟင်. . . "

သူမကောင်းကင်ကိုမော့ကြည့်ပြီး ခပ်တိုးတိုးလေးရယ်နေပါသည်။ သူမ၏မျက်နှာပေါ် မိုးရေစက်များကျနေသည်ကို နှစ်သက်နေပုံရ၏။

ရှိုက်သံတစ်ချို့ကြားရသည်။ နောက်မှရှိုက်သံတစ်ဝက်ဖြင့်. . .

"ကွာစိကို ငါတို့နားက ဘယ်သူမှထွက်မသွားစေချင်ဘူး။ ငါ့ရဲ့စိတ်ထဲမှာ၊ သူအမြဲတန်းငါ့နားမှာရှိနေတယ်။ သူငါ့ကိုအမြဲတန်းစနေတယ်။ ညရောက်တိုင်း နှင်းပွင့်ဖြူလေးက ရွှေမင်းသမီးလေးပေါ့အစချီပြီး၊ ပုံပြင်တွေကိုငါ့အမြဲပြောနေတုန်းပဲ. . ။ ညညကြရင် ကုတင်ပေါ်ကသူလိမ့်ကျမှာစိုးလို့ ထကြည့်ရတာအမောပဲ. . ။ သူကကုတင်ပေါ်ကကျရင် စိတ်ဆိုးတတ်တယ်လေ. . . "

မိုးများပို၍သည်းထန်လာ၏။ မျက်ရည်များလည်း မိုးရေနှင့်အတူ သည်းထန်လာသည်။ သူမဖြည်းညင်းစွာထရပ်လိုက်သည်။

ပြီးနောက်. . အဝေးကြီးကိုငေးရီပြီး. . . ။

"သူငါ့ကိုအိမ်မက်ပေးတယ်သိလား. . . "

သူမ၏မဆီမဆိုင်စကားကြောင့် ကျော်ထက်လည်းမတ်တတ်ရပ်၍သူမကိုငေးကြည့်နေသည်။ သူမကကျော်ထက်ကိုဖြတ်ခနဲကြည့်ပြီး မျက်ရည်များကြားမှနေ၍ ရှက်ကိုရှက်ကန်းနှင့်ပြုံးပြီး. . .

"သူ. . သူငါ့ဆီမှာ ပြန်ဝင်စားချင်လို့တဲ့သိလား. . . "

"ဟင်. . . "

ကျော်ထက်အတန်ကြာသူမကိုငေးကြည့်နေမိသည်။

သူမကသာ ပြုံးပြီး. . .

"သူ. . သူညတိုင်းလာလာပူဆာနေတယ်. . . "

သူမဘာမှဆက်မပြောပဲ ငြိမ်သက်နေလိုက်သည်။

ပြီးမှ မိုးကောင်း ကင်ကိုမော့ကြည့်လိုက်သည်။

သူမ၏နှုတ်ခမ်းပေါ်မိုးရေစက်လေးတစ်စက် ကျလာသည်ကို အမှတ်မထင်တွေ့ရ၏။

"ငါသူ့ကိုကတိပေးလိုက်တယ်. . . "

ဘာမှမခွဲခြားတတ်ပေမယ့် သူမကိုသာတအံ့တသြငေးကြည့်နေမိသည်။

"ငါမကြာခင်လက်ထပ်တော့မယ်လို့. . . "

"ဘာ. . . "

ကမ္ဘာကြီးရုတ်တရက် ခြာခြာလည်သွားသလိုခံစားလိုက်ရ၏။ မြင်ကွင်းအားလုံးမှုန်ဝါးသွား၏။ သစ်ပင်များ အထပ်လိုက်အထပ်လိုက်တွေဖြစ်ကုန်၏။ လူလည်း လေနှင့်အတူ လွင့်ပါသွားသလိုခံစားရ၏။

"ဟုတ်တယ်၊ ငါမကြာခင်လက်ထပ်တော့မယ်။ ကွာစီကိုလူ့လောကတွင်ပြန်ရောက်နိုင်အောင်မွေးထုတ်ဖို့ ငါလက်ထပ်ရမယ်. . . "

ကျော်ထက်အံ့အားသင့်စွာ သူမကိုငေးကြည့်နေမိသည်။သူမ၏ပုံရိပ်က သူ့မျက်ဝန်းထဲတွင် နှစ်ခုသုံးခုပူးကပ်နေသည်။ မိုးရေစက်ကြောင့်လားမျက်ရည်များကြောင့်လားမခွဲခြားတတ်။ သူမမျက်လုံးများကတော့ မျော်လင့်ချက်များနှင့်တောက်ပြောင်နေမှာသေချာသည်။

ဒါပေမယ့် ငါ လက်ထပ်မယ့်သူကနင်မဟုတ်ဘူး. . . "

"ဟင်. . . "

မိုးကြိုးပစ်လိုက်သလားတော့မသိ။ သို့သော် နားထဲတွင်တော့ ကျယ်လောင်စွာမည်ဟိန်းသံတစ်ခုကြားရ၏။

"နင်နဲ့ငါဟာ နေတစ်ခြမ်း လတစ်ခြမ်းလိုပဲကျော်ထက်။ ဘယ်လိုမှ ပေါင်းစပ်မရနိုင်တဲ့ အရာနှစ်ခုပဲ. . . ကောင်းကင်မှာ နေရောလပါနှစ်စင်းလုံးမြင်ခဲ့ရရင်တောင်ခပ်ဝေးဝေးကသာ နေဖို့သင့်တော်လိမ့်မယ်လေ. . . ဒါပါပဲ. . . "

မိုးရေစက်များကြား ထူးထူးခြားခြား မိုးသီးများကြွေကျလာသည်ကိုတွေ့ရ၏။ ကြွေကျသောမိုးသီးများ ခန္ဓာကိုယ်အနှံ့အပြား ကျရောက်လာ၍ တစ်ကိုယ်လုံးစပ်ဖျင်းဖျင်း ခံစားနေရလေသည်။ လမ်းမပေါ်တွင် မိုးသီးလိုက်ကောက်သော ကလေးငယ်တစ်ချို့တွေ့ရသည်။ သူကတော့ခံစားချက်

မဲ့တစ်ယောက်လို ခေါင်းကိုငုံ့ရပ်ရင်းကျန်ရစ်ဆဲ. . .။

သူ့ပတ်ဝန်းကျင်တွင် ဘယ်သူမှရှိမနေတော့။ သူ၏စိတ်များလည်း သူ့နားတွင်ရှိမနေတော့။ သူသာအသက်ရှင်ကျန်ရစ်ခဲ့သော်လည်း၊ သူ၏နှလုံးသားသေဆုံးခဲ့လေပြီ။ သူ၏ခံစားချက်အားလုံးတကယ်သေဆုံးခဲ့လေပြီ။

သူ့နားကကောင်မလေးတစ်ယောက် ထီးမပါပဲမိုးရေစက်များကြား ဖြတ်လျှောက်သွားသည်ကို တွေ့ရ၏။ နောက်တရွေ့ရွေ့မျောလာသော ပုံတော်ရာဖိနပ်ကလေးတစ်ဖက်။ ကလေးငယ်တို့၏ ပျော်ရွှင်စွာအော်ဟစ်လိုက်သော အော်သံများ. . .။

"မိုး. . မိုး. . ဘာလို့ရွာ. . .

"မြွေကိုက်လို့ရွာ. . ."

"မြွေမြွေဘာလို့ကိုက်. . "

"ဖားအော်လို့ကိုက်. . . "

"ဖားဖားဘာလို့အော်. . . "

"မိုးရွာလို့အော်. . . "

". . . . . . . . "

". . . . . . . . "

"မိုးမိုးဘာလို့ရွာ. . . "

". . . . . . . "

". . . . . . . "

အော်. . . ရွာချိန်တန်လို့ရွာတာပဲလေ. . . ဒါပါပဲ။

**အကြည်တော်**
ပြီးပါပြီ။

■ ■ ■

**အ ချိန် ပို**

**ထို** အဖြစ်ပျက်များသည် လွန်ခဲ့သော ငါးနှစ်ခြောက်နှစ်ခန့်က ဖြစ် ပျက်ခဲ့သော အဖြစ်ပျက်များဖြစ်ပါသည်။

ထိုအဖြစ်ပျက်တွင်ပါဝင်သောသူများသည် ကြည်နူးခြင်း၊ ကြေကွဲခြင်း၊ ပျော်ရွှင်ခြင်း၊ ပူဆွေးခြင်းများနှင့်၊ ကံကြမ္မာ၏လှည့်ကွက်အတိုင်း လူးလိမ့်စွာခံစားခဲ့ကြရပါသည်။

အကြိမ်တစ်ရာကံဆိုးခဲ့သူငြား၊ တစ်ကြိမ်တော့ ကံကောင်းခြင်းကို ကြုံရပေလိမ့်မည်။ သို့သော် လူတိုင်း၏ကံကောင်းခြင်းများ မတိုက်ဆိုင်နိုင်ပါ. . . ။

ထို့ကြောင့်. . . ထိုဇာတ်လမ်းတွင် ကံကောင်းခဲ့သူများ. . . ။

■ ■ ■

**အမေ** ကရှာရှာကြံကြံ ဗိုလ်ချုပ်ဈေးအနောက်ဖက်တန်းမှ သူငယ်ချင်းတစ်ဦးဆီ၊ လက်ဆောင်ပစ္စည်းတစ်ခု ပို့ခိုင်းလိုက်၍သာ ယခုကဲ့သို့လူ အမြဲတန်းစည်ကားနေသော ဤနေရာသို့ရောက်ခဲ့ရခြင်းဖြစ်၏။

အမေပေးလိုက်သောလက်ဆောင်ပစ္စည်းကလည်း ထူးထူးခြားခြားမဟုတ်။ ဖားအံဖက်ကလုပ်သော ကြိမ်ဆွဲခြင်းလေးတစ်လုံးပင်. . .။ ဆွဲခြင်းကလေးက ပေါ့ပေါ့လေးဖြစ်သော်လည်း ယောကျ်ားကြီးတစ်ယောက်ကကြိမ်ဆွဲခြင်းကြီးတစ်လုံး ဆွဲသွားရတာတော့ လွန်စွာမကိုးမကားနိုင်လှသည်။ မတတ်သာသည့်အဆုံး ကြိမ်ဆွဲခြင်းကြီးကိုပိုက်ထားလိုက်ရ၏။

ကြိမ် ဆွဲကြီးပိုက်ပြီး လူလွတ်အောင်ရှောင်ရတာကလဲမလွယ်။ လူတွေက လည်းရှုပ်နေတာဆိုတော့ ဘာကိုမှအာရုံမစိုက်နိုင်. . .။

ထိုရှုပ်ထွေးနေ သည့်ကြားထဲမှာပင် မြင်ဖြစ်အောင်မြင်သူတစ်ယောက်ရှိသေး၏။ ထိုသူမှာ. . .

“ကျော်ထက်. . .”

ရင်းနှီးသောခေါ်သံကြောင့် သူလှည့်ကြည့်ဖြစ်သည်။

“သြော်. . .”

ထိုအမျိုးသမီးကိုမြင်တော့ သူအံ့အားသင့်သွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီးကို တစ်ချိန်ကသူလွန်စွာစွဲလန်းခဲ့ဖူးသောကြောင့်ဖြစ်သည်။

"တစ်ယောက်ထဲလားဟင်ကျော်ထက်. . . "

သူမ၏မျက်ဝန်းများမှာ ယခင်ကလိုဆွဲဆောင်မှုမရှိတော့သလိုခံစားရ၏။ အဝတ်အစားများကလည်း အရင်ကလိုတောက်ပြောင်မနေ. . ယခင်အလှအပများ ပျောက်ဆုံးနေသည်ထင်ရ၏။ သူသက်ပျင်းချလိုက်ရ၏။ ပြီးမှခေါင်းငုံ့၍. . .

"တစ်ယောက်ထဲပဲလဝန်း. . . လဝန်းရော. . . "

သူမ ခနဲ့နဲ့တဲ့တဲ့ရယ်ပါသည်။ ပြီးမှသူ့ကိုပြန်စိုက်ကြည့်ပြီး

" ဒီလိုပါပဲ. . . "

ဟုပြန်ဖြေသည်။ နောက်မှ. . .

"ညီမင်းညိုတစ်ယောက်ဆုံးသွားပြီနော်. . . "

သူဘာမှပြန်မပြောဖြစ်။ ခပ်ဝေးဝေးသို့သာငေးနေမိသည်. . .။

"တို့တွေတစ်နေ့လောက်ပြန်ဆုံကြရအောင်နော်. . . "

သူမ၏တိုးညင်းသောအသံ။ သူရယ်ချင်သွားမိ၏။

သို့သော် အား နာစိတ်နှင့်မရယ်ဖြစ်ပါ။

ခေါင်းကိုသာညိမ့်ပြလိုက်ရင်း. . .

"ကောင်းပြီလေ. . ဆုံကြတာပေါ့"

သူမ၏မျက်ဝန်းများအရောင်လက်သွား၏။

သူထပ်မံ၍သက်ပြင်း ချလိုက်မိသည်။

"ကဲ ကျွန်တော့ကိုခွင့်ပြုပါဦး လဝန်း. . အလုပ်ကလေးတွေရှိလို့"

သူမဘာမှပြန်မပြောနိုင်ခင် လှည့်ထွက်လာမိ၏။ သူမကသူ့ကျောပြင်ကိုအားကျစိတ်နှင့် ငေးကြည့်နေမှာသေချာ၏။

ဤသို့သာပါပဲ. . .

ကံကြမ္မာက အပြစ်မရှိသူကိုအပြစ်ပေးတတ်သလို၊ အပြစ်ရှိသူများကိုလည်း အပြစ်ပေးတတ်ကြောင်းသူကောင်းကောင်းသိခဲ့ရ၏။

မည်သည့်အ ရာ ကမှားယွင်းပါခဲ့သလဲ။ ဘယ်အရာကမှန်ခဲ့ပါသလဲ။ ဒါကိုသူမသိသလို ကံကြမ္မာကလည်း စိတ်ဝင်စားလိမ့်မည်မဟုတ်ပါ။ သို့သော် တစ်ချိန်တည်း တပြိုင်တည်းမှာလဲ ကံဆိုးခြင်းကံကောင်းခြင်းကို ကြုံနိုင်ပါသေးကြောင်းအ ချိန်ကာလက သက်သေပြပါလိမ့်မည်။

ထိုကြောင့်. . .

သူလဝန်းအကြောင်းများကိုတွေးပြီး မိခင်ခိုင်းလိုက်သော မွှေးရာဆိုင်ကိုရှာနေမိ သည်ဆိုင်ကများလွန်း၍ ဘယ်ကဘယ်လို စရှာရမှန်းမသိ ဗိုလ်ချုပ်ဈေးနှင့် သူမရင်းနှီး၍ဖြစ်နိုင်သည်။ အနီးနားက ဆိုင်များကို ဝေ့ဝဲရှာမိသည်။

" ဟင် "

သူ့အမြင်အာရုံထဲတွင်ဝင်လာသောပုံရိပ်တစ်ခု. . .။ ရင်းနှီးခဲ့ဖူးသောမျက်နှာလေး. . . ခပ်ဝေးဝေးကဆိုတော့ သိပ်မသဲကွဲ. . .။ သူစိတ်လှုပ်ရှားစွာထိုပုံရိပ်နားပြေးသွားမိသည်။ ထိုပုံရိပ်ကတော့သူ့ကိုကျောခိုင်းနေဆဲ. . . .

"ဒိုးပေ"

သူမဝေ့ကြည့်ပါသည်။

"အော်. . . . "

ထိုကဲ့သို့ရောက်ခဲ့ရ၍လည်း၊ ယခုကဲ့သို့ မထင်မှတ်သေးသူတစ်ဦးနှင့်လာဆုံနေရခြင်းဖြစ်သည်။ ဆံပင်ပိုရှည်၍၊ ပို၍ရင့်ကျက်တည်ငြိမ်သွားသည်မှလွဲ၍ ဘာမှမပြောင်းလဲ. . .။ ခါတိုင်းမမြင်ဖူးခဲ့သည့် အဆင်အပြင်က သူ့ဘယ်ဖက်လက်သကြွယ်တွင် လက်စွပ်ကလေးတစ်ကွင်းနှင့် လက်ကောက်လေးတစ်ခုဝတ်ဆင်ထားခြင်းပင်. . .။

သူမ၏မျက်လုံးများတွင် အံ့အားသင့်ခြင်းများမတွေ့ရ. . .။

"တစ်ယောက်ထဲလားဟင်. . . "

သူ့အမေးနှင့်အတူ ဘောင်းဘီကိုအရှေ့မှ တစ်ယောက်ကဆွဲနေသလိုခံစားရ၍ ငုံ့ကြည့်လိုက်ရာ. . .

"ဟင်. . ."

လေးနှစ်အရွယ်ကလေးလေးတစ်ယောက်၊ ပါးဖောင်းဖောင်း နှုတ်ခမ်းချွန်ချွန်လေး. . .။

ထိုကလေးငယ်ကို တစ်နေရာရာမှာ အသေအချာတွေ့ဖူးသလိုခံစားနေရ၏။

"သမီးလေးလား. . ."

သူမဘာမှပြန်မဖြေပါ။

"အမျိုးသားရော. . ."

"ဒီလိုပါပဲ"

"အော်. . ."

ဒီလိုပါပဲဆိုသည့်စကားနောက်တွင် အဓိပ္ပါယ်မြောက်များစွာပါ မှန်းသိကြပေလိမ့်မည်။မဖြေချင်သည့်စကားတိုင်းကို မြန်မာလူမျိုးများကဒီလိုပါပဲနှင့်သာ အဖြေပေးတတ်ကြသည်။

ထို့ကြောင့် ကျော်ထက်ဆက်မမေးတော့ပဲ ဒူးထောက်ထိုင်ချလိုက်ပြီး. . .

"သမီးလေးနာမည် ဘယ်လိုခေါ်လဲ. . ."

ကလေးက သူမကိုတစ်ချက်မော့ကြည့်သည်။ ပြီးမှ. . .

"ကွာစိ၊ အဟိ. . ."

"ဟင်"

အရှေ့ကကျဲနေသော သွားလေးကိုမြင်မှ၊ အသေအချာမှတ်မိသည်။ ဟုတ်သည်။ ကွာစိ. . .။ ကွာစိမှကွာစိ။ ဒါကိုဒုံးပေက ကလေးခေါင်းကို ပုတ်ပြီး. . .

"နင့်ကိုနှင်းပွင့်ဖြူလို့ပြောလို့ပြောထားတယ်မဟုတ်လား. ."

သူမစကားကို ကလေး ကလည်းတစ်ခွန်းအတင်မခံပဲ နှုတ်ခမ်းကြီးချွန်ပြီး. . .

"အဲဒီနာမည်ကြီး မကြိုက်ပါဘူးဆို၊ ကွာစိပဲကြိုက်တယ်၊ ကွာစိပဲ"

"ဟဲ့. . နှင်းပွင့်ဖြူလို့ပြောဆိုတာကို မရဘူးလား. . ."

"မရဘူး၊ ကွာစိမဟုတ်ရင်. . ဒီနေ့ စိုးစိုးစံလို့နာမည်ပြောင်းလိုက်ပြီ"

"ဟင်. . မနေ့ကကြတော့ သီရိဟန်ဆို"

"မဟုတ်တော့ဘူး၊ စိုးစိုးစံဖြစ်သွားပြီ. . . "

"နင်ဟာလေ ပြောမရဆိုမရ၊ ပေါင်းရကိုခက်တယ်. . . "

"မုန့်ကြွေးပေါင်းလေ. . . "

. . . . . .

. . . . . .

"ဟဲ့. . နင်စားနေတာလဲမနည်းတော့ဘူး၊ ထပ်စားနိုင်သေးလို့လား. . . "

"ခုနစားထားတာတွေက ဒီဖက်ထဲထည့်ထားတာ၊ ဒီဘက်မှာက ဘာမှမရှိဘူး. . . "

ကလေးက ဗိုက်ကိုနှစ်ခြမ်းခွဲပြသည်။

"အဲဒီတစ်ခြမ်းကိုပါဖြည့်ရင်၊ နင့်ဗိုက်တောင်နင်သယ်နိုင်ပါဦးမလား. . . "

"အိုး. . ဆိုက်ကားပေါ်တင်သွားမှာပေါ့. . . "

သူတို့နှစ်ယောက် စကားပြောရင်းဆက်လျှောက်သွားကြ၏။


စကားသံများကလည်းမဆုံးတမ်း လေထဲဝဲပျံ့နေ၏။

ထိုစကားသံများကြား လူလယ်ခေါင်တည့်တည့်မှာမှ ဒူးထောက်နေသူတစ်ယောက်၊ သူ့မျက်နှာ ပေါ်တွင် ခံစားချက်များမဲ့နေ၏။ ဖြတ်သွားဖြတ်လာလူများကလည်း သူ့ကို အထူးဆန်းသဖွယ် ငေးကြည့်သွားကြသည်။ သူကတော့မလှုပ်မရှုက်ဒူး ထောက်ထိုင်နေဆဲ. . . ။

သူက. . . လက်ဆောင်ပေးရန်ကြိမ်ဆွဲခြင်းကြီးကိုပိုက်လျှက်၊ ငြိမ်သက်. . . . ။

အကြည်တော်

တကယ်ပြီးပါပြီ။


ILLUSTRATED BY KO SAN 2004